

မိုးကျော်သူ
လွမ်းငွေ့ဝေဖြာ သိုင်းကမ္ဘာ
စာစဉ်
၁၀

ဆွံ့အဆရာနှင့် -

ဖူးကျို့ကိုရင်တို့မှာ ကျိုးမဲ့နေသောအိမ်ထဲသို့ ဝင်သွားကြလေသည်။

အိမ်ခန်းထဲသို့ရောက်ရှိသည်နှင့် ဆွံ့အဆရာမှာ အဘိုးအိုဧ၏အလောင်းကို တွေ့မြင်လိုက်ရလေသည်။

သူသည် -

အဘိုးအိုအား ဒူးထောက်၍ ဂါရဝပြုလိုက်လေ၏။

"ဆရာရေ - ဆရာက တပည့်ကိုခွဲခွာသွားပေမယ့် တပည့်ကတော့ ဆရာရဲ့ကျေးဇူးကို ဘယ်အခါမှမမေ့ပါဘူးဆရာရယ်"

သူသည် ယင်းသို့ ဂါရဝပြုလိုက်ပြီးနောက် -

အဘိုးအို၏အလောင်းကို အိမ်၏နံရံ၌ကပ်၍ထိုင်စေလိုက်လေသည်။

ထို့နောက် ဖူးကျို့ကိုရင်ကိုလည်း -

အဘိုးအို၏အလောင်းနှင့်ယှဉ်၍ ထိုင်စေလေသည်။

ဖူးကျို့ကိုရင်က နားမလည်၍ပြန်မေးမည်အပြုတွင် -

စောစင်းဟိုသည် သူ၏ခန္ဓာကိုယ်ပေါ်မှ မီးလောင်ကျွမ်းထား

သော အဝတ်အစားများကို အနည်းငယ်ပြင်ဝတ်လိုက်ပြီး ဒူးထောက်လိုက်လေသည်။

"အချုပ်အချယ်မဲ့ဂိုဏ်း တပည့်ဖြစ်သူစောစင်းဟိုက ဂိုဏ်းချုပ်အသစ်ကို ဂါရဝပြုပါတယ်"

ဟု ပြောလိုက်ပြီး ဦးခေါင်းနှင့်ကြမ်း တိုက်လိုက်လေ၏။

ဖူးကျို့ကိုရင်သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"အို - ခင်ဗျားက ဘာလုပ်နေတာလဲဗျ။ ကျုပ်ဖြင့်နားမလည်တော့ဘူး"

စောစင်းဟို၏မျက်နှာသည် တည်ကြည်လေးနက်လာသည်။

"ဒီမှာ ဂိုဏ်းချုပ်ကြီး၊ ကိုရင်က ကျုပ်တို့ဆရာရဲ့နောက်ဆုံးလက်ခံတဲ့တပည့်ဖြစ်တယ်၊ နောက်ပြီး ကျုပ်တို့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်လဲဖြစ်တဲ့အတွက် ကျုပ် အခုလိုဂါရဝပြုတာပါ"

ဖူးကျို့ကိုရင်က ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မဟုတ်ဘူး - မဟုတ်ဘူး"

စောစင်းဟိုက သူ၏စကားကို ကြားဖြတ်လိုက်သည်။

"ဒီမှာဂိုဏ်းချုပ်၊ ကျုပ်ကို ဂိုဏ်းချုပ်က အသက်ကယ်ခဲ့တယ်မဟုတ်လား၊ ဒါကြောင့် ကျုပ် အခုလို ဂါရဝပြုတာကို လက်ခံသင့်တယ်၊ နောက်ပြီး ဆရာက ဂိုဏ်းချုပ်ကိုဦးချခိုင်းတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်တော့မဟုတ်ဘူး"

စောစင်းဟိုက ပြုံးလိုက်သည်။

"ဒီမှာဂိုဏ်းချုပ်ကြီး ကျုပ်တို့ အချုပ်အချယ်မဲ့ဂိုဏ်းရဲ့ အမှတ်အသားဟာ အခုဂိုဏ်းချုပ်လက်မှာစွပ်ထားတဲ့ သံမဏိလက်စွပ်ပါပဲ၊



အဲဒါကို ဆရာကပေးလိုက်တယ်မဟုတ်လား"

ဖူးကျို့ကိုရင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလက်စွပ်ဟာ ဂိုဏ်းချုပ်ရဲ့ အမှတ်အသားဆိုတာ ကျုပ်မသိဘူး"

စောစင်းဟိုသည် တင်ပျဉ်ခွေ၍ ထိုင်ချလိုက်သည်။

"ဒီမှာဂိုဏ်းချုပ်ကြီး၊ ဒီလက်စွပ်ကို လွယ်လွယ်နဲ့ရနိုင်တာမဟုတ်ဘူး၊ ကြယ်တံခွန်ဘိုးအိုဆိုရင် ဒီလက်စွပ်ကိုလိုချင်တာသေလုမတတ် ဖြစ်နေတယ်ဆိုတာ ဂိုဏ်းချုပ်သိထားဖို့သင့်တယ်"

ဖူးကျို့ကိုရင်က သံမဏိလက်စွပ်ကိုချွတ်ရင်း -

"ဒါဖြင့် ဒကာကြီးပဲယူသွားပါ"

စောစင်းဟို၏မျက်နှာသည် တင်းမာလာသည်။

"ဒီမှာဂိုဏ်းချုပ်ကြီး ဆရာမကွယ်လွန်မီက ဒီလက်စွပ်ကိုပေးသွားတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"နောက်ပြီး လူယုတ်မာကြယ်တံခွန်အဘိုးအိုကို သုတ်သင်ရှင်းလင်းပစ်ရမယ်လို့ မှာကြားခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်က ကြယ်တံခွန်အဘိုးအိုကို ဘယ်လိုလုပ် ယှဉ်လို့ရမှာလဲ"

စောစင်းဟိုက ပြုံးလိုက်သည်။

"ခုန ဂိုဏ်းချုပ်ကကျုပ်ကို ကယ်လိုက်လို့သာ ကြယ်တံခွန်အဘိုးအိုကို မောင်းထုတ်နိုင်ခဲ့တာမဟုတ်လား"

ဖူးကျို့ကိုရင်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ကျုပ်က ဘာမှမလုပ်ပါလား"

စောစင်းဟိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဂိုဏ်းချုပ်ကြီးက ကျုပ်ရဲ့ကျောပြင်ကို လက်ဝါးနဲ့လာပြီး ကပ်မိ တယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ်က ဒါယကာကြီးကို မီးစွယ်နဲ့ဝေးအောင် နောက်ကိုဆွဲမလို့ပါ"

စောစင်းဟိုက ရယ်မောလိုက်ပြီး -

"ကျုပ်ကို ဒါယကာကြီးလို့ မခေါ်ပါနဲ့၊ အစ်ကိုကြီးလို့ ခေါ်ချင် ခေါ် ဒါမှမဟုတ် နာမည်ကိုခေါ်နိုင်ပါတယ်"

ဖူးကျို့ကိုရင်သည် ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

❖ ❖ ❖

ဖူးကျို့ကိုရင်သည် တိတ်ဆိတ်စွာ ထိုင်နေ၏။

သူသည် -

သီဟမင်းသားအားကယ်တင်ရန် ကြိုးစားလိုက်သည့်အတွက် မမျှော်လင့်ဘဲ စစ်တုရင်ကို အနိုင်ရရှိခဲ့သည်။

ထိုမှတစ်ဖန် -

ကြယ်တံခွန်တို့၏ဆရာနှင့် တွေ့ဆုံခဲ့ရလေသည်။

ထိုမှတစ်ဆင့် -

ဘုမသိ ဘမသိဖြင့် အချုပ်အချယ်မဲ့ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်လာရလေသည်။



သူသည် -

ရှောင်လင်ကျောင်းမှ အညတြကိုရင်တစ်ပါးဖြစ်သည်။

သူ၏ရည်ရွယ်ချက်မှာ သာသနာရေးကို လိုက်စားရန်ဖြစ်သည်။

ယခုမှာမူ သူသည် သိုင်းလောကထဲသို့ အမှတ်မထင် ဆင်းသက်မိလေသည်။

သူသည် ရှေ့တွင် မည်သို့လုပ်ရမည်နည်း။

ကြယ်တံခွန်အဘိုးအိုအား သုတ်သင်ရှင်းလင်းရမည့်တာဝန် တစ်ခု ထမ်းဆောင်ရပေတော့မည်။

သူသည် တွေးယင်းတွေးရင်း စိတ်ရှုပ်လာလေတော့သည်။

❖ ❖ ❖

စောစင်းဟိုသည် ဖူးကျို့ကိုရင်က ငေးနေသည်ကို တွေ့လိုက်ရသဖြင့် စကားဆက်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး မစိုးရိမ်ပါနဲ့၊ ကျုပ်တို့ အချုပ်အချယ်မဲ့ဂိုဏ်းမှာ သိုင်းပညာနဲ့ပတ်သက်ပြီး တီထွင်ရေးသားထားတဲ့ ကျမ်းတစ်စောင်ရှိပါတယ်၊ ဒီကျမ်းကို ကြယ်တံခွန်က သိပ်ပြီးလိုချင်ပါတယ်၊ ဒါပေမယ့် သူက ဘယ်မှာမှရှာလို့မရဘူး၊ ဒီစာအုပ်ကိုသာ ဂိုဏ်းချုပ်ကြီးက ရမယ်ဆိုရင် သိုင်းပညာရှင်တစ်ယောက်ဖြစ်လာမှာ သေချာပါတယ်"

ဖူးကျို့ကိုရင်သည် အနည်းငယ်စဉ်းစားလိုက်ပြီး -

"ဒါနဲ့ စကားမစပ် မေးရဦးမယ်"

"မေးပါဂိုဏ်းချုပ်ကြီး"

"ဆရာမကွယ်လွန်မီက ကျုပ်ကိုရုပ်ဆိုးတယ်လို့ အလေးအနက်ထားပြီးပြောတာကို ကြားလိုက်တယ်"

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီး၊ ဆရာက ကြယ်တံခွန်အဘိုးအို ကို သုတ်သင်ရှင်းလင်းဖို့ ရုပ်ဆင်းအင်္ဂါအတော်လှတဲ့ ယောက်ျားတစ်ယောက်ကို ရှာခိုင်းပါတယ်၊ ဒါကြောင့်လဲ ကျုပ်ကမုယုံဟုနဲ့ တန့်ဥတို့ကိုပါ စစ်တုရင်ယှဉ်ပြိုင်ဖို့ စိန်ခေါ်လိုက်ရတာလေ၊ ဒါပေမယ့်"

"အင်း - ဆက်ပါဦး"

စောစင်းဟိုသည် အတန်ကြာစဉ်းစားလိုက်ပြီးမှ -

"ဒါပေမယ့် မုယုံဟုနဲ့တန့်ဥတို့က ဒီစစ်တုရင်ကို မနိုင်လို့ ကျုပ်က လက်လျှော့လိုက်ရပါတယ်"

ဖူးကျို့ကိုရင်က ခေါင်းညိတ်လိုက်သည်။

"ကျုပ်က တော်တော့ကိုရုပ်ဆိုးပါတယ်၊ ရုပ်ချောတဲ့လူတွေလဲ အများကြီးရှိပါတယ်၊ အဲဒီတော့ ရုပ်ချောတဲ့လူတစ်ယောက်ရှာပြီး ဂိုဏ်းချုပ်နေရာပေးလိုက်ပါလား"

စောစင်းဟိုက ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုလဲ ဘယ်ဖြစ်ပါ့မလဲ၊ ဩော် ဒါနဲ့ ဆရာက ဂိုဏ်းချုပ်ကို သွန်ကျမ်းစာအုပ် ဘယ်မှာဝှက်ထားတယ်ဆိုတာ ပြောပြသေးသလား"

ဖူးကျို့ကိုရင်က မည်သို့ပြန်ပြောရမှန်းမသိဘဲ အခက်ကြုံနေ၏။

စောစင်းဟိုက စကားဆက်လိုက်သည်။

"အခုခင်ဗျားက ဂိုဏ်းချုပ်ဖြစ်နေတယ်၊ ကျုပ်မေးတာကို မဖြေချင်လဲရတယ်"

ဖူးကျို့ကိုရင်က သက်ပြင်းတစ်ချက်ချလိုက်၏။



"အို - ကျုပ်ပြောပါ့မယ်ဗျာ၊ ဆရာက ကျုပ်ကို မြေပုံတစ်ခုပေးပါတယ်"

သူသည် ပြောရင်း အိတ်ထဲမှစက္ကူလိပ်တစ်လိပ်ကို ထုတ်ပေးလိုက်၏။

စောစင်းဟိုသည် -

ထိုစက္ကူလိပ်အား လက်မခံဝံ့ဘဲ -

ကြည်ညိုလေးစားစွာဖြင့် ကြည့်နေ၏။

ဖူးကျို့ကိုရင်က စက္ကူလိပ်အား ဖြန့်ပြလိုက်လေသည်။

❖ ❖ ❖

စက္ကူလိပ်အား ဖြန့်ကြည့်လိုက်သောအခါ စောစင်းဟိုနှင့် ဖူကျို့ကိုရင်တို့သည် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

အကြောင်းမှာ ယင်းစက္ကူလိပ်သည် မြေပုံမဟုတ်ပါ။

ရှုခင်းပန်းချီများလည်းမဟုတ်ပါ။

နန်းတွင်းအဝတ်အစားများဝတ်ဆင်ထားသော မိန်းမလေးတစ်ယောက်၏ ပန်းချီကားသာဖြစ်သည်။

ဖူးကျို့ မျက်မှောင်ကုပ်သွားသည်။

'ဟင် ဒီပုံက အပြင်မှာရှိနေတဲ့ဝမ်းယို့ယန်ရဲ့ပုံပါလား"

စောစင်းဟိုက မျက်မှောင်ကုပ်၍ အသေအချာကြည့်လိုက်သည်။

"အင်း - ပုံကတော့ သိတ်တူတာပဲ၊ ဒါပေမယ့် ဒီစက္ကူလိပ်ဟာ နှစ်ပေါင်းသုံးဆယ် လေးဆယ်လောက်ရှိနေပြီဗျ၊ ဒါဟာ နှစ်ပေါင်း

လေးဆယ်က ရေးဆွဲထားတဲ့ ပန်းချီကားချပ်ဖြစ်ရမယ်"

ဖူးကျို့ကိုရင်က သေသေချာချာကြည့်လိုက်၏။

ဟုတ်ပါ၏ -

ယင်းပန်းချီကားသည် ဝါကျင့်ကျင့်အရောင်ပင်ဖြစ်နေ၏။

ရေးဆွဲထားသော ဆေးသားများမှာလည်း အချို့မှာ ပျက်စီးနေပြီ ဖြစ်သည်။

ထို့ကြောင့် ပန်းချီကားချပ်ထဲမှ အမျိုးသမီးသည် ဝမ်းယို့ယန် မဟုတ်သည်မှာ သေချာပေသည်။

သို့သော် အဘယ့်ကြောင့် တိုက်တိုက်ဆိုင်ဆိုင် ဝမ်းယို့ယန်နှင့် တူနေပါလိမ့်။

❖ ❖ ❖

စောစင်းဟိုသည် -

ထိုပန်းချီကားအားကြည့်ရင်း ကြည့်ရင်း -

ငေးငိုင်သွားလေသည်။

သူ၏လက်ညှိုးကို စုတ်တံသဖွယ်အသုံးပြု၍ ပန်းချီ၏စုတ်ချက်အတိုင်း လိုက်၍ရေးခြစ်နေ၏။

အတန်ကြာမှ -

သူသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း - ဆရာ့ရဲ့ပန်းချီပညာလဲ အတော့်ကိုထွန်းကားတယ်၊ ကျုပ်ဖြင့် တော်တော်ကြိုးစားတာတောင်မဖြစ်ဘူး"



သူသည်ဖူးကျို့ကိုရင်အား မော့ကြည့်လိုက်၏။

"ဆရာက ဒီပုံကိုပေးပြီး ဘာပြောခဲ့သေးလဲ"

"သူကပြောပါတယ်၊ အခုအခါမှာ ကျုပ်ရဲ့သိုင်းပညာ နုနယ်သေးလို့ ဒီမြေပုံအတိုင်းသွားပြီး သူဝှက်ထားတဲ့ သိုင်းပညာစာအုပ်ကိုရှာပြီး လေ့ကျင့်ပါလို့ပြောတယ်"

ဖူးကျို့ကိုရင်သည် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး -

"ကျုပ်စဉ်းစားမိတာကတော့ သူ အပေးမှားသွားတာဖြစ်ရမယ်"

စောစင်းဟိုက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်နိုင်ဘူး၊ ဆရာက အမြော်အမြင်အတော်ကြီးပါတယ်၊ သူက ဒီပုံပေးတယ်ဆိုရင် အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တယ်"

ဖူးကျို့ကိုရင်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဒါကိုလက်ခံလိုက်ပေမယ့် ကျမ်းစာကိုသွားရှာဖို့လဲ မရည်ရွယ်ပါဘူး"

စောစင်းဟို မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ဂိုဏ်းချုပ်က ဘယ်လိုဆက်လုပ်ဖို့ ရည်ရွယ်ထားပါသလဲ"

ဖူးကျို့ကိုရင်က လက်အုပ်ချီလိုက်သည်။

"ကျုပ်က ရှောင်လင်ကျောင်းကိုပြန်ပြီး တရားထိုင်ဖို့ပဲ ရှိတော့တာပေါ့"

စောစင်းဟို မျက်နှာကွက်ခနဲပျက်သွားလေသည်။

"မဟုတ်တာ ဂိုဏ်းချုပ်ကြီးရယ်၊ အခုချိန်ကစပြီး ဂိုဏ်းချုပ်ကြီးဟာ အချုပ်အချယ်မဲ့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်တဲ့အတွက် ဆရာပေးတဲ့ တာဝန်တွေကို တသွေမတိမ်း ဆောင်ရွက်ဖို့ပဲ ရှိပါတယ်"

ဖူးကျို့ကိုရင်က ခေါင်းခါယမ်းလိုက်လေသည်။

"ဒါကိုတော့ ကျုပ်က လက်မခံနိုင်ပါဘူး - ခင်ဗျား ဒီလက်စွပ်ကို လိုချင်ရင်တော့ ယူထားပြီး ဂိုဏ်းချုပ်လုပ်ပါ"

စောစင်းဟိုသည် ထိုင်ရာမှ ဆတ်ခနဲထလိုက်လေ၏။

"ဆရာက ခင်ဗျားကို ဂိုဏ်းချုပ်အမွေပေးလိုက်တယ်၊ အခု ခင်ဗျားကမှလက်မခံရင်၊ ကျုပ်ကိုယ်ကျုပ် သတ်သေဖို့ပဲရှိတော့တာယ်"

သူသည် ယင်းသို့ပြောပြီးနောက် -

သူ၏ဦးခေါင်းကို အိမ်တိုင်နှင့်ပြေးဆောင့်လိုက်လေသည်။

ဖူးကျို့ကိုရင်က ကပျာကယာ ဆွဲထားလိုက်လေသည်။

ယင်းသို့ လှုပ်ရှားလိုက်တော့မှ မိမိ၏အတွင်းအားသည် အလွန်ပင် တိုးတက်နေသည်ကို သိရှိလိုက်ရလေသည်။

စောစင်းဟိုသည် ရှန်းကန်ရင်း -

"ကျုပ်ကို မချုပ်ထားနဲ့၊ ကျုပ်သေမှအေးမယ်"

ဖူးကျို့ကိုရင်က သူ့အားမလွှတ်ဘဲ သိုင်းဖက်ထားလေသည်။

"ခင်ဗျားမသေရဘူး"

စောစင်းဟိုသည် -

ဖူးကျို့ကိုရင်၏စကားကို ကြားလိုက်ရသောအခါ အကြံတစ်ခု ရလာလေသည်။

"ဟုတ်ကဲ့၊ ဂိုဏ်းချုပ်ရဲ့အမိန့်အတိုင်း ကျုပ်မသေတော့ပါဘူး ခင်ဗျာ"

ဖူးကျို့ကိုရင် မျက်မှောင်ကုပ်သွားသည်။

"ကျုပ်က ဂိုဏ်းချုပ်မဟုတ်ဘူးလို့ပြောနေတာ ခင်ဗျားက ဘာဖြစ်လို့ ဂိုဏ်းချုပ်ကြီးလို့ ထပ်ခေါ်နေရတာလဲ"



စောစင်းဟိုက ပြုံးလိုက်လေသည်။

"ကျုပ်ကို မသေရဘူးလို့ အမိန့်ပေးတဲ့အတွက် ဒါဟာ ဂိုဏ်းချုပ်ရဲ့အာဏာကို အသုံးပြုလိုက်တဲ့ သဘောသက်ရောက်နေပါတယ်၊ ဒါကြောင့် ကျုပ်က ဂိုဏ်းချုပ်ရဲ့အမိန့်ကို နာခံတဲ့အနေနဲ့ မသေတော့ပါဘူးလို့ ပြောလိုက်တာပါ"

စောစင်းဟို၏စကားကြောင့် ဖူးကျို့ကိုရင်သည် ပါးစပ်ကို ပိတ်ထားလိုက်ရလေတော့သည်။

❖ ❖ ❖

ဖူးကျို့ကိုရင်သည် တွေဝေနေလေ၏။

သူသည် အချုပ်အချယ်မဲ့ဂိုဏ်း၏ ဂိုဏ်းချုပ်ကို လက်မခံလိုပါ။

သူသည် ရှောင်လင်ကျောင်းမှ ကိုရင်တစ်ပါးသာ ဖြစ်လေသည်။

ထို့ကြောင့် ရှောင်လင်ကျောင်းကိုလည်း မစွန့်လွှတ်နိုင်ပါ။

စောစင်းဟိုသည် ဖူးကျို့ကိုရင်မှာ တွေဝေ၍နေသည်ကို တွေ့မြင်လိုက်ရသဖြင့် -

"ဒီမှာဂိုဏ်းချုပ်ကြီး ဂိုဏ်းချုပ်ကြီးက ရှောင်လင်ကျောင်းကိုစွန့်လွှတ်ရမှာစိုးလို့ တွေဝေနေတယ်မဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်တစ်ခုတော့ပြောချင်ပါတယ်"

"ပြောပါ"

"ဂိုဏ်းချုပ်ကြီးဝင်လာစဉ်တုန်းက ကျောင်းထိုင်ဆရာတော် ရှမ်နန်က ဘယ်လိုမှာခဲ့သလဲဆိုတာကို သတိရပါသေးသလား"

"ရတာပေါ့၊ သူက ခင်ဗျားရဲ့စကားကို နားထောင်ရမယ်လို့ ပြောပါတယ်"

စောစင်းဟိုက ပြုံးလိုက်လေသည်။

"ဟုတ်ပြီ ဆရာတော်ရှမ်နန်က ကျုပ်ရဲ့စကားကို နားထောင်ရမယ်လို့ မှာလိုက်တာကိုး၊ ဂိုဏ်းချုပ်ကကော လိုက်နာမယ် မဟုတ်လား"

"လိုက်နာရမှာပေါ့"

"ဒါဖြင့် ကောင်းပြီ၊ အခု ကျုပ်က ကိုရင်ကို အချုပ်အချယ်မဲ့ ဂိုဏ်းရဲ့ဂိုဏ်းချုပ်လုပ်ရမယ်လို့ပြောတယ်။ အဲဒါကို ဂိုဏ်းချုပ်က လက်ခံရမယ်"

စောစင်းဟို၏စကားကို မည်သို့မျှ ပြန်လည်ငြင်းမချေပနိုင်သဖြင့် ဖူးကျို့ကိုရင်သည် ပါးစပ်ကိုပိတ်ထားလိုက်လေတော့သည်။

❖ ❖ ❖

ဖူးကျို့ကိုရင်သည် -

မည်သို့မှ မငြင်းသာတော့ပါ။

သူက မည်သို့မျှ ပြန်လည်မပြောဆိုလိုက်သော်လည်း -

ဂိုဏ်းချုပ်အဖြစ် လက်ခံလိုက်ပြီဟု စောစင်းဟိုက တစ်ထစ်ချ ယုံကြည်လိုက်လေသည်။ သူကျေနပ်သွားလေသည်။

"ကဲ၊ ဂိုဏ်းချုပ်ကြီး၊ အခုနေအခါမှာ အရေးကြီးတဲ့ကိစ္စတစ်ခု ဂိုဏ်းချုပ်ကြီးက ဆောင်ရွက်ရလိမ့်မယ်"

"ဘာများလဲ"



"ဒီလိုပါ၊ အပြင်မှာရှိနေကြတဲ့လူများနဲ့ ဆရာတော်ရှမ်နန်တို့ အားလုံးဟာ ကြယ်တံခွန်အဘိုးအိုရဲ့အဆိပ်တွေ မိထားကြပါတယ်"

ဖူးကျို့ကိုရင် ထိတ်လန့်သွားလေသည်။

"ဟင် - ဟုတ်သလား"

"ဟုတ်ပါတယ်"

"ဆရာတော်ရှမ်နန်က သိုင်းပညာအလွန်အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ ဟုတ်ပါ့မလားဗျ"

"ဟုတ်ပါတယ်၊ ကျုပ်က ဘာဖြစ်လို့ လိမ်ရမှာလဲ"

"ဒီလိုဆိုရင် ဘယ့်နှယ်လုပ်ကြမလဲ"

"ဂိုဏ်းချုပ်က သူတို့ကိုကုပေးရမှာပေါ့"

ဖူးကျို့ကိုရင်က သက်ပြင်းချလိုက်သည်။

"ကျုပ်က ဘာများနားလည်လို့ သူတို့ကိုကုပေးနိုင်ရမှာလဲ"

စောစင်းဟိုက ပြုံးလိုက်သည်။

"ဒီအတွက် စိတ်မပူပါနဲ့"

"ဘာဖြစ်လို့"

"ဒီလိုပါဂိုဏ်းချုပ်ကြီး၊ အချုပ်အချယ်မဲ့ဂိုဏ်းဟာ သိုင်းပညာရပ်အနေနဲ့ ထူးထူးခြွန်ခြွန်မရှိပါဘူး၊ ဒါပေမယ့် ဆေးဝါးကုသတဲ့ နေရာမှာ ထူးခြွန်ပါတယ်၊ ဒါကြောင့်လဲ စိမ့ဝါက သေမင်းရန်သူ သမားတော်ကြီးလို့ နာမည်ကြီးခဲ့တယ် မဟုတ်လား"

ဖူးကျို့ကိုရင် မျက်မှောင်ကုပ်သွားသည်။

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်မှမကုတတ်ဘဲ"

စောစင်းဟိုက ပြုံးလိုက်သည်။

"လွယ်ပါတယ်ဂိုဏ်းချုပ်ကြီး၊ ဘယ်လိုကုရမလဲဆိုတာ ကျွပ်သင်ပေးပါ့မယ်"

သူသည် ယင်းသို့ပြောပြီး -

ရှမ်နန်အား မည်သို့ကုသရမည့်အကြောင်းနှင့် အခြားလူများအား မည်သို့မည်ပုံကုရမည့်နည်းများကို သင်ကြားပြသလိုက်လေသည်။

ဖူးကျို့ကိုရင်သည် စောစင်းဟိုသင်ကြားပြသသော ကုသနည်းများကို စွဲစွဲမြဲမြဲကျက်မှတ်လိုက်ရလေသည်။

ထို့ပြင် -

သူသည် ဖူးကျို့ကိုရင်အား လက်တွေ့ကုသနိုင်ရန် လေ့ကျင့်ပြသလေသည်။

ဖူးကျို့ကိုရင်သည် စောစင်းဟိုသင်ကြားပြသသည့်အတိုင်း လက်တွေ့လေ့ကျင့်ပြရာ အားလုံးမှန်ကန်နေလေသည်။

စောစင်းဟိုက ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးရဲ့မှတ်ဉာဏ်က အတော့်ကိုကောင်းတာပဲ"

ဖူးကျို့ကိုရင်သည် စောစင်းဟို ပြုံးလိုက်သောဟန်မှာ အလွန်ထူးခြားသည်ကို တွေ့လိုက်ရသဖြင့် စိတ်ထဲ၌သံသယဖြစ်လာလေသည်။

"ခင်ဗျားဘာဖြစ်လို့ ပြုံးနေရတာလဲ"

စောစင်းဟိုသည် ဦးညွှတ်လိုက်ပြီး -

"ကျွပ် မပြုံးရပါဘူးဂိုဏ်းချုပ်ကြီး"

ဖူးကျို့ကိုရင်သည် ထိုင်ရာမှ ထလိုက်သည်။

"ကဲ - ကျွပ်တို့ အပြင်သွားကြပါစို့"

"ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီး"



စောစင်းဟိုသည် ဦးညွှတ်ပြီး ဖူးကျို့ကိုရင်နောက်မှ လိုက်သွားလေတော့သည်။

❖ ❖ ❖

မြေကွက်လပ်ပေါ်တွင် -

ဒဏ်ရာရရှိသောသူများ၊ အဆိပ်သင့်နေကြသူများ တင်ပျဉ်ခွေထိုင်နေကြ၏။

မုယုံဟုသည် သူ၏အတွင်းအားဖြင့် -

ဖုန်းစုရဲ၏ဝေဒနာကို သက်သာစေရန်ကုသပေးနေ၏။

အာပိသည် သတိရလာပြီဖြစ်သော်လည်း ဝေဒနာပြင်းထန်စွာ ခံစားနေရသဖြင့် ညည်းညူနေ၏။

စောင်းသမားအဘိုးအို ခုံးကုံးလင်သည် -

အာပိအနားတွင်ထိုင်၍ ချော့မော့နှစ်သိမ့်နေ၏။

သမားတော်ကြီး စိမုဝါသည် -

လူနာများကို ပြေးလွှားကုသနေရသဖြင့် မောပန်း၍နေလေသည်။

သူသည် ဆွံ့အဆရာစောစင်းဟို ထွက်လာသည်ကို တွေ့သည့်အခါ အားတက်သွားသည်။

"ဆရာရေ - လူနာတွေများလွန်းလို့ ကူညီပါဦး"

ဖူးကျို့ကိုရင်သည် ရှမ်နန်၏အနီးသို့လျှောက်သွားပြီး မတ်တပ်ရပ်နေသည်။

ရှမ်နန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း - ကိုရင် ကျုပ်အသုံးမကျလို့ ရှောင်လင်ကျောင်းရဲ့ နာမည်ကို သိက္ခာကျစေခဲ့တယ်၊ ဒါကြောင့် ကိုရင်က ရှောင်လင်ကျောင်းကိုပြန်ပြီး ကျုပ်နဲ့ရှမ်ထုံးတို့ ကျောင်းကိုပြန်မလာတော့ဘူးလို့ ပြောလိုက်ပါကွယ်"

ဖူးကျို့ကိုရင်သည် စောစင်းဟို သင်ကြားပြသသော ကုသနည်းဖြင့် ရှမ်နန်အား ကုသပေးလိုက်သည်။

သို့သော် -

စောစင်းဟို၏ ထူးခြားလျှို့ဝှက်သော အပြုံးကို သတိရလာသဖြင့် သူသည် ရှမ်နန်အား ကုသပေးရန် စိတ်မရဲပါ။

သူသည် အနည်းငယ်စဉ်းစားလိုက်ပြီးနောက် -

ရှမ်နန်အား ဦးညွှတ်လိုက်သည်။

"ဆရာတော်ဘုရား၊ ဆွံ့အဆရာက တပည့်တော်ကို ကုသတဲ့နည်းများ သင်ပေးထားပါတယ်၊ ဒါကို အခြားကိုယ်တော်ကို စမ်းပြီး ကုသပေးချင်ပါတယ်၊ ဆရာတော်ခွင့်ပြုနိုင်ပါ့မလား"

ရှမ်နန်သည် အံ့ဩသွားသည်။

သို့သော် -

ဆွံ့အဆရာက ကုသမှုပညာမှာ အလွန်ထူးချွန်သည်ဟု ကြားသိထားသဖြင့် ခေါင်းညိတ်လိုက်သည်၊

"ကောင်းပြီ မင်း ကုသပေးချင်တယ်ဆိုရင် ကျုပ်ခွင့်ပြုပါတယ်"

ဖူးကျို့ကိုရင်သည် ဦးညွှတ်လိုက်ပြီး ဘုန်းတော်ကြီးတစ်ပါးထံသို့ လျှောက်သွားလေသည်။

သူသည် လက်အုပ်ချီ၍ ဦးညွှတ်လိုက်ပြီး -



"တပည့်တော်က ကျောင်းထိုင်ဆရာတော်ရဲ့ ခွင့်ပြုချက်အရ ဘုန်းဘုရားရဲ့ ဒဏ်ရာကိုကုသပေးပါ့မယ်"

ပြောပြီးသည်နှင့် -

သူသည် ဝဲဘက်ခြေတစ်လှမ်း လှမ်းလိုက်ပြီး သူ၏ညာဘက်လက်သည် ဘုန်းတော်ကြီး၏ ဝဲဘက်ဂျိုင်းအောက်နေရာသို့ လက်ပြန်ရိုက်လိုက်၏။

"ဖုတ် -"

ဘုန်းတော်ကြီးသည် နောက်သို့ တစ်ချက်ယိုင်သွားပြီးလျှင် သူအရိုက်ခံလိုက်ရသောနေရာတွင် လေပေါက်တစ်ခုရှိသည့်ပမာ သူ၏ခန္ဓာကိုယ်၌ စုရုံးရောက်ရှိနေသော အဆိပ်ငွေ့များသည် ထိုနေရာမှ စိမ့်ထွက်သွားသည်ကို ခံစားလိုက်ရ၏။

ဖူးကျို့ကိုရင်သည် -

စောစင်းဟိုသင်ကြားပြသသည့်အတိုင်း လက်ဝါးဖြင့်ရိုက်ထုတ်ပြီးနောက် စိတ်ထဲ၌ ချိတုံချတုံဖြစ်နေရာ -

တခဏအကြာတွင် ဘုန်းတော်ကြီးက ပင့်သက်တစ်ချက် ချလိုက်ပြီး -

"အင်း - ကိုရင်ကဘယ်ဆိုးလို့တုန်း၊ ကျုပ်တော့ တော်တော်သက်သာသွားပြီ"

ရှမ်နန် ဝမ်းသာသွားသည်။

"ကဲ - ကိုရင်၊ မင်းရဲ့ကုသမှုဟာ အတော်အကျိုးသက်ရောက်တာပဲ၊ ကဲ ကဲ - တခြားလူတွေလဲ ကုသပေးလိုက်ပါဦး -"

ဖူးကျို့ကိုရင်သည် သူ၏ကုသမှုမှာ အောင်မြင်သွားသည်ကို

တွေ့ရသဖြင့် ဝမ်းသာအားတက်လာ၏။

သူသည် -

ပါပုတုန်းရှေ့သို့ရောက်ရှိသွားပြီး -

ပါပုတုန်း၏ရင်ဝသို့ လက်ဝါးဖြင့် တစ်ချက်ရိုက်ချလိုက်၏။

ပါပုတုန်းက ဒေါသကြီးစွာဖြင့် -

"ဟေ့ - ဒီဘုန်းကြီးက -"

သူသည် စကားမဆက်တော့ပါ။

အကြောင်းမှာ -

သူ့ခန္ဓာကိုယ်တွင်းမှ ဒုက္ခပေးနေသော အဆိပ်များသည် အရိုက်ခံရသောနေရာမှ လျင်မြန်စွာ လွင့်ထွက်သွားသည်ကို ခံစားလိုက်ရသောကြောင့်ဖြစ်လေသည်။

ဤသို့ဖြင့် ဖူးကျို့သည် အဆိပ်သင့်နေကြသော လူများအားလုံးတို့ကို တစ်ယောက်ပြီး တစ်ယောက် ကုသလိုက်လေတော့သည်။

❖ ❖ ❖

အဆိပ်သင့်နေကြသောလူများသည် အားလုံးလိုလို သက်သာရာရရှိသွားကြ၏။

ထို့ကြောင့်လည်း ဖူးကျို့ကိုရင်က ကိုယ့်ကိုကိုယ် ပို၍ယုံကြည်လာသည်။

ထို့နောက် သူသည် -

ဆရာတော် ရှမ်နန်ရှေ့သို့လျှောက်သွားသည်။



လေးစားစွာဦးညွတ်လိုက်ပြီး -

"ဆရာတော်ဘုရား၊ တပည့်တော်ကို ကုသခွင့်ပြုပါ"

ရှမ်နန်က ခေါင်းညိတ်လိုက်၏။

"ရပါတယ် - ကုသစေဗျား"

ဖူးကျို့ကိုရင်သည် ထပ်မံဦးညွတ်လိုက်ပြီး -

လက်ဝါးဖြင့် ရှမ်နန်၏ငယ်ထိပ်ပေါ်ရှိ 'ဖေ့ဝေ့'သွေးကြောကို ချည်နှောင်ထားကာ အသာအယာ ရိုက်ချလိုက်လေသည်။

"အား -"

ရှမ်နန်သည် ယင်းသို့တစ်ချက်အော်ပြီး -

သူ၏ခန္ဓာကိုယ်သည် ရှေ့သို့လွင့်သွားပြီးလျှင် မြေပေါ်သို့ လဲကျကာ လှုပ်ပင်မလှုပ်တော့ပါ။

ဝိုင်းအုံကြည့်နေကြသောလူများသည် -

အံ့ဩထိတ်လန့်သွားကြလေ၏။

ဖူးကျို့ကိုရင်မှာမူ ထိတ်လန့်အံ့ဩစွာဖြင့် ကြောင်၍ကြည့်နေ၏။

ဘုန်းတော်ကြီးနှစ်ပါးသည် ရှမ်နန်အား သွားရောက်ဖေးမလိုက်ရာ ရှမ်နန်၏မျက်နှာတစ်ခုလုံးသည် ဒေါသရောင်သန်းနေ၏။

သူ၏မျက်လုံးအစုံမှာလည်း ပြူးကျယ်နေ၏။

သို့သော် -

သူကား အသက်မရှိတော့ပါချေ။

ထိုစဉ် -

စောစင်းဟိုသည် ပြေးလွှားလာသည်။

သူ၏မျက်နှာတစ်ခုလုံးမှာလည်း ထိတ်ထိတ်ပျာပျာဖြစ်နေ၏။

ရှမ်နန်သေဆုံးနေသည်ကို တွေ့မြင်လိုက်ရသောအခါ ပို၍ အံ့ဩသွား၏။

"ဂိုဏ်းချုပ်ကြီး - လူတစ်ယောက် အလစ်တိုက်ခိုက်သွားတာနဲ့ တူတယ်၊ ကျုပ်လိုက်သွားတော့ မတွေ့ရတော့ပါဘူး-"

ဖူးကျို့ကိုရင် မျက်မှောင်ကုပ်သွားသည်။

"ဒီမှာ ဆွံ့အဆရာ - ကျုပ်တို့ ကျောင်းထိုင်ဆရာတော် ဘာဖြစ်လို့ သေဆုံးသွားရတာလဲ၊ ခင်ဗျားက ကြံစည်လိုက်လို့လား"

စောစင်းဟိုသည် ဒူးနှစ်ဖက်ထောက်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ရှမ်နန် အခုလို ဖြစ်သွားရတာ မသမာသူတစ်ယောက်က အလစ်ဝင်ပြီးလုပ်ကြံသွားတာပါ"

"ထားပါတော့လေ၊ မင်းခုနက ဘာဖြစ်လို့ပြုံးနေရတာလဲ ပြောစမ်း"

စောစင်းဟို ထိတ်လန့်သွားသည်။

"ကျုပ်ပြုံးနေတယ် ဟုတ်လား၊ ဒီလိုဆို ဂိုဏ်းချုပ်ကြီးက သတိထားရလိမ့်မယ်၊ ကျုပ်တို့ကို အလစ်ဝင်ပြီး - "

သူသည် စကားပြောရင်း ရုတ်တရက် ရပ်တန့်လိုက်၏။

သူ၏မျက်နှာမှာလည်း . . .

ထူးခြားလှို့ဝှက်သောအပြုံးဖြင့် ပြုံးလိုက်ပြန်သည်၊

သမားတော်ကြီး စီမုဝါသည် ထိတ်လန့်တုန်လှုပ်သွား၏။

"ဆရာ - "

ဟုခေါ်ပြီး သူ၏အိတ်ထဲမှ ဆေးလုံးတစ်လုံးယူ၍ စောစင်းဟို၏ ပါးစပ်ထဲသို့ ထည့်လိုက်ရာ -



သို့သော် -

ဆွံ့အဆရာ စောစင်းဟိုမှာမူ အသက်မရှိတော့သဖြင့် ထိုဆေးလုံးအား မျိုမချနိုင်တော့ပါ။

စီမုဝါသည် ဝမ်းနည်းကြေကွဲစွာ ငိုကြွေးလိုက်လေ၏။

"ဆရာ့ကို ကြယ်တံခွန်အဘိုးအိုက သတ်လိုက်ပြီ၊ ဒင်းကို ကျုပ်တစ်သက်မကြေဘူးဟေ့"

ဟု ကြုံးဝါးနေ၏။

စောင်းသမား အဘိုးအိုသည် ထိုအခြင်းအရာကို မြင်တွေ့လိုက်သည်နှင့် ဝမ်းနည်းကြေကွဲသွားသည်။

"ဆရာ"

ဟုခေါ်ရင်း စောစင်းဟို၏ထံသို့ ပြေးလွှားသွားသည်။

သမားတော်ကြီး စီမုဝါက ကပျာကယာ ဆွဲထားလိုက်ရလေ၏။

❖ ❖ ❖

"မထိနဲ့ ဆရာ့ကိုယ်ပေါ်မှာ အဆိပ်တွေရှိနေတယ်"

စောင်းသမားအဘိုးအိုသည် ဝမ်းနည်းပက်လက်ဖြင့် ထိုင်၍ ငိုချလိုက်လေ၏။

သမားတော်ကြီး -

ပေါက်ဆိန်နှင့်လူ စသည့်တောင်ကြားလမ်းက သိုင်း(၈)ဖော်တို့သည် အာပိနှင့်တကွ စောစင်းဟို၏ အလောင်းအနီး၌ ဝိုင်းရံနေပြီး ငိုကြွေးကြလေတော့၏။

အတန်ကြာမှ

အဘိုးအို ခုံးကုံးလင်သည် -

ဖူးကျို့ကိုရင်၏လက်ထဲမှ သံမဏိလက်စွပ်ကို တွေ့လိုက်ရသဖြင့် -

ဖူးကျို့ကိုရင်မှာ သူတို့၏ဂိုဏ်းချုပ်ဖြစ်လာသည်ကို ရိပ်စားမိလာလေ၏။

သူသည် ကျန်ရှိသော လူများဘက်သို့လှည့်လိုက်ပြီး -

"ကဲ ငါ့ညီတို့ ကျုပ်တို့ဂိုဏ်းချုပ်အသစ်ကို လာပြီး ဂါရဝပြုကြပါစို့"

စကားပြောပြီးသည်နှင့် -

ဖူးကျို့၏ရှေ့တွင် ဒူးထောက်၍ ဦးချရှိခိုးလိုက်လေ၏။

ကျန်ရှိသော သမားတော်ကြီးတို့ လူစုမှာလည်း -

အဘိုးအို ခုံးကုံးလင်နောက်၌ ဒူးထောက်ကာ -

သူတို့၏ဂိုဏ်းချုပ်အသစ်ကို ဂါရဝပြုနေကြလေတော့၏။

❖ ❖ ❖

ဖူးကျို့ကိုရင်သည် စိတ်ရှုပ်ထွေးနေ၏။

သူ၏စိတ်ထဲမှာ ကျောင်းထိုင်ဆရာတော် ရှမ်နန်သေဆုံးသည့်အကြောင်းနှင့် ဆွဲ့အဆရာ စောစင်းဟို သေဆုံးရသည့်အကြောင်းများအတွက် ခံပြင်းနေ၏။

သူသည် ဝမ်းနည်းကြေကွဲစွာဖြင့် -



"ဒီလူယုတ်မာဟာ ခင်ဗျားတို့ဆရာကို လုပ်ကြံသွားတယ်၊ ကျုပ်တို့ဆရာတော်ကိုလဲ လုပ်ကြံသွားတယ်၊ ဒါကို ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

အဘိုးအို ခုံးကုံးလင်က ဦးညွှတ်လိုက်သည်။

"ဆရာ့အတွက်နဲ့ ဆရာတော်ရှမ်နန်အတွက် ကလဲ့စားချေဖို့က ဂိုဏ်းချုပ်ရဲ့အမိန့်အရ ဆောင်ရွက်ဖို့အသင့်ရှိပါတယ်"

ဖူးကျို့ကိုရင်သည် မျက်မှောင်ကုပ်သွားလေသည်။

သူသည် ယင်းဂိုဏ်းချုပ်နေရာကို မလိုလားပါ။

သို့သော် -

ယင်းသို့ ဆုံးဖြတ်လိုက်ပြီးနောက် -

သူသည် အိတ်ထဲမှ စက္ကူလိပ်အား ထုတ်ယူပြီး ဖြန့်ပြလိုက်၏။

"ခင်ဗျားတို့ဆရာက ကျုပ်ကို ဒီစက္ကူလိပ်အကြောင်းပြပြီး ထိုင်းပညာကို သွားသင်ရမယ်လို့ မှာကြားခဲ့တယ်"

အဘိုးအို ခုံးကုံးလင်သည် စက္ကူပေါ်သို့ လှမ်းကြည့်လိုက်ရာ အမျိုးသမီးတစ်ယောက်၏ ရုပ်ပုံဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။ သူသည် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဒါနဲ့ပတ်သက်ပြီး ဘာကိုမှမသိပါဘူး ဂိုဏ်းချုပ်ကြီး"

ဖူးကျို့ကိုရင် မျက်မှောင်ကုပ်သွားသည်။

"မင်းဆရာပြောတော့ ဒါဟာ မြေပုံလို့ပြောပါတယ်၊ အခု မိန်းကလေးတစ်ယောက်ပုံဖြစ်နေတော့ သူက မှားပေးလိုက်သလားမှ မသိဘဲ"

အဘိုးအို ခုံးကုံးလင်က ခေါင်းခါယမ်းလိုက်သည်။

"ဆရာကတော့ မှားမယ်မထင်ပါဘူး ဂိုဏ်းချုပ်ကြီး"

"နို့ - ဒါက မြေပုံမှုမဟုတ်ဘဲ၊ ပန်းချီကားချပ်ဖြစ်နေတယ်ဆိုတာ ခင်ဗျားတွေ့တယ်မဟုတ်လား"

"ဟုတ်ကဲ့ - တွေ့ပါတယ်"

ထိုစဉ် သမားတော်ကြီးက စိမ့်ဝါက ကြားဖြတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး၊ ကျုပ်အထင်ပြောရမယ်ဆိုရင် ဒီပန်းချီကားချပ်မှာ လမ်းညွှန်တဲ့ လျှို့ဝှက်ချက်တွေရှိလိမ့်မယ်လို့ ထင်ပါတယ်။ နောက်တော့မှ တဖြည်းဖြည်းလေ့လာရင်း အဖြေရကောင်း ရလာပါလိမ့်မယ်"

အဘိုးအို ခုံးကုံးလင်က . . .

"အခုနေအခါမှာ ဂိုဏ်းချုပ်ကြီးက ကြယ်တံခွန် အဘိုးအိုကို မတွေ့တွေ့အောင်ရှာပြီး ကလဲ့စားချေဖို့က အရေးကြီးနေပါတယ်"

သမားတော်ကြီးက . . .

"ဂိုဏ်းချုပ်ကြီး၊ ဆရာမိတဲ့အဆိပ်ဟာ 'အပြုံးသုံးကြိမ်ဆေးမှုန့်' လို့ခေါ်ပါတယ်၊ ဒီအဆိပ်ကိုထိတဲ့လူဟာ မျက်နှာမှာ ထူးဆန်းလျှို့ဝှက်တဲ့အပြုံး ပြုံးတတ်ပါတယ်။ အဲဒီလို သုံးကြိမ်သုံးခါ ပြုံးမိတာနဲ့ သေသွားတတ်ပါတယ်"

ဖူးကျို့ကိုရင်က ခေါင်းညိတ်လိုက်သည်။

"ဪ ဒါကြောင့် မင်းတို့ဆရာက ပြုံးပြတဲ့အခါ ကျုပ်စိတ်ထဲမှာ သူ့ရဲ့အပြုံးဟာ ထူးခြားလျှို့ဝှက်နေလို့ သူ့အပေါ် သံသယမကင်းတောင်ဖြစ်မိသေးတယ်"

သမားတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။



"ဝမ်းနည်းစရာကောင်းတာက ဆရာ ပထမအကြိမ် ပြုံးတုန်းက ကျုပ်မတွေ့လိုက်မိလို့ပါ။ ကျုပ်သာတွေ့ရရင် ကုဘို့အချိန်မီပါသေးတယ်၊ ခုတော့"

ဖူးကျို့ကိုရင် မျက်မှောင်ကုပ်သွားသည်။

"တစ်ခုတော့ စဉ်းစားဖို့ခက်နေတယ်"

"ဘာများလဲ"

"ကြယ်တံခွန် အဘိုးအိုက ဘာဖြစ်လို့ ကျုပ်ကိုတစ်ခါထဲ အဆိပ်ခတ်လိုက်တာလဲဆိုတာ"

အဘိုးအို ခုံးကုံးလင်က . . .

"ဒါကတော့ ကြယ်တံခွန်အဘိုးအိုဟာ ဂိုဏ်းချုပ်ကြီးက သိုင်းပညာလဲ ဟုတ်တိပတ်တိမတတ်လို့ အထင်သေးတဲ့ သဘောဖြစ်တယ်"

သူသည် ပြောရင်း -

မိမိ၏စကားမှာ ဂိုဏ်းချုပ်ကြီးအား အထင်သေးရာကျမည်ဟု သတိရလာသဖြင့် စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်ခြင်းဖြစ်သည်။

ဖူးကျို့ကိုရင်မှာမူ ခေါင်းညိတ်လိုက်ပြီး . . .

"ခင်ဗျားပြောတာမှန်တယ်၊ ကျုပ်လိုသိုင်းပညာ နုနယ်သေးတဲ့လူတစ်ယောက်ကို သူကအချိန်မရွေး သတ်လို့ရတဲ့အတွက် ကျုပ်ကိုလွှတ်ထားလိုက်တာနဲ့ တူပါတယ်"

အဘိုးအို ခုံးကုံးလင်သည် အနည်းငယ်စဉ်းစားလိုက်ပြီး -

"မထူးတော့ပါဘူး၊ ကျုပ်က ဂိုဏ်းချုပ်ကြီးကို တစ်ခုဖွင့်ပြောရဦးမယ်"

"ဘာများလဲ"

"ပန်းချီကားချပ်က မိန်းကလေးအကြောင်းပါ"

"ဟုတ်လား - ဒါဖြင့် ပြောပြပါဦး၊ သူက ဘယ်သူ့တဲ့လဲ"

"သူကတော့ ဘွားဘွားနတ်သမီးပါ"

ဖူးကျို့ကိုရင်က နားမလည်နိုင်သောအကြည့်ဖြင့် အဘိုးအိုအား ကြည့်လိုက်သည်။

"ဟုတ်ရဲ့လား ခင်ဗျာ - ဒီ ပန်းချီကားထဲက မိန်းကလေးဟာ အပြင်မှာရှိတဲ့ ဝမ်းယို့ယန်ရဲ့ ရုပ်ပုံမဟုတ်လား"

"မဟုတ်ပါဘူးဂိုဏ်းချုပ်ကြီး"

"ဒါဖြင့် ဝမ်းယို့ယန်က ခင်ဗျားပြောတဲ့ ဘွားဘွားနတ်သမီးနဲ့ များ တစ်ခုခုပတ်သက်နေသလား"

အဘိုးအိုက လက်ကာပြလိုက်သည်။

"ဂိုဏ်းချုပ်ကြီး - ဒါကို ကျုပ်ဆက်ပြီးမပြောပါရစေနဲ့၊ ဒါတွေဟာ အချုပ်အချယ်မဲ့ဂိုဏ်းရဲ့ လျှို့ဝှက်ချက်တွေပါ၊ ကျုပ် ဒါထက်ပိုပြောလို့ ပသင့်တော်ပါဘူး"

ဖူးကျို့ကိုရင်က ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါပြီလေ ခင်ဗျားမပြောချင်ရင်လဲ ရပါတယ်"

အဘိုးအိုက ထပ်မံ၍ ဦးညွှတ်လိုက်ပြန်သည်။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ နောက်ထပ်ခွင့်တောင်းစရာကိစ္စ တစ်ခုရှိပါသေးတယ်"

"ဘာများလဲ"

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး -



"ကျုပ်တို့ သိုင်းသမားရှစ်ယောက်ကို ကြယ်တံခွန်အဘိုးအိုက ရန်မူမှာစိုးရိမ်လို့ ဆရာက ကျုပ်တို့ဂိုဏ်းထဲကနေ မောင်းထုတ်ပစ်လိုက် ပါတယ်၊ အခုတော့၊ ဆရာက ပြန်လည်လက်ခံဖို့ ပြောပြီးပါပြီ၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"အခု ဆရာလဲသေဆုံးသွားပြီဖြစ်လို့ ဂိုဏ်းချုပ်ကြီးကလက်ခံမှပဲ ကျုပ်တို့ရှစ်ယောက်ဟာ အချုပ်အချယ်မဲ့ဂိုဏ်းထဲကို ပြန်ရောက်နိုင်ခွင့် ရှိပါတယ်"

ဖူးကျို့ကိုရင်က ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါပြီလေ၊ အခုအချိန်ကစပြီး ခင်ဗျားတို့ရှစ်ယောက်စလုံး ဟာ အချုပ်အချယ်မဲ့ဂိုဏ်းရဲ့ အဖွဲ့ဝင်ဖြစ်ကြပြီဆိုတာ ကျုပ်အသိအမှတ်ပြုပါတယ်"

အဘိုးခုံးကုံးလင် ဝမ်းသာသွားလေသည်။

သူသည် နောက်သို့လှည့်လိုက်ပြီး -

"ကဲ အားလုံးပဲ၊ ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုကြပေတော့"

သမားတော်ကြီးနှင့် အာပိအပါအဝင် ကျန်ရှိသောလူများသည် ဖူးကျို့ကိုရင်အား ထပ်မံဂါရဝပြုကြလေသည်။

သမားတော်ကြီး စိမ့ဝါက -

"ကျုပ်တစ်ခုခွင့်တောင်းချင်ပါသေးတယ် ဂိုဏ်းချုပ်ကြီး"

ဖူးကျို့ကိုရင်က မျက်မှောင်ကုပ်သွားသည်။

"ပြောပါ"

သမားတော်ကြီးသည် အာပိအား ညွှန်ပြလိုက်လေ၏။

"သူက အစ်ကိုကြီးခုံးကုံးလင်းရဲ့ တပည့်ပါ၊ ရန်သူကို ရှောင်တိမ်းရင်း ကုစုမုယုံရဲ့အိမ်မှာသွားပြီး ပုန်းအောင်းနေရပါတယ်၊ အခု ကျုပ်တို့အချုပ်အချယ်မဲ့ဂိုဏ်းရဲ့ လူတွေလဲစုံစုံလင်လင်ရောက်ရှိနေကြပါပြီ၊ ဒါကြောင့် အာပိကိုပြန်ခေါ်ဖို့ ခွင့်တောင်းချင်ပါတယ်"

ဖူးကျိုကိုရင် မျက်မှောင်ကုပ်သွားလေသည်။

"ဒါကိုကျုပ်က ဘာလုပ်ပေးရမှာလဲ"

"ဟုတ်ကဲ့၊ ဂိုဏ်းချုပ်ကြီးက မုယုံဟုဆီမှာ အကျိုးအကြောင်းပြောပြီး ခွင့်တောင်းပေးပါ"

ဖူးကျိုကိုရင်က အာပိဘက်သို့လှည့်လိုက်လေသည်။

"မိန်းကလေးကကော ဘယ်လိုများသဘောရသလဲ"

"ဟုတ်ကဲ့၊ သခင်လေးမုယုံဟုက ကျွန်မကို ကိုယ့်ညီမအရင်းလိုပဲ သဘောထားပါတယ်၊ ဂိုဏ်းချုပ်ကြီးသွားပြောရင်တော့ သူက ခွင့်ပြုမှာပါ"

ဖူးကျိုကိုရင်က ခေါင်းညိတ်လိုက်လေ၏။

"ကောင်းပြီလေ - ဒီလိုဆိုရင် ကျုပ်ကမုယုံဟုနဲ့ သွားတွေ့ပါ့မယ်"

သူသည် မုယုံဟုတို့လူစုဘက်သို့ လှည့်ကြည့်လိုက်ရာ အံ့အားသင့်သွားလေသည်။

အကြောင်းမှာ -

မုယုံဟုနှင့် ရှောင်လင်ကျောင်းမှဘုန်းတော်ကြီး ခြောက်ပါးတို့၏အရိပ်အယောင်ကိုပင်\မတွေ့ရတော့သောကြောင့် ဖြစ်သည်။

ဖူးကျိုကိုရင်သည် ထိုင်ရာမှထလိုက်၏။



ယခု -

သူတွေ့ဆုံဖြစ်ပျက်ခဲ့ရသောအကြောင်းများကို ရှောင်လင်ကျောင်းသို့ပြန်ပြီးလျှင် ကျောင်းထိုင်ဆရာတော်ချုပ်ထံသို့ လျှောက်ထားသင့်သည်ဟု ယူဆသဖြင့် -

သူသည် ခုံးကုံးလင်တို့လူစုအား ခေတ္တစောင့်နိုင်းထားပြီး မုယုံဟုနှင့် ရှောင်လင်းကျောင်းမှဘုန်းတော်ကြီးခြောက်ပါးတို့၏ နောက်သို့ လိုက်သွားလေတော့သည်။

❖ ❖ ❖

ဖူးကျိုကိုရင်သည် တောလမ်းအတိုင်း ပြေးလွှားရှာနေလေသည်။

သူသည် အတန်ကြာမျှ ပြေးလွှားသွားနေသော်လည်း -

ရှောင်လင်ကျောင်းမှဘုန်းတော်ကြီးခြောက်ပါးတို့၏ အရိပ်အယောင်ကိုပင် လုံးဝမတွေ့ရဘဲ ရှိနေ၏။

ထို့ကြောင့် -

သူသည် ခြေလှမ်းသုတ်သုတ်ဖြင့် အမီလိုက်နေသည်။

အမှန်မှာ -

သူ၏ကိုယ်ဖော့ပညာသည် ယခင်ကထက် အဆပေါင်းမယှဉ်သာလောက်အောင် လျင်မြန်နေပြီဖြစ်လေသည်။

ယခု -

သူသည် ရှောင်လင်ဘုန်းတော်ကြီးခြောက်ပါးတို့ကိုပင် ကျော်လွန်သွားပြီဖြစ်သည်ကို စိတ်ဆန္ဒစောနေသဖြင့် သတိမပြုမိဘဲ

ယခုကဲ့သို့ ရှေ့ကိုသာ အလောတကြီး သွားနေခြင်းပင်ဖြစ်လေသည်။

သူသည် ယင်းသို့ပြေးလွှားလာရာ -

မကြာမီ မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

တစ်နေ့ကုန်တစ်နေ့ခန်း ဆွမ်းမစားရသေးသဖြင့် -

ဗိုက်ထဲ၌ ဆာလောင်မွတ်သိပ်လာသည်ကို ခံစားလိုက်ရလေသည်။

ထို့ကြောင့် -

ဗိုက်ဆာလောင်ခြင်းကိုဖြည့်တင်းရန် စားသောက်ဆိုင် တစ်ဆိုင်ထဲသို့ လှမ်းဝင်သွားလေသည်။

"ဟေ့ - ဆိုင်ရှင်ဒါယကာကြီးတို့၊ ကျုပ်ကို သက်သတ်လွတ် ခေါက်ဆွဲတစ်ပန်းကန် အမြန်ဆုံးလုပ်ပေးပါ"

ဆိုင်လုလင်သည် နေရာထိုင်ခင်းပေးပြီးနောက် -

သက်သတ်လွတ် ခေါက်ဆွဲတစ်ပန်းကန်ကို အမြန်ဆုံးပြုလုပ်ပေးလိုက်လေသည်။

သူသည် ခေါက်ဆွဲကို အားရပါးရစားနေစဉ်မှာပင် -

သူ၏ရှေ့သို့ လူတစ်ယောက်ရောက်လာပြီး ထိုင်ချလိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

ခေါင်းမော့၍ကြည့်လိုက်သောအခါ -

အလွန်လုပချောမောသော လူငယ်တစ်ယောက်ကိုတွေ့မြင်လိုက်ရသည်။

ထိုလူငယ်က သူ့အားပြုံးပြလိုက်သည်။

"အရှင်ဘုရားက ခေါက်ဆွဲစားတာ အသားလဲမပါပါလား"

ဖူးကျို့ကိုရင်က ခေါင်းညိတ်ပြလိုက်သည်။



"ဟုတ်တယ် - ကျုပ်တို့က ဘုန်းကြီးဆိုတော့ သက်သတ်လွတ်ပဲ စားရတယ်ကွဲ့"

လူငယက ပြုံးပြလိုက်ပြီး -

ဆိုင်လုလင်ဘက်သို့ လှည့်လိုက်လေသည်။

"ကျုပ်ကို ကြက်သားခေါက်ဆွဲတစ်ခွက် မြန်မြန်လုပ်ခဲ့ပါ"

ဟု မှာကြားလိုက်လေသည်။

ဖူးကျို့ကိုရင်သည် ခေါက်ဆွဲတစ်ပန်းကန်ကုန်သွားသော်လည်း အဆာမပြေသေးပါ။

ထို့ကြောင့် -

နောက်ထပ်ခေါက်ဆွဲတစ်ပန်းကန် မှာကြားရလေသည်။

မကြာပါချေ -

ဆိုင်လုလင်သည် ခေါက်ဆွဲနှစ်ပန်းကန်စလုံး လာရောက်ချပေးသွားသည်။

ထိုလူငယ်က ခေါက်ဆွဲငုံ့စားရင်း သူ၏ကြက်သားတုံးတစ်တုံးအားညှပ်၍ -

ဖူးကျို့ကိုရင်၏ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

ဖူးကျို့ကိုရင်သည် ဆာလောင်မွတ်သိပ်နေသဖြင့် သတိမပြုပဲ ကြက်သားတုံးအား စားလိုက်မိ၏။

ထိုလူငယ်က တဟားဟားရယ်မောလိုက်သည်။

"ဘယ့်နှယ့်လဲ၊ အရှင်ဘုရားက အသားမစားဘူးဆို၊ အခုတော့ ကြက်သားတုံးကြီး ကိုက်နေပါလား"

လူငယ်၏စကားကြောင့် -

ဖူးကျို့ကိုရင်မှာ မိမိကြက်သားစားမိသည်ကို သတိရလာလေသည်။

သူသည် လူငယ်အား မျက်မှောင်ကုပ်၍ကြည့်လိုက်သည်။

"မင်း - မင်းက ငါ့ပန်းကန်ထဲကို ကြက်သားတုံးထည့်လိုက်တယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ဖူးကျို့ကိုရင်သည် ထိုင်ရာမှ မတ်တပ်ရပ်လိုက်သည်။

"မင်းက အသက်ငယ်ငယ်နဲ့ ငရဲကြီးမယ့်အလုပ် တော်တော်လုပ်တာပဲ"

သူသည် ယင်းသို့ပြောနေစဉ်မှာပင် -

ဆိုင်ထဲသို့ လူတစ်စုဝင်ရောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူစာအား တွေ့လိုက်သည်နှင့် ဖူးကျို့ကိုရင်က ထိတ်လန့်သွားသည်။

စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လာသောလူများမှာ ကြယ်တံခွန်ဂိုဏ်းသားများဖြစ်ကြသောကြောင့်ဖြစ်သည်။

"ဟိုက် - ဒုက္ခပဲ၊ အခု ကြယ်တံခွန်အဘိုးအိုက ငါ့ကိုတွေ့သွားယင် သက်သာမှာမဟုတ်ဘူး"

သူသည် ပျာင်းသို့တွေးမိသည်နှင့် နောက်ဘက်ခန်းသို့ ကပျာကယာ ပြေးလွှားသွားသည်။

စားသောက်ဆိုင်၏နောက်ဘက်၌ -

တည်းခိုခန်းများ ပြုလုပ်ထားသည်။

ဖူးကျို့ကိုရင်သည် အခန်းတံခါးတစ်ခုအား တွန်းဖွင့်ပြီး အခန်းထဲသို့ ဝင်ရောက်၍ ပုန်းအောင်းလိုက်လေသည်။

မကြာပါချေ -



၄င်းအခန်းတံခါးပွင့်သွားသည်။

ကြယ်တံခွန်ဂိုဏ်းသားတို့သည် ပုပုဝဝရှိသော ဘုန်းတော်ကြီးတစ်ပါးအား လာရောက်ပို့သွားသည်ကို တွေ့လိုက်ရလေသည်။

ဖူးကျို့ကိုရင် စိတ်ဖိုက်သွားသည်။

ခုတင်၏နောက်ဘက်သို့ တိုး၍သွားသည်။

"မတိုးနဲ့အရှင်ဘုရား၊ ဒီမှာ လူရှိတယ်"

ထိုအသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ -

သူနှင့်အတူ ခေါက်ဆွဲစားနေသောလူငယ်သည် ဤအခန်းထဲသို့ အရင်ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

"ဟေ့ - မင်းက ဒီမှာဘာဖြစ်လို့ ပုန်းနေရတာလဲ"

လူငယ်က လက်ညှိုးတစ်ချောင်းထောင်၍ -

"ရှူး - တိုးတိုးပြောပါ၊ တော်ကြာ ကြားသွားပါဦးမယ်"

သူတို့၏စကားသံကိုကြားရသော ဘုန်းတော်ကြီးသည် -

"ဟေ့ - ဒီအခန်းထဲမှာ လူရှိနေတယ်"

ဟု အသံကျယ်လောင်စွာဖြင့် အော်လိုက်သည်။

ရုတ်တရက် -

အခန်းတံခါးပွင့်သွားပြီး လူ ၃-၄ ယောက် ဝင်ရောက်လာလေသည်။

"ဟေ့ - အခန်းထဲမှာ ဘယ်သူရှိသလဲ၊ ထွက်ခဲ့စမ်း"

ထိုအသံကြားလိုက်သည်နှင့် ဖူးကျို့ကိုရင်၏မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်။

ထိုလူငယ်၏မျက်နှာမှာလည်း ထိတ်လန့်တုန်လှုပ်နေ၏။

အကြောင်းမှာ -

ယင်းသို့ပြောလိုက်သောသူမှာ ကြယ်တံခွန်အဘိုးအို ဖြစ်နေသောကြောင့်တည်း။

❖ ❖ ❖

"ဟား - ဟား - ဟား"

ကြယ်တံခွန်အဘိုးအို၏အသံသည် အခန်းတစ်ခုလုံးအား ပဲ့တင်ထပ်သွားလေသည်။

အတန်ကြာရယ်မောပြီးမှ ကြယ်တံခွန်အဘိုးအိုက ထိုလူငယ်အား စေ့စေ့ကြည့်လိုက်သည်။

"ကဲ - အာကျို၊ မင်းပြေးလို့ကော လွတ်ရဲ့လား

ထိုလူငယ်မှာ အာကျိုရုပ်ဖျက်ထားခြင်းဖြစ်သည်။

သူမသည် တစ်ယောက်တည်း အပြင်သို့ထွက်လည်ရာမှ ဤနေရာသို့ ရောက်ရှိလာပြီး -

မမျှော်လင့်ဘဲ ကြယ်တံခွန်အဘိုးအိုနှင့် တိုက်တိုက်ဆိုင်ဆိုင် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

သူမ၏ခန္ဓာကိုယ်သည် ကြောက်လွန်း၍ အနည်းငယ် တုန်ခါနေ၏။

"ကျွန်မ ထွက်ပြေးလာတာ မဟုတ်ပါဘူးရှင်"

ကြယ်တံခွန်အဘိုးအိုက ဖူးကျို့ကိုရင်အား ညွှန်ပြလိုက်သည်။

"ဒီမှာ - အာကျို၊ မင်းက ပြောင်လိမ်ဦးမလို့လား၊ လိုက်ရမယ့်လူရှားလို့ ဘုန်းကြီးနောက်မှာ လိုက်ရသလား"



ဖူးကျို့ကိုရင် အံ့အားသင့်သွားသည်။

ယခုမှ သူသည် -

ထိုလူငယ်မှာ မိန်းကလေးတစ်ယောက်က ယောကျ်ားလေးဟန်ဆောင်ထားသည်ကို သိလိုက်ရလေသည်။

ကြယ်တံခွန်အဘိုးအိုသည် ဖူးကျို့ကိုရင်အား တစ်ချက်ကြည့်လိုက်ပြီး သူ၏တပည့်ဘက်သို့ လှည့်လိုက်သည်။

"ကဲ - သူတို့နှစ်ယောက်စလုံးကို အပြင်ခေါ်ခဲ့"

ဟု အမိန့်ပေးပြီး အခန်းထဲမှထွက်ခွာသွားလေတော့ သည်။

❖ ❖ ❖

ညှဉ့်ခန်းထဲသို့ရောက်သောအခါ -

ကြယ်တံခွန်အဘိုးအိုသည် စားပွဲတစ်လုံးအနီး၌ ထိုင်ချပြီး စားသောက်ဖွယ်ရာများကို မှာကြားစားသောက်နေ၏။

အာကျိုသည် ဒူးထောက်၍နေသည်။

သူမ၏မျက်နှာတစ်ခုလုံးတွင် သွေးရောင်ပင်မရှိပါ။

အတန်ကြာမှ -

ကြယ်တံခွန်အဘိုးအိုက အာကျိုကို စေ့စေ့ကြည့်လိုက်သည်။

"ကဲ - ပြောစမ်း၊ မင်း ငါ့ရဲ့ကျောက်စိမ်းအိုးကလေးကို ဘယ်မှာ ထားခဲ့သလဲ"

"ခေတန်မြို့တော်မှာ ထားခဲ့ပါတယ်ဆရာ"

"ခေတန်မြို့တော်က ဘယ်သူ့အိမ်မှာထားခဲ့တာလဲ"

"ကျွန်မခဲဒီ ရှောင်ဖုန်းအိမ်မှာထားခဲ့ပါတယ်"

"ငါ့ပစ္စည်းကို မင်းကဘာဖြစ်လို့ အဲဒီမှာသွားထားလိုက်ရတာလဲ"

"ကျွန်မ သေသေချာချာသိမ်းထားပါတယ်ဆရာ"

"ဘယ်မှာသိမ်းထားတာလဲ"

"ရှောင်ဖုန်းအိမ်ရဲ့ ဥယျာဉ်ထဲမှာ ဝှက်ထားပါတယ်၊ ကျွန်မက လွဲလို့ ဘယ်သူမှ ရှာလို့တွေ့မှာမဟုတ်ဘူးဆရာ"

ကြယ်တံခွန်အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတစ်ယောက်ကလွဲလို့ ဘယ်သူကမှာရှာလို့မတွေ့ဘူးဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"မင်းက ဘာကိုဆိုလိုတာလဲ၊ မင်းကိုသတ်လိုက်ရင် ငါ့ကျောက်စိမ်းအိုးကလေးကို ပြန်မရတော့ဘူးလို့ ခြိမ်းခြောက်တာလား"

အာကျိုက ဦးညွှတ်လိုက်ပြီး -

"ခြိမ်းခြောက်တာမဟုတ်ပါဘူးဆရာ၊ ကျွန်မကို ဆရာက အသက်ချမ်းသာပေးမယ်ဆိုရင်၊ ကျွန်မ ဒီပစ္စည်းကို ဆရာ့လက်ထဲ ပြန်အပ်ပါ့မယ်"

ကြယ်တံခွန်အဘိုးအိုက ပြုံးလိုက်သည်။

"မင်းကငါ့ကို ဈေးဆစ်နေတယ်ဟုတ်လား"

"ဈေးဆစ်တာမဟုတ်ပါဘူးဆရာ၊ ကျွန်မအသက်ကို ချမ်းသာပေးပါ"

ကြယ်တံခွန်အဘိုးအိုသည် မျက်နှာထားတည်လိုက်သည်။



"ဒီမှာအာကျို၊ မင်းငယ်ပါသေးတယ်၊ ငါ့ဆရာနဲ့ ဆွံ့အဆရာကို တောင် ကျုပ်က ဘယ်လိုအသက်ချွေခဲ့တယ်ဆိုတာ မင်းမသိသေးဘူးနဲ့တူတယ်"

ဖူးကျိုကိုရင်သည် ထိုစကားကိုကြားလိုက်ရသောအခါ -

အံကိုတင်းတင်းကြိတ်လိုက်လေသည်။

ဆရာတော်ရှမ်နန်နှင့် ဆွံ့အဆရာတို့ကို အဆိပ်ဖြင့်လုပ်ကြံသတ်ဖြတ်သွားသူမှာ ကြယ်တံခွန်အဘိုးအိုဖြစ်သည်ကို ပိုမိုယုံကြည်လာလေသည်။

သူသည် အင်အားမရှိ၍သာ ကြိတ်၍ခံပြင်းနေ၏။

အာကျိုမှာမူ ထိတ်လန့်တုန်လှုပ်ကာ ခေါင်းငုံ့ထားလေသည်။

ထိုစဉ် -

ကြယ်တံခွန်အဘိုးအို၏ ဂိုဏ်းတော်သားတို့သည် သူတို့၏ထုံးစံအတိုင်း ကြယ်တံခွန်အဘိုးအိုအား ချီးကျူးသောစကားများကို တစ်ယောက်တစ်ခွန်း ပြောဆိုနေကြသည်။

❖ ❖ ❖

ကြယ်တံခွန်အဘိုးအိုသည် -

သူတို့ချီးကျူးသော စကားများကို ကျေနပ်စွာနားထောင်တတ်၏။ ချီးကျူးနေသောစကားလုံးများသည် သဘာဝကျ၏၊ မကျ၏၊ မှန်ကန်မှု ရှိ၊ မရှိကိုမူ သူဂရုမစိုက်ပါချေ။

ထို့ကြောင့်လည်း အခွင့်အလမ်းရရှိသည်နှင့် သူ၏ဂိုဏ်းတော်

သားများသည် သူ့အား ချီးကျူးထောပနာပြုသည့် စကားများကိုသာ ပြောဆိုကြလေသည်။

ယခုလည်း အခွင့်အလမ်းရရှိသည်နှင့် သူ၏ဂိုဏ်းသားများတို့သည် သူ့အား ချီးမွမ်းခန်းများထုတ်ဖော်ပြောဆိုနေကြလေသည်။

ကြယ်တံခွန်အဘိုးအိုမှာမူ သူ၏မီးလောင်ကျွမ်း၍ အနည်းငယ်ကျန်ရှိနေသော မုတ်ဆိတ်မွေးများကို လက်ဖြင့်သပ်ရင်း ကျေနပ်စွာ နားစွင့်နေ၏။

ဤသို့ဖြင့် -

ထမင်းတစ်လုံးချက်ခန့်ကြာသောအခါ -

ကြယ်တံခွန်ဂိုဏ်းတော်သားများ၏ ချီးမွမ်းသည့်စကား လုံးများသည် တဖြည်းဖြည်း ကုန်ခန်းလာလေ သည်။

ကြယ်တံခွန်အဘိုးအိုသည် ပြုံး၍ အာကျိုဘက်သို့လှည့်လိုက်သည်။

"ကဲ - အာကျို မင်းဘာစကားပြောချင်သေးသလဲ"

အာကျိုသည် အကြံတစ်ခုရလာလေသည်။

"ဟုတ်ကဲ့ဆရာ ကျွန်မပြောစရာရှိပါတယ်"

"ဒါဖြင့် ပြောစမ်း"

"ကျွန်မ ဆရာရဲ့ကျောက်စိမ်းအိုးကလေးကို ယူသွားရတာ အကြောင်းရှိလို့ပါ"

ကြယ်တံခွန်အဘိုးအို မျက်မှောင်ကုပ်သွားသည်။

"ဘာကွ အကြောင်းရှိတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ဒါဖြင့်ပြောစမ်း၊ ဘာအကြောင်းများလဲ"

"ဟုတ်ကဲ့ ပြောပါ့မယ်ဆရာ"



အာကျိုသည် အနည်းငယ်စဉ်းစားလိုက်ပြီး -

"အမှန်အတိုင်းပြောရမယ်ဆိုရင် လွန်ခဲ့သော ၁၀-နှစ်တုန်းက ဆရာ သိုင်းလေ့ကျင့်တဲ့အခါမှာ ဒီကျောက်စိမ်းအိုးကလေးကို အသုံးပြုမှုဖြစ်မယ်ဆိုတာ ကျွန်မသိရပါတယ်၊ ဟုတ်တယ်မို့လားဆရာ"

ကြယ်တံခွန်အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ကဲ ဆက်ပြော"

"နောက်ပိုင်းမှာ ဆရာ့သိုင်းပညာရပ်တွေ လေ့ကျင့်တဲ့အခါမှာ ဒီကျောက်စိမ်းအိုးကို ဘယ်နည်းနဲ့မှ အသုံးမပြုတော့ဘူး၊ မလိုအပ်တော့ဘူးဆိုတာ ကျွန်မသိပါတယ်"

ကြယ်တံခွန်အဘိုးအိုက ပြုံးလိုက်သည်။

"အေး ဒါလဲဟုတ်သားပဲ"

အာကျိုက စကားဆက်လိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် ဆရာက ဒီကျောက်စိမ်းအိုးကလေးကိုပြန်မရလဲ ဘာမှထိခိုက်နစ်နာခြင်း မရှိပါဘူး"

ကြယ်တံခွန်အဘိုးအို မျက်မှောင်ကုပ်သွားသည်။

"ဟုတ်တော့ဟုတ်တာပေါ့၊ ဒါပေမယ့် ဒီကျောက်စိမ်းအိုးကလေးဟာ တစ်ခြားသူလက်ထဲရောက်သွားရင် ငါ့ကို ထိခိုက်လာမှာပေါ့ကွ"

အာကျိုက ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ်ဆရာ၊ ဒါကြောင့် ကျွန်မက ဒီအိုးကလေးကို တစ်ခြားလူလက်ထဲမရောက်အောင်လို့ လုံခြုံစွာသိမ်းဆည်းထားရပါတယ်"

ကြယ်တံခွန်အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်း စကားသိပ်မရှည်နဲ့၊ လိုရင်းကိုသာပြောပါ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်မပြောပါ့မယ်၊ ဒီကျောက်စိမ်းအိုးကလေး ယူရတာဟာ ဆရာ့ကို ကျွန်မဘက်လာစေချင်လွန်းလို့ အခုလို ဆရာ့ဆီက ခိုးယူလာတာပါ"

ကြယ်တံခွန်အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"အင်း မင်းပြောတာ နည်းနည်းတော့ ယုတ္တိတန်ရဲ့"

အာကျိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဆရာ၊ သိုင်းလောကမှာ ဆရာ့ရဲ့အကြောင်းကို လူတွေက သိပ်မသိကြလေတော့ တောင်ပိုင်းမုယုံ၊ မြောက်ပိုင်း ချောင်ဖုန်းဆိုတာပဲ နာမည်ထွက်နေတယ်၊ ကျွန်မအနေနဲ့ပြောရရင် သူတို့ဟာ ဆရာ့ရဲ့ခြေဖျားကိုတောင် မီမှာမဟုတ်ပါဘူး"

ကြယ်တံခွန်အဘိုးအိုက ကျေနပ်စွာပြုံးလိုက်၏။

"ဟဲ - ဟဲ - ဟဲ - မင်းက ဆရာအကြောင်းကို သိထားတာကိုး"

အာကျိုက စကားဆက်လိုက်သည်။

"ဒါကြောင့် ကျွန်မကစိတ်ကူးတစ်ခုရလာပါတယ်"

"မင်းစိတ်ကူးက ဘာလဲကွ"

"ဆရာ့ရဲ့ပညာရပ်ဟာ သူတို့ထက် အဆပေါင်းများစွာ သာတယ်ဆိုတာ သိုင်းလောကတစ်ခုလုံး သိစေချင်တဲ့အကြံနဲ့ပါ"

ကြယ်တံခွန်အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"အေး မင်းအကြံမဆိုးဘူး"

"ဟုတ်ကဲ့ပါဆရာ ပထမတော့ ကျွန်မကဆရာ့ကို ပြည်မကို လာပြီး ဆရာ့ရဲ့ပညာကို သူတို့မျက်စိအမြင်ကျယ်အောင်ပြဖို့ တိုက်တွန်း မလို့ပါဘဲ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"



"ဒါပေမယ့် ဆရာက ပြည်မကိုတော်တော်နဲ့လာဖြစ်မှာ မဟုတ်မှန်းသိလို့ ဆရာ့ကျောက်စိမ်းအိုးကလေးကို ခိုးယူလာရင် ဆရာက လိုက်လာမှာပဲလို့ စိတ်ကူးရမိလို့ပါ"

ကြယ်တံခွန်အဘိုးအိုက ပြုံးလိုက်သည်။

"ဒီလိုဆိုမင်းက ငါ့ကိုပြည်မလာစေချင်လို့ ဒီကျောက်စိမ်းအိုးကလေး ခိုးလာတာဆိုပါတော့"

"ဟုတ်ပါတယ်ဆရာ"

ကြယ်တံခွန်အဘိုးအိုက ရယ်မောလိုက်သည်။

"ဟား - ဟား - ဟား ဒီလိုဆိုရင် မင်းကသက်သက် ဒီပစ္စည်းကို မလိုချင်ဘူးဆိုပါတော့"

"ဟုတ်ပါတယ်ဆရာ"

ကြယ်တံခွန်အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းပါးစပ်ပိတ်ထားလိုက်စမ်းအာကျို၊ မင်းအကြောင်း ငါမသိရဘူး မထင်နဲ့၊ ငါ့ရဲ့ကျောက်စိမ်းအိုးကလေးခိုးပြီး ငါ့ထက်သာ အောင် မင်းသိုင်းပညာလေ့ကျင့်မလို့ မဟုတ်လား"

အာကျို ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"မဟုတ်ရပါဘူးဆရာ"

ကြယ်တံခွန်အဘိုးအိုက မျက်နှာထားတည်လိုက်သည်။

"ဒီမှာအာကျို မင်းကိုငါက သက်သက်သာသာ အပြစ်ပေးပါ့မယ်"

အာကျိုက ဝမ်းသာသွားသည်။

"ကျေးဇူးတင်ပါတယ်ဆရာ၊ ကျွန်မကို ဘယ်လိုအပြစ်ပေးမှာ လဲ ဆရာရယ်"

ကြယ်တံခွန်အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းရဲ့သိုင်းပညာအားလုံးကို ပျောက်ပြယ်သွားအောင် လုပ်မယ်၊ နောက်ပြီး မင်းရဲ့လက်တွေအားလုံး မသန်မစွမ်းဖြစ် အောင် အကြောတွေဖြတ်ပစ်မယ်၊ ဘယ့်နှယ်လဲ"

အာကျိသည် ထိုစကားကြားလိုက်ရသောအခါ -

မျက်နှာတစ်ခုလုံး သွေးရောင်ပင်မရှိတော့ပါချေ။

ထိုစဉ်မှာပင် ကြည်လင်သောအသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဒီမှာဆိုင်ရှင်တို့ ဘာစားစရာတွေများ ကျန်သေးလဲပြောစမ်း"

❖ ❖ ❖

ကြယ်တံခွန်အဘိုးအိုက အသံလာရာဘက်သို့ လှည့်လိုက်သည်။

လူတစ်ယောက် -

လူငယ်တစ်ယောက်ဖြစ်သည်။

ထိုလူငယ်သည် မည်သည့်အချိန်က ဆိုင်ထဲသို့ဝင်ရောက်လာပြီး မည်သည့်အချိန်က မိမိထိုင်နေသောစားပွဲနှင့်ကပ်လျက် စားပွဲတစ်ခုတွင် ထိုင်နေသည်ကို သူမသိလိုက်ရပါချေ။

ကြယ်တံခွန်အဘိုးအိုသည် ထိုလူငယ်အား သေချာကြည့်လိုက်သောအခါ မိမိနှင့်သိုင်းကွက်တစ်ကွက် ယှဉ်ပြိုင်ခဲ့ဖူးသော မုယုံဟု ဖြစ်နေသည်ကို သိလိုက်ရလေသည်။

သူသည် မျက်နှာကွက်ခနဲပျက်သွားပြီးမှ ဣန္ဒြေဆယ်လိုက်သည်။ အာကျိသည် မုယုံဟုကို မမြင်ဘူးချေ။



မုယုံဟုလျှောက်ပြီးလာသည်ကို တွေ့ရှိလိုက်ရသည်နှင့် -

သူမ၏ရင်ထဲ တစ်ချက်လှုပ်ခါသွားသည်။

"အင်း - ဒီလောက်ချောတဲ့ယောကျာ်းမျိုး ငါတစ်ခါမှ မတွေ့ဖူးဘူး"

ဟုလည်း ကြိတ်၍ချီးကျူးမိသည်။

မုယုံဟုသည် ကြယ်တံခွန်အဘိုးအိုအား လက်မြှောက်ပြပြီး နှုတ်ဆက်လိုက်သည်။

"ခင်ဗျားကိုး၊ ဘယ့်နှယ်ဗျာ လောကကြီးဟာ ကျဉ်းကျဉ်းလေးပါလား၊ ကျုပ်တို့ မကြာခင်က ခွဲခွာခဲ့ရပေမယ့် အခုပြန်ပြီး ဆုံတွေ့နေရတယ်နော်"

ကြယ်တံခွန်အဘိုးအိုက ပြုံးလိုက်သည်။

"ဟုတ်တာပေါ့ဗျာ၊ ခင်ဗျားနဲ့ရေစက်ဆုံလို့ပေါ့ဗျာ"

ထိုစဉ် ဆိုင်လုလင်ရောက်လာသဖြင့် မုယုံဟုက စားသောက်ဖွယ်ရာများကို မှာကြားလိုက်သည်။

ကြယ်တံခွန်အဘိုးအိုမှာမူ မုယုံဟုနှင့် ယှဉ်ပြိုင်ရလိမ့်မည်ဟု စိတ်ထဲ၌တွက်ထားပြီးဖြစ်သည်။

ထို့ကြောင့် -

သူသည် အာကျိအား အမြန်ဆုံးစီရင်ရန် ဆုံးဖြတ်လိုက်သည်။

သူသည် အာကျိဘက်သို့လှည့်လိုက်သည်။

"ကဲ - အာကျိ အချိန်မရှိဘူး၊ မင်းပစ္စည်းဘယ်မှာထားသလဲဆိုတာ မြန်မြန်ပြောပါ၊ မပြောရင်တော့ မင်းရဲ့ခြေနဲ့လက်ကို အမြန်ဆုံး ဖြတ်ပစ်ရမှာဘဲ"

အာကျိ ထိတ်လန့်သွားသည်။

"မလုပ်ပါနဲ့ဆရာရယ်၊ ကျွန်မကိုချမ်းသာပေးပါ"

မုယုံဟုက ပြုံးလိုက်သည်။

"ဟာ - အဘကလဲ ဒီလောက်အသက်ကြီးမှ မိန်းကလေးတစ်ယောက်ကို ဒီလောက်တောင်ပဲ အတင်းအကြပ်လုပ်ရသလားဗျ"

ကြယ်တံခွန်အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကတော့ ကျုပ်တို့ဂိုဏ်းတွင်းကိစ္စပါ၊ ခင်ဗျားနဲ့မဆိုင်ဘူးလို့ ထင်ပါတယ်"

မုယုံဟုက ပြုံးလိုက်သည်။

"ဆိုင်တာပေါ့ဗျ"

"ဘယ်လိုဆိုင်တာလဲဗျ၊ ပြောစမ်းပါဦး"

"ဒီလိုပါ၊ အခုလို အေးချမ်းသာယာတဲ့နေရာမှာ အေးအေးချမ်းချမ်း စားသောက်နေရမယ့်အချိန်မျိုးမှာ ခင်ဗျားတို့ကိုယ်ရေးကိုယ်တာကိစ္စကို ကျုပ်တို့ရှေ့မှာလာပြီး ပြောဆိုနေတာဟာ ကျုပ်အဖို့ အနှောင့်အယှက်ဖြစ်တာပေါ့ဗျ"

ကြယ်တံခွန်အဘိုးအိုက ပြန်မပြောဘဲ သူ၏လက်ခလယ်ဖြင့် အမှတ်မထင် တောက်လိုက်လေသည်။

ကြယ်တံခွန်ဂိုဏ်းသားတစ်ယောက်က သူ့ဆရာအစား ဝင်ပြောလိုက်သည်။

"ဟေ့ သူငယ် မင်းဘယ်လိုပြောလိုက်တာလဲ၊ ကျုပ်ဆရာကို စော်ကားရင် ဘယ်လိုအပြစ်ဒဏ်ရမယ်ဆိုတာ ခင်ဗျားမစဉ်းစားမိဘူးနဲ့တူတယ်"



သူသည် ယင်းသို့ပြောပြီး ပြုံးလိုက်သည်။

သူ၏မျက်နှာတစ်ခုလုံးမှာ ထူးခြားလျှို့ဝှက်သော ဟန်မူရာများ ပေါ်လွင်နေသည်။

သူသည် နောက်သို့တစ်လှမ်းဆုတ်လိုက်ပြီး -

"ဟား - ဟား - ဟား"

တစ်ဖန် ရယ်မောလိုက်သည်။

ထို့နောက် သူသည် ပါးစပ်အဟောင်းသားဖြစ်ကာ အသံမထွက်တော့ပါ"

သူ၏မျက်နှာပေါ်တွင် လျှို့ဝှက်ဆန်းကြယ်သော အပြုံး ထွက်ပေါ်နေ၏။

တစ်ခဏအကြာတွင် -

သူ၏ခန္ဓာကိုယ်သည် မြေပေါ်သို့လဲကျကာ သေဆုံးသွားလေသည်။

ကြယ်တံခွန်ဂိုဏ်းသားများသည် -

အပြုံးသုံးကြိမ်ဆေးမှုန့် ထိမှန်သွားပြီဟု နားလည်လိုက်သဖြင့် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

သူတို့သည် ကြယ်တံခွန်အဘိုးအိုက သတ်ပစ်သည်ဟု ထင်မှတ်ကြလေသည်။

ကြယ်တံခွန်အဘိုးအိုသည် မိမိပစ်လွှင့်လိုက်သော အပြုံးသုံးကြိမ် ဆေးမှုန့်မှာ မုယုံဟုကိုမထိဘဲ မိမိ၏ဂိုဏ်းသားတစ်ယောက်အား ထိမှန်သွားသဖြင့် ခံပြင်းလာလေသည်။

သူသည် ထိုင်ရာမှမတ်တတ်ရပ်လိုက်သည်။

"ကဲ - မုယုံဟု၊ မင်းငါ့ဆီကိုလာတဲ့ကိစ္စဟာ ယှဉ်ပြိုင်ဖို့ပဲ

မဟုတ်လား"

မုယ့်ဟုက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ သိုင်းသမားအချင်းချင်းပဲ၊ တစ်ယောက်နဲ့တစ်ယောက် သိုင်းပညာယှဉ်ပြိုင်ခြင်းဟာ အလွန်ကောင်းပါတယ်၊ တိုးတက်မှုလဲ ရှိပါတယ်ဗျာ"

ကြယ်တံခွန်အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားက ဒီလောက်တောင်ယှဉ်ပြိုင်ချင်မှတော့"

သူသည် ယင်းသို့ပြောရင်း -

မုယ့်ဟု၏ရင်ဝသို့ လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။

မုယ့်ဟုသည် ကြယ်တံခွန်အဘိုးအိုမှာ 'သိုင်းပညာဖျက်ဆီးမှုပညာ' ရှိသည်ဟု ကြားသိထားသည်။

ထို့ကြောင့် -

သူသည် လက်ဝါးခြင်းအထိမခံဘဲ ရှောင်တိမ်းလိုက်ရလေသည်။

ကြယ်တံခွန်အဘိုးအိုသည် မဲ့ပြုံးပြုံးလိုက်ပြီး -

မုယ့်ဟုအား လက်ဝါးသုံးချက်တိတိ ရိုက်လိုက်လေသည်။

ဤသို့ဖြင့် -

သူတို့နှစ်ယောက်သည် ဆိုင်ခန်းထဲမှာပင် သဲသဲမဲမဲ တိုက်ခိုက်နေကြလေတော့သည်။

❖ ❖ ❖



ကြယ်တံခွန်အဘိုးအိုသည် အတွေ့အကြုံရင့်ကျက်သော သိုင်းသမားတစ်ယောက်ဖြစ်သည်။

မုယ့်ဟုနှင့် သိုင်းကွက်ဆယ်ကွက်မျှ ယှဉ်ပြိုင်ပြီးနောက် မုယ့်ဟုမှာ မိမိလက်ဝါးနှင့်မထိမိစေရန် အတတ်နိုင်ဆုံး ရှောင်တိမ်းနေသည်ကို ရိပ်စားမိလိုက်လေသည်။

ထို့ကြောင့် -

သူသည် မုယ့်ဟုအား "သိုင်းပညာဖျက်ဆီးမှုပညာ"ဖြင့် အနိုင်ယူရန် ဆုံးဖြတ်လိုက်လေသည်။

သူသည် တိုက်ခိုက်သောအခါ၌ ယာဖက်လက်ဝါးကို အများဆုံး အသုံးပြုလိုက်သည်။

သူ၏ဝဲဖက်လက်သည် ထိခိုက်ဒဏ်ရာရသည့်အသွင်ဖြင့် ဇက်ထားလိုက်လေသည်။

ထိုအခြင်းအရာကို မြင်တွေ့လိုက်ရသောအခါ -

ကြယ်တံခွန်အဘိုးအိုမှာ ဝဲဖက်ပခုံးအနီးတဝိုက်တွင် ဒဏ်ရာတစ်ခုရထားသည်ဟု မုယ့်ဟုက အထင်မှားမိလေသည်။

ထို့ကြောင့် -

သူသည် ကြယ်တံခွန်အဘိုးအို၏ ဝဲဖက်သို့ ပို၍ဖိဖိစီးစီး တိုက်ခိုက်လိုက်လေသည်။

ကြယ်တံခွန်အဘိုးအိုသည် စိတ်ထဲ၌ ကြိတ်၍ဝမ်းသာသွားသည်။ မိမိထောင်ထားသည့် ထောင်ချောက်ထဲသို့ မုယ့်ဟု ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

သူသည် လျှပ်တပြက် ဝဲဖက်လက်ဝါးဖြင့် ထိုးသွင်းလာသော

မုယုံဟု၏လက်သီးအား ဖမ်းဆုပ်ထားလိုက်လေသည်။

မုယုံဟုသည် အငိုက်မိသွားမှုန်း ချက်ချင်းပင်သိရှိလိုက်လေသည်။ ပြန်လည်ရုန်းထွက်ရန် ကြိုးစားလိုက်သည်။

ကြယ်တံခွန်အဘိုးအိုက ရရှိသောအခွင့်အရေးကို လက်လွှတ်မခံပါ။

မုယုံဟု၏လက်သီးကို အလွတ်မခံဘဲ -

အမိအရ ကြိုးစားပြီး ဖမ်းဆုပ်ထားလိုက်လေသည်။

မုယုံဟုကလည်း ကြယ်တံခွန်အဘိုးအို၏လက်မှ လွတ်ထွက်သွားရန် ကြိုးစားအားထုတ်နေလေသည်။

ထိုစဉ် -

ကြယ်တံခွန်ဂိုဏ်းသားတစ်ယောက်သည် -

မုယုံဟုအား အလစ်ဝင်ရောက်တိုက်ခိုက်လိုက်လေ၏။

မုယုံဟုသည် ကျန်လက်တစ်ဖက်ဖြင့် ဝှေ့ယမ်းတွန်းထုတ်လိုက်ရာ ဂိုဏ်းသားသည် အဝေးသို့လွင့်စဉ်သွားလေသည်။

❖ ❖ ❖

အမှန်မှာ -

ကုစုမုယုံ၏ ကျော်ကြားသော 'သူ့အတတ်နှင့်သူရှုး' ပညာရပ်မှာ ရန်သူတိုက်ခိုက်လိုက်သော တိုက်ကွက်နှင့် -

တန်ပြန်၍တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်လေသည်။

ယခု -



မုယုံဟုသည် ကြယ်တံခွန်အဘိုးအိုအသုံးပြုလိုက်သော အတွင်းအား ဖျက်ဆီးမှုပညာအား -

ထိုဂိုဏ်းသားဘက်သို့ ကူးပြောင်းပေးလိုက်ခြင်းဖြစ်လေသည်။

ကြယ်တံခွန်အဘိုးအိုသည် မိမိ၏ပညာရပ်ကြောင့် -

မိမိ၏ဂိုဏ်းသား ထိခိုက်သွားသည်ကို တွေ့မြင်လိုက်ရသဖြင့် ဒေါသချောင်းချောင်းထွက်လာလေသည်။

သူ၏မျက်လုံးအစုံသည် မုယုံဟုအား ဝါးစားမတတ် စူးစူးဝါးဝါး စိုက်ကြည့်နေပြီး -

"မုယုံဟု၊ ဒီကနေ့ မင်းရဲ့အသက်ကို ငါချွေပစ်မယ်ကွ"

ဟု ကြိုးဝါးလိုက်လေသည်။

မုယုံဟုမှာမူ အေးတိအေးစက် ပြုံးပြလိုက်လေသည်။

"ဒီမှာကြယ်တံခွန်၊ ခင်ဗျားပညာက ခင်ဗျားရဲ့ဂိုဏ်းသားအားလုံးကို သေကြေပျက်စီးနိုင်တယ်ဆိုတာကော ထည့်မတွက်တော့ဘူးလား"

သူသည် ယင်းသို့ပြောပြီးနောက် -

ဝဲဘက်သို့ တဖြည်းဖြည်းဆုတ်သွားလေသည်။

ထိုစဉ် ဂိုဏ်းသားတစ်ယောက်က နောက်မှနေ၍ -

အလစ်ဝင်ရောက်တိုက်ခိုက်ရန် ဓားဖြင့် မုယုံဟု၏ကျောပြင်သို့ ထိုးသွင်းလိုက်လေသည်။

"မရဘူးကွ"

မုယုံဟုက ယင်းသို့အော်ပြီး -

ခြေထောက်ဖြင့် ကန်လိုက်ရာ -

ထိုဂိုဏ်းသားသည် မြေပေါ်သို့လဲကျသွားလေသည်။

ကျန်ရှိသောဂိုဏ်းသားများသည် -

တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်တိုက်ခိုက်လာကြလေသည်။

မုယုံဟု၏ လက်သီးတစ်ဖက်မှာ ဆုပ်ထားခြင်းကို ခံနေရ၍ မလှုပ်သာသော်လည်း သူ၏ခြေထောက်နှစ်ဖက်မှာ အစွမ်းထက်စွာဖြင့် ဝင်ရောက်တိုက်ခိုက်လာကြသော ဂိုဏ်းသားများအား တစ်ယောက်ပြီး တစ်ယောက် မြေပေါ်သို့ လဲကျသွားစေလေသည်။

တစ်ခဏအကြာတွင်မှာပင် -

ကြယ်တံခွန်ဂိုဏ်းသား ဆယ့်လေးငါးယောက်ခန့်တို့ မြေပေါ်သို့ လဲကျသွားလေသည်။

ကျန်ရှိသောဂိုဏ်းသားများသည် ထိတ်လန့်တုန်လှုပ်သွားကာ နောက်သို့ဆုတ်သွားကြလေသည်။

❖ ❖ ❖

ကြယ်တံခွန်အဘိုးအိုသည် -

မုယုံဟု၏လက်သီးအား ဆုပ်မြဲဆုပ်ထား၏။

သူသည် ဂိုဏ်းသားများ သေဆုံးသွားသည့်တိုင်အောင် မုယုံဟု၏လက်ကို လွှတ်မည်မဟုတ်ပါ။

မုယုံဟုအား အနိုင်ရခဲ့လျှင် -

သူသည် သိုင်းလောကတစ်ခုလုံး လျှမ်းလျှမ်းတောက်ကျော်ကြားသွားမည်မဟုတ်ပါလော။



ဂိုဏ်းသားများသည် ဆရာဖြစ်သူ ကြယ်တံခွန်အဘိုးအိုက မိမိတို့၏အသက်များကိုစတေးပြီး မုယုံဟုအား အနိုင်ယှဉ်ပြိုင်မည်ကို ရိပ်စားမိလာကြသဖြင့် -

သူတို့သည် ကြယ်တံခွန်အဘိုးအိုအား အော်ဟစ်ကာ အသနား ခံကြကုန်လေ၏။

ကြယ်တံခွန်အဘိုးအိုသည် သူတို့အား လှည့်ပင်မကြည့်ပါ။

မုယုံဟုကိုသာ မဲ၍တိုက်ခိုက်နေ၏။

❖ ❖ ❖

ကြယ်တံခွန်တို့လူစုထဲ၌ -

လူနှစ်ယောက်သည် တုပ်တုပ်မျှမလှုပ်ဘဲ အခန်းထောင့်တစ်ခု၌ ပုန်းနေ၏။

ထိုလူနှစ်ယောက်မှာ သံမဏိမျက်နှာယုသန်းကြီးနှင့် အာကျိပင်ဖြစ်သည်။

သူတို့သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ငြိမ်သက်နေကြခြင်းဖြစ်၏။ အာကျိ၏မျက်လုံးအစုံမှာမူ မုယုံဟုအား မျက်တောင်မခတ်စိုက်ကြည့်နေ၏။

ကြယ်တံခွန်အဘိုးအို ဒေါသထွက်သွားသည်။

"ဟေ့ - အာကျိ"

အာကျိသည် မုယုံဟုက အေးဆေးစွာဖြင့် ကြယ်တံခွန်အဘိုးအိုနှင့် ယှဉ်ပြိုင်နေသည်ကို စိတ်ထဲ၌ ကြိတ်၍ချီးကျူးရင်း ငေးကြည့်နေသဖြင့် -

ကြယ်တံခွန်အဘိုးအိုၡ၏ခေါ်သံကို မကြားမိချေ။

"ဟေ့ - အာကျီ"

နောက်ထပ်အသံကျယ်ကျယ်ခေါ်လိုက်တော့မှ -

အာကျီက ကြားလိုက်မိသည်။

"ဟုတ်ကဲ့ - ဆရာက မုယုံဟုကို အပြတ်အသတ်အနိုင်"

သူမသည် ကြယ်တံခွန်အဘိုးအိုအား ဂုဏ်ပြုစကားပြောရင်း မိမိတို့ဂိုဏ်းသားအများအပြား ကျဆုံးနေသည်ကို သတိရလာသဖြင့် စကားမှာ တစ်ပိုင်းတစ်စဖြင့်ရပ်တန့်သွားလေ၏။

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"ဆက်ပြောဦးလေ၊ ဘာလဲ ကျုပ်ကနွံနေတယ်လို့ မင်းထင်နေလို့လား"

အာကျီက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"မဟုတ်ပါဘူးဆရာ၊ မုယုံဟုက ဆရာ့ရဲ့ခြေမွေးတစ်ချောင်းလောက်တောင်မမီ"

သူမသည် စကားဆုံးအောင်မပြောနိုင်ပါ။

အကြောင်းမှာ -

မုယုံဟုသည် ဆွဲယူထားသော တပည့်တစ်ယောက်ဖြင့် သူမထံသို့ ပစ်လွှင့်လိုက်သောကြောင့်ဖြစ်သည်။

သူမသည် ကပျာကယာ ရှောင်တိမ်းမည်အပြုတွင် မုယုံဟုက ခြေထောက်ဖြင့်တစ်ချက် ထပ်မံတွန်းထုတ်လိုက်သဖြင့် -

သူမထံသို့ လွင့်စဉ်လာသော ဂိုဏ်းသားတစ်ယောက်မှာ သူမထံသို့မရောက်တော့ဘဲ လမ်းလွဲသွားလေသည်။



အာကျီသည် တဒိတ်ဒိတ်ခုန်နေသော နှလုံးအား လက်ဝါးဖြင့်ဖိရင်း မုယုံဟုအား ကျေးဇူးတင်သောအပြုံးဖြင့် ပြုံးပြလိုက်သည်။

မုယုံဟုကလည်း ပြန်လည်ပြုံးပြပြီး -

"ကဲ - မိန်းကလေး ပြောစရာရှိတာဆက်ပြောပါ၊ ကျုပ်လဲ နားထောင်ချင်တယ်"

ဟုပြောလိုက်လေသည်။

ကြယ်တံခွန်အဘိုးအိုသည် ပို၍ဒေါသထွက်လာ၏။

"ဟေ့ - အာကျီ"

"ရှင် - ဆရာ"

"သူကဘာဖြစ်လို့ မင်းကိုအန္တရာယ်မပြုတာလဲ"

အာကျီမှာ ရင်ထိတ်သွားသည်။

"ဒါ - ဒါ - သူက ဆရာ့ကိုကြောက်လို့နေမှာပေါ့"

သူမသည် မည်သို့ပြန်ပြောရမှန်းမသိဘဲဖြစ်နေစဉ် -

"ဟား - ဟား - ဟား"

ကြယ်တံခွန်အဘိုးအိုက ရယ်မောလိုက်သည်။

သူ၏ရယ်မောသံမှာ ကောက်ကျစ်စဉ်းလဲခြင်း၊ ကြမ်းတမ်းယုတ်မာခြင်း စသည့်အငွေ့အသက်များ ပါဝင်နေ၏။

"ဟေ့ အာကျီ၊ မင်းက အခုလိုပြောတတ်ဆိုတတ်လို့ ဆရာက သဘောကျပြီး မင်းအသက်ကို ချမ်းသာပေးလိုက်ပြီကွ"

"ဟုတ်လားဆရာ၊ ဝမ်းသာလိုက်တာရှင်"

"နေဦး - အရမ်းဝမ်းမသာနဲ့ဦး"

ကြယ်တံခွန်အဘိုးအိုသည် သူ၏စကားဆုံးသွားသည်နှင့် လက်

တစ်ချက်ဝှေ့ရမ်းလိုက်ရာ - အရာဝတ္ထုတစ်ခုသည် အာကျို၏ မျက်နှာဆီသို့ ဝှေ့ရိုက်လိုက်လေ၏။

ထိုအရာဝတ္ထုသည် -

ဓားပါးတစ်လက်ပမာ အာကျို၏မျက်နှာအစုံအား လှီးချလိုက်လေ၏။

"အား -"

အာကျိုသည် မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် လက်နှစ်ဖက်ဖြင့် မျက်နှာကိုအုပ်ကာ မြေပေါ်သို့ ဒူးထောက်လဲကျသွား၏။

နာကျင်သောဝေဒနာတစ်ခုကို အသည်းခိုက်အောင် ခံစားလိုက်ရပြီး အာကျို၏မြင်ကွင်းတစ်ခုလုံးမှာ မည်းမှောင်သွားလေတော့သည်။

❖ ❖ ❖

မုယံဟု မျက်မှောင်ကုပ်သွားသည်။

ဆရာတစ်ယောက်က ယခုကဲ့သို့ မိမိ၏တပည့်မတစ်ယောက်အား ရက်ရက်စက်စက် မျက်လုံးများဖောက်ဆီးပစ်လိုက်သည်ကို တွေ့လိုက်ရသဖြင့် အံ့ဩသွားလေသည်။

ကြယ်တံခွန်အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းကိုငါမသတ်ပေမယ့် ဘာကိုမှ မမြင်ရအောင် မင်းရဲ့ မျက်လုံးကို ဖောက်ပစ်လိုက်တာကွ သိပြီလား"

အာကျို၏နှုတ်ခမ်းသည် သွေးရောင်ပင်မရှိဘဲ ဖြူဖွေးနေ၏။



အသားများမှာလည်း တဆတ်ဆတ်တုန်နေလေသည်။

ထိုစဉ် -

"ယား -"

ဟု စူးရှသောအော်သံတစ်သံ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် အေးစိမ့်သောလေတိုက်ခတ်လာသည်ကို ခံစားလိုက်ရလေသည်။

အခန်းထဲမှာရှိနေကြသော လူအားလုံးသည် ကျောချမ်းသွားကြလေသည်။ အသံထွက်ပေါ်ရာသို့ ပြိုင်တူလှည့်ကြည့်မိသည်။

အခန်းထောင့်တွင် တစ်ချိန်လုံး ပုန်းအောင်းနေသော ယုသန်းကြီး ဖြစ်နေသည်။

သူသည် တစ်ဟုန်ထိုးထလိုက်ပြီး အာကျိုထံသို့ရောက်ရှိလာသည်။

သူသည် လက်တစ်ဖက်ဖြင့် အာကျို၏လက်ကိုဆွဲကာ အခန်းထဲမှ ထွက်ပြေးသွားလေသည်။

"ဟေ့ - မပြေးနဲ့"

ကြယ်တံခွန်အဘိုးအိုသည် ယင်းသို့အော်၍ ဟန့်တားရင်း သူ၏လက်ဝါးတစ်ခုသည် ယုသန်းကြီးထံသို့ ရိုက်ချလိုက်လေသည်။

ယုသန်းကြီးသည် ကြယ်တံခွန်အဘိုးအိုအား အံတုဝံ့၍မဟုတ်ပါ။ အာကျိုအား ထိမှန်သွားမည်ကိုစိုးရိမ်သဖြင့် ကပျာကယာ လက်ဝါးဖြင့်ခံပေးလိုက်ခြင်းဖြစ်သည်။

"ဝုန်း"

လက်ဝါးနှစ်ခုသည် ပြင်းထန်စွာရိုက်မိသွားသည်။

ယုသန်းကြီးသည် အာကျို၏လက်ကိုဆွဲလျက် အပြင်ဘက်သို့ လွင့်စဉ်သွားလေသည်။

ကြယ်တံခွန်အဘိုးအိုရဲ့ ခန္ဓာကိုယ်သည် နောက်သို့ယိမ်းယိုင်သွားသည်။

ခြေသုံးလှမ်းခန့်ဆုတ်လိုက်တော့မှ အရှိန်ရပ်တန့်သွားနိုင်ပြီး သူ၏ရင်ဝတစ်ခုလုံးမှာ အေးစိမ့်သွားသည်ဟု ခံစားနေရလေသည်။

မုယုံဟုမှာမူ ထိုအခွင့်အရေးကို အလွတ်မခံတော့ဘဲ အတွင်းအားကို အသုံးပြုပြီး ကြယ်တံခွန်အဘိုးအို၏ ဆုပ်ကိုင်ထားခြင်းခံရသော သူ၏လက်သီးအား ရုန်းထွက်လိုက်လေသည်။

❖ ❖ ❖

ကြယ်တံခွန်အဘိုးအိုသည် ယုသန်းကြီးနှင့် လက်ဝါးချင်းရိုက်မိပြီးနောက် တစ်ကိုယ်လုံး အေးစိမ့်သွားသည်ဟု ခံစားလိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားသည်။

သူသည် ကမ္ဘာကယာ ခြေထောက်ကို ကင်းမြီးကောက်ထောက်ကာ လှည့်ပတ်လိုက်ပြီး ထိန်းချုပ်တော့မှ သက်သာရာရသွားလေသည်။

ထိုစဉ် -

မုယုံဟုက သူ၏ဂိုဏ်းသားများအား တစ်ယောက်ပြီးတစ်ယောက် သူ့ထံသို့ပစ်သွင်းလာရာ ကြယ်တံခွန်အဘိုးအို၏ ခန္ဓာကိုယ်နှင့် ဂိုဏ်းသားများဆောင့်မိကာ လွင့်စဉ်သွားကြလေသည်။

ကြယ်တံခွန်အဘိုးအိုသည် -

ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း စသည့် ခံစားမှုများကို ပြိုင်တူခံစားလိုက်ရသဖြင့် မျက်နှာတစ်ခုလုံး နီရဲလာလေသည်။



မုယုံဟုမှာမူ သူ့အား ပြုံးစေ့စေ့ဖြင့်ကြည့်နေ၏။

"ဟဲ ဟဲ ဟဲ - မင်း မဆိုးဘူး၊ ဒါပေမယ့် ငါ့အကြောင်း မင်းကောင်းကောင်းသိစေရမယ်"

ကြယ်တံခွန်အဘိုးအိုက မုယုံဟုအား ကြိုးဝါးလိုက်သည်။

"ဟုတ်တယ်မုယုံဟု၊ မင်းအမြန်ဆုံးထွက်သွားရင်ကောင်းမယ်၊ တော်ကြာ ဆရာကြီးစိတ်ဆိုးလာရင် မင်းမလွယ်ဘူး"

ဂိုဏ်းသားတစ်ယောက်ကလည်း သူ့ဆရာလေသံလိုက်၍ ကြိုးဝါးနေ၏။

မုယုံဟုမှာမူ ပြုံးလျက် စကားတစ်ခွန်းမှမပြောပါ။

အခြားဂိုဏ်းသားတစ်ယောက်က မုယုံဟုအား -

"ဟေ့ - ပြောနေတာမကြားဘူးလား၊ တို့ဆရာကြီး ဒေါသမထွက်ခင် အမြန်ဆုံးထွက်သွားပါ"

ဟု ခြိမ်းခြောက်လိုက်သည်။

အမှန်မှာ ဂိုဏ်းသားများသည် -

သူတို့ဆရာက မုယုံဟုအား မနိုင်ဘဲ မိမိတို့ဂိုဏ်းသားများပင် ဆုံးရှုံးရသည်ကို နားလည်ထားကြသည်။

ထိုစဉ် -

ကြယ်တံခွန်အဘိုးအိုသည် သူ၏အဆိပ်မှုန့်များဖြင့် မုယုံဟုထံသို့ တိတ်တဆိတ် ပစ်လိုက်ပြန်လေသည်။

❖ ❖ ❖

မုယုံဟုသည် -

မလှုပ်မယှက်ရပ်လျက် အေးဆေးစွာ ပြုံးနေသည်ဖြစ်သော်လည်း သူသည် ရန်သူအား သတိမလစ်ပါ။

ကြယ်တံခွန်၏လှုပ်ရှားမှုများအား သတိကြီးစွာဖြင့် စောင့်ကြည့်နေသည်။

ကြယ်တံခွန်အဘိုးအို၏လက်ချောင်းများ လှုပ်ရှားလိုက်သည်နှင့် သူသည် ဟန်မပျက်ဘဲ အင်္ကျီလက်ဖြင့် ခါယမ်းလိုက်လေသည်။

သူ့ထံသို့ ပစ်လွှင့်လာသော အဆိပ်မှုန့်များသည် ဂိုဏ်းသားများထံသို့ လွင့်ပျံ့သွားလေသည်။

"အွန့် -"

မုယုံဟုအား ပြောဆိုနေကြသော ဂိုဏ်းသားများအနက် ဂိုဏ်းသားနှစ်ယောက်သည် ယင်းသို့ တစ်ချက်အော်ပြီး မြေပေါ်သို့ လဲကျသွားလေတော့သည်။

❖ ❖ ❖



## စားပွဲအောက်မှ ကိုရင်

ကြယ်တံခွန်အဘိုးအိုသည် မိမိ၏အဆိပ်မှုန့်များမှာ မုယုံဟုအား မထိပဲ မိမိ၏တပည့်များကိုသာ အသက်ဆုံးရှုံးသွားသည်ကို တွေ့မြင်လိုက်ရသောအခါ ဒေါသထွက်လွန်း၍ ရယ်မိလေသည်။

"မုယုံဟု၊ မင်းရဲ့ 'ကိုယ့်အတတ်ကိုယ်ပြန်စူး' တဲ့ပညာဟာ တယ်ဆိုးလို့တုန်း၊ ကဲ - နောက်ထပ် -"

သူသည် ရုတ်တရက် စကားရပ်တန့်သွားသည်။

သူ၏ မျက်လုံးအစုံသည် အခန်းထောင့်မှ စားပွဲတစ်လုံးထံသို့ ရောက်သွားသည်။

မုယုံဟုက လှည့်ကြည့်လိုက်သည်။ ပထမတွင် သူသည် အံ့ဩသွားသည်။

နောက်မှ ရယ်မိလိုက်လေသည်။

အကြောင်းမှာ -

အခန်းထောင့်မှစားပွဲသည် ရုတ်တရက် လှုပ်ရှားလာကာ ကြယ်တံခွန်အဘိုးအိုထံသို့ ရွေ့လျားသွားသည်။

စားပွဲအောက်တွင် လူတစ်ယောက်ရှိနေလေ၏။

ထိုလူကား ဖူးကျို့ကိုရင်ပင်ဖြစ်လေသည်။

❖ ❖ ❖

"ဒါယကာကြီးတို့ ဆက်ပြီးယှဉ်ပြိုင်မနေပါနဲ့၊ သတ္တဝါတွေ သေဆုံးသွားတာ ကျုပ်ဝတွေ့မမြင်ချင်လို့ပါ"

ဖူးကျို့ကိုရင်သည် စားပွဲအောက်မှထွက်လာပြီး လက်အုပ်ချီကာ မုယုံဟုနှင့် ကြယ်တံခွန်အဘိုးအိုတို့အား တောင်းပန်နေလေသည်။

ကြယ်တံခွန်အဘိုးအိုက မျက်မှောင်ကုပ်သွားသည်။

"ဟေ့ကိုရင် - ဘယ်တုန်းက ဒီစားပွဲအောက်ကို ရောက်နေရတာလဲ"

"သိပ်တော့မကြာသေးဘူး ဒါယကာကြီး"

ကြယ်တံခွန်အဘိုးအိုသည် လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

သူ၏လက်ဝါးသည် ဖူးကျို့ကိုရင်၏ရင်ဝသို့ ရိုက်ချမိလျက်သားဖြစ်သွားလေသည်။

မုယုံဟုက ထိတ်လန့်သွားပြီး ဝင်ရောက်ကယ်တင်ရန်မှာလည်း မမီတော့ပါချေ။

"ဒုက္ခပဲ၊ ကိုရင်လေးဟော့ -"

သူသည် ယင်းသို့တွေးမိနေစဉ် -

ဖူးကျို့ကိုရင်၏ ခန္ဓာကိုယ်သည် တစ်ချက်လှုပ်ခါသွားပြီး ကြယ်တံခွန်အဘိုးအိုအား လှည့်ကြည့်နေလေသည်။

မည်သို့မျှ ထိခိုက်ခြင်းမရှိသည်ကို တွေ့မြင်ရသဖြင့် အံ့ဩသွားလေသည်။

ဖူးကျို့ကိုရင်က လှည့်ကြည့်လိုက်သောအခါ၌ ဒေါသချောင်းချောင်းထွက်နေသော ကြယ်တံခွန်အဘိုးအို၏မျက်နှာကို တွေ့မြင်လိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားကာ -



အပြင်ဘက်သို့ ပြေးထွက်သွားလေသည်။

"ဟေ့ - ရပ်လိုက်"

ကြယ်တံခွန်အဘိုးအိုက ဟန့်တားလိုက်သည်။

ဖူးကျို့ကိုရင်သည် ခြေလှမ်းကို မရပ်တန့်ဘဲ ဆက်လက်၍ ပြေးသွားနေရာ -

"ဟေ့ - တို့ဆရာပြောနေတာ မကြားဘူးလား"

ဂိုဏ်းသားတစ်ယောက်က ဖူးကျို့ကိုရင်၏ပခုံးအား ဖမ်းဆွဲထားလိုက်လေသည်။

ဖူးကျို့ကိုရင် ထိတ်လန့်သွားလေ၏။

ကပျာကယာ ပခုံးကိုတစ်ချက်တွန့်ပြီး ရှောင်တိမ်းလိုက်လေသည်။

"ဝုန်း"

ဂိုဏ်းသား၏ခန္ဓာကိုယ်သည် ကြယ်တံခွန်အဘိုးအိုထံသို့ လွင့်စဉ်သွားလေသည်။

ကြယ်တံခွန်အဘိုးအို မျက်မှောင်ကုပ်သွားသည်။

ပစ်လွင့်လာသော ဂိုဏ်းသား၏လည်ကုပ်အား ဖမ်းဆွဲပြီး မုယုံဟုထံသို့ ပစ်လွှင့်လိုက်လေသည်။

မုယုံဟုက ဝဲဘက်သို့ ခြေနှစ်လှမ်းလှမ်း၍ ရှောင်တိမ်းလိုက်သည်။

"ဟေ့ - မုယုံဟု၊ မင်းမပြေးနဲ့"

ကြယ်တံခွန်အဘိုးအိုက ယင်းသို့အော်ဟစ်ပြောဆိုရင်း မုယုံဟုထံသို့ တစ်လှမ်းချင်းလှမ်းလိုက်လေသည်။

မုယုံဟုက ပြုံးလျက် -

"ကျုပ်ရှိပါတယ်ဗျာ"

သူသည် ယင်းသို့ပြောရင်း ကြယ်တံခွန်အဘိုးအိုထံသို့ ခြေတစ်လှမ်း တိုးလိုက်လေသည်။

ကြယ်တံခွန်အဘိုးအို မျက်မှောင်ကုပ်လိုက်ပြီး -

"ယား -"

ဟု ပြောသံပေးကာ မုယုံဟုထံသို့ ခုန်၍တိုက်ခိုက်မည်အပြုတွင် -

လူတစ်ယောက်သည် ခေါင်းငုံ့ကာ ပျာယီပျာယာနှင့် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

❖ ❖ ❖

လူတစ်ယောက် -

ခေါင်းငုံ့၍ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာနေလေသည်။

မုယုံဟုက ထိုလူအား မြင်တွေ့မိသည်နှင့် တန့်ဉ ဖြစ်နေသည်ကို မှတ်မိလိုက်လေသည်။

တန့်ဉသည် ခေါင်းငိုက်စိုက်ချ၍ လျှောက်လာနေလေသည်။

သူ၏နှုတ်မှလည်း တတွတ်တွတ်ပြောဆိုနေလေသည်။

သူသည် ခေါင်းပင်မမော့ဘဲ လျှောက်လာရာ ကြယ်တံခွန်ထံသို့ ဝင်ရောက်တိုက်မိလုလုဖြစ်သွားလေသည်။

မုယုံဟုသည် ကြယ်တံခွန်အဘိုးအိုက အန္တရာယ်ပြုမည်ကို စိုးရိမ်လာသဖြင့် -



"သတိထားတန့်ဉ"

ဟု ကမန်းကတန်း သတိပေးလိုက်လေသည်။

မုယုံဟု၏ သတိပေးသံကို ကြားလိုက်ရတော့မှ တန့်ဉက ခြေလှမ်းအား ရုတ်တရက် ရပ်တန့်လိုက်လေသည်။

ခေါင်းမော့၍ကြည့်လိုက်ရာ -

ကြယ်တံခွန်အဘိုးအို၏ ရက်စက်ကြမ်းကြုတ်သောမျက်နှာအား အနီးကပ်တွေ့မြင်လိုက်ရလေသည်။

သူသည် ရင်ထိတ်သွားလေသည်။

နောက်သို့လျင်မြန်စွာဆုတ်ပြီး လက်ညှိုးဖြင့် ကြယ်တံခွန်အဘိုးအိုအား ညွှန်ကာ -

"ခင်ဗျား - ခင်ဗျား -"

သူ ယခုကဲ့သို့ လက်ညှိုးဖြင့်ညွှန်ပြလိုက်သည်မှာ တိုက်ခိုက်ရန် မဟုတ်ဘဲ စိတ်ထဲ၌ထိတ်လန့်ပြီး အမှတ်မထင် ညွှန်လိုက်ခြင်းသာ ဖြစ်ပါသည်။

သို့သော် တိုက်တိုက်ဆိုင်ဆိုင် သူ၏အတွင်းအားများကို အနေတော် အသုံးပြုမိလိုက်သဖြင့် -

"ခြစ် - ခြစ် -"

လက်ညှိုးထိပ်မှ လျှပ်စစ်စီးကြောင်းများ ထိုးထွက်လာပြီး ကြယ်တံခွန်အဘိုးအိုထံသို့ ပစ်လွှင့်သွားလေသည်။

ကြယ်တံခွန်အဘိုးအို အကြီးအကျယ်တုန်လှုပ်သွားပြီး ကမန်းကတန်း ရှောင်တိမ်းလိုက်ရာ သူ၏အင်္ကျီပေါ်တွင် အပေါက်ကလေးတစ်ခု ဖြစ်ပေါ်လာလေသည်။

"ခြွမ်း -"

သူ၏ရင်ဘတ်ထဲမှ ဆေးဗူးကလေးတစ်ဗူး ထွက်ကျလာလေသည်။

ထိုဆေးဗူးအား သေသေချာချာကြည့်လိုက်သောအခါ -

ကြယ်တံခွန်အဘိုးအိုမှာ မျက်လုံးပြူးကျယ်သွားလေသည်။

အကြောင်းမှု တန့်ဥ၏ လျှပ်စီးကြောင်းသည် သူ၏အင်္ကျီအား ထိုးဖောက်ဝင်ရောက်ပြီး သံဖြင့်ပြုလုပ်ထားသော ဆေးဗူးပင်လျှင် ပိန်သွားသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုဆေးဗူးကြောင့်လည်း ကြယ်တံခွန်အဘိုးအိုမှာ ဘေးမသီရန်မခ ဖြစ်ခဲ့ရခြင်းပင် ---

"ဒါဟာ အရိပ်မဲ့ဓားပဲ"

မုယုံဟုက ဝမ်းသာအားရစွာဖြင့် ချီးကျူးလိုက်သည်။

တန့်ဥမှာမူ ထိတ်လန့်လွန်း၍ ဇောချွေးများပင် ထွက်လာလေသည်။ ကြယ်တံခွန်အဘိုးအိုက ပို၍ဒေါသထွက်လာသည်။

"ဟေ့ - ကျုပ်ကိုစော်ကားရင် ဘယ်လိုသေရမလဲဆိုတာ မင်းသိသလား"

တန့်ဥက လက်ယမ်းပြရင်း -

"အို - အဘကလဲ၊ ပြောရှောမယ် လူတစ်ယောက်ဟာ ဘယ်လိုသေရမယ်ဆိုတာ ပြောရခက်တယ်ဗျ"

ကြယ်တံခွန်အဘိုးအိုသည် တန့်ဥအား မျက်မှောင်ကုပ်၍ စိုက်ကြည့်နေလေသည်။ သူသည် တွေးရခက်နေ၏။

ဤသူငယ် အသုံးပြုလိုက်သော သိုင်းပညာမှာ တာလွိပြည်မှ 'တန့်'အမျိုးအနွယ်၏ 'အရိပ်မဲ့ဓား' ပညာပင်ဖြစ်လေသည်။



ဤအတိုင်းမှန်ခဲ့လျှင် -

ဤသူငယ်သည် 'တန့်' အမျိုးအနွယ်ထဲက ဖြစ်ရမည်။

သို့သော် -

ဤသူငယ်၏ ဟန်မူရာမှာ စာပေရှူးတစ်ယောက်နှင့် တူလှပေသည်။

မည်သို့ဆိုစေ -

ဤသူငယ်အား မိမိက စည်းရုံးထားနိုင်ခဲ့လျှင် မိမိအတွက် အကျိုးရှိလိမ့်မည်ဟု တွေးမိလိုက်လေသည်။

ယင်းသို့တွေးမိလိုက်သည်နှင့် -

သူသည် တန့်ဥအား စိုက်ကြည့်လိုက်လေသည်။

"ဟေ့ - သူငယ်၊ မင်းငါ့ကို မကြောက်ဘူးလား"

တန့်ဥက မချိသွားဖြဲ ရယ်လိုက်သည်။

"ယောက်ျားဆိုတာ မကြောက်ရဘူးလို့ စာပေထဲမှာပါတယ်ဗျ"

ကြယ်တံခွန်အဘိုးအိုက ကောက်ကျစ်စဉ်းလဲစွာဖြင့် ပြုံးလိုက်လေသည်။

သူသည် လျှပ်တစ်ပြက် တန့်ဥ၏ပခုံးအား ဖမ်းဆုပ်ရန် လက်ကိုဆန့်လိုက်သည်။

တန့်ဥက ထိတ်လန့်သွားပြီး နောက်သို့ဆုတ်လိုက်၏။

ကပျာကယာ လက်ညှိုးဖြင့်ညွှန်လိုက်ပြန်သည်။

ကြယ်တံခွန်အဘိုးအိုသည် တစ်ကြိမ်ထိထားသည့်အတွက် တန့်ဥလက်ညှိုးဖြင့်ညွှန်လာသည်ကို တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်သွားပြီးလျှင် -

ကပျာကယာ နောက်သို့ဆုတ်သွားလေ၏။

သို့သော် -

တန့်ဥ၏လက်ညှိုးတွင် မည်သည့်လျှပ်စစ်စီးကြောင်းမှ ထွက်ပေါ်၍မလာပါ။

တန့်ဥမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

လက်ညှိုးဖြင့်ထပ်မံညွှန်ပြန်လေ၏။

သို့သော် -

လေးငါးခြောက်ချက် ညွှန်လိုက်သော်လည်း -

မည်သို့မှ ထူးခြားခြင်းမရှိပါချေ။

ကြယ်တံခွန်အဘိုးအိုသည် တန့်ဥ၏ပုံဟန်ကို တွေ့လိုက်ရသဖြင့် စိတ်ထဲ၌ သက်ာမကင်းဖြစ်လာလေ၏။

"ဟေ့ - မင်းဘယ်လိုဖြစ်နေတာလဲ"

တန့်ဥသည် ထိတ်ထိတ်ပျာပျာဖြစ်သွားလေ၏။

"ဒုက္ခပဲ ကျုပ်မြန်မြန်ပြေးမှဖြစ်မယ်"

ယင်းသို့ပြောပြီးသည်နှင့် -

ချာခနဲလှည့်ကာ ရှေ့သို့ပြေးလွှားသွားလေတော့၏။

မှယ်ဟုသည် တန့်ဥ၏အရိပ်မဲ့ဓားကို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။

သူသည် တာလီပြည် 'တန့်' အမျိုးအနွယ်၏ 'အရိပ်မဲ့ဓား' ဟူသော သိုင်းပညာရပ်တစ်မျိုးရှိနေသည်ကို ရှေးမဆွကပင် ကြားခဲ့ပြီဖြစ်သည်။

သို့သော် -

တစ်ကြိမ်တစ်ခါမှ မတွေ့မမြင်ခဲ့ဘူးပေ။



ပထမအကြိမ်တုန်းက -

တန့်ဥသည် ယင်းပညာရပ်ဖြင့် သူ့လက်ထဲမှဓားရှည်ကိုပစ်ချဖူးသည်။

ထိုအချိန် ထိုအခါမှာ -

သူသည် သတိလစ်နေသောအချိန်ဖြစ်၍ မမြင်ခဲ့ရပေ။

ယခုမှပင် -

ပီပီပြင်ပြင် တွေ့မြင်လိုက်ရသဖြင့် -

ဝမ်းသာပီတိဖြစ်ရလေ၏။

သူ၏စိတ်ထဲတွင် တန့်ဥမှာ ထိုပညာရပ်ဖြင့် ကြယ်တံခွန်အဘိုးအိုအား ဆက်၍တိုက်ခိုက်လိမ့်မည်ဟု ယူဆထားသည်။

သို့သော် -

တန့်ဥမှာမူ လက်ညှိုးကိုသာ ဟိုဟိုဒီဒီညွှန်နေ၏။

မည်သည့်အစွမ်းမှမတွေ့ရဘဲ -

ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသောအခါ -

သူသည် အတွေးရခက်သွား၏။

ယခု -

တန့်ဥသည် ထွက်ပြေးနေပြီဖြစ်သည်။

ကြယ်တံခွန်အဘိုးအိုက နောက်မှလိုက်၍ တိုက်ခိုက်နေ သည်ကို တွေ့လိုက်ရသဖြင့် -

သူသည် တန့်ဥအတွက် စိုးရိမ်မကင်းဖြစ်လာလေသည်။

ထိုစဉ် -

ကြယ်တံခွန်အဘိုးအိုသည် သူ၏လက်ဝါးဖြင့် ပြေးလွှားနေ

သော တန့်ဥ၏နောက်ကျောသို့ ရိုက်ချရန် ဟန်ပြင်နေ၏။

သူသည် မနေနိုင်တော့ပါ -

လျှပ်တစ်ပြက် ပြေးဝင်သွားပြီးလျှင် -

ကြယ်တံခွန်အဘိုးအိုး၏ တိုက်ခိုက်မှုကို ခံပေးလိုက်လေ၏။

လက်ဝါးနှစ်ခုမှာ ပြင်းထန်စွာရိုက်မိလိုက်သဖြင့် -

"ဝုန်း -"

သူတို့နှစ်ယောက်စလုံးသည် နောက်သို့ ခြေတစ်လှမ်းစီ ယိမ်းယိုင်သွားကြလေသည်။

တန့်ဥသည် အသံကြားလိုက်ရသဖြင့် -

ပြေးလွှားနေရာမှ ခြေလှမ်းကိုရပ်တန့်ပြီး နောက်သို့လှည့်ကြည့်လိုက်၏။

မုယုံဟုနှင့် ကြယ်တံခွန်အဘိုးအိုတို့ ယှဉ်ပြိုင်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ရင်ထိတ်သွားသည်။

"ဒုက္ခပဲ - မုယုံဟုသာ ဒီအဘိုးကြီးလက်ချက်ကြောင့် သေသွားရင် ဝမ်းယို့ယန်က စိတ်ကောင်းမှာမဟုတ်ဘူး၊ ငါဝင်ကူမှဖြစ်မယ်"

သူသည် -

ယင်းသို့တွေးမိလိုက်သဖြင့် -

သူ၏လက်ခလယ်ကို ရုတ်တရက် ဆန့်ထုတ်လိုက်လေ၏။

"ဝှစ် -"

လျှပ်စစ်စီးကြောင်းတစ်ခုသည် ကြယ်တံခွန်အဘိုးအိုထံသို့ လွင့်စဉ်သွားလေ၏။



မုယုံဟုသည် ကြယ်တံခွန်အဘိုးအိုနှင့် အနီးကပ်တိုက်ခိုက်နေရာမှ အသံကြားလိုက်ရသည်နှင့် ခြေဖျားထောက်ကာ နောက်သို့ ရှောင်တိမ်းလိုက်လေ၏။

ကြယ်တံခွန်အဘိုးအိုကလည်း ထိတ်လန့်တုန်လှုပ်သွား၍ -

သူ၏အင်္ကျီလက်နှစ်ဖက်ဖြင့် ဝှေ့ယမ်းလိုက်ရာ -

သူ၏အင်္ကျီလက်ပေါ်၌ အပေါက်ကလေးတစ်ခု ဖြစ်နေသည်ကို ထိတ်လန့်စွာတွေ့လိုက်ရလေသည်။

တန့်ဥသည် သူ၏လက်ခလယ်မှ လျှပ်စစ်စီးကြောင်း ထွက်သွားသည်ကို တွေ့လိုက်ရသဖြင့် စိတ်အားတက်ကြွလာသည်။

ဒုတိယအကြိမ် -

ထပ်မံညွှန်လိုက်၏။

သို့သော် -

ဤတစ်ကြိမ် သူ၏လက်ခလယ်ထိပ်မှ မည်သည့်လျှပ်စစ်စီးကြောင်းမှ ထွက်ပေါ်လာခြင်းမရှိပေ။

မုယုံဟုသည် သူ၏လက်ကိုဆွဲလိုက်ပြီး -

"ဒီမှာ အစ်ကိုကြီးတန့်ဥ၊ မြန်မြန်သွားကြစို့"

သူသည် ယင်းသို့ပြောရင်း -

တန့်ဥအားဆွဲခေါ်၍ ပြေးလွှားသွားလေ၏။

ကြယ်တံခွန်အဘိုးအိုသည် ဒေါသချောင်းချောင်းထွက်လာကာ

"ယား -"

ဟု ဩသံပေးပြီးလျှင် -

တန့်ဥထံသို့ ခုန်အုပ်လိုက်လေ၏။

တန့်ဥ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဒုက္ခပဲ - သူလိုက်လာနေပြီ"

မုယုံဟုသည် တန့်ဥလက်ကိုဆွဲ၍ပြေးလျက် -

"မကြောက်ပါနဲ့ သူ့ကိုယှဉ်ပြိုင်မယ့်လူ ရောက်လာပါလိမ့်မယ်"

သူ၏စကားဆုံးသွားသည်နှင့် -

အေးစက်သောရယ်မောသံတစ်သံသည် အဝေးမှထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

❖ ❖ ❖

ရယ်မောသံဆုံးသွားသည်နှင့် -

လူတစ်ယောက်သည် တန့်ဥတို့ပြေးလွှားရာလမ်းမပေါ်၌ ရပ်လျက်နေသည်ကို တွေ့လိုက်ရ[illegible]သည်။

တန့်ဥသည် ထိုလူအားတွေ့[illegible]သည်နှင့် -

ထိတ်လန့်တုန်လှုပ်သွားလေ[illegible]။

မုယုံဟုသည် ထိုလူအား[illegible]နှစ်ဖက်ကိုဆုပ်၍ အလေးပြုလိုက်သည်။

"သီဟမင်းသားလေးပါလား၊ ကြယ်တံခွန်အဘိုးအိုကို ကျုပ်ပညာပြလိုက်ပါပြီ၊ အခုနေ ခင်ဗျားသွားပြီးရင်ဆိုင်ရင် အသာစီးရမှာဘဲ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် -

တန့်ဥအားဆွဲကာ ထိုနေရာမှ ထွက်ခွာသွားလေ၏။

❖ ❖ ❖



ကြယ်တံခွန်အဘိုးအိုသည် ကိုယ်ဖော့ပညာကိုအသုံးပြုကာ တန့်ဥနှင့်မုယုံဟုတို့နောက်သို့ ထက်ကြပ်မကွာလိုက်သွားနေ၏။

သီဟမင်းသားသည် လက်ထဲမှဝါးလုံးဖြင့် ဟန့်တားလိုက်သည်။

"တော့ - ကြယ်တံခွန် ခင်ဗျားဘယ်သွားမလို့လဲ"

ကြယ်တံခွန်အဘိုးအိုသည် သီဟမင်းသားက ဟန့်တားနေသည်ကို တွေ့လိုက်ရသဖြင့် စိတ်ထဲမှာ မကျေမနပ်ဖြစ်နေသော်လည်း သီဟမင်းသားနှင့် ထိပ်တိုက်မတွေ့လိုသဖြင့် ပြုံးပြလိုက်လေသည်။

"သီဟမင်းသား ခင်ဗျားက တစ်ယောက်ထဲဖြစ်နေပြီမဟုတ်လား၊ အဲဒီတော့ ကျုပ်တို့ကြယ်တံခွန်ဂိုဏ်းထဲကို ဝင်မယ်ဆိုရင် ကျုပ်လက်ခံဖို့ အသင့်ပါပဲ"

သီဟမင်းသားသည် စကားတစ်ခွန်းမှမပြောဘဲ -

လက်ထဲမှဝါးလုံးဖြင့် ကြယ်တံခွန်အဘိုးအို၏ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

ကြယ်တံခွန်အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က အကောင်းပြောနေတာ ခင်ဗျားလက်မခံဘူးဆိုရင် ခင်ဗျားအဖို့ နစ်နာသွားမယ်ဗျ"

ယင်းသို့ပြောရင်း -

သီဟမင်းသား၏ဝါးလုံးအား ဖမ်းဆုပ်ထားလိုက်လေ၏။

သီဟမင်းသားသည် ဝါးလုံးအား ပြန်လည်ဆွဲယူပြီး ဆက်၍ တိုက်ခိုက်မည်ပြုစဉ် -

ရုတ်တရက် -

သူ၏ဝါးလုံးပေါ်မှ အလွန်သေးငယ်သော အနီရောင်မျှဉ်းကြောင်းတစ်ခု အပေါ်သို့ တံဖြည်းဖြည်းရွေ့လျားလာနေသည်ကို

တွေ့လိုက်ရလေသည်။

ကြယ်တံခွန်အဘိုးအိုမှာ အဆိပ်ပါရဂူတစ်ယောက်ဖြစ်သည်ကို ရုတ်တရက် သတိရလာလေ၏။

ထို့ကြောင့် -

သူ၏ဝါးလုံးကို ဆက်၍မကိုင်ရဲတော့ဘဲ -

ကြယ်တံခွန်အဘိုးအိုထံသို့ ပစ်လွှင့်လိုက်လေသည်။

ကြယ်တံခွန်အဘိုးအိုက ပြုံး၍ဖမ်းထားလိုက်၏။

သို့သော် -

သီဟမင်းသားသည် ကျန်ဝါးလုံးတစ်ချောင်းဖြင့် လျှပ်တစ်ပြက် ရိုက်ချလာသည်ကို တွေ့လိုက်ရသဖြင့် ကပျာကယာ လက်ထဲမှ ဝါးလုံးဖြင့် ခံပေးလိုက်လေ၏။

"ဖျောက် -"

ကြယ်တံခွန်အဘိုးအို၏ လက်ထဲမှာကိုင်ထားသော ဝါးလုံးသည် ထက်ပိုင်းကျိုးသွားလေ၏။

မုယုံဟုနှင့်တန့်ဥတို့သည် အဝေးမှရပ်၍ကြည့်နေရာ -

တန့်ဥက သိုင်းပညာရပ်ကို နားမလည်သဖြင့် -

"ဒါနဲ့အစ်ကိုမုယုံ၊ သူတို့နှစ်ယောက် ဘယ်သူကနိုင်မလဲဟင်"

မုယုံဟုက ပြုံးလိုက်သည်။

"အင်း - သူတို့နှစ်ယောက်စလုံး ဘယ်သူကမှ အနိုင်ရမှာမဟုတ်ဘူးလို့ ကျုပ်ယူဆတယ်"

တန့်ဥသည် မုယုံဟုအား အလေးပြုလိုက်ပြီး -

"ဒါဖြင့် ကျုပ်သွားတော့မယ်ဗျာ"

မုယုံဟုက -



"ခင်ဗျားဘယ်သွားမလို့လဲ"

တန့်ဥက အနည်းငယ်စဉ်းစားလိုက်ပြီး -

သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခု ကျုပ် ဘယ်ကိုသွားရမှန်းတောင် တိတိကျကျ မပြောနိုင်သေးဘူးဗျာ"

မုယုံဟုက ပြုံးလိုက်သည်။

"ဒီလိုဆို ကျုပ်နဲ့အတူတူ သွားကြတာပေါ့ဗျာ"

တန့်ဥက မငြင်းသာသဖြင့် -

မုယုံဟုခေါ်ဆောင်ရာသို့ လိုက်သွားလေတော့သည်။

မုယုံဟုနှင့်တန့်ဥတို့သည် ခြေလှမ်းမှန်မှန်ဖြင့် ခရီးဆက်သွားရာ မကြာမီ သူတို့သည် သာယာသောလမ်းမတစ်ခုသို့ ရောက်ရှိလာလေသည်။

ထိုလမ်းမပေါ်တွင် -

လူနှစ်ယောက်သည် သူတို့ထံ ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေ၏။

မုယုံဟုက သေချာစွာကြည့်လိုက်သောအခါ -

ရှေ့ဆုံးမှပြေးလွှားလာသူမှာ ဖုန်းစုရဲဖြစ်ပြီး -

နောက်မှလာသူသည် ပါပုတုန်းဖြစ်နေ၏။

ပါပုတုန်းနှင့် ဖုန်းစုရဲတို့သည် မုယုံဟုထံသို့ ရောက်ရှိလာသောအခါ ခြေလှမ်းကိုရပ်တန့်လိုက်ပြီး -

ရိုသေစွာရပ်နေလိုက်ကြသည်။

မုယုံဟုက မျက်မှောင်ကုပ်သွားသည်။

"မင်းတို့ ဘာတွေဖြစ်နေကြတာလဲ"

ဖုန်းစုရဲက လက်သီးလက်မောင်းတန်းရင်း -

"ဒီလိုပါ သခင်လေး၊ ခုနကလမ်းမှာ သံခေါင်းစွပ်ထားတဲ့ လူတစ်ယောက်က မိန်းကလေးတစ်ယောက်ကို မွေ့ချီပြီး ပြေးသွားတာတွေ့လို့ ကျွန်တော်တို့လိုက်နေတာပါ"

မုယုံဟုက မျက်မှောင်ကုပ်သွားသည်။

"သူတို့ဘယ်ဘက်ကို ပြေးသွားကြတာလဲ"

"သူတို့ဒီဘက်ကိုပြေးလာတာ တွေ့ရပါတယ်၊ သခင်လေး"

မုယုံဟုသည် ဘေးဘီသို့ တစ်ချက်ကြည့်လိုက်သည်။

"ကျုပ်ဘာမှ မတွေ့ရပါလား"

ဖုန်းစုရဲက ခေါင်းငုံ့သွားသည်။

"ဟုတ်ကဲ့ သူတို့က သိပ်အပြေးသန်တာဗျ၊ ဒါကြောင့် ကျွန်တော်တို့ မျက်ခြည်ပြတ်သွားတာ"

တန့်ဥသည် ဖုန်းစုရဲနှင့် ပါပုတုန်းတို့အား တွေ့မြင်လိုက်ရသည်နှင့် ဝမ်းယို့ယန်လည်း ရောက်ရှိလာလိမ့်မည်ဟု တွေးမိလေသည်။

သူသည် စိတ်မကောင်းဖြစ်သွားသည်။

"အင်း. . . ဝမ်းယို့ယန်က သူ့အစ်ကိုဝမ်းကဲ့ မုယုံဟုနဲ့တွေ့မှာ တော့ ငါဒီမှာဆက်နေလို့ မသင့်ဘူးထင်တယ်"

သူသည်၊ ယင်းသို့တွေးမိသည်နှင့် -

မုယုံဟုအား ပြုံးပြလိုက်ပြီး -

"ကဲ - အစ်ကိုမုယုံ၊ ကျုပ်ကိုသွားခွင့်ပြုပါဦး"

မုယုံဟုက အံ့အားသင့်သွားသည်။



"ဟောဗျာ - ခင်ဗျားက ဘယ်ကိုသွားမလို့လဲ"

တန့်ဥသည် မည်သို့မှုပြန်မပြောဘဲ ခေါင်းငုံ့ကာ ဆက်၍ လျှောက်သွားလေသည်။

မုယုံဟုက လှမ်းခေါ်လိုက်သည်။

"ဒီမှာ အစ်ကိုတန့်ဥ၊ ခင်ဗျား ဘယ်သွားမလို့လဲ"

တန့်ဥသည် ဝမ်းယို့ယန်၏အကြောင်းများကို စဉ်းစားနေသဖြင့်၊ မုယုံဟု၏ခေါ်သံကို လုံးဝမကြားပါချေ။

မုယုံဟုက ခေါင်းတစ်ချက်ခါယမ်းပြီး၊ သက်ပြင်းတစ်ချက် မှုလိုက်လေသည်။

ဖုန်းစုရဲက မခံမရပ်နိုင် ဖြစ်သွားသည်။

"သခင်လေး၊ ဒီလူက တော်တော်ရိုင်းတာပဲ၊ ကျွန်တော်သွားပြီး ဖမ်းခေါ်ခဲ့ရမလား"

"မလုပ်နဲ့"

မုယုံဟုက လက်ကာပြလိုက်သည်။

"သူက တာလီပြည် ဘုရင်မင်းမြတ်ရဲ့ အမျိုးအနွယ်ဖြစ်ရမယ်၊ မင်းသူ့ကိုတွေ့ရင် ငါ့ကိုရိုသေသလို ရိုသေရမယ်ကွ သိလား"

ဖုန်းစုရဲနှင့် ပါပုတုန်းတို့သည် အပြန်အလှန် တစ်ချက်ကြည့်လိုက်ပြီး၊ ပါးစပ်ပိတ်ထားလိုက်ကြသည်။

မုယုံဟုက စကားဆက်လိုက်သည်။

"မင်းတို့ခုနကပြောတဲ့ သံမဏိခေါင်းစွပ်ထားတဲ့ လူနဲ့ သူ မွေ့ခေါ်သွားတဲ့ မိန်းကလေးဟာ ကြယ်တံခွန်အဘိုးအိုရဲ့ တပည့်တွေပဲ၊ တို့နဲ့ဘာမှမဆိုင်တဲ့အတွက် မင်းတို့ဘာမှ ဝင်မစွက်ပါနဲ့ကွာ"

"ဟုတ်ကဲ့ သခင်လေး"

ဖုန်းစုရဲနှင့် ပါပုတုန်းတို့က ပြိုင်တူကတိပေးလိုက်သည်။

ဖုန်းစုရဲသည် ပါပုတုန်းအား မျက်ရိပ်တစ်ချက်ပြလိုက်ပြီး။

"သခင်လေး၊ ဝမ်းယို့ယန် နောက်မှာကျန်ရစ်ခဲ့တယ်၊ သူနဲ့ သွားတွေ့ရဦးမယ် မဟုတ်လား"

မုယုံဟုက ပြုံးလိုက်သည်။

"ဒီမှာဖုန်းစုရဲ၊ မင်းက သံမဏိခေါင်းစွပ်ထားတဲ့ လူနောက်ကို ဆက်လိုက်ချင်သေးတယ်မဟုတ်လား၊ ပြောစမ်း"

ဖုန်းစုရဲ၏ မျက်နှာတစ်ခုလုံးသည် နီရဲသွားသည်။

ပါပုတုန်းက အသံကျယ်လောင်စွာဖြင့်

"ဒီမှာဖုန်းစုရဲ၊ မင်းကသခင်လေးကို လိမ်လို့ရမှာမှ မဟုတ်ဘဲ၊ ပွင့်ပွင့်လင်းလင်းပြောလိုက်ပါကွာ"

ဖုန်းစုရဲက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် သခင်လေး"

မုယုံဟုက ပြုံးလိုက်သည်။

"ကျွန်တော်တို့က၊ သူ့ရဲ့အဆိပ်လက်ဝါးကို တစ်ချက်မိသွားလို့ ရက်ပေါင်းအတော်ကြာကြာ ဒုက္ခဝေဒနာခံစားခဲ့ရတဲ့အတွက်၊ စိတ်ထဲမှာ မကျေမနပ်ဖြစ်နေလို့ပါ"

"ထားပါတော့လေ၊ မင်းကသူကိုတွေ့ရင် ဘာလုပ်မလို့လဲ"

"ဘာမှ မလုပ်ပါဘူးဗျာ၊ သူဟာ ဘယ်သူလဲဆိုတာ သံခေါင်းစွပ်ကိုဖြုတ်ပြီး ကြည့်ချင်လို့ပါ"

မုယုံဟုသည် ကောင်းကင်ပေါ်သို့ ခေါင်းမော့ကြည့်လိုက်ပြီး၊ အတန်ကြာ စဉ်းစားနေ၏။

"အင်း ဒီသံမဏိခေါင်းစွပ်ထားတဲ့လူရဲ့ သိုင်းပညာရပ်ဟာ



အတော်ကိုထူးဆန်းတယ်ကွ၊ သူနဲ့တွေ့ရင် မင်းတို့တောင် သတိထားရမယ်ကွ"

ဖုန်းစုရဲက ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ပါ။ သခင်လေး"

သူသည် ပြောပြီးသည်နှင့်-

ကိုယ်ခန္ဓာကို တစ်ချက်ညွှတ်လိုက်ပြီး ရှေ့သို့ပြေးလွှားသွားတော့သည်။

ပါပုတုန်းသည် နောက်မှထက်ကြပ်မကွာ လိုက်သွားလေတော့သည်။

❖ ❖ ❖

ဖုန်းစုရဲနှင့် ပါပုတုန်းတို့သည် ရှေ့သို့မရပ်မနား ပြေးလွှားနေကြသည်။

သူတို့သည် သုံးလေးမိုင်ခန့် ပြေးလွှားသော်လည်း

သံမဏိခေါင်းစွပ်နှင့်လူအား လုံးဝမတွေ့ရသေးပါချေ။

သူတို့သည် စိတ်ပျက်ခြင်းမရှိဘဲ ဆက်လက် ပြေးလွှားသွားနေ၏။

အမှန်မှာ ယုသန်းကြီးမှာမူ သူတို့ထက် (၁၀)မိုင်ခန့်ကွာသို့ ရောက်ရှိနေပြီဖြစ်သည်။

သူသည် ကြယ်တံခွန်အဘိုးအိုတို့နှင့် အလွန်ဝေးကွာသွားပြီဟု စိတ်ချရတော့မှ ရပ်နားလိုက်လေသည်။

အာကျိသည် မောဟိုက်စွာဖြင့် မြေပေါ်သို့ထိုင်ချပြီး လက်ဝါး

နှစ်ဖက်ဖြင့် မျက်နှာကိုအုပ်ကာ၊ ငိုကြွေးနေလေသည်။

"ညီမလေး၊ မငိုပါနဲ့ကွာ"

သူသည် နှစ်သိမ့်လိုက်ရလေသည်။

အာကျိုက ထိုင်ရာမှရုတ်တရက်ထလိုက်ပြီး-

ယုသန်းကြီး၏ရင်ဝသို့ လက်သီးဖြင့်ထိုးလိုက်လေသည်။

ယုသန်းကြီးမှာ မမျှော်လင့်ဘဲ အထိုးခံလိုက်ရသဖြင့် နောက်သို့ ယိမ်းယိုင်သွားလေသည်။

"ရှင်ကဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်မကို ကယ်တင်လာရတာလဲ"

ယုသန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ညီမလေး ဒုက္ခရောက်မှာစိုးလို့ ကျုပ်က ကယ်တင်လိုက်တာပါ"

အာကျိုကနှုတ်ခမ်းမဲ့လိုက်သည်။

"ရှင်နဲ့ ဘာဆိုင်လို့လဲ"

ယုသန်းကြီးသည် ပါးစပ်ပိတ်ထားလိုက်ရလေသည်။

❖ ❖ ❖

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်၍နေသည်။

အာကျို၏ငိုသံသည် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းနေ၏။

ယုသန်းကြီးသည် အာကျိုငိုကြွေးနေသည်ကို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။



"ညီမလေး၊ မင်းဒုက္ခရောက်မှာစိုးလို့ ကျုပ်ကအခုလို ကယ်ခဲ့တာပါ၊ ညီမလေး မကြိုက်မှန်းသိရင် ကျုပ်အခုလို လုပ်မိမှာ မဟုတ်ဘူး"

အာကျိုက တရှုံ့ရှုံ့ငိုကြွေးရင်း-

"ရှင်စဉ်းစားကြည့်လေ ကျွန်မမျက်လုံးကန်းသွားတာ ဝမ်းသာနိုင်ပါ့မလား"

ယုသန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ညီမလေးရဲ့မျက်လုံး ကောင်းသွားမယ်ဆိုရင် ကျုပ်မျက်လုံးကန်းသွားပါစေ ကျုပ်ကျေနပ်မှာဘဲ"

အာကျိုသည် ငိုကြွေးနေရာမှ ရပ်တန့်သွားသည်။

"ရှင်ကဘယ်သူလဲ"

ယုသန်းကြီးသည် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

မည်သို့ပြောရမှန်းမသိဘဲ ငေးငိုင်နေ၏။

အာကျိုသည် အနည်းငယ်စဉ်းစားလိုက်ပြီး-

"ရှင်က မုယုံဟု ဟုတ်လား"

ယုသန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ကျုပ်မုယုံဟု မဟုတ်ပါဘူး"

အာကျိုက ခေါင်းငုံ့၍ အတန်ကြာစဉ်းစားလိုက်ပြီး-

"ရှင်အသံကြားရတာ အသက်ငယ်ငယ်ပဲရှိဦးမယ်၊ ရှင်က မုယုံဟုရဲ့ မိတ်ဆွေလား"

ယုသန်းကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်. . . ဟုတ်ကဲ့"

အာကျို၏မျက်နှာတွင် ဝမ်းသာသည့် အရိပ်အရောင်များ

ပေါ်လွင်လာသည်။

"ဒါဖြင့် ရှင်ကမှုယုံဟုလို ချောမှာပဲနော်"

သူမသည် ဤသို့လွှတ်ခနဲပြောလိုက်ပြီး ခေါင်းငုံ့ထားလိုက်လေသည်။

သူမ၏ ဖြူဖွေးသောမျက်နှာတစ်ခုလုံးမှာလည်း အနီရောင်သန်းလာလေသည်။

အာကျိုမှာ မျက်လုံးကန်းသွားသော်လည်း မျက်လုံးမှိတ်ထားသဖြင့် အလှမပျက်ပါ။

ယုသန်းကြီးမှာမူ အာကျို၏မျက်နှာကိုကြည့်၍ ငေးငိုင်နေလေသည်။

အတန်ကြာမှ အာကျိုက ---

"ရှင်ဘာလုပ်နေတာလဲဟင်"

"ညီမလေးကိုကြည့်နေတယ်လေ"

"ကျွန်မကိုကြည့်တယ် ဟုတ်လား၊ ကျွန်မကို ဘာဖြစ်လို့ကြည့်နေတာလဲ"

"ညီမလေးကသိပ်လှတာဘဲ၊ ကျုပ်ကညီမလေးကို ကြည့်နေရရင် စိတ်ထဲမှာ အလိုလိုပျော်နေတာဘဲ"

အာကျို၏မျက်နှာပေါ်တွင် အနီရောင်များ ပို၍သန်းနေသည်။

"ကျွန်မလှတယ်လို့ ရှင်ပြောတယ်ဟုတ်လား"

ယုသန်းကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်တစ်သက်တာမှာ ညီမလေးထက်လှတဲ့မိန်းကလေးမတွေ့ဖူးခဲ့ပါဘူး"

အာကျိုသည် ထိုစကားကြားလိုက်ရသောအခါ ရင်ထဲ၌လှုပ်ခါသွားလေသည်။

သူမသည် ဝမ်းသာလွန်း၍ စကားပင်မပြောနိုင်တော့ပါ။



အတန်ကြာသွားတော့မှ-

"ကျွန်မထက်လှတဲ့မိန်းကလေးတွေကို ရှင်မတွေ့ခဲ့ဘူးဆိုတာ တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပါ"

"ရှင်က ကျွန်မကိုဝမ်းသာအောင် ပြောနေတာလားဟင်"

"မဟုတ်ပါဘူးဗျာ၊ ကျုပ်ကလိမ်ပြောရင်၊ အသေဆိုးနဲ့ သေရပါစေလို့ ကျိန်ပြရဲပါတယ်"

အာကျိုသည် ငေးငိုင်သွားပြန်လေသည်။

အတန်ကြာမှ-

"ရှင်ကျွန်မကို လိမ်နေတာပါ၊ အခုကျွန်မ မျက်လုံးကန်းနေတာပဲ၊ ဘယ်လိုလုပ်လှမှာလဲဟင်"

"အို ဘာမှမဆိုင်ပါဘူး၊ လှတဲ့မိန်းကလေးက လှနေမှာပါ"

အာကျိုသည် ဝမ်းသာသွားလေသည်။

သူမ၏ရင်ထဲ၌နွေးထွေးသောခံစားချက်များကို ခံစားလိုက်ရလေသည်။

ယုသန်းကြီးက စကားဆက်လိုက်သည်။

"ဒါနဲ့ ညီမလေးကိုလှပါတယ်လို့ပြောတဲ့ လူများရှိသေးသလားဟင်"

အာကျိုက အနည်းငယ်စဉ်းစားလိုက်ပြီး-

"အင်း ရှင်မေးမှပဲ၊ ကျွန်မသတိရတော့တယ်၊ လူတစ်ယောက်ကတော့ ကျွန်မကိုလှတယ်လို့ ပြောဖူးတယ်"

"ဘယ်သူများပါလိမ့်"

အာကျိုသည် တခစ်ခစ်ရယ်မောလိုက်သည်။

"ဒီလူကိုရှင်တွေ့ရင်တော့ ရှင်ရယ်ချင်မှာဘဲ"

"ဘာဖြစ်လို့လဲ"

"ဒီလူဟာ အတော်အတဲ့ လူငယ်တစ်ယောက်ပါ၊ သူ့ခေါင်းမှာလည်း ကျွန်မက သံခေါင်းစွပ် စွပ်ပေးထားတယ်လေ"

ထိုစကားကြားလိုက်ရသောအခါ-

ယုသန်းကြီး၏ရင်ထဲ၌ အကြီးအကျယ်လှုပ်ရှားသွားလေသည်။

"ညီမလေးကော သူ့အပေါ် ဘယ်လိုသဘောထားသလဲဟင်"

အာကျိုက ရယ်မောရင်း-

"ဘယ်လိုသဘောထားရမှာလဲ၊ ကျွန်မပျင်းတဲ့အခါမှာ သူ့ကိုခေါ်ပြီး နှိပ်စက်တယ်လေ၊ ရှင်းရှင်းပြောရရင် ကျွန်မသူ့ကို ကျေးကျွန်သဘောလောက်ပဲ ထားတာပါ"

ယုသန်းကြီးသည် အာကျို၏စကားကို ကြားလိုက်ရသောအခါ ကြက်သေ သေသွားလေသည်။

ပထမတွင် -

သူသည် မိမိမှာသံခေါင်းစွပ်ထားသောလူဟု ဖွင့်ပြောရန် စိတ်ကူးမိသည်။

ယခုအာကျို၏စကားအရ မိမိသည် သံခေါင်းစွပ်သောလူပင် ဖြစ်ကြောင်း ပြောပြလိုက်လျှင်၊ မိမိအပေါ် အထင်သေးပြီး စွန့်ခွာသွားမည်ကို စိုးရိမ်သွားလေသည်။

ယင်းသို့တွေးရင်း သူသည် စိတ်ပျက်စွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ရှင်ဘာဖြစ်လို့ သက်ပြင်းချနေရတာလဲ"

"ဪ ဒီလိုပါ၊ သံခေါင်းစွပ်တဲ့လူငယ်ဟာ တော်တော် သနားဖို့ကောင်းတာကို တွေးမိလို့ပါ။



"အို - ကျွန်မတော်မှ မသနားဘဲ၊ ရှင်ကဘာဆိုင်လို့ သနားနေရတာလဲ"

အာကျိုသည် ယုသန်းကြီး၏လက်မောင်းကို ဆွဲထားလိုက်သည်။

"ကဲ - အခု ကျွန်မတို့ ဘယ်ကိုဆက်သွားမလဲဟင်"

သူမသည် ပြောရင်း -

သူမ၏လက်ဖြင့်, ယုသန်းကြီး၏မျက်နှာအား စမ်းလိုက်၏။

ယုသန်းကြီးသည် ထိတ်လန့်သွားကာ ကမျာကယာ နောက်သို့ ဆုတ်လိုက်လေသည်။

အာကျို မျက်မှောင်ကုပ်သွားကာ ---

"ကျွန်မလက် ဘာနဲ့ထိသွားတာလဲဟင်"

ယုသန်းကြီးက

"ဪ - ကျုပ်ရင်ဝမှာ ချိတ်ထားတဲ့ သံပြားတစ်ခုနဲ့ပါ"

အာကျိုက ခေါင်းညိတ်လိုက်သည်။

"ဪ - ဟုတ်လား၊ ဘာဖြစ်လို့ သံပြားဆွဲထားရတာလဲ"

"ဒီသံပြားက ဓားပြီးတယ်လို့ ကျုပ်ဆရာက ပြောလို့ပါ"

အာကျိုက ရယ်မောလိုက်သည်။

"ဒါနဲ့ ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

"ဝမ်စင်းထင်ပါ"

ယုသန်းကြီးသည် စိတ်ထဲတွေ့ရာ နာမည်တစ်ခုကို ပြောလိုက်ခြင်း ဖြစ်သည်။

"ဝမ်စင်းထင် ဟုတ်လား၊ ရှင့်ရဲ့သိုင်းပညာဟာ ဘယ်ဂိုဏ်းကဆင်းသက်လာတာလဲရှင့်"

ယုသန်းကြီးက လီမ်လက်စနှင့်ဆက်၍ လိမ်ပြောနေသည်။

"ကျုပ်ရဲ့သိုင်းပညာကတော့ အတော်ထူးခြားပါတယ်၊ အမှန်ပြောရရင် ရှောင်လင်ကျောင်းရဲ့ ကျောင်းထိုင်ဆရာတော်ကိုယ်တိုင် တီထွင်ထားတဲ့ သိုင်းပညာရပ်တစ်မျိုးပါပဲလေ"

"ဟုတ်လား၊ ရှင်တို့ဂိုဏ်းကိုကော ဘယ်လိုခေါ်သလဲ"

ယုသန်းကြီးသည် အနည်းငယ်စဉ်းစားလိုက်ပြီး-

"ကျုပ်တို့ ဂိုဏ်းကိုတော့ 'စိတ်ချမ်းသာဂိုဏ်း' လို့ခေါ်တယ်၊ ကျုပ်ကဂိုဏ်းချုပ်ပဲ"

အမှန်မှာ -

သူသည် အာကျိနှင့် အတူနေရသဖြင့် စိတ်ချမ်းသာရာ ရနေသောကြောင့် 'စိတ်ချမ်းသာ' ဂိုဏ်းကဟု လိမ်ပြောလိုက်ခြင်းဖြစ်သည်။

အာကျိသည် ဝမ်းသာသွားသည်။

"ရှင်က အသက်ငယ်ငယ်နဲ့ ဂိုဏ်းချုပ်တောင် ဖြစ်နေမှကိုး"

"ဟုတ်ပါတယ်"

"ဒါကြောင့်လဲ ရှင်က ကျွန်မကို ကြယ်တံခွန်အဘိုးအို လက်ထဲက ကယ်တင်နိုင်ခဲ့တာပဲ"

"ဟုတ်တာပေါ့၊ ကြယ်တံခွန်အဘိုးအိုကို တစ်ခြားလူတွေက ကြောက်ပေမယ့် ကျုပ်ကတော့ ဂရုမစိုက်ပါဘူးဗျာ"

အာကျိသည် ယုသန်းကြီးထံသို့ တိုးသွားလိုက်ပြီး -

ယုသန်းကြီးအား ခေါင်းမော့၍ ကြည့်နေ၏။

သို့သော် -



သူမ၏မျက်လုံးအစုံမှာ မမြင်မတွေ့ရသဖြင့် လက်ကိုဆန့်တန်းလိုက်ပြီး ယုသန်းကြီး၏လက်မောင်းကို အသာအယာ ဆုပ်ထားလိုက်လေသည်။

ယုသန်းကြီးသည် တစ်ကြိမ်တစ်ခါမှ အာကျိနှင့် ယင်းသို့ နီးနီးကပ်ကပ် မနေဘူးသဖြင့် ရင်ထဲ၌တုန်လှုပ်ကာ အသက်ပင် မရှူနိုင်ဘဲဖြစ်နေ၏။

အာကျိက တစ်ချက်ပြုံးလိုက်ပြီး -

"ရှင် ကျွန်မနာမည်ကို မမေးတော့ဘူးလား"

ယုသန်းကြီးက ငေးလျက်-

"ညီမနာမည် ဘယ်လိုခေါ်သလဲ"

"အာကျိလို့ခေါ်တယ်၊ 'တန့်' အမျိုးအနွယ်ပါ"

ယုသန်းကြီး၏နှုတ်ခမ်းများသည် တလှုပ်လှုပ်ဖြင့်

"အာကျို - အာကျို"

ဟု လိုက်လိုက်လှဲလှဲခေါ်လိုက်လေသည်။

သူသည် အာကျိအား သခင်မလေးဟုခေါ်ခဲ့သည်။

အာကျိကို နှုတ်မိမယ်တမျှသဘောထားသည်။

သူသည် အာကျိ၏ကျေးကျွန်ဖြစ်နေသည့်တိုင်အောင် စိတ်ကျေနပ်နေသည်။

ယခုမှာမူ -

သူသည် အာကျိဟုခေါ်လိုက်ရသဖြင့် ရင်ထဲ၌ဖော်မပြနိုင်အောင် ပီတိများဖြစ်နေ၏။

"ဩော် - အာကျို - အာကျို၊ ငါ - ငါ အာကျိလို့ခေါ်နိုင်"

သူသည် လွတ်ခနဲအသံထွက်သွားပြီးမှ ကပျာကယာ ရပ်တန့်လိုက်သည်။

အာကျီ၏မျက်နှာပေါ်တွင် ကျေနပ်ဝမ်းသာသည့်အရိပ်အရောင်များပေါ်လွင်နေ၏။

"ခေါ်နိုင်ပါတယ် အစ်ကိုရယ်"

သူမ၏အသံသည် တိုးတိုးကလေးဖြစ်သည်။

သူမသည် ရှက်စနိုးဖြင့်ခေါင်းငုံ့သွားလေသည်။

"အာကျီ - အာကျီ"

ယုသန်းကြီးက ထပ်မံခေါ်လိုက်သည်။

"ရှင်"

အာကျီ၏အသံသည် ကြည်လင်ပြီးချိုလွင်နေ၏။

အတန်ကြာမှ -

"အစ်ကို"

ဟု ခေါ်လိုက်သည်။

"ဘာလဲ ညီမ"

"ရှင် ကျွန်မနဲ့ အဖော်ပြုမလားဟင်"

"ဒါ - ဒါ -"

ယုသန်းကြီးသည် မိမိ၏သံမဏိခေါင်းစွပ်အား သတိရလာသဖြင့် နောက်သို့ဆုတ်ပြီး မည်သို့ပြန်ပြောရမှန်းမသိဘဲ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

အာကျီက မျက်မှောင်ကုပ်သွားသည်။

"ဘာလဲ၊ ရှင်က ကျွန်မနဲ့ အတူမနေချင်ဘူး ဟုတ်လား"

"မဟုတ်ရပါဘူး ညီမရယ်"

"ဒါဖြင့် ဘာဖြစ်လို့ အဖြေမပေးတာလဲ"

"ကျုပ် - ကျုပ် ကြောက်နေလို့ပါ"



"ရှင် ကြောက်တယ် ဟုတ်လား၊ ဘာကို ကြောက်နေတာလဲ"

"ညီမသဘောမကျမှာကို ကြောက်လို့ပါ"

အာကျီက ပြုံးလိုက်သည်။

"အို - အစ်ကိုကလည်း၊ အစ်ကိုကသာ ကျွန်မအနားမှာမရှိဘဲ ကျွန်မဆရာလိုက်လာရင် ဘယ်သူက ကျွန်မကို ကာကွယ်ပေးမှာလဲလို့ -"

ယုသန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အစ်ကိုကတော့ အသက်စွန့်ပြီး ညီမကို ကာကွယ်ပေးမှာပါ၊ ဒါပေမယ့် - "

"ဒါပေမယ့် ဘာဖြစ်သလဲအစ်ကို၊ ပြောပါ"

"ဒါပေမယ့် တစ်နေ့နေ့ ညီမက ကျုပ်ကိုမုန်းသွားမှာ စိုးရိမ်လို့ပါ"

အာကျီက ရယ်မောလိုက်သည်။

"အို - အစ်ကိုကလည်း၊ ဒါကျွန်မပြောရမယ့်စကားပါ"

ယုသန်းကြီးသည် မည်သို့ပြန်ပြောရမှန်းမသိပါ။

တစ်နေ့နေ့ မိမိမှာ အရုပ်ဆိုးအကျည်းတန် သံခေါင်းစွပ်ဖြစ်နေမှန်း အာကျီသိသွားပါက မိမိအား ယခုကဲ့သို့ ကြည်ဖြူမည်မဟုတ်သည်ကို နားလည်ထားသည်။

သူသည် ယင်းသို့တွေးနေစဉ် အာကျီက ခေါ်လိုက်သည်။

"အစ်ကို"

"ဗျာ - ဘာလဲ ညီမလေး"

"ဒီအနီးအနားမှာ ချောင်းရေများရှိသလားဟင်"

"ရှိပါတယ်၊ ဘာလုပ်မလို့လဲ"

"ဒါဖြင့် ကျွန်မကို ချောင်းစပ်လိုက်ပို့ပါ - ကျွန်မတစ်ကိုယ်လုံး ညစ်ပတ်ပေရေနေတယ်၊ ရေချိုးလိုက်မယ်"

"ဖြစ်ပါ့မလား ညီမရယ်"

"ဖြစ်ပါတယ်"

"ဒါဖြင့် အစ်ကိုလိုက်ပို့မယ်"

ယုသန်းကြီးသည် အာကျိ၏လက်ကိုဆွဲကာ တသွင်သွင်စီးဆင်းနေသော ချောင်းစပ်သို့ ခေါ်ဆောင်သွားလေသည်။

❖ ❖ ❖

ချောင်းကလေးသည် -

ကွေ့ကွေ့ကောက်ကောက်ဖြင့် အရှေ့မှအနောက်သို့ စီးဆင်းနေလေသည်။

ချောင်းရေများသည် တသွင်သွင်စီးဆင်းနေလေသည်။

အာကျိသည် ချောင်းရေထဲသို့ စမ်းတဝါးဝါးနှင့်ဆင်းလိုက်သည်။

ချောင်းရေသည် ဒူးခေါင်းအထိမျှသာနက်လေသည်။

"အစ်ကို -"

အာကျိက ခေါ်လိုက်သည်။

"ဗျာ - ညီမ"

"အစ်ကို ဝေးဝေးမှာသွားနေပါ။



"ဘာဖြစ်လို့လဲ"

"ကျွန်မ ရေချိုးမလို့၊ ခိုးမကြည့်ရဘူးနော်"

"ဟုတ် - ဟုတ်ကဲ့"

ယုသန်းကြီးသည် ယင်းသို့ပြောဆိုရင်း နောက်သို့လှည့်လိုက်ပြီး ထိုနေရာမှ လျှောက်သွားလေသည်။

❖ ❖ ❖

ယုသန်းကြီးသည်-

ခြေလှမ်းတစ်ရာခန့်မျှ လှမ်းလိုက်ပြီး ရပ်တန့်သွားလေသည်။

သူသည် အာကျိအား စိတ်မချ၍ ဝေးဝေးလံလံသို့ မသွားပါချေ။

သူသည် အတန်ကြာရပ်စောင့်နေရာမှ-

"အစ်ကို - ဘယ်မှာလဲဟင်"

အာကျိ၏အသံကို ကြားလိုက်ရတော့မှ ချာခနဲလှည့်ပြီး သူမထံသို့ ပြေးသွားလေသည်။

သူသည် အာကျိ၏အနီးသို့ ရောက်ရှိသွားသောအခါ-

ခြေလှမ်းမှာ တုံ့ခနဲရပ်သွားသည်။

အာကျိအား ငေး၍ကြည့်နေမိသည်။

ယခု-

အာကျိသည် ကိုယ်ပေါ်မှဝတ်ဆင်ထားသော ယောကျ်ားအဝတ်အစားများကို ချွတ်လိုက်ပြီးပြီဖြစ်သည်။

သူမသည် ခရမ်းရောင်ဂါဝန်ရှည်ကို ဝတ်ဆင်ထားသဖြင့် နတ်မိမယ်တမျှ ချောမောလှပနေသည်ကို တွေ့လိုက်ရလေသည်။

ယုသန်းကြီးသည် သူမ၏အလှကြောင့် အသက်ရှူပင် မှားနေသည်။

အတန်ကြာ ငေး၍ကြည့်နေပြီး စကားကိုပင် မပြောဆိုနိုင်ပါချေ။

"အစ်ကို -"

အာကျိုက တိုးတိုးလေး ခေါ်လိုက်သည်။

ယုသန်းကြီးမှာမူ မင်တက်မိနေ၍ အာကျို၏ခေါ်သံကိုပင် မကြားမိပါချေ။

"အစ်ကို -"

ဤတစ်ကြိမ် အာကျို၏အသံသည် အနည်းငယ် ကျယ်လောင်သွား၏။

ယုသန်းကြီးက ငေးလျက်ပင်-

အာကျိုသည် စိုးရိမ်ပူပန်သွားလေသည်။

"အစ်ကို ကျွန်မခေါ်နေတာမကြားဘူးလား"

ဤတစ်ကြိမ်၌-

ယုသန်းကြီးက ကြားလိုက်လေသည်။

"ကြား - ကြားပါတယ် ညီမ"

"ဒါဖြင့် ဘာဖြစ်လို့မထူးတာလဲ"

"အစ်ကို ငေးနေမိလို့ပါ"

"ငေးနေတာ - ဘာတွေငေးနေတာလဲ"



"ညီမကိုပေါ့ - ညီမက သိပ်လှနေတော့၊ အစ်ကိုကငေးပြီး ကြည့်နေမိတယ်လေ"

"ဟဲ - ဟဲ - ဟဲ"

အာကျိုသည် အသာအယာ ရယ်မောလိုက်သည်။

"အစ်ကိုက သိပ်မြှောက်နေတာကိုး"

"အဟုတ်ပြောတာပါ၊ ညီမရဲ့အလှဟာ ကြည့်လို့ကိုမဝနိုင်ဘူး"

အာကျိုသည် တခစ်ခစ် ရယ်မောလိုက်ပြီး -

သူမ၏လက်များကိုအပေါ်သို့ မြှောက်လိုက်ရာ -

"ခွမ်း"

ယုသန်းကြီး၏ မျက်နှာအား ထိမိသွားလေသည်။

ယုသန်းကြီး ထိတ်လန့်သွားပြီး နောက်သို့ ကမန်းကတန်း ဆုတ်သွားလိုက်သည်။

အာကျို၏ မျက်နှာပေါ်တွင် သံသယများဖြစ်ပေါ်၍ နေလေသည်။

"ရှင့်ခေါင်းပေါ်က ဘာတွေဆောင်းထားတာလဲဟင်"

ယုသန်းကြီးသည် ဇောချွေးများပင် ထွက်လာလေသည်။

"ဘာမှမဟုတ်ပါဘူး - ဦးထုပ်တစ်လုံး ဆောင်းထားလို့ပါ"

"ဘယ်လိုဦးထုပ်မျိုးပါလိမ့်"

"သာမန် - သာမန် ဦးထုပ်ပါ"

သူသည်ပြောဆိုရင်း နောက်သို့တဖြည်းဖြည်း ဆုတ်သွားလေသည်။

သူ၏ဦးနှောက်တစ်ခုလုံးမှာလည်း ထိုသံမဏိဦးခေါင်းစွပ်

အား တစ်နည်းနည်းဖြင့် ချွတ်ပစ်မှဖြစ်မည်ဟု တွေးတော၍ စဉ်းစားနေလေသည်။

သူ၏ လက်နှစ်ဖက်မှာလည်း သံမဏိခေါင်းစွပ်ကို ကိုင်ထားလေသည်။

"ဘာပဲဖြစ်ဖြစ် ဒီသံမဏိခေါင်းစွပ်ကို ချွတ်မပစ်ရင် - အာကျိနဲ့ အတူနေရမှာမဟုတ်ဘူး"

သူသည် ယင်းသို့တွေးရင်း နောက်သို့လှည့်ကာ ထွက်သွားလေသည်။

အာကျိသည် ခြေသံများ နောက်သို့ဆုတ်သွားသည်ကို ကြားလိုက်ရသဖြင့် -

"ဟင် - အစ်ကို၊ ဘယ်သွားမလို့လဲ"

ယုသန်းကြီးက ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားသည်။

"ဪ - အစ်ကို့မှာ အရေးကြီးတဲ့ကိစ္စတစ်ခုလုပ်ဖို့ သတိရလာတာနဲ့ ဒီနေရာက ခဏသွားမလို့ပါ"

"ဘာကိစ္စများလဲဟင် - တော်တော်အရေးကြီးနေလို့လား"

"ဟုတ်တယ် - သိပ်အရေးကြီးနေတယ်၊ ဒီကိစ္စမပြီးရင် အစ်ကိုက ညီမနဲ့အတူ အဖော်ပြုနိုင်မှာမဟုတ်ဘူး"

ယုသန်းကြီး၏ရင်ထဲ၌ လေးလံသွားလေသည်။

သူသည် ထိုသံမဏိခေါင်းစွပ်အား ချွတ်ပစ်ရန်မှာ မလွယ်ကူမှန်း သိထားလေသည်။

သံမဏိခေါင်းစွပ် အချွတ်မတော်လျှင် အသက်ကိုပင်သေစေတတ်သည်ဟုလည်း တွေးမိလေသည်။



ထို့ကြောင့် မည်သို့ ပြန်ပြောရမှန်းမသိဘဲဖြစ်နေ၏။

အာကျိက ပြုံးလိုက်သည်။

"အစ်ကို အဖြေပေးဖို့ ခက်နေတယ်မဟုတ်လား"

"မ - မဟုတ်ရပါဘူး"

"ဒါဖြင့် ဘာတွေစဉ်းစားနေလို့လဲ"

"ဒီလိုပါ - အစ်ကိုဟာ ဘယ်တော့ပြန်ရောက်မလဲဆိုတာ စဉ်းစားနေလို့ပါ"

အာကျိက ပြုံးလိုက်သည်။

"အစ်ကိုဟာ စိတ်ချမ်းသာဂိုဏ်းရဲ့ဂိုဏ်းချုပ်ပဲ - အလုပ်တွေများမှာပဲလေ၊ ကိစ္စမရှိပါဘူး - အစ်ကို ဘယ်လောက်ပဲ ကြာကြာ ကျွန်မစောင့်နေပါ့မယ်"

ယုသန်းကြီးသည် ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ဖြစ်လာသည်။

အာကျိ၏ ထွေးအိသော လက်ကလေးကို ဆုပ်ကိုင်ထားလိုက်သည်။

"ညီမ"

"ရှင် - အစ်ကို"

"အစ်ကို သွားမယ်နော်"

"သွားပါအစ်ကို၊ ကျွန်မအစ်ကိုပြန်လာတဲ့အထိ စောင့်နေပါ့မယ်"

"စိတ်ချပါ ညီမ၊ အစ်ကို ပြန်လာခဲ့ပါ့မယ်"

❖ ❖ ❖

ယုသန်းကြီးသည် -

ခြေလှမ်းသွက်သွက်ဖြင့် ပြေးလွှားနေသည်။

မကြာမီ -

သူသည် ခပ်လှမ်းလှမ်းမှ မြို့ကလေးတစ်မြို့ကို ရေးရေး မြင်တွေ့လိုက်ရလေသည်။

ထိုမြို့ကလေး၌ -

ပန်းပဲဖိုရှိကောင်း ရှိလိမ့်မည် ဖြစ်သည်။

ပန်းပဲဖိုတွင် သူ၏သံမဏိခေါင်းစွပ်အား ချွတ်ပစ်ရမည် ဖြစ်သည်။

သံမဏိခေါင်းစွပ်အား ချွတ်ပစ်လိုက်လျှင် -

သူသည် အာကျိုနှင့် အတူတူနေရမည်မဟုတ်ပါလော။

သူသည် ယင်းသို့တွေးနေစဉ် -

ရုတ်တရက် -

စူးရှသောရယ်မောသံတစ်ခု ကြားလိုက်ရသဖြင့် အသံလာရာသို့ လှမ်းကြည့်မိလေသည်။

သူသွားရာ လမ်းမပေါ်တွင် -

လူနှစ်ယောက်သည် ရှေ့ဆင့်နောက်ဆင့် လျှောက်လာနေကြသည်။

ရှေ့ဆုံးမှလျှောက်နေသူမှာ ကြယ်တံခွန်အဘိုးအိုဖြစ်ပြီး သူ့နောက်တွင် လူမိုက်ကြီးလေးယောက်အနက် အမှတ်(၂)ဖြစ်သော အောလျှံဖြစ်နေ၏။

သူသည် ထိတ်လန့်တုန်လှုပ်သွားသည်။



လမ်းဘေးချုံထဲသို့ ကပျာကယာ ဝင်ရောက်ပုန်းအောင်းလိုက်သည်။

"အစ်ကိုကြီးရယ် ကျွန်မကိုစောင့်ပါဦး"

အောလျှံ၏အသံသည် ဆွဲဆွဲငင်ငင် ဖြစ်နေ၏။

ကြယ်တံခွန်အဘိုးအိုက မျက်မှောင်ကုပ်သွားသည်။

"မင်း ဘာလာရှုပ်တာလဲ"

အောလျှံက ရယ်မောလိုက်သည်။

"ကျွန်မကို ဒီလိုမပြောပါနဲ့၊ ကျွန်မက -"

သူမသည် စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

အကြောင်းမှာ -

ခြေလှမ်းသွက်သွက်ဖြင့် လျှောက်နေသော ကြယ်တံခွန် အဘိုးအိုသည် ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားပြီး -

လမ်းဘေးရှိ ချုံထဲသို့ မျက်နှာထားလေးနက်စွာဖြင့် အကဲခတ်ကြည့်နေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

သူမသည် ကြယ်တံခွန်အဘိုးအို၏အကြောင်း ကောင်းစွာသိထားသည်။

အဆိပ်ပါရဂူတစ်ဦးဖြစ်သော ကြယ်တံခွန်အဘိုးအိုက ယခုကဲ့သို့ သတိကြီးစွာဖြစ်နေသည်မှာ ထိုချုံထဲ၌ -

အလွန်အဆိပ်ပြင်းသော အကောင်များရှိသောကြောင့် ဖြစ်ရမည်ဟု သူမသိထားသည်။

ထို့ကြောင့် -

သူမသည် ရှေ့မတိုးရဲဘဲ နောက်မှရပ်၍ အခြေအနေကို အကဲခတ်ကြည့်နေလေသည်။

ဟုတ်ပါ၏။

ကြယ်တံခွန်အဘိုးအိုသည် လမ်းနံဘေးရှိချုံထဲ၌ အလွန်အေးစိမ့်ပြီး အဆိပ်ပြင်းသော အငွေ့အသက်တစ်ခု ရှိနေသည်ကို ခံစားလိုက်ရသဖြင့် -

ယခုကဲ့သို့ ခြေလှမ်းရပ်တန့်ပြီး ချုံထဲသို့အကဲခတ်နေခြင်းဖြစ်သည်။

ယုသန်းကြီးမှာမူ မျက်လုံးစုံမှိတ်ကာ ချုံထဲ၌ဝပ်နေ၏။

အတန်ကြာမှ သူကမျက်လုံးဖွင့်၍ ကြည့်လိုက်သည်။

ကြယ်တံခွန်အဘိုးအိုကရပ်၍ စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် ကြောက်ရွံ့ကာ တစ်ကိုယ်လုံးတုန်လှုပ်သွားလေသည်။

ကြယ်တံခွန်အဘိုးအိုသည် အိတ်ထဲမှ အဝါရောင်ဆေးလုံး ၃ လုံးယူ၍ ချုံထဲသို့ပစ်သွင်းလိုက်သည်။

"ဖောက် -"

ဆေးလုံး တစ်လုံးသည် ယုသန်းကြီး၏ခေါင်းစွပ်အား ထိမှန်ကာ ပေါက်ကွဲသွားသည်။

အဝါရောင်မီးခိုးများသည် ချက်ချင်း ထွက်ပေါ်လာလေသည်။

ယုသန်းကြီးသည် ထိုဆေးလုံးမှာ အလွန်အဆိပ်ပြင်းသောဆေးလုံးများ ဖြစ်သည်ဟုခန့်မှန်း၍ရသည်။

သို့သော် -

သူသည် မည်သို့မှမခံစားရသဖြင့် စိတ်ချနေသည်။

ကျန်ရှိသော ဆေးလုံးနှစ်လုံးမှာလည်း ရှေ့ဆင့် နောက်ဆင့်ပေါက်ကွဲသွားရာ သူ၏ တစ်ကိုယ်လုံးအား အဝါရောင်မီးခိုးများလွှမ်းမိုးနေ၏။



ကြယ်တံခွန်အဘိုးအို၏ မျက်နှာသည် အနည်းငယ် ထိတ်လန့်တုံ့ညြသွားသည့်အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

အောင့်လျံက ရယ်မောလိုက်သည်။

"ဟား - ဟား - ဟား - ချုံထဲက ဘာကောင်မှန်း မသိဘူး၊ ရှင့် အဆိပ်ဆေးလုံးက မစွမ်းပါလား"

ကြယ်တံခွန်အဘိုးအိုသည် ဒေါသထွက်သွားသည်။

"ဘာလဲ ကျုပ်ဆေးလုံးက မစွမ်းဘူးလို့ မင်းထင်နေသလား"

အောင့်လျံသည် ထိတ်လန့်ကာ နောက်သို့ ဆုတ်သွားသည်။

"မဟုတ်ရပါဘူးရှင်၊ ချုံနွယ်ထဲမှာရှိတဲ့အကောင်က ဘာမှမဖြစ်လို့ ကျွန်မအံ့ညြပြီး ပြောမိတာပါ"

ကြယ်တံခွန်အဘိုးအိုသည် ရှေ့သို့မတိုးဘဲ နောက်သို့ထပ်မံဆုတ်သွားသည်။

သူသည် အကျီအိတ်ထဲမှ အမည်းရောင်အလုံးကလေးနှစ်လုံးကို ထုတ်လိုက်ပြန်သည်။

ထို့နောက် -

ချုံနွယ်ထဲသို့ ပစ်လွှင့်လိုက်ပြန်သည်။

❖ ❖ ❖

"ဝုန်း - ဝုန်း"

ပေါက်ကွဲသံများနှင့်အတူ မီးတောက်မီးလျှံများသည် ချုံနွယ်များကို တောက်လောင်လာစေလေသည်။

ယုသန်းကြီးသည် မီးလျှံများ သူ့ထံသို့တဖြည်းဖြည်း လောင်ကျွမ်းလာနေသည်ကို တွေ့လိုက်ရသဖြင့်-

ကြောက်ရွံ့ကာ တစ်ကိုယ်လုံးတုန်တုန်ယင်ယင် ဖြစ်လာလေသည်။

သူသည် မီးတောက်မီးလျှံများကိုရှောင်ရှားရန် နောက်သို့ဆုတ်လိုက်ရာ၊ သူ၏ခြေထောက်များ ပေါ်လွင်သွားလေသည်။

ကြယ်တံခွန်က ခြေထောက်များအား တွေ့လိုက်ရသဖြင့်-

"ဟော့ - ဘယ်သူလဲ မြန်မြန်ထွက်ခဲ့စမ်း"

ဟု အော်လိုက်လေသည်။

ယုသန်းကြီးက ပုန်း၍မရမှန်းသိလိုက်ရသဖြင့် ချုံနွယ်ထဲမှ မတ်တတ်ရပ်လိုက်ပြီး-

"ဆရာ - ကျွန်တော်ပါ"

ကြယ်တံခွန်အဘိုးအိုသည် ယုသန်းကြီးအား တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာအံ့ဩသွားသည်။

"မင်းကိုး - ပြောစမ်း အာကျိဘယ်မှာလဲ"

ယုသန်းကြီးက ခေါင်းငုံ့ထားပြီး အဖြေမပေးပါ။

ကြယ်တံခွန်အဘိုးအိုသည် လျှပ်တစ်ပြက် သူ့ထံသို့ခုန်ဝင်လာပြီး သူ၏လက်ကောက်ဝတ်အား ဖမ်းဆုပ်လိုက်သည်။

ယုသန်းကြီးက ထိတ်လန့်သွားပြီး အမှတ်မထင် ရုန်းကန်လိုက်ရာ သူ့ကိုယ်ခန္ဓာထဲမှ အအေးဓာတ်သည် ကြယ်တံခွန်အဘိုးအို၏ လက်ဝါးထဲသို့ တိုးဝင်သွားလေသည်။

ကြယ်တံခွန်အဘိုးအိုသည် ယုသန်းကြီး၏ လက်ကောက်ဝတ်



အား ဖမ်းဆုပ်ထားရာ-

ရုတ်တရက် -

အလွန်အေးစိမ့်သော အငွေ့တစ်ခုက လက်ဝါးထဲသို့ တိုးဝင်လာသည်ကို ခံစားလိုက်ရသဖြင့် ထိတ်လန့်သွားပြီး-

ယုသန်းကြီး၏ လက်ကောက်ဝတ်အား လွှတ်လိုက်ရလေသည်။

ယုသန်းကြီးမှာမူ ကြောက်ရွံ့၍ဒူးထောက်လိုက်ပြီး -

"ဆရာ ကျွန်တော့်ကိုချမ်းသာပေးပါ -"

ဟု တတွတ်တွတ်တောင်းပန်နေ၏။

ကြယ်တံခွန်အဘိုးအိုသည် အလွန်ကောက်ကျစ်ပြီး ဉာဏ်များသော လူတစ်ယောက်ဖြစ်သည်။ စိတ်ထဲ၌ ထိတ်လန့်နေသည် ဖြစ်သော်လည်း မျက်နှာထားဟန်မပျက်ပါ။

"အေး - မင်းကတောင်းပန်မှတော့ ငါက အသက်ချမ်းသာရာပေးရမှာပေါ့လေ -"

ယုသန်းကြီးက ဝမ်းသာသွားသည်။

"ကျေးဇူးတင်လိုက်တာ ဆရာရယ်"

ကြယ်တံခွန်အဘိုးအိုကလက်ကာ၍ ဟန့်တားလိုက်၏။

"နေဦး ကျုပ်ပြောစရာရှိသေးတယ်"

"ပြောပါဆရာ"

"မင်းမှန်မှန်ပြောစမ်း၊ အာကျိကို ဘယ်မှာထားခဲ့သလဲ"

အကယ်၍သာ-

ကြယ်တံခွန်အဘိုးအိုက တစ်ခြားကိစ္စများမေးလျှင် သူမှန်မှန်

ပြောပြမည်မှာ မလွဲချေ။

သို့သော် -

အာကျိအတွက် သူသည် အသက်အသေခံမည် မှုချပြောမည် မဟုတ်ပါ။

ထို့ကြောင့် -

သူသည် ခေါင်းငုံ့ထား၍ ဆိတ်ဆိတ်နေလိုက်လေသည်။

"ဟော့ ငါမေးတာ မကြားဘူးလား"

"ကြားပါတယ် ဆရာ"

"ဒါဖြင့်ပြောလေ"

"အာကျိ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်မသိဘူး ဆရာ"

"ဘယ့်နှယ် မင်းကခေါ်သွားပြီးမသိဘူး ဟုတ်လား"

ယုသန်းကြီးသည် ခေါင်းငုံ့ထားပြီး ပါးစပ်ပိတ်ထားလေသည်။

အော့လျံက မနေနိုင်တော့ပါ။

သူမသည် ပြုံးလိုက်ပြီး-

"အစ်ကိုကြီး ဘယ်တုန်းက သံခေါင်းစွပ်တဲ့တပည့်တစ်ယောက် ရထားတာလဲ"

သူမသည် ပြောရင်း လက်ချောင်းကလေးဖြင့် ယုသန်းကြီး၏ ခေါင်းစွပ်ပေါ်သို့ တောက်ကြည့်လိုက်သည်။

"ခွမ်း -"

ယုသန်းကြီး၏ ဦးခေါင်းတစ်ခုလုံးတွင် အုန်းခနဲ ဖြစ်သွားလေသည်။

အော့လျံသည်ပြုံးလျက်-



"ကဲ သံခေါင်းစွပ်ရယ်၊ မင်းဆရာမေးတာကို မှန်မှန်ဖြေလိုက်လေ"

"ကျွန် - ကျွန်တော်မသိဘူး"

အော့လျံက ပြုံးလိုက်သည်။

"မင်းကိုကောင်းကောင်းမေးနေတာ မပြောဘူးလား"

သူမသည်ပြောရင်း လက်ဝါးဖြင့် ယုသန်းကြီး၏ခေါင်းပေါ်သို့ ရိုက်ချလိုက်သည်။

"ဝုန်း -"

ယုသန်းကြီးသည် နောက်သို့တစ်လံခန့် လွင့်သွားလေသည်။

အော့လျံ၏လက်ဝါးတစ်ခုလုံးမှာလည်း အေးစိမ့်ပြီး တစ်ကိုယ်လုံးပင် ချမ်းတက်သွားလေသည်။

သူမသည် ထိတ်လန့်ကာ ယုသန်းကြီးအား မျက်လုံးပြူး၍ ကြည့်နေသည်။

ကြယ်တံခွန်အဘိုးအိုသည် ယုသန်းကြီးအား အတန်ကြာ စေ့စေ့ကြည့်လိုက်ပြီး-

"မင်းမတ်တတ်ထစမ်း"

ယုသန်းကြီးသည် တုန်တုန်ယင်ယင်ဖြင့် မတ်တတ်ရပ်လိုက်သည်။

"မင်းကိုဆရာက အာကျိနဲ့ပေးစားမယ်လို့ ပြောခဲ့တာ မင်းမှတ်မိသေးရဲ့လား"

"မှတ်မိပါတယ်ဆရာ"

"မင်းအာကျိကိုယူမယ်မဟုတ်လား"

"ဟုတ် - ဟုတ်ကဲ့"

"ဒါဖြင့် ဆရာ့ကို အာကျီဆီပို့ပေး၊ ငါလက်ထပ်ပေးလိုက်မယ် ဘယ့်နှယ်လဲ"

ယုသန်းကြီးသည် ပါးစပ်ပိတ်သွားလိုက်ပြန်၏။

အာကျီသည် မိမိအားမည်သည့်နည်းနှင့်မှ မယူနိုင်သည်ကို သူသိထားပြီးဖြစ်၍ ယခုကဲ့သို့ ဆိတ်ဆိတ်နေလိုက်ခြင်းဖြစ်၏။

"ဟေ့ ငါမေးနေတာ မကြားဘူးလား"

"ကြားပါတယ်ဆရာ"

"ဒါဖြင့် ဘာဖြစ်လို့ ပြန်မပြောတာလဲ"

"အာကျီဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်မသိလို့ပါ"

ကြယ်တံခွန်အဘိုးအိုသည် သူ့အား စိုက်ကြည့်လိုက်ပြန်သည်။

အတန်ကြာမှ -

"ကဲ - မင်းသွားနိုင်ပြီ"

ယုသန်းကြီး အံ့အားသင့်သွား၏။

"ကျွန်တော် - သွား - သွားနိုင်ပြီ ဟုတ်လားဆရာ"

"ဟုတ်တယ် မင်းက ငါ့ကိုမှန်မှန်မပြောလို့ အခုချိန်ကစပြီး မင်းကိုငါ့တပည့်တစ်ယောက်အနေနဲ့ အသိအမှတ် မပြုတော့ဘူး"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

❖ ❖ ❖



သံခေါင်းစွပ်ဘဝမှလွတ်ပြီ

ယုသန်းကြီးသည် -

ငေးပြီး ရပ်လျက်နေ၏။

သူ၏မျက်လုံးအစုံသည် ဘေးဘီသို့ ဝေ့ကြည့်လိုက်၏။

ကြယ်တံခွန်အဘိုးအိုနှင့် အော့လျံတို့၏ အရိပ်အရောင်ပင် မတွေ့ရတော့ပါ။

သူသည် ခေါင်းကိုခါယမ်း၍ ထပ်မံကြည့်လိုက်သည်။

ဟုတ်ပါ၏။

ကြယ်တံခွန်အဘိုးအိုနှင့်အော့လျံတို့ မရှိတော့ပါ။

အံ့ဩခြင်း၊ ဝမ်းသာခြင်း စသည့်ခံစားချက်များ တစ်ပြိုင်တည်း ခံစားလိုက်ရ၏။

"ဆရာ - ဆရာ"

သူသည် ပို၍သေချာစေရန် ခေါ်ကြည့်သည်။

မည်သည့်တုံ့ပြန်မှုမှ မရှိပါ။

"ဆရာ ကျွန်တော်အာကျီဆီ ပို့ပေးပါ့မယ်"

ပို၍သေချာရန် သူသည် ယင်းသို့ပြောလိုက်သည်။

အတန်ကြာ နားစွင့်နေသည့်တိုင်အောင် မည်သို့မှ တုံ့ပြန်မှုမရှိသည်ကို တွေ့လိုက်ရတော့မှ သူသည် ပင့်သက်ချနိုင်ခဲ့လေသည်။

ထို့နောက် -

မြို့ကလေးရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

ယုသန်းကြီးသည် -

သံခေါင်းစွပ်အား အမြန်ဆုံးချွတ်နိုင်ရန် မြို့ကလေးသို့ ပြေးလွှားသွားသည်။

သူသည် လေးငါးမိုင်ခန့် ပြေးလွှားသွားသောအခါ -

လူနှစ်ယောက်က မျက်နှာချင်းဆိုင် ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူနှစ်ယောက်မှာ မုယုံဟု၏လူများဖြစ်သည်ကို သူမှတ်မိလိုက်သည်။

သူသည် ကပျာကယာ အင်္ကျီဖြင့် ခေါင်းပေါင်းထားလိုက်ရသည်။

ထိုလူနှစ်ယောက်သည် တဖြည်းဖြည်း နီးကပ်လာရာ -

ပါပုတုန်းနှင့် ဖုန်းစုရဲတို့ဖြစ်သည်။

ပါပုတုန်းသည် ယုသန်းကြီးက အင်္ကျီဖြင့် ခေါင်းပေါင်းထားသည်ကို တွေ့ရသဖြင့် လက်ဖြင့်ပုတ်လိုက်ပြီး -

"ဟေ့ - ဘာဖြစ်လို့ခေါင်းကို ဖုံးအုပ်ထားရတာလဲ"

ဖုန်းစုရဲက မျက်မှောင်ကုပ်သွားသည်။

"အို လူနာတစ်ယောက် ဖြစ်နေမှာပေါ့"

ပါပုတုန်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး - မဟုတ်ဘူး - လူနာက ဒါလောက် မြန်မြန်လျှောက်နိုင်ပါ့မလား"

ထိုစဉ် လေတစ်ချက်တိုက်ခတ်လာသဖြင့် -

ယုသန်းကြီး၏ ခေါင်းပေါ်မှအင်္ကျီသည် လွင့်ကျသွားရာ



သံခေါင်းစွပ် ပေါ်လာလေသည်။

ပါပုတုန်းက ရယ်မောလိုက်သည်။

"ဟား - ဟား - ဟား - တွေ့လား သံခေါင်းစွပ်နဲ့လူပဲ"

ဖုန်းစုရဲသည် ပါပုတုန်းအား နောက်သို့ဆွဲလိုက်သည်။

"သတိထား အစ်ကိုလတ်၊ ဒီလူက အဆိပ်သိပ်ပြင်းတယ်ဗျ. ."

ယုသန်းကြီးသည် လွင့်ကျနေသော အင်္ကျီအား ကောက်ယူပြီး ခေါင်းပေါ်သို့ ပြန်လည်ဖုံးအုပ်ထားလိုက်ပြန်၏။

ပါပုတုန်းက ပြုံးလိုက်သည်။

"ဟေ့ မင်းဖုံးမနေပါနဲ့တော့ကွာ၊ မင်းဘယ်သူလဲ ပြောစမ်းပါ"

ယုသန်းကြီးက မဲ့လိုက်သည်။

"ကျွန် - ကျွန်တော်က အညတြတစ်ယောက်ပါ၊ ဘယ်သူမှ မဟုတ်ပါဘူး"

ပါပုတုန်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး - မဟုတ်ဘူး၊ မင်းရဲ့အဆိပ်လက်ဝါးဟာ ရှောင်လင်ကျောင်းထိုင်ဆရာတော်တောင် ဒုက္ခရောက်သွားတယ်"

ယုသန်းကြီးက ဦးညွှတ်လိုက်သည်။

"ကျွန်တော်က ဘာမှမဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ဆရာ ကြယ်တံခွန်အဘိုးအိုကသာ သိုင်းပညာရှင်တစ်ယောက် ဖြစ်ပါတယ်"

"မဟုတ်ဘူး - ကြယ်တံခွန်အဘိုးအိုဟာ မင်းလောက် ကြောက်စရာမကောင်းဘူး၊ မင်းဆရာလည်းမဖြစ်နိုင်ဘူး၊ မှန်မှန်ပြောစမ်း မင်းပညာ ဘယ်ကသင်ကြားလာသလဲ"

"ကျွန်တော် ဘာပညာမှ မသင်ကြားခဲ့ပါဘူးဗျာ"

ယုသန်းကြီးသည် ယင်းသို့ပြင်းဆိုနေရင်း ဖုန်းစုရဲလက်ထဲမှ အရောင်တဖိတ်ဖိတ်တောက်နေသော ဓားငယ်တစ်လက်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွား၏။

"ဟာ နောင်ကြီးမှာ ဒါလောက်ထက်တဲ့ ဓားတစ်လက်ရှိနေတာကိုး၊ အတော်ပဲ ကျွန်တော့်ကို ခဏပေးစမ်းပါ"

ဖုန်းစုရဲ မျက်နှာကွက်ခနဲပျက်သွားသည်။

အကြောင်းမှာ -

သိုင်းလောကတွင် အသုံးပြုသော ဝေါဟာရများသည် များသောအားဖြင့် ဆန့်ကျင်ဘက်ကိုသာ အဓိပ္ပါယ်ကောက်ယူတတ်ခြင်းကြောင့်ဖြစ်သည်။

ဥပမာ -

"ခင်ဗျားရဲ့ပညာရပ် နည်းနည်းပြပါ"

ဟူသောစကားရပ်များသည် -

တိုက်ခိုက်ယှဉ်ပြိုင်ရန် စိန်ခေါ်လိုက်သည့်သဘောဖြစ်၏။

ထို့ကြောင့် -

ယုသန်းကြီးက ဖုန်းစုရဲထံမှ ဓားငယ်အား ငှားရမ်းလိုက်သောအခါ. . .

ဖုန်းစုရဲက မိမိနှင့်ယှဉ်ပြိုင်ရန်စိန်ခေါ်သည်ဟု အထင်မှားသွားလေသည်။

"ဗျာ၊ မင်းက ဘာကိုတောင်းနေတာလဲ"

ယုသန်းကြီးက ဖုန်းစုရဲလက်ထဲမှ ဓားငယ်အား ညွှန်ပြရင်း

"ဒီဓားငယ်ကို ခဏလိုချင်လို့ပါ"



"မင်းက ဒီဓားကိုဘာလုပ်မလို့လဲ"

"ကျွန်တော့်သံခေါင်းစွပ်ကို ဖျက်ပစ်ချင်လို့ပါ"

ဖုန်းစုရဲက မဲ့ပြုံး ပြုံးလိုက်သည်။

"ရှောင်လင်ကျောင်းမှာ မင်းကိုငါတွေ့စဉ်တုန်းက မင်းရဲ့သံခေါင်းစွပ်ကို ချွတ်ပေးမယ်ဆိုတော့ မင်းငါ့ကို လက်ဝါးနဲ့ရိုက်သွားတာ မှတ်မိသေးရဲ့လား"

ယုသန်းကြီးက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ခင်ဗျားမှားသွားပြီနဲ့တူတယ်၊ ကျွန်တော်က ခင်ဗျားကို ရိုက်နိုင်တဲ့ ပညာမရှိပါဘူးဗျာ"

ဖုန်းစုရဲ ဒေါသထွက်သွားသည်။

"ဘာကွ၊ မင်းကငြင်းချင်သေးတယ် ဟုတ်လား"

ယုသန်းကြီးက လက်ကိုခါယမ်းပြလိုက်သည်။

"ကျွန်တော်ရိုက်လိုက်တာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ဆရာရဲ့ ပညာနဲ့ရိုက်လိုက်တာပါ"

ပါပုတုန်း မျက်မှောင်ကုပ်သွားသည်။

"ဘာကွ၊ မင်းဆရာရဲ့ပညာ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဆရာကပြောပါတယ် သူ့ကိုသာ တမ်းတပြီး ရိုက်လိုက်ရင် ရန်သူကိုအောင်နိုင်မယ်လို့ ပြောပါတယ်"

ဖုန်းစုရဲနှင့် ပါပုတုန်းတို့သည် အချင်းချင်း အပြန်အလှန် ကြည့်လိုက်ကြသည်။

သူတို့သည် ထိုသံမဏိခေါင်းစွပ်နှင့်လူ၏ လက်ချက်ကြောင့် ဝေဒနာပြင်းထန်စွာ ခံခဲ့ရသည်။

သေမင်းရန်သူသမားတော်ကြီးပင် လက်မှိုင်ချရသည်အထိ အဆိပ်ပြင်းထန်လှပေသည်။

ယခုမှာမူ -

သံမဏိခေါင်းစွပ် စွပ်ထားသောလူက သူ့ဆရာ၏ပညာကြောင့်ဟု ပြောဆိုနေသည်ကို အံ့ဩနေ၏။

သို့သော် သူတို့သည် ယုသန်းကြီးအား အကဲခတ်ကြည့်နေသည်။ ယုသန်းကြီးမှာ လိမ်ညာပြောဆိုသည့် ဟန်မူရာမရှိပါ။

သူတို့သည် ပို၍ အံ့ဩလာသည်။

"နေပါဦး၊ မင်းဆရာက ဘယ်လိုပညာနဲ့လုပ်လိုက်တာလဲ"

ဟု ဖြိုင်တူမေးလိုက်ကြလေသည်။

"ဒါကတော့ ကြယ်တံခွန်ရဲ့ လျို့ဝှက်ချက်မို့ အခြားလူကို ပြောမပြရဘူးလို့ ဆရာကပြောထားတယ်ဗျ"

ဖုန်းစုရဲက မှုံပြုံး ပြုံးလိုက်သည်။

"တဲ - မင်းမပြောချင်နေပါ"

သူသည် ပါပုတုန်း၏လက်ကိုဆွဲကာ -

"တဲ - တို့သွားကြမယ်"

ဟု ပြောလိုက်လေ၏။

ယုသန်းကြီးက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

အကယ်၍ သူက ဖုန်းစုရဲ၏ဓားငယ်အားမရလျှင် အာကျိထံသို့ ပြန်ရန်ခက်နေပြန်၏။

အခြားနေရာမှာလည်း ဖုန်းစုရဲလက်ထဲမှ ဓားငယ်လောက် ထက်မြက်နိုင်မည့်ဓားရှာရန် မလွယ်ဟုလည်း တွေးမိလေ၏။



သူသည် ကပျာကယာ ဟန့်တားလိုက်သည်။

"ခဏနေပါဦးဗျာ၊ ကျွန်တော်ပြောပြပါမယ်"

ဖုန်းစုရဲတို့သည် ခြေလှမ်းကိုရပ်တန့်လိုက်ကြပြီး

"တဲ - ဒါဖြင့်ပြော -"

ယုသန်းကြီးသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး -

"ဆရာက ရန်သူနဲ့တွေ့တဲ့အခါမှာ 'ကြယ်တံခွန်ဆရာ - ကြယ်တံခွန်ဆရာ - တပည့်တော်အား ရန်သူကိုအနိုင်ရဖို့ ကူညီပေးပါ ၁ ၃ ၅ ၇ ၉' လို့ ပါးစပ်က ရွတ်ရမယ်လို့ ပြောပါတယ်"

ဖုန်းစုရဲနှင့် ပါပုတုန်းတို့သည် ပထမတွင် ကြောင်အမ်းအမ်း ဖြစ်နေပြီးနောက် -

"ဟား ဟား ဟား"

"ဟား ဟား ဟား"

ဖြိုင်တူ အားရပါးရ ရယ်မောချလိုက်လေတော့သည်။

❖ ❖ ❖

ဤတစ်ကြိမ် -

ယုသန်းကြီးက တသောသော ရယ်မောနေသော ပါပုတုန်းနှင့် ဖုန်းစုရဲတို့အား မျက်လုံးပြူး၍ ငေးကြည့်နေ၏။

"ခင်ဗျားတို့ ဘာရယ်နေကြတာလဲဗျ"

ဖုန်းစုရဲက ရယ်မောခြင်းကိုရပ်လိုက်ပြီး -

"ဒီမှာ သံခေါင်းစွပ်မိတ်ဆွေ၊ မင်းတော်တော်အပါလားကွ"

ယုသန်းကြီးက နားမလည်နိုင်သောမျက်လုံးဖြင့် ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲ မင်းဆရာသင်ပေးလိုက်တဲ့ပညာ မင်းကို သက်သက်လိမ်ညာနေတာ"

ယုသန်းကြီးက လက်ခါယမ်းလိုက်သည်။

"မဟုတ်ရပါဘူး၊ ဆရာက ကျွန်တော့်ကိုမလိမ်ပါဘူးဗျာ"

ပါပုတုန်းက ကြားဖြတ်လိုက်၏။

"ဒီမှာ မိတ်ဆွေ၊ ရှင်းရှင်းပြောရရင် မင်းဟာ သိုင်းပညာ ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကွ"

"ဗျာ"

ယုသန်းကြီးက အံ့ဩသွားသည်။

"ခင်ဗျား ဘာပြောတာလဲ"

"ဘာပြောရမှာလဲ၊ မင်းဟာ သိုင်းလောကမှာ ထူးချွန်တဲ့ပုဂ္ဂိုလ် တစ်ယောက်လို့ ပြောတာပါ"

ဖုန်းစုရဲက ခေါင်းညိတ်၍ထောက်ခံလိုက်သည်။

"ဟုတ်တယ် - မင်းရဲ့သိုင်းပညာကို မင်းဆရာကြယ်တံခွန် အဘိုးအိုတောင် မမီဘူးဆိုတာ ကျုပ်ပြောရဲတယ်"

ထိုစဉ်မှာပင် -

လူနှစ်ယောက်သည် ပုန်းကွယ်ရာမှ တစ်ဟုန်ထိုးထွက်လာပြီးလျှင် -

ယုသန်းကြီးအား ဝဲယာညှပ်၍ ဖမ်းချုပ်လိုက်လေသည်။



ယုသန်းကြီး ထိတ်လန့်သွားသည်။

သူသည် သေသေချာချာ ကြည့်လိုက်သောအခါ -

ကြယ်တံခွန်ဂိုဏ်းသားများ ဖြစ်နေကြသည်ကို သိလိုက်ရလေသည်။

"ခင်ဗျားတို့ ဘာလုပ်နေကြတာလဲဗျ"

ဂိုဏ်းသားတစ်ယောက်က မဲ့ပြုံး ပြုံးလိုက်သည်။

"မင်းကို ဂိုဏ်းချုပ်ဆီဖမ်းပို့မလို့ပေါ့"

"ကျုပ်ကို ဘာဖြစ်လို့ဖမ်းပို့ရမှာလဲ"

"မင်း အာကျိုကို လုပြေးသွားတာ တို့မသိတာကျနေတာဘဲ"

ကျန်ရှိသော ဂိုဏ်းသားတစ်ယောက်က -

သူ၏လက်မောင်းကို တအားဆွဲလိုက်ပြီး -

"စကားမရှည်နဲ့၊ အသာတကြည်လိုက်ခဲ့ပါ"

သူတို့သည် ယုသန်းကြီးအား ဝဲယာညှပ်၍ အတင်းဆွဲခေါ်နေ၏။

"ကျုပ်မလိုက်ပါရစေနဲ့ဗျာ"

ယုသန်းကြီးသည် ယင်းသို့တောင်းပန်ရင်း -

လက်နှစ်ဖက်ကိုအားပြုကာ -

ဂိုဏ်းသားနှစ်ယောက်အား တွန်းဖယ်လိုက်သည်။

"ဝုန်း -"

ဂိုဏ်းသားနှစ်ယောက်၏ ခန္ဓာကိုယ်သည် အပေါ်သို့ မြောက်တက်သွားပြီးလျှင် မြေပေါ်သို့ကျကာ သတိလစ်မေ့မြောသွားလေသည်။

ယုသန်းကြီး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ပါပုတုန်းနှင့် ဖုန်းစုရဲတို့က မိမိအား ကယ်လိုက်သည်ဟု ထင်မှတ်လိုက်လေသည်။

သူသည် လက်နှစ်ဖက်ကိုဆုပ်ကာ အလေးပြုလိုက်သည်။

"အခုလို ကျုပ်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ပါပုတုန်းနှင့် ဖုန်းစုရဲတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့ဩနေကြသည်။

ပါပုတုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း - ဒီလူက ရှုးရှုးမှူးမှူးနဲ့ ဘယ်လိုလူမှန်းလဲမသိဘူး"

ဖုန်းစုရဲက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ် - ဒီလူက အတွင်းအား အလွန်အဆင့်မြင့်တဲ့ လူတစ်ယောက်ပဲ၊ ဘာဖြစ်လို့များ ပေါချာချာဖြစ်နေပါလိမ့်"

သူသည် ပြောဆိုပြီး လက်ထဲမှဓားငယ်အား ပစ်ပေးလိုက်လေသည်။

"ကဲ - မိတ်ဆွေ။ မင်းလိုနေတဲ့ဓားကို ပေးခဲ့ပါ့မယ်၊ မင်းကိုလဲ ကျုပ်တို့ရဲ့ မိတ်ဆွေတစ်ယောက်လို့ အသိအမှတ်ပြုလိုက်ပါတယ်ဗျာ"

ယုသန်းကြီးက ဝမ်းသာသွားသည်။

သူသည် ဒူးထောက်ပြီး အကြိမ်ကြိမ် ဦးညွှတ်လိုက်လေသည်။

"ကျေးဇူးပါပဲဗျာ - ကျွန်တော်ဖြင့် သိပ်ကိုကျေးဇူးတင်တာဘဲ"

ပါပုတုန်းသည် ဖုန်းစုရဲအား လှမ်းကြည့်လိုက်လေသည်။

ဖုန်းစုရဲက ပခုံးတစ်ချက်တွန့်၍ ပြုံးပြလိုက်သည်။

ထို့နောက် -



သူတို့သည် တဟားဟား ရယ်မောကာ ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

❖ ❖ ❖

ယုသန်းကြီးသည် ဓားကလေးအား ကောက်ယူလိုက်ပြီးနောက် ထိုနေရာမှ ခြေလှမ်း သုတ်သုတ်ဖြင့် ထွက်သွားလေ၏။

မကြာမီ -

သူသည် ချောင်းကလေးတစ်ခုသို့ ရောက်ရှိလာလေသည်။

ချောင်းစပ်၌ မတ်တတ်ရပ်၍ -

ရေပြင်တွင် ထင်ဟပ်နေသော သူ၏ သံခေါင်းစွပ်အား ကြည့်ပြီး လက်ထဲမှဓားငယ်ကလေးကို အသာအယာ မြှောက်လိုက်လေသည်။

သူသည် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြင့် ကြောက်ရွံ့နေလေသည်။

ဖုန်းစုရဲထံမှရရှိထားသော ဓားငယ်ကလေးသည် အလွန်ထက်မြက်ပြီး-

အစွမ်းထက်သော ဓားတစ်လက်ပင် ဖြစ်လေသည်။

ယင်းဓားဖြင့် သူ့ခေါင်းပေါ်တွင် စွပ်ထားသော သံခေါင်းစွပ်အား ဖျက်ဆီးရန်မှာ အလွယ်တကူ ဖြစ်နိုင်သည်ဟု သူ ယုံကြည်မိလေသည်။

သို့သော် -

သူ၏သံခေါင်းစွပ်ကို ဖျက်ဆီးပစ်လိုက်သောအခါ -

မိမိ၏မျက်နှာတစ်ခုလုံးတွင် ဒဏ်ရာများရရှိသွားမည်ဟုလည်း ကြိုတင်သိထားလေသည်။

အကယ်၍ -

လက်ချော်သွားပါကလည်း မိမိ၏အသက်ကိုပင် ဆုံးရှုံးနိုင်သည်ဟုလည်းတွေးမိပြီး ကြောက်ရွံ့၍နေလေသည်။

ထို့ကြောင့် -

သူသည် ရေထဲမှအရိပ်ကိုကြည့်ပြီးငေးငိုင်၍ နေလေတော့သည်။

ယင်းသို့ဖြင့်-

သူ၏စိတ်ထဲ၌ အတန်ကြာမျှ ချီတုံချတုံ ဖြစ်နေရာမှ-အာကျိကို သတိရလာလေသည်။

သူသည် ထိုသံခေါင်းစွပ်အား ဖျက်ဆီးပစ်နိုင်ခဲ့လျှင် -

သူ၏ရုပ်သွင်မှာ စိတ်ချမ်းသာဂိုဏ်း၏ ဂိုဏ်းချုပ်ဝမ်စင်းထင်အဖြစ် အာကျိနှင့်အတူတကွနေထိုင်ရမည်ကို တွေးမိလိုက်လေသည်။

ယင်းသို့ တွေးမိလိုက်သည်နှင့် -

စိတ်ဓာတ်တက်ကြွ၍ လာလေသည်။

ထို့ကြောင့် -

သူ၏ သံခေါင်းစွပ်အား ဖျက်ဆီးပစ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

❖ ❖ ❖



ယုသန်းကြီးသည် ရေပြင်ထဲမှ အရိပ်ကို သတိကြီးစွာဖြင့် ကြည့်နေသည်။

ထို့နောက် -

ဓားငယ်၏ ဓားပြားဖြင့် သံခေါင်းစွပ်ဆက်ထားသောနေရာကို အသာအယာ ကလော်လိုက်လေသည်။

ဖုန်းစုရဲ၏ဓားငယ်သည် အလွန်ပင် ထက်မြက်လှပေ၏။

အသာအယာ ကလော်လိုက်သည်နှင့် -

သံခေါင်းစွပ်ဆက်ထားသောနေရာသည် ပွင့်သွားလေသည်။

ယုသန်းကြီးက ပို၍စိတ်ဓာတ်တက်ကြွလာသည်။

သူသည် ဓားဖျားဖြင့် သံမဏိခေါင်းစွပ်အား ယာဘက်မှ ဝဲဘက်သို့ ခွဲချလိုက်လေသည်။

ထို့နောက် -

ဓားငယ်ကို ချထားလိုက်ပြီးလျှင်-

လက်နှစ်ဖက်ဖြင့် သံမဏိခေါင်းစွပ်အား တအားဆွဲခွာချလိုက်ရာ -

"ခြွမ်း"

သံမဏိခေါင်းစွပ်သည် နှစ်ခြမ်းကွဲသွားကာ-

သူ၏ဦးခေါင်းပေါ်မှ လွတ်ထွက်သွားလေသည်။

သို့သော် -

မျက်နှာနေရာ၌ အသားနှင့် အချိန်ကြာမြင့်စွာ ကပ်နေရသဖြင့်-

ယင်းသို့ခွဲခွာချလိုက်သောအခါ သူ့မျက်နှာပေါ်မှ အရေပြား

များသည် သံမဏိခေါင်းစွပ်နှင့်ကပ်၍ ပါသွားလေရာ-

"အား -"

နာကျင်သော ဝေဒနာကို အသည်းခိုက်မျှ ခံစားလိုက်ရလေသည်။

ထို့နောက်-

သူသည် သတိလစ်ကာ မြေပေါ်သို့ လဲကျ၍ သွားလေတော့သည်။

❖ ❖ ❖

## စိတ်ချမ်းသာဂိုဏ်းဓါးဂိုဏ်းချုပ် ဝမ်စင်းထင်

မည်မျှ အချိန်ကြာသွားမှန်းမသိ -

ယုသန်းကြီး သတိရလာသောအခါ -

သူ၏မျက်နှာနှင့် ဦးခေါင်းတစ်ခုလုံးတွင် နာကျင်နေသော ဝေဒနာများကို ခံစားလိုက်ရလေသည်။

သူသည် လက်ခြင့် စမ်းသပ်ကြည့်လိုက်တော့မှ -

မိမိ၏ ကိုယ်ခန္ဓာ တစ်ပိုင်းသည် ချောင်းရေထဲသို့ ရောက်ရှိနေသည်ကို သိရှိလိုက်လေသည်။

သူသည် လက်နှစ်ဖက်ဖြင့် ဦးခေါင်းနှင့် မျက်နှာကို စမ်းသပ်၍ ကိုင်ကြည့်လိုက်သည်။

ဦးခေါင်းနှင့် မျက်နှာမှ အရေပြားအချို့သည် ကွာကျနေသည်ကို တွေ့ရပြီး-



သွေးများချင်းချင်း နီရဲနေသည်ကို တွေ့ရှိရလေသည်။

သူသည် အံကိုတင်းတင်းကြိတ်၍ ထထိုင်လိုက်လေသည်။

ချောင်းရေထဲမှ သူ၏မျက်နှာကို ကြည့်လိုက်သည်။

"ဟင် -"

သူသည် ထိတ်လန့်စွာနှင့် လွှတ်ခနဲ အော်လိုက်မိလေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ သွေးများဖြင့် ချင်းချင်းနီရဲနေပြီး အလွန်ပင် အကျည်းတန်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဦးခေါင်းမှ အရေခွံအချို့ကျွတ်ထွက်သွားသဖြင့်-

ဆံပင်များမှာ ကျိုးတိုးကျဲတဲဖြင့် ကြောက်စရာကောင်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူစိတ်မကောင်း ဖြစ်လာမိသည်။

မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

သူ၏မျက်နှာပေါ်မှ ဒဏ်ရာများ ပျောက်ကင်းသွားသည့်တိုင်အောင် -

သူ၏ရုပ်သွင်မှာ အလွန်ပင် အကျည်းတန်နေဦးမည်ဟုလည်း ယုံကြည်ထားမိလေသည်။

သူအဖို့ တစ်ခုကံကောင်းနေသည်မှာ -

အာကျိုက မျက်မမြင်ဖြစ်နေ၍ မိမိရုပ်ဆိုးနေသည်ကို သူမ သိရှိလိမ့်မည် မဟုတ်ပါချေ။

သူသည် ယင်းသို့တွေးမိလိုက်သည်နှင့် စိတ်သက်သာရာ ရလာလေသည်။

ထိုင်ရာမှထလိုက်ပြီးလျှင် -

သံမဏိခေါင်းစွပ်အား ချောင်းထဲသို့ ကန်ချလိုက်ပြီးနောက် ချာခနဲလှည့်ကာ လာလမ်းအတိုင်း ပြေးလွှားသွားလေတော့သည်။

❖ ❖ ❖

ယုသန်းကြီးသည် မရပ်မနားဘဲ ပြေးလွှားသွားရာ ချောင်းကလေးသို့ ရောက်ရှိသွားသောအခါ အမျိုးသမီးတစ်ယောက် ချောင်းစပ်တွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

"အာကျို - အာကျို"

သူသည် ခေါ်ရင်းပြေးလွှားလာသည်။

ထိုအမျိုးသမီးက လှည့်၍ပင်မကြည့်ပါ။

မိမိကအခိုန်ကြာသွား၍၊ အာကျိုက မိမိအားစိတ်ကောက်နေသည်ဟု သူတင်ဗိလေသည်။

"အာကျို၊ ကျုပ်ပြန်လာပြီလေ"

သူသည်ပြောရင်း ရှေ့သို့ဆက်၍ ပြေးသွားသည်။

ရုတ်တရက် -

ထိုအမျိုးသမီးမှာ အာကျိုမဟုတ်မှန်း သူတွေ့မြင်လိုက်ရသဖြင့် ခြေလှမ်းတုန့်ခနဲ ရပ်သွားလေသည်။

အမျိုးသမီးက ခစ်ခနဲရယ်မောလိုက်ပြီး၊ သူ့အား လှည့်ကြည့်လိုက်သည်၊

"မင်းပြန်လာပြီကိုး၊ ကျုပ်ဒီမှာစောင့်နေတာ ကြာပါပြီ"

ယုသန်းကြီးသည် ထိုအမျိုးသမီးမှာ "အောင့်လျံ"ဖြစ်သည်ကို



တွေ့လိုက်ရသဖြင့် ထိတ်လန့်သွားသည်။

အောင့်လျံသည် ယုသန်းကြီး၏ မျက်နှာအား တွေ့မြင်လိုက်ရသောအခါ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

ယုသန်းကြီးသည် ရှေ့သို့တစ်လှမ်းတိုးလိုက်ပြီး-

"အာကျိုကော"

အောင့်လျံက ပြုံးလိုက်သည်။

"မင်းသူ့ကိုလိုက်ရှာနေတယ် ဟုတ်လား"

"ဟုတ်တယ် - ဟုတ်တယ်၊ အာကျိုဘယ်မှာလဲပြော"

အောင့်လျံက ပြုံးလိုက်ပြန်သည်။

"အာကျိုဆိုတာ ခရမ်းရောင်ဝတ်ထားတဲ့ မိန်းကလေး မဟုတ်လား"

ယုသန်းကြီးက စိတ်မရှည်နိုင်တော့ပါ။

"ဟုတ်တယ် - ဟုတ်တယ် သူပဲ၊ အခုသူဘယ်မှာလဲ"

အောင့်လျံသည် ချောင်းစပ်တစ်နေရာသို့ ညွှန်ပြလိုက်သည်။

"သူဟိုမှာရှိပါတယ်၊ မင်းဘာဖြစ်လို့ အော်ကြီးဟစ်ကျယ်ပြောနေရတာလဲ"

ယုသန်းကြီးသည် စကားဆက်မပြောတော့ဘဲ အောင့်လျံညွှန်ပြသောနေရာသို့ ပြေးလွှားသွားသည်။

အောင့်လျံသည် ထိုင်ရာမှ လျှပ်တစ်ပြက်ထလိုက်ပြီး-

ယုသန်းကြီး၏ကျောပြင်သို့ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဝုန်း"

ယုသန်းကြီး၏ခန္ဓာကိုယ်သည် ရှေ့သို့လွင့်စဉ်သွားကာ မြက်ခင်းပေါ်သို့ ပြောက်လျက်ကျသွားလေတော့သည်။

ယုသန်းကြီးသည် မြက်ခင်းပေါ်မှ လက်ထောက်၍ထမည်အပြုတွင် အာကျိအား တွေ့လိုက်ရလေသည်။

အာကျိသည် တစ်ကိုယ်လုံးကွေး၍ မြက်ခင်းပေါ်တွင် လဲလျောင်းနေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ထိတ်လန့်သွားသည်။

"ဟင် - အာကျိ"

အာကျိမှာမူ မလှုပ်မယှက်ဘဲ လဲလျောင်းနေ၏။

"အာကျိ - အာကျိ"

ယုသန်းကြီးက အသံကျယ်လောင်စွာဖြင့် ခေါ်ရင်း -

သူမထံသို့လက်ထောက်၍သွားသည် အော့လျံသည် ခြေထောက်ဖြင့် သူ၏ကျောပေါ်သို့ နင်းချလိုက်လေသည်။

"ဟေ့ ... မင်းဘယ်သူလဲပြောစမ်း"

ယုသန်းကြီးသည် အာကျိအတွက် စိုးရိမ်ပူပန်နေသဖြင့် အော့လျံ၏မေးခွန်းကို အဖြေမပေးဘဲ -

"ဒီမှာ ခင်ဗျားကအာကျိကို ဘယ်လိုလုပ်လိုက်တာလဲ"

အော့လျံက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်မေးတာကိုဖြေစမ်းပါ"

ယုသန်းကြီးသည် အာကျိအတွက် စိုးရိမ်ပူပန်နေသဖြင့် ကုန်း၍ထလိုက်လေသည်။

အော့လျံသည် ယုသန်းကြီး၏ ကျောပြင်ကိုတက်နင်းထား



သော်လည်း ယုသန်းကြီးက ကုန်းထလိုက်သောအခါ အလွန်ပြင်းထန်သောအတွင်းအားသည် ကန်တက်လာသည်ကို ခံစားလိုက်ရပြီး နောက်သို့ ပက်လက်လန် လဲကျသွားလေသည်။

ယုသန်းကြီးသည် မတ်တတ်ရပ်လိုက်ပြီး၊ အော့လျံ၏ပခုံးအား ဖမ်းဆုပ်လိုက်သည်။

"ပြောစမ်း၊ အာကျိဘယ်လိုဖြစ်သွားတာလဲ၊ ခင်ဗျား အာကျိကို ဘာလုပ်လိုက်လဲ"

အမှန်မှာ -

ခါတိုင်းဆိုလျှင် သူသည် အော့လျံအား ခုခံဝံ့မည်မဟုတ်ပါ။

ယခုမှာမူ သူ၏စိတ်ထဲ၌ အာကျိအတွက် စိုးရိမ်ပူပန်နေသောကြောင့် ယခုကဲ့သို့ စိတ်လိုက်မာန်ပါပြုလုပ်လိုက်ခြင်း ဖြစ်လေသည်။

အော့လျံသည် ယုသန်းကြီး၏ လက်ချောင်းများမှ အေးစိမ့်သောအငွေ့အသက်တစ်ခုသည် မိမိ၏ကိုယ်ခန္ဓာထဲသို့ စူးဝင်လာသည်ကို ခံစားလိုက်ရသဖြင့် တစ်ကိုယ်လုံးချမ်းစိမ့်သွားကာ မျက်လုံးများပင်ပြူးနေ၏။

ယုသန်းကြီးသည် သူမ၏ဖြစ်ရပ်ကို တွေ့ရှိလိုက်ရသောအခါ အော့လျံမှာ တစ်စုံတစ်ခုပြုလုပ်တော့မည်ဟု ထင်မှတ်ကာ ထိတ်လန့်သွားလေသည်။

အော့လျံ၏ပခုံးကို ကပျာကယာ လွှတ်လိုက်လေသည်။

အော့လျံသည် တစ်ကိုယ်လုံးပျော့ခွေကာ မြေပေါ်သို့ လဲကျသွားလေ၏။

ယုသန်းကြီးမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"အင်း ငါသိပ်ကံကောင်းတာဘဲ သူဝက်ရူးပြန်တဲ့အချိန်နဲ့ ကြုံနေလို့တော်သေးတာပေါ့"

သူသည် အော့လျံအား ဝက်ရူးပြန်ထနေသည်ဟုထင်မှတ်ကာ အာကျိုထံသို့သွားပြီးလျှင် သေချာစွာကြည့်လိုက်သည်။

တော်သေး၏။ အာကျိုမှာ အသက်ချမ်းသာစွာ ရှိနေပါသေးသည်။

သွေးကြောများအား အပိတ်ခံရသဖြင့်၊ မရပ်နိုင်ဘဲ လဲလျောင်းနေခြင်းဖြစ်သည်ဟု သိလိုက်ရလေသည်။

သွေးကြောဖြေသည့်ပညာကို သူအနည်းငယ် တတ်မြောက်ထားသည်။

သူသည် အာကျို၏ကိုယ်ခန္ဓာပေါ်သို့ လက်ဝါးဖြင့် အသာအယာရိုက်ချလိုက်ရာ -

အာကျိုသည် လေပူတစ်ချက်မှုတ်ထုတ်ပြီး ထထိုင်လိုက်လေသည်။

"ရှင် ပြန်ရောက်လာပြီကိုး"

"ဟုတ်ပါတယ်"

"ရှင် ဒီရောက်တာနဲ့ ကျွန်မအားလုံးကြားပြီးပါပြီ"

ယုသန်းကြီးက မျက်မှောင်ကုပ်သွားသည်။

"ညီမကဘာကြားလို့လဲ"

အာကျိုကပြုံးလျက် -

"ရှင်က အော့လျံကို တစ်ချက်တည်းနဲ့အနိုင်ရိုက်လိုက်တာလေ၊



အခုသူသေသွားပြီလားဟင်"

ယုသန်းကြီး ရင်ထိတ်သွားသည်။

"သူ့နာမည် အော့လျံဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ သူပါပဲ အခုသူသေသွားပြီလား"

ယုသန်းကြီး မျက်လုံးပြူးကျယ်သွားသည်။

လူမိုက်ကြီးလေးယောက်၏အမည်ကို ကြားခဲ့ဖူးသည်။

ယခုသူက 'အော့လျံ' နှင့် တွေ့ဆုံပြီးမှ၊ အော့လျံမှာ ဝက်ရူးပြန်ထ၍ မိမိကံကောင်းရသည်ကို တွေးမိလိုက်လေသည်။

သူသည် ထိတ်လန့်လွန်းသဖြင့် စကားပင်မပြောနိုင်ဘဲ ဖြစ်နေလေသည်။

အာကျို မျက်မှောင်ကုပ်သွားသည်။

"အစ်ကိုဘာဖြစ်လို့စကားမပြောတာလဲ"

အာကျို၏အသံကြားလိုက်ရတော့မှ -

ယုသန်းကြီးသည် ကပျာကယာဣန္ဒြေဆည်လိုက်ပြီး၊ ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ဟုတ်ပါတယ်၊ သူ့လိုလူစားလောက်တော့ မမှုပါဘူးကွာ"

အာကျိုသည် မျက်နှာမော့၍ ယုသန်းကြီးအား အလွန်လေးစားသော ဟန်မူရာဖြင့် -

"လူမိုက်ကြီးလေးယောက်ထဲမှာ 'အော့လျံ' ဟာ သိုင်းပညာအဆင့်တော်တော်မြင့်တယ်လို့ ဆရာက ကျွန်မကို ခဏခဏပြောဖူးတယ်၊ အခုတော့ ရှင်နဲ့တွေ့တော့မှ အော့လျံဟာ ဒီလောက်မဟုတ်ဘူးဆိုတာ သိရတော့တယ်"

သူမသည် ယုသန်းကြီး၏လက်ကိုတင်းကြပ်စွာ ဆုပ်ထားလိုက်သည်။

"ကျွန်မသိပ်ကံကောင်းတယ်၊ အခုလိုအစ်ကိုနဲ့တွေ့ရတော့ ကျွန်မဘယ်သူ့ကိုမှ ကြောက်စရာမလိုတော့ဘူး"

ယုသန်းကြီးက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါညီမ၊ အစ်ကိုက ညီမအနားမှာ အမြဲတမ်းရှိနေမှာပါ ဘယ်သူမှ ညီမကို မစော်ကားစေရပါဘူး"

အာကျိုက ပြုံးလိုက်သည်။

"တကယ်ပြောတာလား အစ်ကို"

"ဟုတ်ပါတယ်၊ တကယ်ပြောတာပါ"

အာကျိုသည်ခေါင်းငုံ့၍ အနည်းငယ် စဉ်းစားလိုက်ပြန်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ဒါပေမယ့် ကျွန်မတစ်ခု အကူအညီတောင်းချင်သေးတယ်"

"ဘာများလဲပြောပါ၊ တို့ဒီနေရာက အမြန်ဆုံးထွက်သွားရင် ကောင်းမယ်ထင်တယ်"

သူကယင်းကဲ့သို့ပြောလိုက်သည်မှာ အော့လျံဝက်ရှူးပြန်ပြီး ပြန်လည်သတိရလာသောအခါ မိမိတို့အား ရန်မူမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

အာကျိုသည် ယုသန်းကြီးခေါ်ရာသို့ လှမ်းသွားရင်း -

"ကျွန်မအကူအညီတောင်းတာကို အစ်ကိုကူညီမယ် မဟုတ်လား"

ယုသန်းကြီးက ခေါင်းညိတ်လိုက်သည်။



"စိတ်ချ အစ်ကိုကူညီပါ့မယ်"

အာကျိုက ရယ်မောလိုက်သည်။

"ကျွန်မပြင့် ဘာမှမပြောရသေးဘဲနဲ့ အစ်ကိုက ဘာကိုကူညီမှာလဲ"

ယုသန်းကြီးလည်း ရယ်မောလိုက်သည်။

"အိုဘာပဲဖြစ်ဖြစ်၊ ညီမတောင်းတဲ့အကူအညီအားလုံး အစ်ကိုပေးဖို့ ဆုံးဖြတ်ထားပါတယ်"

အာကျိုက ကျေနပ်အားရ ဖြစ်သွားသည်။

သူမသည် ခြေလှမ်းရပ်လိုက်ပြီး ယုသန်းကြီးအား ခေါင်းမော့ကြည့်လိုက်ပြန်သည်။

ယုသန်းကြီးက သူမ၏ပခုံးအား အသာအယာဆုပ်ကိုင်ထားလိုက်သည်။

"ကဲ ပြောစမ်းညီမ၊ အစ်ကိုဘာလုပ်ပေးရမလဲ"

အာကျို၏မျက်နှာတစ်ခုလုံးသည် လေးနက်တည်ကြည်လာသည်။

"ကျွန်မက ကြယ်တံခွန်ဂိုဏ်းရဲ့ဂိုဏ်းချုပ် လုပ်ချင်တယ်၊ အဲဒါ အစ်ကိုက ဆောင်ရွက်ပေးရလိမ့်မယ်"

ယုသန်းကြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ယင်းကဲ့သို့သော အကူအညီမျိုး အာကျိုက တောင်းလိမ့်မည်ဟု သူမမျှော်လင့်ခဲ့ပါ။

သူသည် စကားမပြောနိုင်ဘဲ အတန်ကြာ ကြောင်အမ်းအမ်း ဖြစ်နေလေသည်။

အာကျိုက ယုသန်းကြီး၏လက်မောင်းကို အသာအယာ ဆုပ်ကိုင်ထားလိုက်ပြီး -

"ကဲ အစ်ကိုပြောလေ၊ ကျွန်မကိုကူညီမယ်မဟုတ်လား"

ယုသန်းကြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

"ညီမ၊ ညီမက ရယ်စရာပြောနေတာလားဟင်"

အာကျိုက နှုတ်ခမ်းစူထားလိုက်သည်။

"ကျွန်မ ရယ်စရာပြောနေတာ မဟုတ်ဘူး၊ တကယ်ပြောနေတာ"

"တစ်ခြားကိစ္စဆိုရင် အစ်ကို ကူညီနိုင်ပါတယ်၊ ဒီကိစ္စ . . ."

"ဒီကိစ္စက ဘာဖြစ်သလဲ၊ ရှင် မကူညီချင်ဘူးလား"

"ကူညီချင်ပါတယ် ညီမရယ်၊ ဒါပေမယ့် အစ်ကိုက ဘယ်လို လုပ်ရမှာလဲ"

အာကျိုက ပြုံးလိုက်သည်။

"လွယ်ပါတယ်၊ ရှင်က ကြယ်တံခွန်အဘိုးအိုကို အနိုင်ယှဉ်ပြိုင် လိုက်ရင် ဂိုဏ်းရဲ့စည်းကမ်းအရ နိုင်တဲ့လူဟာ ရှုံးတဲ့လူရဲ့ရာထူးကို ဆက်ခံရတယ်ရှင့်"

ယုသန်းကြီး မတတ်နိုင်တော့ပါ။

သူသည် စဉ်းစားခြင်းပင်မပြုတော့ဘဲ ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ အစ်ကို ကူညီပါ့မယ်"

အာကျိုက ဝမ်းသာပီတိ ဖြစ်သွားလေသည်။

"ဝမ်းသာလိုက်တာရှင်၊ ရှင်က ကြယ်တံခွန်အဘိုးအိုကို ကောင်းကောင်းနိုင်မှာပါ"



ယုသန်းကြီးသည် အနည်းငယ် စဉ်းစားလိုက်ပြီး -

"အာကျို"

သူသည် အသံတိုးတိုးဖြင့် ခေါ်လိုက်သည်။

"ဘာလဲ အစ်ကို"

"အစ်ကို တစ်ခုပြောချင်တယ်"

"ပြောပါ အစ်ကို၊ ဘာများလဲ"

"ဒီလိုပါ ညီမ၊ ကြယ်တံခွန်ဂိုဏ်းဟာ အင်မတန်နာမည်ဆိုးတဲ့ ဂိုဏ်းတစ်ခုပါ၊ ဒါကြောင့် အစ်ကိုရဲ့သဘောက ကြယ်တံခွန်ဂိုဏ်း ချုပ် မလုပ်စေချင်ဘူးကွယ်"

အာကျိုက ခေါင်းခါယမ်းလိုက်သည်၊

"မရဘူး - မရဘူး၊ ကျွန်မ ကြယ်တံခွန်ဂိုဏ်းရဲ့ဂိုဏ်းချုပ်ပဲ လုပ်ချင်တယ်၊ ဘာလဲအစ်ကိုက ကတိပေးပြီးမှ မကူညီချင်တော့ဘူး လား"

ယုသန်းကြီး အခက်ကြုံနေလေသည်။

သူသည် ကြယ်တံခွန်အဘိုးအို၏အကြောင်းကို ကောင်းစွာ သိထားသည်။

ကြယ်တံခွန်အဘိုးအို၏နေရာကို လုယူရန် မဆိုထားဘဲ၊ ကြယ် တံခွန်အဘိုးအိုနှင့် တွေ့လျှင် -

မိမိအသက်ပါ ဆုံးရှုံးသွားလိမ့်မည်ဟု သူယူဆထားလေသည်။

ထို့ကြောင့် -

သူသည် စိတ်မချမ်းမသာဖြစ်ပြီး ဆိတ်ဆိတ်နေလိုက်လေ၏။

❖ ❖ ❖

ယုသန်းကြီးသည် အာကျိ၏လက်ကိုဆွဲကာ ရှေ့သို့လျှောက်နေ၏။

အာကျိက ခြေလှမ်းရပ်တန့်လိုက်သည်။

ယုသန်းကြီးက လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့ မလျှောက်တာလဲ ညီမ"

အာကျိက ခေါင်းငုံ့သွားသည်။

"အစ်ကို၊ ကျွန်မက ရှင်နဲ့မတန်ဘူးလို့ထင်တာပဲ"

ယုသန်းကြီး အံ့အားသင့်သွားသည်။

"ညီမက ဘာဖြစ်လို့ ဒီလိုပြောရတာလဲ"

အာကျိက သက်ပြင်းချလိုက်သည်။

"အစ်ကိုက ဂိုဏ်းချုပ်တစ်ယောက်ပဲ၊ ကျွန်မက ဘာမှမဟုတ်တော့ ဖြစ်မလားရှင်"

ယုသန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လည်း ဘာမှ -"

အာကျိက မျက်မှောင်ကုပ်သွားသည်။

"အစ်ကိုက ဘာပြောချင်လို့လည်း"

ယုသန်းကြီးသည် စကားဦးပြောင်းလွှဲလိုက်သည်။

"ဩော် - ညီမရယ်၊ လောကမှာမတူဘူး။ မတန်ဘူးဆိုတာ မရှိပါဘူးကွယ်"

အာကျိ၏မျက်နှာသည် ပြုံးရောင်သန်းလာသည်။

"အစ်ကို့စကားကြားရတာ ဝမ်းသာလိုက်တာရှင်"

ယုသန်းကြီးသည် သူမ၏လက်ကိုဆွဲကာ ဆက်၍လျှောက်မည်အပြုတွင် အာကျိက မေးလိုက်သည်။



"အစ်ကို ဘယ်သွားမလို့လဲဟင်"

"တစ်နေရာရာ သွားမှာပေါ့"

"ဒါနဲ့အစ်ကိုက ကျွန်မကို ကူညီမယ့်ကိစ္စ ဘယ်လိုလုပ်မှာလဲ"

"ဒါကလွယ်ပါတယ်၊ ဒါပေမယ့် ကြယ်တံခွန်အဘိုးအိုကို ရုတ်တရက်ရှာလို့ ဘယ်ရမလဲ၊ ဒါကြောင့် တစ်နေရာရာသွားပြီး အနားယူကြတာပေါ့"

အာကျိက ပြုံးလိုက်သည်။

"ဒီအတွက် မပူပါနဲ့ရှင်၊ သူ့ကိုတွေ့အောင် ကျွန်မရှာနိုင်ပါတယ်"

ယုသန်းကြီးက မျက်မှောင်ကုပ်သွားသည်။

"ညီမက ဘယ်လိုနည်းများရှိလို့လဲ"

အာကျိသည် အင်္ကျီအိတ်ထဲမှ ခရမ်းရောင်မြားကလေးတစ်စင်းကို ထုတ်ယူလိုက်သည်။

"ဒီအချက်ပြတဲ့ မြားကလေး ပစ်လွှင့်လိုက်ရင် သူချက်ချင်းရောက်လာမှာပါ"

ယုသန်းကြီး ထိတ်လန့်သွားသည်။

"ဟာ - မလုပ်နဲ့"

သူ၏စကား မဆုံးသေးပါ။

အာကျိသည် မြားကလေး၏ထိပ်ပိုင်းကို လက်ဖြင့်ချေလိုက်ရာ ကန့်များသည် လေနှင့်ထိတွေ့လိုက်သည့်အတွက် မီးထတောက်လေသည်။

အာကျိက လက်လွှတ်လိုက်ရာ မြားကလေးသည် မီးခိုးတန်း

များနှင့်အတူ ကောင်းကင်ပေါ်သို့ တိုးတက်သွားလေသည်။

ယုသန်းကြီးသည် ထိတ်လန့်တုန်လှုပ်ကာ တစ်ကိုယ်လုံးပင် အင်အားချိနဲ့သွားသည်ဟု ခံစားလိုက်ရလေသည်။

အာကျိုက လက်ခုပ်လက်ဝါး တီးလိုက်သည်။

"ကြည့်စမ်း၊ မြားကလေးတော်တော့ကို မြင့်တက်သွားသလား ရှင်"

ယုသန်းကြီးက ခေါင်းမော့ကြည့်လိုက်ရာ မြားကလေးသည် ကောင်းကင်ပေါ်သို့ ထောင်တက်သွားပြီးနောက် . . .

"ဖောက်"

ရုတ်တရက် ပေါက်ကွဲသွားပြီးလျှင် ရောင်စုံမီးပန်းများ ဖြာထွက်သွားလေသည်။

ယုသန်းကြီး ထိတ်လန့်တုန်လှုပ်သွား၏။

အာကျို၏လက်ကိုဆွဲကာ -

"ကဲ - မြန်မြန်သွားကြစို့"

ဟု ပြောရင်း ပြေးလွှားသွားလေသည်။

အာကျိုသည် ယုသန်းကြီးဆွဲခေါ်ရာသို့ လိုက်ပါသွားရင်း -

"အစ်ကို ဘဲဒါ ဘာလုပ်တာလဲ၊ တော်ကြာဆို ကြယ်တံခွန် အဘိုးအို ရောက်လာတော့မှာ"

ယုသန်းကြီးသည် စကားမပြောဘဲ သူမအားဆွဲ၍ ပြေးလွှားနေ၏။

သုံးမိုင်ခန့်ရောက်ရှိတော့မှ ရပ်တန့်လိုက်သည်။

အာကျိုက လက်ကိုရုန်းလိုက်ပြီး -



"ဘာလဲ၊ အစ်ကိုက ကြယ်တံခွန်အဘိုးအိုနဲ့ ရင်မဆိုင်ရဲလို့လား"

ယုသန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ကျုပ်ကဘာဖြစ်လို့ ရင်မဆိုင်ရဲရမှာလဲ"

"ဒါဖြင့် အစ်ကိုက ဘာဖြစ်လို့ ထွက်လာရတာလဲ"

ယုသန်းကြီးက မချိပြုံး ပြုံးလိုက်ပြီး -

"အစ်ကိုက ကြောက်လို့ပြေးတာ မဟုတ်ဘူး၊ အစ်ကိုနဲ့သူနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ ညီမကိုထိခိုက်မိမှာစိုးလို့ ခေါ်လာတာပါ"

အာကျိုက ဝမ်းသာသွားသည်။

"ဒါဖြင့် အစ်ကိုက ဘယ်လိုစီစဉ်ထားသလဲ"

ယုသန်းကြီးက အာကျို၏ပခုံးကို အသာအယာပုတ်လိုက်ပြီး

"ညီမ ဒီမှာနေခဲ့၊ အစ်ကိုပြန်သွားပြီး ကြယ်တံခွန်အဘိုးအိုနဲ့ ယှဉ်ပြိုင်မယ်"

အာကျိုက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မနေခဲ့ဘူး၊ အစ်ကိုနဲ့အတူ လိုက်ခဲ့မယ်"

ယုသန်းကြီးမှာ အခက်ကြုံသွားသည်။

သူသည် မည်သို့ပြုလုပ်ရမည်ကို စဉ်းစားနေ၏။

ယုသန်းကြီး ဒုက္ခဖြစ်နေသည်ကို အာကျိုက လုံးဝမသိပါ။

သူမက ပြုံးလိုက်ပြီး -

"အစ်ကို"

ဟု တိုးတိုးညင်းညင်းခေါ်လိုက်သည်။

"ဘာလဲ ညီမ"

"ကြယ်တံခွန်အဘိုးတိုကို အနိုင်ရခဲ့ရင်၊ ကျွန်မအတွက် နောက်ထပ်တစ်ခု လုပ်ပေးရဦးမယ်နော်"

ယုသန်းကြီးက မျက်မှောင်ကုပ်သွားသည်။

"ဘာများလဲ ညီမ"

"ဒီလိုပါ ကျွန်မခဲ့တိုဟာ ကယ်ပါဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်တယ်၊ အခုကယ်ပါဂိုဏ်းသားတွေက သူ့ကို မောင်းထုတ်လိုက်တယ်၊ ဒါကြောင့် ကယ်ပါဂိုဏ်းက ခွေးရိုက်တုတ်ကိုသွားပြီး ယူလာနိုင်ခဲ့ရင် ကျွန်မခဲ့တိုက သိပ်ဝမ်းသာမှာပဲ"

ယုသန်းကြီးသည် ထိုစကားကြားလိုက်ရသောအခါ စိတ်မောစွာဖြင့် မြေပေါ်သို့ ထိုင်ချလိုက်လေသည်။

"ကဲ - ညီမ၊ ဒါပြီးရင် ဘာတွေလုပ်စရာ ရှိသေးတယ်ဆိုတာ တခါတည်းသာ ပြောလိုက်ပါတော့"

အာကျိုက ပြုံးလိုက်သည်။

"အို - အစ်ကိုကလဲ၊ နောက်တော့ ဖြည်းဖြည်းပြောမှာပေါ့"

ယုသန်းကြီးသည် သက်ပြင်းရှည်တစ်ချက်ချပြီး မြေပေါ်၌ လဲလျောင်းလိုက်လေသည်။

❖ ❖ ❖



## ကြယ်တံခွန်ဂိုဏ်းချုပ်

အာကျိုသည် မတ်တတ်ရပ်နေ၏။

သူမသည် ဝန်းကျင်ကိုနားစွင့်နေ၏။

ယုသန်းကြီးမှာမူ စိတ်ပျက်စွာဖြင့် မြေပေါ်တွင်ထိုင်နေသည်။

အတန်ကြာသွားသောအခါ အာကျိုက စိတ်မရှည်တော့ဟန်ဖြင့် -

"ဘယ့်နှယ်လဲ၊ အခုထိ ရောက်မလာသေးပါလား"

ယုသန်းကြီးမှာ အနည်းငယ်စိတ်သက်သာရာရသွားသည်။

"ညီမရဲ့ဆရာက မင်းပစ်လိုက်တဲ့မီးပန်းကို မတွေ့လို့ ဖြစ်မှာပေါ့"

အာကျိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်လိမ့်မယ်၊ ကျွန်မ နောက်ထပ်မြားတစ်စင်း ပစ်ရဦးမယ်နဲ့ တူတယ်"

အာကျိုစကားကြောင့် ယုသန်းကြီးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သူသည် အမှန်အတိုင်း ဖွင့်ပြောရန်ပင် စိတ်ကူးလိုက်မိသည်။

သို့သော် -

အမှန်အတိုင်း ပြောလိုက်လျှင် -

အာကျိုက မိမိအနားမှ ခွဲခွာသွားမည်မှာ မလွဲချေ။

ထို့ကြောင့် သူသည် ပြောမည့်စကားကို ပြန်လည်ထိန်းချုပ်ထားလိုက်ရလေသည်။

အာကျိုသည် မြေပေါ်သို့ထိုင်ချလိုက်ပြီး -

"အစ်ကို"

"ဘာလဲ ညီမ"

"ကျွန်မ အခုလိုမျက်လုံးကန်းသွားတာဟာ ကျွန်မဆရာရဲ့ လက်ချက်ကြောင့်ပါ"

"ဟုတ်ပါတယ်၊ ဒါကို အစ်ကိုသိပါတယ်"

အာကျိသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါကြောင့် ကျွန်မ သူ့ကိုကလဲ့စားချေချင်တာပါ"

"ဟုတ်တယ် ညီမစိတ်ချ၊ အစ်ကိုက ညီမအတွက် ကလဲ့စားချေ ပေးပါ့မယ်"

အာကျိ ဝမ်းသာသွားသည်။

"ကဲ ဒါဖြင့် ကျွန်မတို့ ဟိုနေရာကိုပြန်သွားကြမယ်"

ယုသန်းကြီးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ သွားကြပါစို့"

သူသည် အာကျိ၏လက်ကိုဆွဲကာ ထွက်ခွာသွားလေသည်။

သို့သော် -

သူသည် အချက်ပြမြား ပစ်လွှတ်သောနေရာသို့ ပြန်သွားခြင်း မဟုတ်ပါ။

ဆန့်ကျင်ဘက်ဖြစ်သော လမ်းဘက်သို့သာ ဦးတည်သွားနေခြင်း ဖြစ်သည်။

အာကျိသည် ယုသန်းကြီး၏အကြံကို မသိသဖြင့် -

ယုသန်းကြီး ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေတော့သည်။

ယုသန်းကြီးတို့သည် ဆက်၍လျှောက်သွားရာ သူတို့သည်



အချက်ပြမြားကလေးပစ်သောနေရာထက် များစွာဝေးသောနေရာသို့ ရောက်ရှိသွားလေသည်။

ယုသန်းကြီးက ခြေလှမ်းကိုရပ်တန့်လိုက်သည်။

"ဟင် . . . ကြယ်တံခွန်အဘိုးအို မရောက်သေးပါလား"

သူက ယင်းသို့လိမ်ပြီး ပြောဆိုနေ၏။

အာကျိသည် မူလနေရာသို့ ရောက်ရှိပြီဟုထင်မှတ်ကာ . . .

"ဟုတ်လားအစ်ကို၊ ကျွန်မလွှတ်လိုက်တဲ့ အချက်ပြမြား ကလေးကို သူမတွေ့လို့ဖြစ်မှာပါ"

ယုသန်းကြီး စိတ်သက်သာရာရသွားသည်။

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ ညီမ"

အာကျိက ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး အစ်ကို၊ ကျွန်မမှာ နောက်ထပ်အချက်ပြတဲ့ မြားကလေးတစ်စင်း ကျန်သေးတယ်"

ယုသန်းကြီးက ဟန့်တားလိုက်သည်။

"မလိုပါဘူး၊ သူမရှိလို့ ဖြစ်မှာပါ"

သို့သော် -

အာကျိ၏ လှုပ်ရှားမှုကား အလွန်လျင်မြန်လှပေသည်။

သူမသည် ဒုတိယ အချက်ပြမြားကလေးအား ကောင်းကင်ပေါ်သို့ ပစ်လွှင့်လိုက်ပြန်လေတော့သည်။

❖ ❖ ❖

"ဖောက်"

အချက်ပြမြားကလေးသည် ကောင်းကင်ပေါ်၌ ပေါက်ကွဲသွားသည်။

ရောင်စုံမီးပန်းများသည် လှပစွာ ဖြာထွက်နေ၏။

ယုသန်းကြီးသည် -

ထိုအချက်ပြမြားကိုကြည့်၍ စိတ်ထဲ၌ တုန်လှုပ်ချောက်ချားနေ၏။

သူသည် ထိတ်ထိတ်ပျာပျာဖြစ်ကာ မည်သို့ပြုလုပ်ရမှန်းမသိဘဲ ဖြစ်နေလေသည်။

ထိုစဉ်မှာပင် -

အသံတစ်ခုသံ အဝေးမှ အနီးသို့ လွင့်ပျံ့လာသည်ကို ကြားလိုက်ရလေသည်။

"အာကျို၊ မင်းက ဂိုဏ်းထဲကိုပြန်လာချင်တယ် ဟုတ်လား"

ကြယ်တံခွန်အဘိုးအို၏အသံပင် ဖြစ်ပါသည်။

"ဟုတ်ပါတယ်ဆရာ၊ ကျွန်မဂိုဏ်းထဲကို ပြန်ဝင်ချင်လို့ပါ၊ မြန်မြန်လာခဲ့ပါဆရာရယ်"

"အေး - ဆရာလာပြီ"

စကားဆုံးသွားသည်နှင့် ...

ကြယ်တံခွန်အဘိုးအိုသည် သူ့ထံသို့ ရောက်ရှိလာလေသည်။

ယုသန်းကြီးသည် ထိတ်လန့်တုန်လှုပ်ကာ မတ်တတ်ပင် မရပ်နိုင်တော့ဘဲ ကျောက်တုံးတစ်တုံးပေါ်သို့ ထိုင်ချလိုက်ရလေသည်။



အာကျိုသည် ယုသန်းကြီးအနီး၌ ကပ်၍ရပ်လိုက်သည်။

ကြယ်တံခွန်အဘိုးအိုရောက်ရှိလာသည်ကို သူမစိတ်ထဲ၌ ကြောက်ရွံ့ကာ ရင်ခုန်နေလေသည်။

❖ ❖ ❖

ကြယ်တံခွန်အဘိုးအိုသည် လက်နှစ်ဖက်နောက်ပစ်ပြီး ဝါးတစ်ရိုက်ခန့်အကွာ၌ ရပ်နေ၏။

သူ၏မျက်လုံးအစုံသည် စူးရှစွာဖြင့် ယုသန်းကြီးအား အကဲခတ်နေလေ၏။

ယခု -

ယုသန်းကြီးတွင် သံမဏိခေါင်းစွပ် မရှိတော့ပြီဖြစ်သည်။

သူ၏မျက်နှာတစ်ခုလုံးမှာလည်း အမာရွတ်များပြည့်လျက်ရှိနေ၏။

ကြယ်တံခွန်အဘိုးအိုသည် အလွန်အကျည်းတန်သော ယုသန်းကြီးအား အတန်ကြာကြည့်ပြီးမှ ...

"မိတ်ဆွေက ဘယ်သူလဲ"

အာကျိုသည် သူ၏ဆရာက ယင်းသို့မေးနေသည်ကို ကြားလိုက်ရသဖြင့် -

ဝမ်းစင်းထင်မှာ အလွန်ခန့်ညားသော ယောကျ်ားတစ်ယောက်ဟုလည်း စိတ်ထဲ၌ထင်မှတ်မိလိုက်လေသည်။

ယုသန်းကြီးမှာမူ -

ကြယ်တံခွန်အဘိုးအို ရောက်ရှိလာသည်ကို တွေ့မြင်ရသဖြင့် ကြောက်ရွံ့ထိတ်လန့်ပြီး စကားကိုပင် ပြန်မပြောဝံ့ပါချေ။

အာကျိုက ခစ်ခနဲ ရယ်မောလိုက်လေသည်။

"ဒီမှာ ကြယ်တံခွန်အဘိုးအို သူ့ကို ရှင်မြင်ဖူးသလား"

ကြယ်တံခွန်အဘိုးအိုသည် -

အာကျိုက မိမိအား ဆရာမခေါ်ဘဲ နာမည်ကိုသာခေါ်လိုက်သည်ကို ကြားရသောအခါ ဒေါသထွက်သွားလေသည်။

သို့သော် -

ယုသန်းကြီးအား မမှတ်မိသဖြင့် မည်သူ မည်ဝါမှန်းမသိ၍ ဒေါသကို ချုပ်တီးထားလိုက်လေသည်။

"မသိပါဘူးဗျာ . . . သူက ဘယ်သူတဲ့တုန်း"

အာကျိုက ပြုံးလိုက်သည်။

"မသိရင်တော့ ပြောပြရဦးမှာပေါ့ . . . သူက စိတ်ချမ်းသာဂိုဏ်းရဲ့ ဂိုဏ်းချုပ် ဝမ်စင်းထင်ပေါ့"

ကြယ်တံခွန်အဘိုးအို မျက်မှောင်ကုပ်သွားလေသည်။

"ဘယ်လို . . . စိတ်ချမ်းသာဂိုဏ်းဆိုတာ ကျုပ်မကြားဘူးပါလား"

အာကျိုသည် -

ယုသန်းကြီးဘက်သို့ လှည့်လိုက်လေသည်။

"ကဲ - အစ်ကို၊ အစ်ကိုတို့ရဲ့ဂိုဏ်းကို မသိဘူးဆိုပါလား၊ သူ့ကိုအစွမ်းပြလိုက်စမ်းပါ"

ကြယ်တံခွန်အဘိုးအို ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။



"သူက ဘာဖြစ်လို့အစွမ်းပြရမှာလဲ"

အာကျိုက အေးတိအေးစက်ဖြင့် -

"ရှင်က ကြယ်တံခွန်ဂိုဏ်းချုပ်နေရာကိုယူထားတာ တော်တော်ကြာသွားပြီ - လူလဲဖို့တော်သင့်ပြီလို့ထင်ပါတယ်"

ကြယ်တံခွန်အဘိုးအို ဒေါသလည်းထွက် ရယ်လည်း ရယ်လာလေသည်။

"ဒါဖြင့်ဂိုဏ်းချုပ်နေရာကို ဘယ်သူက ဘယ်သူ့ကို တင်ရမှာလဲ"

အာကျိုသည် သူမ၏နှာခေါင်းကိုညွှန်ပြလိုက်ပြီး -

"ကျွန်မလုပ်မှာပေါ့ - ရှင်က ကျွန်မရဲ့လက်အောက်မှာ နေရမယ်၊ ဘယ့်နှယ်လဲ"

ကြယ်တံခွန်အဘိုးအိုသည် ဆက်လက်၍ သည်းမခံနိုင်တော့ပါ။

"ဘာကွ"

သူသည် -

အာကျိုထံသို့ တိုက်ခိုက်ရန် ပြေးလွှားသွား၏။

ယုသန်းကြီးသည် -

ကြယ်တံခွန်အဘိုးအိုက အာကျိုထံသို့ တိုက်ခိုက်ရန် ပြေးလာနေသည်ကို တွေ့မြင်ရသောအခါ ထိတ်လန့်သွားပြီး . . .

"ဟေ့ - ရပ်လိုက်စမ်း"

ဟု ဟန့်တားလိုက်လေသည်။

ကြယ်တံခွန်အဘိုးအိုသည် အတွေ့အကြုံ အလွန်ရင့်ကျက်သော သိုင်းပါရဂူတစ်ယောက် ဖြစ်နေလေရာ -

ယုသန်းကြီး၏အသံကို ကြားလိုက်ရသည်နှင့် -

ယုသန်းကြီးမှာ အတွင်းအားအလွန် ပြင်းထန်သော သိုင်းပညာရှင်တစ်ယောက်ဖြစ်သည်ဟု သိရှိလိုက်ရလေသည်။

ထို့ကြောင့် သူသည် -

အာကျိုအား တိုက်ခိုက်ခြင်းမပြုတော့ဘဲ -

ယုသန်းကြီးထံသို့ တိုက်ခိုက်လိုက်လေသည်။

ယုသန်းကြီး ထိတ်လန့်တုန်လှုပ်သွားလေသည်။

အသေခံမည့်အတူတူ ပြန်လည်တိုက်ခိုက်ရန် တွေးမိလိုက်လေသည်။

သူသည် တိုက်ခိုက်လာသော -

ကြယ်တံခွန်အဘိုးအိုအား လက်နှစ်ဖက်ဖြင့် တွန်းထုတ်လိုက်လေသည်။

သူ၏လှုပ်ရှားဟန်မှာ သိုင်းကွက်လုံးဝမရှိပါ။

သို့သော် . . .

အလွန်အေးစိမ့်သော အငွေ့အသက်တစ်ခုသည်။

ကြယ်တံခွန်အဘိုးအိုထံသို့ လွင့်ပျံ့သွားလေသည်။

ကြယ်တံခွန်အဘိုးအို ထိတ်လန့်သွားပြီး -

ဘေးသို့ ခြေနှစ်လှမ်းလှမ်း၍ ရှောင်တိမ်းလိုက်ရလေသည်။

"ခင်ဗျားက ဘယ်သူလဲဗျ"

သူသည် အံ့ဩစွာဖြင့် မေးလိုက်လေသည်။

ယုသန်းကြီးက ထိတ်လန့်တုန်လှုပ်စွာဖြင့် ကြောင်၍ ကြည့်နေလေသည်။



မည့်သို့မျှ ပြန်မပြောဝံ့ဘဲ ဖြစ်နေလေသည်။

အာကျို မျက်မှောင်ကုပ်သွားသည်။

"အစ်ကို ရှင်ကသိုင်းကွက်တစ်ကွက်တည်းနဲ့ သူ့ကိုအသာရနေပြီးမှ ဘာဖြစ်လို့ ဆက်မတိုက်တာလဲ"

ယုသန်းကြီးက ကြောင်အမ်းအမ်းဖြင့် -

"အစ်ကိုက အသာရလိုက်တယ်ဟုတ်လား"

ဟု ပြန်ပြီး မေးနေလေသည်။

"ကျွန်မမျက်လုံးက မမြင်ရပေမယ့် အသံကြားလိုက်ရတာနဲ့ သိတာပေါ့"

ကြယ်တံခွန်အဘိုးအိုသည် ယုသန်းကြီး၏ အတွင်းအားမှာ ထူးဆန်းနေသည်ကို တွေ့မြင်လိုက်ရသဖြင့် -

"ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်သိပြီ"

ယုသန်းကြီး ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

"ခင်ဗျား - ခင်ဗျားကသိတယ် ဟုတ်လား"

"သိတာပေါ့ - ခင်ဗျားဟာ သံမဏိခေါင်းစွပ်ရဲ့ ဆရာဖြစ်ရမယ်"

အာကျိုက ကြားဖြတ်လိုက်သည်။

"ဟင် - အစ်ကိုမှာ သံမဏိခေါင်းစွပ်တဲ့ တပည့်တစ်ယောက်ရှိတယ် ဟုတ်လား"

ယုသန်းကြီးက ထစ်ထစ်ငေါ့ငေါ့ဖြင့် -

"ဟုတ် - ဟုတ်တယ်၊ အစ်ကိုမှာ သံခေါင်းစွပ်တဲ့ တပည့်တစ်ယောက်ရှိတယ်"

ကြယ်တံခွန်အဘိုးအိုသည် ထိုစကားကြားလိုက်ရသောအခါ ထိတ်လန့်သွားလေသည်။

သူသည် တိုက်ခိုက်ရန် ဟန်ပြင်ထားသော်လည်း -

ရုတ်တရက် မတိုက်ခိုက်ဝံ့ဘဲ ရပ်နေလေသည်။

ယုသန်းကြီးသည် ကြယ်တံခွန်အဘိုးအို၏ စူးရှသောမျက်လုံးအစုံအား တွေ့မြင်လိုက်ရသဖြင့် ဒူးထောက်ပြီးတောင်းပန်ရန် အကြိမ်ကြိမ်စိတ်ကူး ပေါ်ပေါက်ခဲ့လေသည်။

အာကျိုက သိရှိသွားပါလျှင် သူ၏တစ်သက်မှာ အာကျိုနှင့်နီးစပ်ရတော့မည် မဟုတ်ဟုလည်း တွေးမိထားသဖြင့် -

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တင်းခံနေလေသည်။

ထို့ပြင် -

သူ၏ ဒူးခေါင်းမှာလည်း တဆတ်ဆတ်နှင့်တုန်ခါ၍ နေလေသည်။

ယုသန်းကြီးသည် -

ဒူးခေါင်းတဆတ်ဆတ်တုန်ခါ၍ရပ်နေ၏။

ကြယ်တံခွန်အဘိုးအိုကလည်း သူ့အား စူးစိုက်စွာ အကဲခတ်ကြည့်ရင်းရပ်နေ၏။

အတန်ကြာသွားသည့်တိုင်အောင် မည်သူကမှ စတင်တိုက်ခိုက်ခြင်း မရှိပါ။

အာကျိုသည် ဒူးတဆတ်ဆတ်တုန်နေသောအသံများ ကြားလိုက်ရသဖြင့် -

"အစ်ကို ဘယ်သူက တုန်ခါနေရတာလဲ"

"ဘယ်သူမှ တုန်တုန်ခါခါမလုပ်ပါဘူး"

ယုသန်းကြီးက တုန်တုန်ယင်ယင်ဖြင့် ပြန်ဖြေလိုက်သည်။

အာကျို ထိတ်လန့်သွား၏။



"ဟင် - အစ်ကိုတုန်နေတာ မဟုတ်လား"

"မ - မဟုတ်ရပါဘူးဗျာ"

"ဒါဖြင့် ဘာဖြစ်လို့တုန်နေရတာလဲ"

"အစ်ကိုက သိုင်းပညာရပ်များရဲ့အတွင်းအားကို သွင်းနေတာပါ"

"ဒါဖြင့် အစ်ကိုကဘာဖြစ်လို့ သူ့ကိုမတိုက်သေးတာလဲ"

"ဟုတ် - ဟုတ်ကဲ့၊ အစ်ကိုစပြီးတိုက်ခိုက်ပါတော့မယ်"

ယုသန်းကြီးသည် ပြောပြီးသည်နှင့် လက်တစ်ဖက် ဖြည်းညှင်းမြှောက်လိုက်သည်။

ကြယ်တံခွန်အဘိုးအိုသည် ယုသန်းကြီးက တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်ကို တွေ့မြင်လိုက်ရသောအခါ -

ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သူသည် ဝဲဖက်လက်ဝါးဖြင့် ရင်ဝကို အကာအကွယ်ပြုထားသည်။

ယာဖက်လက်ဝါးသည် အပေါ်သို့မြှောက်ကာ ခုခံရန် အသင့်ပြင်ထားသည်။

ယုသန်းကြီးသည် လက်မြှောက်လိုက်ပြီးမှ -

ကြယ်တံခွန်အဘိုးအိုက တိုက်ခိုက်ရန်ဟန်ပြင်နေသည်ကို တွေ့လိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်ပြီး လက်တစ်ခုလုံးသည် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။

ကြယ်တံခွန်အဘိုးအို မျက်မှောင်ကုပ်သွားသည်။

သူသည် သိုင်းကွက်အမျိုးမျိုး မြင်တွေ့ဖူးသည်။

သို့သော် -

ယခုကဲ့သို့ လက်တစ်ဖက်လုံး တုန်တုန်ခါခါဖြစ်နေသော သိုင်းကွက်မျိုးအား တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဘူးသဖြင့် အံ့ဩထိတ်လန့်နေသည်။

သူသည် ယှဉ်ပြိုင်ရန် မဝံ့မရဲဖြစ်လာသည်။

နောက်သို့ခြေတစ်လှမ်း ပြန်လည်ဆုတ်သွားကာ -

"အာကျို"

ဟု လှမ်းခေါ်လိုက်သည်။

"ဘာပြောမလို့လဲ"

အာကျို၏လေသံသည် တင်းမာနေ၏။

ကြယ်တံခွန်အဘိုးအိုက သူမအားတစ်ချက်ကြည့်လိုက်ပြီး -

"မင်းငါ့ကိုခုခံရင် ဘယ်လိုအဖြစ်မျိုးကြုံတွေ့ရမယ်ဆိုတာ သိသလား"

"သိသားပဲ"

"ဒါဖြင့် ဆရာ့ကိုတောင်းပန်ရင် ဆရာက ခွင့်လွှတ်လိုက်မယ် ဘယ့်နှယ်လဲ"

အာကျိုသည် အလွန်ဉာဏ်ပညာထူးချွန်သော မိန်းကလေးတစ်ယောက်ဖြစ်သည်။

ကြယ်တံခွန်အဘိုးအိုမှာ ယှဉ်ပြိုင်ရန် ကြောက်ရွံ့နေသည်ကို ချက်ချင်းသတိထားလိုက်လေသည်။

သူမက ပြုံးလိုက်သည်။

"ကျွန်မက ဘာဖြစ်လို့ တောင်းပန်ရမှာလဲ၊ ရှင်ကသာကျွန်မကို ဂိုဏ်းချုပ်နေရာပေးပြီး ကျွန်မလက်အောက်မှာ နေပါ့မယ်လို့ ကတိပေးပါ"



အာကျို၏စကားကြောင့် -

ကြယ်တံခွန်အဘိုးအိုမှာ ဆက်၍သည်းမခံနိုင်တော့ပါ။

သူသည် ဒေါသချောင်းချောင်းထွက်လာပြီးလျှင် -

ယုသန်းကြီးအား စိုက်ကြည့်နေ၏။

ယုသန်းကြီးက ခက်ထန်စွာဖြင့် အသံကိုမြှင့်လိုက်သည်။

"အာကျိုက ကြယ်တံခွန်ဂိုဏ်းချုပ်နေရာလိုချင်တယ်၊ ခင်ဗျားကဖယ်ပေးလိုက်ပါ"

ကြယ်တံခွန်အဘိုးအိုသည် မတတ်နိုင်တော့ပါ၊ ယှဉ်ပြိုင်ရန်ဆုံးဖြတ်လိုက်လေသည်။

သူသည် စကားမပြောတော့ဘဲ သူ၏လက်ဝါးဖြင့် ယုသန်းကြီး၏ရင်ဝသို့ ဖြည်းညှင်းစွာတွန်းထုတ်လိုက်လေသည်။

ကြယ်တံခွန်အဘိုးအိုက တိုက်ခိုက်လာသည်ကို တွေ့လိုက်ရသောအခါ ယုသန်းကြီးတစ်ကိုယ်လုံးသည် တုန်တုန်ယင်ယင်ဖြစ်သွားပြီး မြေပေါ်သို့ ဖင်ထိုင်ကျသွားလေသည်။

ကြယ်တံခွန်အဘိုးအိုက ယုသန်းကြီးဖင်ထိုင်ကျသွားသည်ကို တွေ့လိုက်ရသောအခါ သူ၏လက်ဝါးနှစ်ဖက်သည် လျှင်မြန်စွာဖြင့် ယုသန်းကြီးထံသို့ တွန်းထိုးလိုက်လေသည်။

ယုသန်းကြီး ရင်ထိတ်သွားသည်။

နောက်သို့ကမန်းကတန်း လှဲချလိုက်လေသည်။

ကြယ်တံခွန်အဘိုးအိုသည် ယုသန်းကြီးက ခုခံခြင်းမရှိသည်ကို တွေ့လိုက်ရသဖြင့် စိတ်ရဲလာလေသည်။

သူသည် မဲ့ပြုံးပြုံးပြီးလျှင် ရှေ့သို့ခြေလှမ်းကိုတိုး၍ လက်ဝါးတစ်ဖက်ဖြင့် ထပ်မံရိုက်ချလိုက်သည်။

ယုသန်းကြီး ထိတ်လန့်တုန်လှုပ်သွားသည်။

အခြေအနေမဟန်မှန်းသိရသဖြင့် ဦးချတောင်းပန်ရန် ဒူးထောက်လိုက်လေသည်။

ရုတ်တရက် -

သူရရှိထားသော သိုင်းပဒေသာကျမ်းပေါ်မှ ပုံတစ်ပုံကို သွားရောက်သတိရမိလိုက်သည်။

ယင်းသို့ သတိရလိုက်သည်နှင့် -

သူသည် လက်ဝါးတစ်ဖက်ဖြင့် အပေါ်သို့ တွန်းထည့်လိုက်လေသည်။

ယင်းသို့ဖြင့် သူ၏လက်ဝါးသည် ကြယ်တံခွန်အဘိုးအို၏ လက်ဝါးကို ပြင်းထန်စွာ ရိုက်မိသွားလေသည်။

"ဝုန်း . . ."

ကြယ်တံခွန်အဘိုးအို၏ ခန္ဓာကိုယ်သည် နောက်သို့ဝါးတစ်ရိုက်ခန့်လွင့်သွား၏။ ကြယ်တံခွန်အဘိုးအိုက အရှိန်ကိုအမြန်ဆုံးထိန်းလိုက်တော့မှ ရပ်တန့်သွားလေသည်။

သူသည် ဒူးထောက်နေသော ယုသန်းကြီးအား မျက်လုံးပြူး၍ ကြည့်နေလေသည်။ ယုသန်းကြီးမှာမူ မျက်လုံးစုံမှိတ်ထားရာမှ ဖွင့်ကြည့်လိုက်သည်။

ကြယ်တံခွန်အဘိုးအိုက ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်ရှိနေသည်ကို တွေ့ရသဖြင့် အကြီးအကျယ်အံ့ဩသွားသည်။

အာကျိသည် ကြယ်တံခွန်အဘိုးအို အဝေးသို့လွင့်သွားသည်ကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားသည်။



"အစ်ကို ကြယ်တံခွန်အဘိုးအို အသက်မှရှိသေးရဲ့လား"

ကြယ်တံခွန်အဘိုးအိုက ဒေါသချောင်းချောင်းထွက်နေသည်။

"ဟင် ကျုပ်ကိုအသေသတ်ဖို့တော့ မလွယ်သေးဘူးကွဲ့"

အာကျိက မဲ့ပြုံး ပြုံးလိုက်သည်။

"လွယ်ပါတယ်ရှင်၊ ရှင့်ကိုအခုပဲသတ်နိုင်းလိုက်မယ်"

သူမသည် -

ယုသန်းကြီးဘက်သို့ လှည့်လိုက်ပြီး -

"တဲ - အစ်ကို၊ သူ့ကိုတစ်ခါထဲသာ အသေသတ်လိုက်ပါတော့"

ယုသန်းကြီးသည် -

ကြယ်တံခွန်အဘိုးအိုက အဘယ့်ကြောင့် နောက်သို့ဆုတ်သွားသည်ကို မသိပါချေ။

သူသည်အေးဆေးသော ဟန်မူရာဖြင့် -

"အိုညီမကလဲ၊ ကြယ်တံခွန်ဂိုဏ်းချုပ်နေရာရရင် တော်ရောပေါ့၊ သူ့ကို အသက်ချမ်းသာပေးလိုက်ပါကွာ"

အာကျိသည် -

ကြယ်တံခွန်အဘိုးအိုဘက်သို့ လှည့်လိုက်လေသည်။

"တဲ - ရှင်ကြားတယ်မဟုတ်လား၊ အခုအချိန်ကစပြီး ကျွန်မဟာ ကြယ်တံခွန်ဂိုဏ်းချုပ် ဖြစ်သွားပြီ"

ကြယ်တံခွန်အဘိုးအိုသည် ဒေါသချောင်းချောင်း ထွက်နေလေသည်။

"ဘာကွ၊ ကျုပ်ကသာ ကြယ်တံခွန်ဂိုဏ်းရဲ့ဂိုဏ်းချုပ်"

အာကျိက မဲ့ပြုံး ပြုံးလိုက်သည်။

"ရှင်မရှက်ဘူးလား - ရှုံးတဲ့လူက သူ့မှာရှိတဲ့ရာထူးကို ပေးရမယ်ဆိုတာ ကြယ်တံခွန်ဂိုဏ်းရဲ့ စည်းကမ်းချက်မဟုတ်လား"

ကြယ်တံခွန်အဘိုးအိုသည် မည်သို့ပြန်ပြောရမှန်းမသိဘဲ ဆိတ်ဆိတ်နေလိုက်ရလေသည်။

အာကျိုက ရှေ့သို့ခြေတစ်လှမ်း တိုးလိုက်လေသည်။

"တဲ - ရှင် အခုအချိန်ကစပြီး သွားလိုရာ သွားနိုင်ပါပြီ - ဒါပေမယ့် ရှင်ဟာ ကြယ်တံခွန်ဂိုဏ်းချုပ်လို့ လုံးဝမပြောရတော့ဘူး ဒါပဲ"

ကြယ်တံခွန်အဘိုးအိုသည် ဒေါသချောင်းချောင်းထွက်ကာ ယုသန်းကြီးအား တစ်ချက်ကြည့်လိုက်လေသည်။

သူသည် -

ယုသန်းကြီးအား မနိုင်မှန်းသိထားသဖြင့် ဆက်လက်၍ စကားမပြောတော့ဘဲ ချာခနဲလှည့်ကာ ထိုနေရာမှ ပြေးလွှားထွက် ခွာသွားလေတော့သည်။

❖ ❖ ❖

ယခုမှ ယုသန်းကြီးက မတ်တတ်ရပ်လာနိုင်လေသည်။

"အစ်ကိုရေ - အစ်ကို"

အာကျိုက ချိုလွင်စွာဖြင့် ခေါ်လိုက်လေသည်။

ယုသန်းကြီးသည် အာကျိုထံသို့ လျှောက်သွား၏။

အာကျိုက သူ၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်လေသည်။



"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ် - အခုအချိန်ကစပြီး ကြယ်တံခွန်ဂိုဏ်းချုပ် ဖြစ်ပြီရှင့်"

ယုသန်းကြီးသည် -

အာကျို၏ပခုံးအား အသာအယာ သိုင်းဖက်ထားလိုက်လေသည်။

သူ၏စိတ်ထဲ၌ ဝမ်းသာခြင်း၊ ပီတိဖြစ်ခြင်း၊ ကျေနပ်ခြင်း စသည့်ခံစားချက်များကို တစ်ပြိုင်နက်ခံစားလိုက်ရလေသည်။

အတန်ကြာမှ အာကျိုကပြုံးလိုက်သည်။

"အစ်ကိုရဲ့သိုင်းပညာက တော်တော့ကို အံ့ဩစရာကောင်းတယ်၊ အခုကြည့်စမ်း၊ လူတိုင်းက ကြောက်ရွံ့နေရတဲ့ ကြယ်တံခွန် အဘိုးအိုကို ရှင်က အနိုင်ယူလိုက်တယ်မဟုတ်လား"

ယုသန်းကြီးသည် -

ရင်ကို ကော့ထားလိုက်လေသည်။

"ဟား . . . ဟား . . . ကြယ်တံခွန်အဘိုးအိုလောက်တော့ အစ်ကို့အဖို့ အသေးအမွှားပါ"

အာကျိုက တဖြည်းဖြည်း ရယ်မောလိုက်လေသည်။

"ဟုတ်ပါတယ်ရှင် . . . ဒါကြောင့် ကျွန်မတို့မှာ လုပ်စရာတွေ အများကြီး ကျန်သေးတယ်ရှင့်"

ယုသန်းကြီး မျက်လုံးပြူးသွားသည်။

"လုပ်စရာတွေ အများကြီးကျန်သေးတယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာများလုပ်စရာတွေ ရှိသေးလို့လဲ"

"အစ်ကိုမေ့နေပြီထင်တယ် - ကယ်ပါဂိုဏ်းက ခွေးရိုက်တုတ်

ကို သွားပြီးလုယူရဦးမယ် မဟုတ်လား"

ယုသန်းကြီး ရင်ထိတ်သွားလေသည်။

"အို - ဒီခွေးရိုက်တုတ်က ဘာလုပ်ဖို့တုန်း"

အာကျိုက ရယ်မောလိုက်သည်။

"ခွေးရိုက်တုတ်ကို အထင်မသေးပါနဲ့ရှင် - ခွေးရိုက်တုတ်ဟာ ကယ်ပါဂိုဏ်းရဲ့ဂိုဏ်းချုပ်အမှတ်အသား တစ်ခုပဲရှင့်"

ယုသန်းကြီး မျက်မှောင်ကုပ်သွားလေသည်။

"ဟောဗျာ - ညီမက ကယ်ပါဂိုဏ်းရဲ့ နေရာကိုလိုချင်ပြန်ပြီထင်တယ်"

အာကျိုက ပြုံးလိုက်သည်။

"ဟုတ်တာပေါ့ ... ဒါပေမယ့် ဒီခွေးရိုက်တုတ်ကိုရရင်၊ ကျွန်မခဲအိုလက်ထဲ သွားအပ်လိုက်မယ် ... သူကလက်မခံရင်တော့ ကျွန်မကပဲ ကယ်ပါဂိုဏ်းချုပ်နေရာကို ယူထားရမှာပေါ့"

ယုသန်းကြီးသည် -

ထိုစကားကြားလိုက်ရသောအခါ ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

❖ ❖ ❖



## မြွေနိုင်ဘုန်းတော်ကြီး

ယုသန်းကြီးသည် အာကျို၏လက်ကိုဆွဲကာ -

ခရီးဆက်လက် သွားနေသည်။

သူတို့သည် သုံးရက်ခန့်ခရီးဆက်လာသောအခါ -

မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

လမ်းသွားလမ်းလာ လူများသည် -

သူတို့အားကြည့်၍ အမျိုးမျိုး ဝေဖန်ပြောဆိုသံများ ထွက်ပေါ်လာလေသည်။

"ကြည့်စမ်း ... ဟိုလူရဲ့ပုံက တစ်မျိုးကြီးပဲနော်"

"ဟုတ်တယ်၊ ဒီလိုလူမျိုးကို ကျုပ်တို့တစ်ခါမှမမြင်ဖူးဘူး"

"ဒီလိုလူမျိုး ရှားမှရှားပါ့ကွာ"

အာကျိုသည် ထိုဝေဖန်ပြောဆိုသံများကို ကြားလိုက်ရသဖြင့်

ယုသန်းကြီးမှာ အလွန်ရုပ်ချောပြီး ခန့်ညားသည်ဟု ထင်မှတ်မိလိုက်လေသည်။

သူမသည် ပို၍ပီတိဖြစ်သွားလေသည်။

ယုသန်းကြီးမှာမူ မိမိရုပ်ဆိုးသည်ကို ဝေဖန်ပြောဆိုနေကြခြင်းဖြစ်သည်ကို နားလည်လိုက်လေသည်။

ထို့ကြောင့် -

ခေါင်းကိုငုံ့ကာ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားနေလေသည်။

အာကျိုက သဘောကျစွာနှင့်လျှောက်နေရင်း -

တစ်စုံတစ်ရာကို သတိရလာလေသည်။

"အစ်ကို . . . ကျွန်မတို့သွားမယ့်ခရီးက အတော်ဝေးနေတော့ မြင်းတစ်ကောင်ဝယ်ရင် မကောင်းဘူးလား၊"

"ကောင်းပါတယ် ညီမ"

ယုသန်းကြီးသည် ပြောဆိုယင်း -

မြင်းများရောင်းချနေသော ပွဲရုံတစ်ခုသို့ လျှောက်သွားလေသည်။

ပွဲရုံထဲမှလူများသည် ယုသန်းကြီးအား တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ် သွားကြလေသည်။

ယုသန်းကြီးက မြင်းနှစ်ကောင်ကို ဆွဲခေါ်သွားသည့်တိုင်အောင် ပည်သူကမှ ဝင်ရောက်ဟန့်တားခြင်း မပြုပါ။

သူတို့သည် မြင်းပေါ်သို့တက်လိုက်ပြီး မောင်းနှင်ကာ မြို့ပြင်သို့ ထွက်ခွာသွားလေသည်။

အာကျိုက ရယ်မောလိုက်ပြီး -

"အစ်ကိုက တော်တော့်ကိုသြဇာအာဏာရှိတာဘဲနော်၊ လူတွေကြည့်ရတာ အစ်ကို့ကိုကြောက်ပုံရတယ်"

ယုသန်းကြီးက မချိပြုံးပြုံးလိုက်သည်။

"အစ်ကိုက သူတို့ကို ဘာမှမလုပ်ပါဘူးကွယ်၊ သူတို့က အစ်ကို့ကို ကြောက်တယ်ဆိုတော့လည်း ဘာတတ်နိုင်မှာလဲ"

သူတို့သည် ယင်းသို့ပြောရင်း အနောက်ဘက်စူးစူးသို့ ခရီးဆက်သွားကြလေတော့သည်။

❖ ❖ ❖



ယုသန်းကြီးသည် လူသူကင်းဝေးသောနေရာသို့သာ ရွေးချယ်ပြီး ဆက်၍လျှောက်သွားသည်။

သူသည် ခုနစ်ရက်ခန့် ခရီးထွက်လာပြီးသောအခါ -

အလွန်ခေါင်သော တောင်တန်းတစ်ခုသို့ ရောက်ရှိလာသည်။

အာကျိုသည် သက်ာမကင်းဖြစ်လာသည်။

"အစ်ကို ကျွန်မတို့ မြို့ကိုမရောက်သေးဘူးလား"

"ရောက်ခါနီးပါပြီကွယ်၊ ဟိုရှေ့ကို နောက်ထပ်လျှောက်သွားရင် မြို့ကလေးတစ်မြို့တော့ တွေ့မှာပါ"

အာကျိုက မျက်မှောင်ကုပ်သွားသည်။

"ကျွန်မဖြင့် လူသံသူသံတောင် မကြားမိပါလား၊ ဒီနေရာကို ဘာဒေသလို့ ခေါ်သလဲ"

"မသိပါဘူးညီမရယ်"

"နေပါဦး၊ ကျွန်မတို့အခုလာတဲ့ လမ်းတစ်လျှောက်လုံးမှာ လူသံသူသံလည်း မကြားရပါလား"

"ဒါတော့ အစ်ကိုတို့ မြို့ထဲရောက်တဲ့အချိန်က ညဥ့်နက်နေလို့ပါ"

အာကျိုသည် နှုတ်ခမ်းစူထားသည်။

"မဟုတ်ဘူး၊ အစ်ကိုကျွန်မကိုလိမ်နေတာထင်တယ်"

ယုသန်းကြီးသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"အို . . . မဟုတ်တာ၊ အစ်ကိုက ဘာဖြစ်လို့ လိမ်ရမှာလဲ"

အာကျိုက နှုတ်ခမ်းစူထားသည်။

"အခု ကျွန်မတို့ခရီးထွက်လာခဲ့တာ ခုနစ်ရက်၊ ရှစ်ရက်တောင် ရှိသွားပြီ၊ ဘာဖြစ်လို့ လူသံသူသံမကြားရပါလိမ့်"

"ဒါကတော့ကွယ်၊ ခရီးမြန်မြန်တွင်အောင် ညဘက်မှ မြို့ထဲရောက်ပြီး မနက်မိုးမလင်းခင် ထွက်လာရလို့ပါ"

"ထားပါတော့လေ၊ အခုကျွန်မကို ကျွန်မခဲအိုဆီ အရင်ပို့ပေးပါလား"

ယုသန်းကြီးက ရင်ထိတ်သွားသည်။

"ညီမက ညီမခဲအိုဆီပြန်သွားမယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်မခဲအိုက မြို့စားကြီးရှင့်၊ ကျွန်မလဲ ဟိုရောက်ရင် သခင်မလေးဖြစ်မယ် မဟုတ်လား"

ယုသန်းကြီး ခေါင်းခါယမ်းလိုက်သည်။

"ညီမရယ်၊ ဘာဖြစ်လို့ ဟိုပြန်သွားချင်ရတာလဲ၊ အစ်ကိုနဲ့နေရတာ မပျော်လို့လား"

"ပျော်တော့ပျော်ပါတယ်၊ ဒါပေမယ့် ကျွန်မက ရှင့်လိုအဖော်တစ်ယောက်ရတယ်ဆိုတာ ကျွန်မခဲအိုကို ကြွားချင်သေးတယ်ရှင့်"

ယုသန်းကြီး ပါးစပ်ပိတ်ထားလိုက်ရလေသည်။

❖ ❖ ❖

မြင်းနှစ်ကောင်သည် ယှဉ်၍သွားနေ၏။

ယုသန်းကြီးနှင့် အာကျိုသည် မြင်းသွားရာသို့ လိုက်ပါသွားသည်။

သူတို့နှစ်ယောက်သည် စကားတစ်ခွန်းမှ မပြောကြတော့ဘဲ ဆိတ်ဆိတ်နေကြ၏။

ယင်းသို့ဖြင့် -



နောက်ထပ်အတန်ကြာ လျှောက်သွားသောအခါ အာကျိုက စိတ်မရှည်တော့ပါ။

သူမသည် အသံကျယ်လောင်စွာဖြင့် -

"ဘယ့်နှယ်လဲ၊ ဒီလောက်လာတာတောင် မြို့ကိုမရောက်သေးဘူးလား"

"ရောက်ပါတော့မယ် ညီမရယ်"

အာကျိုက နှုတ်ခမ်းစူထားသည်။

"ကျွန်မတော့ တောထဲရောက်နေတယ်လို့ပဲ ထင်ရတယ်"

"ဟုတ်ပါတယ်၊ ဒီတောကို ဖြတ်သွားပြီးရင်တော့ မြို့ကိုရောက်လိမ့်မယ်"

အာကျိုက မကျေမနပ်ဖြင့် -

"အစ်ကိုက ဘာဖြစ်လို့ ကျွန်မကို ဒီလောက်လူခြေတိတ်တဲ့နေရာကို ခေါ်လာရတာလဲလို့"

သူမသည် ယင်းသို့ ပြောနေစဉ်မှာပင် -

စူးရှသော ပင်လွေသံတစ်သံကို ကြားလိုက်ရလေသည်။

ယုသန်းကြီးက ထိုပလွေသံကို ကြားလိုက်ရသောအခါ မျက်မှောင်ကုပ်သွားသည်။

ထိုအချိန် -

သူတို့သည် တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိနေပြီဖြစ်ရာ ယုသန်းကြီးက ထိုပလွေသံကို ကြားလိုက်ရသဖြင့် -

ရှောင်တိမ်းရန်မှာ လမ်းမရှိတော့၍ ရှေ့သို့သာ ခရီးဆက်ရလေသည်။

ပလွေသံသည် တဖြည်းဖြည်း နီးကပ်လာလေသည်။

အာကျိုက ဝမ်းသာသွားသည်။

"မြို့နဲ့နီးလာလို့ ပလွေသံတောင် ကြားနေရပြီ"

ယုသန်းကြီးသည် စကားမပြောနိုင်ဘဲ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

အကြောင်းမှာ ပလွေမှုတ်သောသူအား တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။

ပလွေသံသည် စူးစူးရှရှ ထွက်ပေါ်နေ၏။

အာကျိုက မျက်မှောင်ကုပ်သွားသည်။

"အစ်ကို၊ ပလွေမှုတ်တဲ့လူကို တွေ့ရပြီလား"

"တွေ့ပါတယ်ညီမ"

"သူက ဘယ်သူလဲဟင်၊ သူ့အနီးမှာ မြွေများရှိသလား"

အာကျိုသည် ငယ်စဉ်တုန်းကစပြီး အဆိပ်ရှိသော မြွေများ၏ ပုံပြင်ဇာတ်လမ်း ... 

အာကျိုသည် ငယ်စဉ်တုန်းကစပြီး အဆိပ်ရှိသော မြွေများ၏ ဇာတ်လမ်းများကို ဖမ်းဆီးခဲ့ဖူးသဖြင့် -

မြွေများ၏အကြောင်းကို ကောင်းစွာနားလည်ထားခြင်းဖြစ်သည်။

ယခု . . .

ပလွေသံကြားမှ မြွေများ၏ သွားလာရွေ့လျားနေသော အသံများကို ကြားလိုက်ရသဖြင့် ယင်းသို့မေးလိုက်ခြင်းဖြစ်သည်။

ယုသန်းကြီးသည် သတိထား၍ ကြည့်လိုက်သောအခါ အလွန်ကြီးမားသော မြွေနှစ်ကောင်သည် လျှင်မြန်စွာရွေ့လျားလာနေသည်ကို တွေ့လိုက်ရသည်။

ထူးခြားသည်မှာ -



မြွေ၏ကျောကုန်းပေါ်တွင် လူတစ်ယောက် မတ်တတ်ရပ်၍ လိုက်ပါလာသည်ကို တွေ့လိုက်ခြင်းပင်။

❖ ❖ ❖

မြွေနှစ်ကောင် . . .

အလွန်ကြီးမားပြီး နှစ်လံခန့်ရှည်သော မြွေနှစ်ကောင်သည် ယှဉ်၍ရွေ့လျားလာနေ၏။

မြွေပေါ်မှလူသည် မတ်တတ်ရပ်၍ ပလွေမှုတ်နေလေ၏။

ယုသန်းကြီးက အံ့ဩသွားသည်။

"ညီမရေ ထူးဆန်းတာတော့တွေ့ပြီ"

"ဘာများလဲ အစ်ကို . . . ပြောပြစမ်းပါဦး"

"လူတစ်ယောက်က မြွေနှစ်ကောင်ရဲ့ ကျောပေါ်ကိုနင်းပြီး လာနေတယ်ကွဲ့"

အာကျို မျက်မှောင်ကုပ်သွားသည်။

"ရှင် - မြွေအရေခွံက တော်တော်ချောတာဘဲ၊ ဘယ်သူက များ မြွေတွေပေါ်မှာ မတ်တတ်ရပ်နိုင်တာလဲ"

ယုသန်းကြီးသည် မြွေပေါ်မှလူကို သေသေချာချာ ကြည့်လိုက်ပြီး -

"ဘုန်းတော်ကြီး တစ်ပါးပဲကွဲ့၊ တော်တော်ပိန်တယ် - သူ့ကို ကြည့်ရတာ တရုတ်ဘုန်းတော်ကြီးတစ်ပါးတော့ မဖြစ်နိုင်ဘူး"

"ဟုတ်သလားအစ်ကို - ဒါဖြင့် သူကဘယ်နိုင်ငံက ဘုန်းတော်ကြီးလဲ"

"အစ်ကိုလဲမသိဘူး - တရုတ်ဘုန်းတော်ကြီး မဟုတ်တာ တော့ သေချာတယ်"

အာကျိသည် အနည်းငယ်စဥ်းစားလိုက်ပြီး -

"ဟာ - အစ်ကို၊ ကျွန်မအကြံတစ်ခုရပြီ"

"ဘာများလဲ ညီမ"

"ကျွန်မလဲ မြွေကိုစီးချင်တယ် - အဲဒီမြွေကို သွားလုပေးပါလားအစ်ကို"

ယုသန်းကြီး မျက်လုံးပြူးကျယ်သွားလေသည်။

"ဒါ - ဒါ -"

ထိုစဉ် -

မြွေနှစ်ကောင်သည် သူတို့အနီးသို့ ရောက်ရှိ၍လာလေသည်။

မြွေပေါ်မှဘုန်းတော်ကြီးက လေတစ်ချက်ချွန်လိုက်ရာ -

မြွေနှစ်ကောင်သည် ချက်ချင်းပင်ရပ်တန့်၍သွားလေသည်။

ဘုန်းတော်ကြီးသည် ယုသန်းကြီးနှင့် အာကျိတို့အား အတန်ကြာမျှ အကဲခတ်ကြည့်နေလေသည်။

ယုသန်းကြီးကလည်း ဘုန်းတော်ကြီးအား စိုက်ကြည့်နေသည်။

ဘုန်းတော်ကြီးသည် အတန်ကြာ ကြည့်လိုက်ပြီးမှ -

သူတို့၏မြင်းများကို ညွှန်ပြလိုက်ပြီး စကားပြောဆိုလိုက်လေသည်။

သို့သော် -

ဘုန်းတော်ကြီးပြောနေသော စကားများကို ယုသန်းကြီးနှင့် အာကျိတို့က လုံးဝနားမလည်ပါ။

"အစ်ကို - သူက ဘာပြောတာလဲဟင်"



ယုသန်းကြီးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"အစ်ကိုလည်း နားမလည်ဘူး - သူ့ရဲ့ လက်ဟန်ခြေဟန်ကို ကြည့်ရတာတော့ အစ်ကိုတို့ရဲ့ မြင်းနှစ်ကောင်ကို လိုချင်လို့နဲ့ တူတယ်"

အာကျိက ဝမ်းသာသွားသည်။

"ဟာ - ဒီလိုဆို ဟန်ကျတာဘဲ၊ ကျွန်မလဲ မြွေစီးချင်နေတာ၊ မြင်းနှစ်ကောင်နဲ့လဲမယ်လို့ ပြောလိုက်ပါ"

ယုသန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"အခြေအနေကြည့်ရတာ သူက မြွေနဲ့လဲမှာမဟုတ်ဘူးဗျ"

အာကျိ ဒေါသထွက်သွားသည်။

"အို - ဒီဘုန်းတော်ကြီးကလဲ မလွန်လွန်းဘူးလား"

ယုသန်းကြီးသည် ထိုဘုန်းတော်ကြီးမှာ တစ်ချိန်တုန်းက မိမိနှင့်အတူတကွ နေထိုင်ခဲ့သော တိဘက်ဘုန်းတော်ကြီး ပိုလိုစိမ်းနှင့် အဝတ်အစား ဆင်ယင်မှုခြင်း တူညီနေသဖြင့် -

သူသည် 'ပိုလိုစိမ်း' ဟု လွှတ်ခနဲ ပြောလိုက်မိလေသည်။

ထိုအသံကို ကြားလိုက်သည်နှင့် -

ဘုန်းတော်ကြီးက ရုတ်တရက် သူ့အားစိုက်ကြည့်လိုက်လေသည်။

အာကျိက တခစ်ခစ် ရယ်မောလိုက်လေသည်။

"ဟား - ဟား - ဟား - အစ်ကိုက သူတို့စကားလဲ ပြောတတ်တာကိုး"

ယုသန်းကြီး ခေါင်းခါယမ်းလိုက်သည်။

"အစ်ကိုမတတ်ပါဘူး"

"ဒါဖြင့် အစ်ကိုခုနကပြောတဲ့ စကားကကော"

"ဒါက ဘုန်းတော်ကြီးတစ်ပါးရဲ့ ဘွဲ့အမည်ပါ"

ထိုစဉ် ဘုန်းတော်ကြီးက ယုသန်းကြီးအနီးသို့ လျှောက်လာလေသည်။

"ပိုလိုစိမ်း"

ဟု ပြောလိုက်သည်။

ယုသန်းကြီးက ခေါင်းညိတ်လိုက်ပြီး -

"ဟုတ်တယ် - ပိုလိုစိမ်း - ပိုလိုစိမ်း"

ဘုန်းတော်ကြီးသည် ရုတ်တရက် -

ယုသန်းကြီး၏ အင်္ကျီကိုဆွဲထားလိုက်ပြီး -

စကားများပြောနေပြန်လေသည်။

ယုသန်းကြီးက နားမလည်သဖြင့် -

ပခုံးတွန့်ပြလိုက်သည်။

ဘုန်းတော်ကြီးသည် ယုသန်းကြီးအား အတန်ကြာ စိုက်ကြည့်လိုက်ပြီး -

"ပိုလိုစိမ်း - ပိုလိုစိမ်း"

ဟု ထပ်မံ ပြောဆိုလိုက်ပြန်သည်။

ယုသန်းကြီးမှာမူ အခက်ကြုံနေလေသည်။

"ဒုက္ခပဲ - ငါက ဒီ 'ပိုလိုစိမ်း' သုံးလုံးဘဲ ပြောတတ်တယ်၊ ဘယ်နှယ်လုပ်ရမလဲ"

သူသည် ယင်းသို့စိတ်ထဲ၌တွေးရင်း -

ရုတ်တရက် -

အခြားစကားလုံးများကို သတိရလာလေသည်။



သူသည် သတိရလာသော စကားလုံးများကို လွှတ်ခနဲ ပြောချလိုက်လေသည်။

"နာလာဆူတီ ဆူဖိုင်၊ ဟာတီ"

ထိုစကားလုံး၏ အဓိပ္ပာယ်မှာ -

"နာလာ ဘယ်မှာရပ်နေသလဲ"

ဟူ၍ ဖြစ်လေသည်။

ဘုန်းတော်ကြီးသည် ထိုစကားကြားလိုက်ရသဖြင့် -

မျက်မှောင်ကုပ်သွားကာ -

ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရှုလိုက်လေသည်။

သို့သော် -

မည်သူမှမရှိသည်ကို တွေ့လိုက်ရသဖြင့် -

ဒေါသချောင်းချောင်း ထွက်သွားလေသည်။

အာကျိုက စိတ်မရှည်နိုင်တော့ပါ။

"အစ်ကို - ဒီဘုန်းတော်ကြီးက တော်တော်လျှာရှည်တယ် - သူနဲ့ဖက်ပြီး မပြောပါနဲ့တော့"

"ဟုတ်ကဲ့ ညီမ"

ယုသန်းကြီးသည် ပြောရင်း -

သူ၏အင်္ကျီစကို ဆွဲထားသော ဘုန်းတော်ကြီး၏လက်ကို ဖယ်ရှားလိုက်လေသည်။

သို့သော် -

ဘုန်းတော်ကြီးက မြဲမြံစွာ ဆွဲထားသဖြင့် -

အင်္ကျီစသည် ဆုတ်ပြဲသွားပြီးလျှင် -

ဖုန်းစုရဲထံမှ ရရှိထားသောစားငယ်သည် အောက်သို့ လွင့်စဉ်

ကျသွားလေသည်။

ထို့ပြင် -

အခြားပစ္စည်းများလည်း မြေပေါ်သို့ လွင့်စင်ကျသွားပြန်လေသည်။

ဘုန်းတော်ကြီးသည် ခေါင်းအုံးအားကောက်ယူလိုက်ပြီး . .

ယုသန်းကြီး၏ မျက်နှာရှေ့၌ ဝှေ့ယမ်းကာ -

တတွတ်တွတ် ပြောဆိုနေပြန်လေသည်။

ယုသန်းကြီးက ဦးညွှတ်လိုက်သည်။

"ဘုန်းတော်ကြီး - ဒီခေါင်းကိုယူချင်ရင် ယူသွားနိုင်ပါတယ်"

ဟု ပြောလိုက်လေသည်။

အာကျိုက မျက်မှောင်ကုပ်သွားသည်။

"ဒို - အစ်ကိုကလည်း၊ ကိုယ့်ခေါင်းကို ဘာဖြစ်လို့ သူများပေးရမှာလဲ"

ယုသန်းကြီးက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ညီမ တိတ်တိတ်နေ - အစ်ကို သူ့ကိုရှင်းလင်းအောင် ပြောပြပါ့မယ်"

ဘုန်းတော်ကြီးသည် ခေါင်းကလေးအား သေချာစွာ ကြည့်လိုက်လေသည်။

ထို့နောက် -

ခေါင်းကိုတစ်ချက် ဝှေ့ယမ်းလိုက်လေသည်။

ယုသန်းကြီး ထိတ်လန့်သွားကာ -

အာကျိုကိုဆွဲပြီး နောက်သို့ ဆုတ်သွားလေသည်။

သို့သော် -



ဘုန်းတော်ကြီးသည် ထိုခေါင်းငယ်အား မြေပေါ်သို့ ပစ်လွှတ်လိုက်လေသည်။

ယုသန်းကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဩော် - ဘုန်းတော်ကြီးက ခေါင်းကိုကြိုက်ဘဲကိုး၊ ဒီလိုဆို တပည့်တော်က ပြန်ယူရမှာပေါ့"

သူသည် ယင်းသို့ပြောဆိုရင်း -

ရှေ့သို့ခြေလှမ်း လှမ်းလိုက်ပြီး -

မြေပြင်မှခေါင်းငယ်ကို ကောက်ယူလိုက်လေသည်။

သူ၏သိုင်းပဒေသာ ကျမ်းစာအုပ်များလည်း မြေပေါ်မှာ ကျနေသဖြင့် ကောက်ယူလိုက်လေသည်။

ဘုန်းတော်ကြီးသည် ထိုသိုင်းပဒေသာ ကျမ်းစာအုပ်ကို မြင်တွေ့လိုက်ရသည်နှင့် အသံကျယ်လောင်စွာ တစ်ချက်အော်ဟစ်ပြီး ယုသန်းကြီး၏ လက်ကို ရိုက်ချလိုက်လေသည်။

ခေါင်းငယ်နှင့် ကျမ်းစာအုပ်သည် မြေပေါ်သို့ ပြန်လည်လွင့်ကျသွားလေသည်။

ဘုန်းတော်ကြီးမှာမူ -

ထိုကျမ်းစာအုပ်အား ကောက်ယူနေလေသည်။

ယုသန်းကြီး ထိတ်လန့်သွားသည်။

"ဘုန်းတော်ကြီး - ဒီစာအုပ်ကိုတော့ မပေးနိုင်ဘူးဗျ"

သူသည်ပြောရင်း ကျမ်းစာအုပ်ကိုဝင်၍ လုယူလိုက်လေသည်။

ဘုန်းတော်ကြီးသည် သူ၏လက်ကောက်ဝတ်အား ဖမ်းဆုပ်ထားလိုက်လေသည်။

ယုသန်းကြီးသည် အတင်းရုန်းလိုက်ပြီး -

ကျန်လက်တစ်ဖက်ဖြင့် ဘုန်းတော်ကြီး၏ ပခုံးသို့ တွန်းထုတ်လိုက်လေသည်။

"အား -"

စူးရှသောအသံတစ်သံ ထွက်ပေါ်လာပြီး -

ဘုန်းတော်ကြီး၏ ခန္ဓာကိုယ်သည် နောက်သို့လွင့်စဉ်၍ သွားလေသည်။

မြေပေါ်သို့ ကျရောက်သွားသောအခါ -

သုံးလေးပတ်ခန့် လိမ့်ပြီးမှ -

မတ်တတ်ရပ်နိုင်ခဲ့လေသည်။

ယုသန်းကြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"အင်း . . . ဒီဘုန်းတော်ကြီးက ကိုယ်ဖော့ပညာ အတော့်ကို တော်နေပါလား"

ထိုစဉ် -

ဘုန်းတော်ကြီးသည် သူ့အားကြောင်အမ်းအမ်းဖြင့် ရပ်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် မြေပေါ်မှ ဓားငယ်ကို ကပျာကယာ ကောက်ကိုင်ထားလိုက်သည်။

ဘုန်းတော်ကြီးက တိုက်ခိုက်လာလျှင် ပြန်လည်ခုခံရန် အသင့်ပြင်ထားလေသည်။

သို့သော် . . .

ဘုန်းတော်ကြီးက ရှေ့သို့ တိုးမလာတော့ပါ။

ပလွေတိုတစ်ချောင်းကို နှိုက်ထုတ်ပြီး မှုတ်လိုက်လေသည်။

ပလွေသံ ထွက်ပေါ်လာသည်နှင့် -



သူ၏ မြွေနှစ်ကောင်သည် ခေါင်းကိုထောင်ပြီး . . .

ယုသန်းကြီးထံသို့ ပြေးလွှားလာလေသည်။

ယုသန်းကြီးက ထိတ်လန့်သွားပြီး -

"ညီမ နောက်ကို မြန်မြန်ဆုတ်"

အာကျိုလည်း ထိတ်လန့်သွားပြီး -

"ဘာဖြစ်လို့လဲ အစ်ကို"

"မြွေ . . . မြွေ"

ယုသန်းကြီးသည် ယင်းသို့သာ ပြောနေသည်။

ထိတ်လန့်တုန်လှုပ်၍လားမသိ -

သူ၏ခြေထောက်များသည် မြေပေါ်၌ အမြစ်တွယ်နေသည့်အလား တစ်ဖဝါးမျှရွေ့၍ မရတော့ပါ။

သူသည် အာကျိုကို တင်းကြပ်စွာပွေ့ဖက်ထားပြီး -

တစ်ကိုယ်လုံး တဆတ်ဆတ်နှင့် တုန်၍နေလေသည်။

မြွေကြီးနှစ်ကောင်သည် သူတို့၏ရှေ့ လေးပေခန့်သို့ ရောက်ရှိလာသောအခါ ဆက်လက်၍ မလာတော့ဘဲ -

သူတို့၏ ခန္ဓာကိုယ်ကို ခွေရစ်ထားပြီးလျှင် -

ဦးခေါင်းကိုပါ ကိုယ်ခန္ဓာထဲသို့ လျှိုသွင်းထားလိုက်လေတော့သည်။

တိဘက်ဘုန်းတော်ကြီး ပလွေကို တွင်တွင်မှုတ်နေ၏။

ပလွေသံသည် ပို၍ပို၍ စူးရှလာသည်။

ဘုန်းတော်ကြီးသည် ပလွေကိုမှုတ်ရင်း လက်တစ်ဖက်မှာ ဝှေ့ယမ်းလှုပ်ရှားနေသည်။

သူ၏နဖူးပေါ်မှ ချွေးများသည် -

တစ်ပေါက်ပြီးတစ်ပေါက် စီးဆင်းကျနေ၏။

သူသည် မြွေကိုရန်သူအား တိုက်ခိုက်ရန် မောင်းနှင်နေသော်လည်း ထိုမြွေနှစ်ကောင်မှာမူ တင်းကြပ်စွာခွေနေပြီး သခင်၏ အမိန့်ကို နာခံခြင်းမရှိပါ။

ယုသန်းကြီးသည် -

အာကျိရွှေ့ဦးအကာအကွယ်ပြုထားပြီး မြွေကြီးများ၏ အခြေအနေကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

မြွေများက တိုက်ခိုက်ခြင်းမပြုသည်ကို တွေ့လိုက်ရတော့မှ စိတ်သက်သာရာရသွားလေသည်။

ဘုန်းတော်ကြီးမှာမူ -

သူ၏မြွေများက အမိန့်မနာခံသဖြင့် ဒေါသထွက်လွန်း၍ မျက်နှာတစ်ခုလုံး နီရဲနေလေသည်။

ပလွေကိုပို၍ စူးရှစွာမှုတ်နေ၏။

သံစဉ်များသည် တစ်စထက်တစ်စ စူးရှလာပြီးလျှင် -

"ဖျောက်"

ပလွေသည် ထက်ပိုင်းကျိုးသွားလေတော့သည်။

ဘုန်းတော်ကြီး၏ မျက်နှာကွက်ခနဲ ပျက်သွားသည်။

ကျိုးသွားသောပလွေကို မြေပေါ်သို့ လွှင့်ပစ်လိုက်ပြီး တောင်ကြားလမ်းမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

အတန်ကြာမှ -

အာကျိက စိုးရိမ်တကြီး မေးလိုက်သည်။

"ဘာဖြစ်သွားသလဲ အစ်ကို"

ယုသန်းကြီးက လေပူတစ်ချက်မှုတ်လိုက်သည်။



"ဘုန်းကြီးထွက်သွားပြီ ညီမ"

"ဟုတ်လား၊ ဒါဖြင့် ကျွန်မတို့ မြင်းတွေကော"

"မြင်းတွေက မြွေကိုကြောက်လို့ ဘယ်ရောက်သွားမှန်း မသိတော့ဘူးကွဲ့"

အာကျိ မျက်မှောင်ကုပ်သွားသည်။

"ဒုက္ခပဲ၊ ဒါဖြင့် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

"အခုတော့ လမ်းလျှောက်သွားရမှာပေါ့၊ မြို့ကလေးတစ်မြို့ရောက်တော့မှ မြင်းထပ်ဝယ်ကြတာပေါ့"

"ဩော် - ဒါနဲ့ သူ့မြွေတွေကော အစ်ကို"

"မြွေတော့ ရှိသေးတယ် ညီမ"

"ဟုတ်လား၊ အခု သူတို့ရှိနေသေးတယ် ဟုတ်လား"

"ဟုတ်တယ်၊ သူတို့က ခွေနေတယ် လှုပ်တောင်မလှုပ်ဘူး"

"ဟာ - ဒါဖြင့် ဒီမြွေက အစ်ကို့ကိုကြောက်နေတာနဲ့ တူတယ်"

"ဟုတ်လိမ့်မယ် ထင်တယ်"

"ဒါဖြင့် အစ်ကိုက သူတို့အနား လျှောက်သွားကြည့်ပါလား"

"ဗျာ-ကျွန်တော် သူ့အနားကိုလျှောက်သွားရမယ် ဟုတ်လား"

"ဟုတ်တယ်၊ ရှင်ကြောက်တယ်ဟုတ်လား"

ယုသန်းကြီးက ရင်ကိုကော့လိုက်သည်။

"ကျုပ်ဘာဖြစ်လို့ ကြောက်ရမှာလဲ"

သူသည် ပြောရင်း -

မြွေကြီးထံသို့ တဖြည်းဖြည်း လှမ်းသွားသည်။

သူ၏ ဒူးခေါင်းများသည် ကြောက်ရွံ့၍ တဆတ်ဆတ်တုန်ခါနေ၏။

မြွေများ၏အနီးသို့ ရောက်ရှိသွားသောအခါ -

လက်နှစ်ဖက် ဝှေ့ယမ်းပြီး မြွေကိုမောင်းနှင်လိုက်လေသည်၊

မြွေများသည် ပို၍တင်းကြပ်စွာ ခွေထားသည်။

သူ၏ပုံဟန်မှာ အလွန်ကြောက်ရွံ့နေပုံရသည်။

အာကျိုက နားစွင့်လိုက်သည်။

"ဘယ်လိုလဲအစ်ကို"

"သူတို့က တုတ်တုတ်တောင်မလှုပ်ဘဲ ခွေနေတယ်ညီမရေ"

"ဒါဖြင့်ရှင်က မြွေခေါင်းကို ဖမ်းကိုင်လိုက်ပါ၊ သူတို့ကို နိုင်လိုက်ရင် ကျွန်မတို့က မြွေကိုစီးပြီးသွားနိုင်တာပေါ့"

"အို - ညီမကလဲ၊ ဖြစ်နိုင်ပါ့မလား"

"ဖြစ်တာပေါ့၊ ဘုန်းတော်ကြီးကတောင် စီးနိုင်ရင် ကျွန်မတို့လဲ စီးနိုင်မှာပေါ့"

"ဒီလိုဆို အစ်ကိုက ဘာလုပ်ရမှာလဲ"

"ရှင်က မြွေကို လက်နဲ့ကိုင်ကြည့်ပေါ့၊ သူက ကြောက်ရင်တော့၊ အစ်ကို ခိုင်းရာလုပ်မှာပေါ့"

ယုသန်းကြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

အာကျိုစေခိုင်းသမျှကို သူက မည်သို့မှ ငြင်းပယ်ခြင်းမရှိခဲ့ပါ၊

သူသည် မြွေအနီးသို့ ချဉ်းကပ်သွားပြီး -

မြွေ၏ဦးခေါင်းကို ဖမ်းကိုင်နိုင်ရန် လက်ဆန့်ထုတ်လိုက်သည်၊

ရုတ်တရက် -

'မြွေနှစ်ကောင်သည် ပြိုင်တူခေါင်းထောင်ထလိုက်ပြီး ယုသန်းကြီးလက်ကို ကိုက်ချလိုက်လေသည်. ။

"အား"



ယုသန်းကြီးက ထိတ်လန့်စွာ 'အော်လိုက်သည်။

အာကျို ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဘာဖြစ်သွားတာလဲအစ်ကို"

"အစ်ကို့လက်ကို မြွေကကိုက်လိုက်လို့ပါ"

အာကျို ထိတ်လန့်တုန်လှုပ်သွားသည်။

"ဟင် - မြွေက ကိုက်လိုက်တယ်ဟုတ်လား၊ ဒုက္ခပါပဲ"

ထိုစဉ်မှာပင် -

မြွေနှစ်ကောင်သည် ကိုက်ထားသော ယုသန်းကြီး၏ လက်မောင်းအား လွှတ်လိုက်ပြီးလျှင် မြေပေါ်သို့ ဖုတ်ခနဲကျသွား လေသည်။

ယုသန်းကြီးက အံ့ဩစွာဖြင့်ကြည့်လိုက်ရာ -

မြွေနှစ်ကောင်၏ပါးစပ်မှ သွေးများစီးဆင်းကျလာပြီး သေဆုံးသွားသည်ကို တွေ့လိုက်ရသည်။

ယုသန်းကြီးသည် -

ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံနိုင်လောက်အောင် အံ့ဩသွားသည်။

အာကျိုက မည်သည့်အသံကိုမှ မကြားရသဖြင့် ထိတ်လန့်ကာ-

"အစ်ကို ဘာဖြစ်သွားသေးသလဲဟင်"

ယုသန်းကြီးသည် -

သူ၏လက်မောင်းကို မြောက်ကြည့်လိုက်လေသည်။

မြွေကိုက်ထားသော မြွေစွယ်အရာမှအပ မည်သို့မှ ထူးခြားခြင်းမရှိသည်ကို တွေ့လိုက်ရလေသည်။

"ဟာ - အစ်ကို ဘာမှမဖြစ်ပါလား"

"ဒါဖြင့် မြွေကောအစ်ကို"

"မြွေနှစ်ကောင်စလုံး သေသွားပြီဗျ"

အာကျိုက နှုတ်ခမ်းစူလိုက်သည်။

"အစ်ကိုကလည်း မြွေကိုဘာဖြစ်လို့ သတ်လိုက်ရတာလဲ"

ယုသန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အစ်ကိုသတ်တာမဟုတ်ဘူး၊ သူ့ဟာသူ သေသွားတာ"

အမှန်မှာ -

ယုသန်းကြီးခန္ဓာကိုယ်တွင် ကိန်းအောင်းနေသော အဆိပ်များသည် မြွေများ၏အဆိပ်ထက် အဆပေါင်းများစွာ ပြင်းနေသဖြင့် မြွေများသည် ယခုကဲ့သို့ သေဆုံးသွားခြင်း ဖြစ်ပါသည်။

အာကျိုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း - မြွေမရှိတော့ ကို့ခြေလျင်လျှောက်ရဦးမှာပေါ့ လေ"

"စိတ်မပူပါနဲ့ ညီမ"

"ဘာဖြစ်လို့လဲ"

"မြွေနှစ်ကောင် ထပ်လာနေပြန်ပြီ ညီမရဲ့"

အာကျို ဝမ်းသာသွားသည်။

"ဟုတ်လား၊ ဘယ်လောက်ကြီးသလဲဟင်"

"ခုန နှစ်ကောင်ထက်တောင် ကြီးသေးတယ် ညီမရယ်"

❖ ❖ ❖



ဝင်းလိုစင်း

မြွေနှစ်ကောင်သည် -

ခေါင်းများထောင်ကာ လျင်မြန်စွာ ရောက်ရှိလာ၏။

မြွေကိုယ်ခန္ဓာပေါ်၌ -

ဘုန်းတော်ကြီးတစ်ပါး ထိုင်၍လိုက်လာနေ၏။

ထိုမြွေနှစ်ကောင်သည် ယုသန်းကြီးရှေ့သို့ ရောက်ရှိလာသော အခါ ရုတ်တရက် ရပ်တန့်သွားလေသည်။

ယုသန်းကြီးသည် ဘုန်းတော်ကြီးအား အကဲခတ်ကြည့်လိုက်ရာ ဤဘုန်းတော်ကြီးသည် ထွက်ခွာသွားသော ဘုန်းတော်ကြီးထက် အိုမင်းရင့်ရော်နေသည်ကို တွေ့လိုက်ရလေသည်။

အာကျိုက ယုသန်းကြီးလက်ကိုဆွဲလိုက်ပြီး -

"အစ်ကို မြွေရောက်နေပြီဟုတ်လား"

"ဟုတ်တယ်၊ သူတို့အပေါ်မှာ ဘုန်းတော်ကြီးတစ်ပါး ထိုင်နေတယ်ကွဲ့"

"ဟုတ်လား၊ ခုနကဘုန်းတော်ကြီးက စိတ်မရှည်လို့ နောက်ထပ် မြွေကိုခေါ်လာတာဖြစ်ရတယ်"

"မဟုတ်ဘူး၊ အခုဘုန်းတော်ကြီးက ပိုပြီးအသက်ကြီးတယ်ကွဲ့"

အာကျို ဝမ်းသာသွားသည်။

"ဒါဖြင့် ဟန်ကျတာပဲ"

သူသည် မြွေရှိရာသို့ မှန်းဆလိုက်ပြီး -

"ဒီမှာ ဘုန်းတော်ကြီးရဲ့မြွေကို တပည့်တော်မတို့ကို ပေးလိုက်ပါလား"

ဘုန်းတော်ကြီးသည် -

သူတို့အား တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး -

"ဒါယကာကြီးတို့က ဘယ်သူတွေလဲ၊ ရှောင်လင်ကျောင်းက လူတွေလား"

အာကျိသည် ထိုဘုန်းတော်ကြီးမှာ တရုတ်စကားပြောတတ်သည်ကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားသည်။

"ဟာ ဘုန်းတော်ကြီးက တရုတ်ဘာသာလည်း တတ်တာကိုး"

ဘုန်းတော်ကြီးသည် ယုသန်းကြီးအား စေ့စေ့ကြည့်လိုက်ပြီး-

"ဒါယကာကြီးက ပိုလိုစိမ်းကို သိတယ်မဟုတ်လား"

ယုသန်းကြီး ထိတ်လန့်သွားသည်။

"ဘုန်းတော်ကြီးက ပိုလိုစိမ်းကိုသိတယ် ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ရဲ့ဘွဲ့က စင်းလိုစင်းပါ"

ယုသန်းကြီးက မျက်မှောင်ကုပ်သွားသည်။

"စင်းလိုစင်း၊ ဒီနာမည် တပည့်တော်ကြားဖူးသလိုပဲ"

ဘုန်းတော်ကြီး ခေါင်းညိတ်လိုက်သည်။

"မင်းကြားဖူးတယ်ဆိုရင် ပိုလိုစိမ်းက ကျုပ်ကိုပေးမယ့်ပစ္စည်းဟာ မင်းကိုအပ်လိုက်တာ ဖြစ်မှာပေါ့"

ယုသန်းကြီး မျက်မှောင်ကုပ်သွားသည်။

"ဘုန်းတော်ကြီးက ပိုလိုစိမ်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

"ပိုလိုစိမ်းက ကျုပ်ရဲ့ညီမပဲ"

ယုသန်းကြီးသည် -

ထိုစကားကြားလိုက်ရသောအခါ ရင်ထိတ်သွားသည်။

"တပည့်တော်တို့က ရှောင်လင်ကျောင်းက မဟုတ်ပါဘူး။ ပိုလိုစိမ်းကိုလည်း မသိဘူး"



စင်းလိုစင်းသည် -

သူ့အား သက်ာမကင်းဖြင့် ကြည့်လိုက်သည်။

"ဒါဖြင့် ခုနကဘာပြုလို့ ပိုလိုစိမ်းရဲ့နာမည်ကို ပြောပြတာလဲ၊ နောက်ပြီး - တို့ရဲ့ကျမ်းစာအုပ်တစ်အုပ်ကလည်း မင်းဆီကို ဘယ်လိုလုပ်ပြီး ရောက်နေရတာလဲ"

ယုသန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"ဘုန်းတော်ကြီး အထင်မှားနေပြီထင်တယ်၊ တပည့်တော်ဆီမှာ ကျမ်းစာအုပ်ဆိုတာ မရှိပါဘူး"

သူသည် ပြောရင်း အင်္ကျီအိတ်ထဲမှ ရှိသမျှပစ္စည်းအားလုံးကို ထုတ်၍ ပြလိုက်သည်။

"မယုံရင် ဟောဒီမှာကြည့်ပါ"

စင်းလိုစင်းသည် -

ယုသန်းကြီးထုတ်ပြသောပစ္စည်းများအနက် ထိုကျမ်းစာအုပ်ကလေးအား တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

သူသည် မြေပေါ်မှခုန်ဆင်းလိုက်ပြီးလျှင် ထိုကျမ်းစာအုပ်အားလျှပ်တစ်ပြက် ကောက်ယူလိုက်လေသည်။ ယုသန်းကြီးက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဟောဗျာ - ဒီစာအုပ်တော့ မပေးနိုင်ဘူးဗျ"

စင်းလိုစင်းသည် နောက်သို့ကပျာကယာ ဆုတ်သွားရလေသည်။

"ကျုပ်လိုချင်တာ ဒီစာအုပ်ပါပဲ"

ယုသန်းကြီး မျက်မှောင်ကုပ်သွားသည်။

"ဟာ - ဘယ်ဖြစ်မလဲ၊ ဘုန်းတော်ကြီးက တပည့်တော်ရဲ့

ပစ္စည်းကို ဘာဖြစ်လို့ လုယူသွားရတာလဲ"

အာကျိုက ကြားဖြတ်လိုက်သည်။

"အစ်ကို - သူက ဘာပစ္စည်းများလုသွားလို့လဲ"

"စာအုပ်ကလေးတစ်အုပ်ပါ၊ ဒါက အစ်ကိုရဲ့စာအုပ်ပါ"

အာကျို ဒေါသထွက်သွားသည်။

"ရှင့်ပစ္စည်းကို အခုလို လုသွားတာကို လက်ပိုက်ကြည့်နေရသလား"

ထိုစဉ် -

စင်းလိုစင်းသည် စာအုပ်ကလေးအား လှန်ကြည့်နေလေ၏။ သူ၏မျက်နှာပေါ်တွင် ဝမ်းသာကျေနပ်သော အရိပ်အရောင်များ ပေါ်နေ၏။

ယုသန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"နေပါစေ ညီမ၊ ဒီစာအုပ်ကလေးက သိပ်အရေးကြီးတာမှ မဟုတ်တဲ၊ ယူစမ်းပါစေ"

အာကျိုက နှုတ်ခမ်းစူသွားသည်။

"အစ်ကိုကလဲ ဘာမှန်းမသိဘူး၊ သူများစော်ကားတာကို ဒီလိုပဲခေါင်းငုံ့ခံနေမှာလား"

ယုသန်းကြီးက ရင်ကော့လိုက်သည်။

"ညီမပြောတာမှန်တယ်၊ အစ်ကိုပြန်တောင်းလိုက်မယ်"

သူသည် ပြောရင်း . . .

စင်းလိုစင်းထံသို့ လျှောက်သွားသည်။

စင်းလိုစင်းက စာအုပ်ငယ်အား ကြည့်နေရာမှ ခေါင်းမော့ကြည့်လိုက်၏။



ယုသန်းကြီးသည် ထိုစာအုပ်အား ညွှန်ပြလိုက်ပြီး -

"ဒီစာအုပ်ကို မပေးနိုင်ဘူး၊ တပည့်တော်ကို ပြန်ပေးပါ -"

စင်းလိုစင်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ဒါဖြင့် - ယူသွားပါ"

ယုသန်းကြီးက ဝမ်းသာသွားသည်။

စင်းလိုစင်းလက်ထဲမှ စာအုပ်ကို လှမ်းယူလိုက်ရာ ရုတ်တရက် စင်းလိုစင်း၏ လက်ဝါးတစ်ချက်သည် သူ့ထံသို့ ရိုက်ချလိုက်ရာ -

"ဝုန်း"

ယုသန်းကြီး၏ ပခုံးအားထိမှန်သွားသဖြင့် နောက်သို့ဝါးတစ်ရိုက်ခန့် လွင့်ကျသွားလေသည်။

အာကျိုက လူတစ်ယောက်လဲကျသွားသော အသံကိုကြားရသဖြင့် လက်ခုပ်လက်ဝါးတီးလိုက်ပြီး -

"ဟာ - အစ်ကို့ရဲ့ လက်သံကတော်တော်ပြောင်တာကိုး"

ဟု ချီးကျူးလိုက်သည်။

ယုသန်းကြီးသည် လဲကျရာမှ ထလိုက်လေသည်။

စင်းလိုစင်းမှာမူ သူ့အားအံ့အားသင့်သော မျက်လုံးများဖြင့် စိုက်ကြည့်နေ၏။

ယုသန်းကြီးသည် -

စင်းလိုစင်းက အမှန်အတိုင်းပြောပြမည်ကို စိုးရိမ်သဖြင့် စင်းလိုစင်းထံသို့ ပြေးလွှားသွားရင်း စကားမပြောရန် လက်ဟန်ခြေဟန်ဖြင့် ဟန့်တားလိုက်လေသည်။

စင်းလိုစင်းမှာမူ ကံ့အားသင့်ကာ ပါးစပ်ဟောင်းလောင်းဖြစ်နေ၏။

"အစ်ကို ဘုန်းတော်ကြီးက ပြန်ထနိုင်သလား - ဟင်"

ယုသန်းကြီးသည် စင်းလိုစင်းအား ဦးညွှတ်၍ အလေးပြုလိုက်ပြီ

"ဟဲ - ဟဲ - အစ်ကိုက နည်းနည်းပါးပါးလုပ်လိုက်လို့ အခုသူ ပြန်ထလာနိုင်ပါပြီ"

အာကျိတ ဝမ်းသာသွား၏။

"စာအုပ်ကော ပြန်ရလိုက်ပြီလား"

စင်းလိုစင်းသည် လက်ထဲမှ စာအုပ်ကလေးကို မြှောက်ပြ လိုက်ရာ ယုသန်းကြီးက -

"မရသေးဘူးကွဲ့ - သူ့နောက်ကို အစ်ကိုလိုက်သွားဦးမယ်"

သူသည် ပြောပြောဆိုဆို မှ အပြင်ဘက်သို့ ပြေးလွှားသွားလေသည်။

စင်းလိုစင်းကိုလည်း လက်ယပ်ပြ၍ ခေါ်နေ၏။

စင်းလိုစင်းက မျက်မှောင်ကုပ်၍ ကြည့်လိုက်ပြီးမှ ယုသန်းကြီး ထံသို့ လျှောက်သွားလေသည်။

❖ ❖ ❖

ယုသန်းကြီးသည် -

အာကျိနှင့် အလှမ်းတော်တော်ဝေးသောနေရာသို့ ရောက်မှ တော့မှ ခြေလှမ်းကိုရပ်တန့်လိုက်သည်။

စင်းလိုစင်းကလည်း လိုက်လာသည်။

"မင်းက ဘာတွေလုပ်နေတာလဲ"

ယုသန်းကြီးက မချိပြုံး ပြုံးလိုက်သည်။

"တပည့်တော် ပစ္စည်းလည်းရသွားပြီ၊ တပည့်တော်ကိုလည်း



တစ်ချက်ရိုက်လိုက်ပြီ မဟုတ်လား"

"အဲဒါ ဘာဖြစ်သလဲ"

"ဘာမှတော့မဖြစ်ပါဘူး၊ ဒါပေမယ့် - သူဝမ်းသာအောင်တော့ တပည့်တော် နိုင်တယ်လို့ပဲ ပြောခွင့်ပြုပါ"

စင်းလိုစင်းသည် အာကျိဘက်သို့ လှည့်လိုက်သည်။

"ကျုပ်နားလည်ပါပြီ၊ မင်းကကျုပ်ကိုနိုင်တယ်လို့ မိန်းကလေး ကို ကြွားချင်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား၊ တပည့်တော်ကို ခွင့်ပြုပါ"

စင်းလိုစင်းက အနည်းငယ်စဉ်းစားလိုက်ပြီး -

အေး - မင်းအလိုဆန္ဒကို ကျုပ်ဖြည့်ပေးမယ်၊ ဒါပေမယ့်"

"အမိန့်ရှိပါ"

"မင်းက ငါ့ကို ရှောင်လင်ကျောင်းလိုက်ပို့ရမယ်"

ယုသန်းကြီးမှာ မျက်လုံးပြူးသွားသည်။

"ရှောင်လင်ကျောင်းကို လိုက်ပို့ရမယ် - ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ညီတော် ပိုလိုစိမ်းကို သွားတွေ့မလို့"

ယုသန်းကြီး ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်၊ တပည့်တော် လိုက်မပို့နိုင်ဘူးဘုရား"

စင်းလိုစင်းက သူ့ဇာပန်းအား ဆုပ်ကိုင်ထားလိုက်သည်။

"မင်းမလိုက်လို့ ဘယ်ဖြစ်မလဲ"

သူသည်ပြောရင်း လက်ချောင်းငါးချောင်းဖြင့် ယုသန်းကြီး ပခုံးအား တအားဆုပ်ကိုင်ထားလိုက်လေသည်။

အဖုန်မှာ ယုသန်းကြီးက တန်ပြန်တိုက်ခိုက်လိုက်လျှင် စင်းလို စင်းမှာ အရေးနိမ့်ကျသွားမည် ဖြစ်၏။

သို့သော် ယုသန်းကြီးမှာမူ မိမိ၏ခန္ဓာကိုယ်အတွင်းမှ ကြောက်ခမန်းလိလိ အတွင်းအားများ ရှိနေသည်ကို လုံးဝမသိသဖြင့် သူသည် မည်သို့မှ ရှုန်းကန်ခြင်းမပြုဘဲ -

"တပည့်တော်ကို ချမ်းသာပေးပါဘုရား" ဟု တောင်းပန်နေလေသည်။

စင်းလိုစင်းမှာမူ -

ယုသန်းကြီးပခုံးအား ကုပ်၍ဆုပ်လိုက်သည်နှင့် မိမိ၏ လက်ဝါးသို့ အေးစိမ့်သောအငွေ့အသက်တစ်ခု တိုးဝင်လာသည်ကို ခံစားလိုက်ရသဖြင့် လက်ကို ကမန်းကတန်း လွှတ်လိုက်ရလေသည်။

သူ၏မျက်လုံးအစုံသည် ယုသန်းကြီးအား အံ့သြစွာဖြင့် စိုက်ကြည့်နေ၏။

သို့သော် ယုသန်းကြီး၏ မျက်နှာတစ်ခုလုံးမှာ ကြောက်ရွံ့နေသော အရိပ်အရောင်များ ပေါ်လွင်နေသည်ကို တွေ့ရှိရသဖြင့် သူသည် အတွေးရခက်သွားလေသည်။

ယုသန်းကြီးသည် ဦးအကြိမ်ကြိမ်ညွှတ်၍ တောင်းပန်နေ၏၊

စင်းလိုစင်းသည် မျက်မှောင်ကုပ်လိုက်ပြီး -

"ကောင်းပြီလေ၊ မင်းကိုငါ ခွင့်လွှတ်လိုက်မယ်၊ ဒါပေမယ့် - ကျုပ်ကိုတော့ ရှောင်လင်ကျောင်းကို ပို့ပေးရမယ်"

ယုသန်းကြီးက သက်ပြင်းချလိုက်သည်။

"ကောင်းပါပြီဘုရား၊ ဒါပေမယ့် - တပည့်တော်ကို ကတိတစ်ခု ပေးရမယ်"

"ကျုပ်က ဘာကတိပေးရမှာလဲ"

"အာကျိုရွှေ့မှာ ကျုပ်သိုင်းပညာ မတတ်ဘူးဆိုတာကို မပြော



ပါဘူးလို့ ကတိပေးပါ"

စင်းလိုစင်းသည် အာကျိုအား တစ်ချက်လှမ်းကြည့်လိုက်လေသည်။

"သူ့နာမည်က အာကျိုတဲ့ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ကောင်းပြီလေ - မင်းကငါ့ကို လိုက်ပို့မယ်ဆိုရင် ငါကတိပေးမယ်"

"ကျေးဇူးတင်ပါတယ် ဘုရား၊ အာကျိုရှေ့မှာတော့ တပည့်တော်က နိုင်တယ်လို့ပဲ ပြောပါဘုရား"

စင်းလိုစင်းက ရယ်မောလိုက်သည်။

"အေးပေါ့လေ၊ ကျုပ်က ကျုပ်ညီပိုလိုစိမ်းကို တွေ့ချင်မှတော့ မင်းပြောတဲ့အတိုင်း ဖြစ်ရမှာပေါ့ကွယ်"

ယုသန်းကြီးက ဝမ်းသာသွားသည်။

သူသည် အာကျိုထံသို့ ပြန်လည်လျှောက်လာရင်း -

"ညီမ - စင်းလိုစင်းကို အစ်ကိုပြန်ခေါ်လာပြီးပြီ"

အာကျို ဝမ်းသာသွားသည်။

"ဟုတ်လား - သူအခု ဘယ်မှာလဲ"

"ပါလာပါတယ် ညီမရယ်"

"ဒါဖြင့် - သူ့ကို မေးကြည့်စမ်းပါ၊ မြွေပေါ်မှာ ကျွန်မလိုက်လို့ ရပါ့မလားလို့"

ယုသန်းကြီးသည်၊

စင်းလိုစင်းအား လက်ဟန်ခြေဟန်ဖြင့် မေးလိုက်သည်။

စင်းလိုစင်းက ပြုံး၍ ခေါင်းညိတ်ပြလိုက်ရာ -

ယုသန်းကြီးက -

"စီးလို့ရတယ်လို့ပြောပါတယ်၊ အခုသူက ရှုံးသွားတဲ့အတွက် အစ်ကို့အတွက် အားလုံးဆောင်ရွက်ပေးမယ်လို့ ကတိပေးပါတယ်"

အာကျိုက လက်ခုပ်လက်ဝါးတီးရင်း -

"ဟာ - ဝမ်းသာလိုက်တာ မြွေဘယ်မှာလဲဟင်၊ ကျွန်မကို တင်ပေးစမ်းပါ"

ယုသန်းကြီးက စင်းလိုစင်းဘက်သို့ လှည့်ကြည့်လိုက်ရာ - စင်းလိုစင်းက လေနှစ်ချက် ချွန်လိုက်သည်။

မြွေနှစ်ကောင်သည် အာကျိုထံသို့ ရွေ့လျားသွားသည်။

❖ ❖ ❖

## တာလွန်နယ်စား

ယခု အာကျိုသည် မြွေပေါ်၌ထိုင်နေသည်။ ဝမ်းသာပီတိ ဖြစ်လွန်း၍ အာကျိုက တခစ်ခစ် ရယ်မောနေလေသည်။

ယုသန်းကြီးသည် -

အာကျိုက ဤမျှတစ်ကြိမ်တစ်ခါမှ ဝမ်းသာဘူးသည်ကို မတွေ့ခဲ့ရသဖြင့် ရင်ထဲ၌ ဝမ်းသာပီတိ ဖြစ်သွားလေသည်။

"ဪ - ဒါနဲ့အစ်ကို၊ ကျွန်မတို့ ဘယ်ကိုသွားကြမှာလဲ"

ယုသန်းကြီးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ရှောင်လင်ကျောင်းကိုလေ"

"ဟာ ဝမ်းသာလိုက်တာ၊ နေပါဦး ရှောင်လင်ကျောင်းကို ဘာသွားလုပ်မှာလဲ"



"ဒီဘုန်းတော်ကြီးမှာ ညီအစ်ကိုတစ်ယောက် ရှောင်လင်ကျောင်းမှာ အချုပ်ခံရလို့ အစ်ကို့ကိုသွားကယ်ပေးဖို့ အကူအညီတောင်းတာပါ"

အာကျို မျက်မှောင်ကုပ်သွားသည်။

"ဖြစ်ပါ့မလား အစ်ကိုရယ်"

"ဖြစ်ပါတယ်"

"ရှောင်လင်ကျောင်းဟာ နှယ်နှယ်ရရ နေရာတစ်ခုမဟုတ်ဘူးနော်"

"ဒါ အစ်ကိုသိပါတယ် - စိတ်မပူစမ်းပါနဲ့"

အာကျိုသည် ခေါင်းညိတ်လိုက်၏။

"အစ်ကို့ကို ကျွန်မယုံပါတယ်၊ တဲ - သွားကြပါစို့"

စင်းလိုစင်းသည် လေနှစ်ချက်ချွန်လိုက်ရာ မြွေများသည် ရှေ့သို့လျင်မြန်စွာဖြင့် ရွေ့လျား သွားကြလေတော့သည်။

❖ ❖ ❖

မြွေနှစ်ကောင်သည် လျင်မြန်စွာ ရွေ့လျားနေလေ၏။

အာကျိုသည် မြွေ၏ကိုယ်ပေါ်မှ စီးနင်းလိုက်ပါသွားသည်။

သူတို့သည် ယင်းကဲ့သို့ ခရီးဆက်လာခဲ့ရာ သုံးရက်ကြာသွားသောအခါ -

အာကျိုသည် မြွေများအား မည်သို့စေခိုင်းရမည်ကို သင်ကြားတတ်မြောက်ခဲ့လေသည်။

ထို့ကြောင့် -

သူမသည် လေချွန်၍ မြွေများအား ရပ်တန့်နိုင်ခြင်း၊ ရှေ့လျား နိုင်ခြင်း၊ နောက်ဆုတ်ခြင်း၊ ရှေ့တိုးခြင်း စသည့်နည်းများကို ရရှိလိုက်လေသည်။

ယခု သူမသည် ကိုယ်တိုင်ကိုယ်ကျ မြွေများအား မောင်းနှင်၍ သွားနေလေသည်။

ယုသန်းကြီးသည် စင်းလိုစင်း၏လက်မှ လွတ်မြောက်ရန် အတွက် အခွင့်အလမ်းများကို စောင့်ဆိုင်းနေသော်လည်း စင်းလိုစင်းမှာမူ အာကျိုကို တင်းကြပ်စွာ စောင့်ရှောက်ထားသဖြင့် ယုသန်းကြီးသည် မည်သို့မျှ မတတ်နိုင်တော့ဘဲ ဆက်လက်၍ လျှောက်သွားရလေသည်။

ဤသို့ဖြင့် သူတို့ ခရီးဆက်လက်၍ထွက်ခွာလာရာ ရှစ်ရက်ခန့်ပင် ကျော်လွန်လာခဲ့ပေတော့သည်။

❖ ❖ ❖

တစ်နေ့ ညနေဆည်းဆာအချိန်သို့ ရောက်ရှိလာသောအခါ သူတို့သည် မြို့တစ်ခု၏အနီးသို့ ရောက်ရှိ၍ လာလေ၏။

ထိုစဉ် သူတို့၏ သွားရာလမ်းသို့ လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အာကျိုက ခြေသံကို ကြားလိုက်ရသဖြင့် -

မြွေများအား ရပ်တန့်လိုက်ပြီး -

"အစ်ကို - ရှေ့မှာလူတစ်ယောက် လာနေတယ်မဟုတ်လား"

ဟု မေးလိုက်လေသည်။



"ဟုတ်တယ်ညီမ"

"ဘယ်သူများပါလိမ့်"

"အစ်ကို အကဲခတ်ရတာကတော့၊ မင်းနွယ်စိုးနွယ်ထဲကနဲ့ တူပါတယ်"

အာကျို မျက်မှောင်ကုပ်သွားလေသည်။

"ဟုတ်လား - သေချာကြည့်လိုက်ပါဦး၊ ဘယ်ကများလဲ"

ထိုစဉ် ထိုလူသည် အနီးသို့ရောက်ရှိလာသဖြင့် -

စင်းလိုစင်းမှာ မျက်နှာကွက်ခနဲ ပျက်သွားလေတော့သည်။

"တာလွန်နယ်စားကိုး - ဘယ်တုန်းက ရောက်လာပါသလဲ"

ထိုလူသည် တာလွန်နယ်စားပင် ဖြစ်ပါသည်။

သူက ပြုံးလိုက်ပြီး -

"ဪ - ဘုန်းတော်ကြီး စင်းလိုစင်းကိုး - ဘယ့်နှယ်လုပ်ဒီကိုရောက်လာရတာလဲ"

စင်းလိုစင်းက အဖြေမပေးမီ -

အာကျိုက လှမ်း၍ ပြောလိုက်လေသည်။

"ဪ - တာလွန်နယ်စား ရောက်နေတာကိုး"

တာလွန်နယ်စားသည် -

အာကျိုအား တစ်ချက်လှမ်းကြည့်လိုက်၏။

ယုသန်းကြီးမှာမူ ထိတ်လန့်ကာ ခေါင်းကိုငုံ့ထားလိုက်လေသည်။ တာလွန်နယ်စားက လက်မြှောက်၍ အလေးပြုလိုက်လေသည်။

"ခင်ဗျားက ဘယ်သူလဲဗျ"

ယုသန်းကြီးသည် ထစ်ထစ်ငေါ့ငေါ့ဖြင့် မည်သို့ပြန်ပြောရမှန်း

မသိဘဲ ဖြစ်နေလေသည်။

တာလွန်နယ်စားသည် -

ယုသန်းကြီး၏ မျက်လုံးအား သေသေချာချာ ကြည့်လိုက်ရာ- ယုသန်းကြီးမှာ အတွင်းအားအလွန်အဆင့်မြင့်သော သိုင်းပညာရှင်တစ်ယောက် ဖြစ်နေသည်ကို သူယုံကြည်မိလေသည်။

ထို့ကြောင့် သူသည် ပြုံးပြလိုက်ပြီး -

"ဘာလဲ - ခင်ဗျားက မပြောချင်လို့လား"

သူ၏လက်ဝါးသည် အလေးပြုမည့်ဟန်ဖြင့် ရှေ့သို့ အသာအယာ တွန်းလိုက်သည်။

အတွင်းအားတစ်ခုသည် ယုသန်းကြီး၏ ရင်ဝသို့ တိုက်ခိုက်လိုက်လေသည်။

သို့သော် ယုသန်းကြီးမှာမူ မည်သို့မှ ထူးခြားခြင်းမရှိဘဲ ရပ်မြဲရပ်လျက် ရှိနေသည်။

"ဟုတ်ပါတယ် - ကျုပ်ရဲ့နာနည်ကို မပြောပါရစေနဲ့ဗျာ"

အာကျိုက ကြားဖြတ်၍ပြောလိုက်သည်။

"ရှင်က မသိဘဲကိုး - ကျွန်မမိတ်ဆက်ပေးမယ်၊ သူက စိတ်ချမ်းသာဂိုဏ်းက ဂိုဏ်းချုပ်ဝမ်စင်းထင်ပါပဲ"

တာလွန်နယ်စားသည် ဗဟုသုတအတွေ့အကြုံ အလွန်ရင့်ကျက်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေသည်။

သိုင်းလောကမှာ မည်သည့်ဂိုဏ်းမဆို သူမသိသူ မရှိသလောက် နှံ့စပ်ခဲ့လေသည်။

သို့သော် စိတ်ချမ်းသာဂိုဏ်းဟူ၍ သူတစ်ကြိမ်တစ်ခါမျှ မကြားဘူးပါချေ။



ဂိုဏ်းချုပ် ဝမ်စင်းထင်ဟုလည်း မကြားဘူးပါ။

ထို့ကြောင့် မျက်မှောင်ကုပ်လိုက်ပြီး -

"စိတ်ချမ်းသာဂိုဏ်း ဟုတ်လား"

"ဟုတ်ပါတယ် - ရှင်မကြားဖူးဘူး မဟုတ်လား"

"ဟုတ်တယ် - ကျုပ် အခုမှပဲ ကြားဖူးတော့တယ်"

အာကျိုက ရယ်မောလိုက်သည်။

"ရှင် အခု ဘယ်ကလာတာလဲ - ရှောင်လင်ကျောင်းက လာတယ်ဆိုရင် အမြန်ဆုံး ပြန်သွားပြီးစောင့်နေပါ၊ ကျွန်မတို့က ရှောင်လင်ကျောင်းကိုသွားမလို့"

တာလွန်နယ်စားက -

အာကျိုအား အကဲခတ် ကြည့်လိုက်လေသည်။

"နေပါဦး - ကြယ်တံခွန်ဂိုဏ်းက အာကျိုဆိုတဲ့မိန်းကလေးကို ခင်ဗျားသိသလား"

အာကျိုက ပြုံးလိုက်သည်။

"သိသားဘဲ -"

"အခု သူဘယ်မှာလဲ"

အာကျိုသည် သူမ၏နှာခေါင်းကို ညွှန်ပြလိုက်သည်။

"ဒီမှာလေ - မတွေ့ဘူးလား"

တာလွန်နယ်စားက သူမအား တစ်ချက်ကြည့်လိုက်ပြန် လေသည်။

"ဒါဖြင့် ကြယ်တံခွန်အဘိုးအိုကော"

အာကျိုက ပြုံးလိုက်သည်။

"ကြယ်တံခွန်အဘိုးအိုက ကျွန်မအစ်ကိုနဲ့ ယှဉ်ပြိုင်လို့ ရှုံးသွား

ပြီရှင့် - အခု ကျွန်မဟာ ကြယ်တံခွန်ဂိုဏ်းချုပ်ဖြစ်နေပြီ၊ ရှင် မသိသေးဘူးလား"

တာလွန်နယ်စားက ခေါင်းညိတ်လိုက်သည်။

"သြော် - ဒီလိုဆို ဒါဖြင့် ဒီပုဂ္ဂိုလ်က သိုင်းပညာအလွန် အဆင့်မြင့်နေမှာပေါ့နော်"

"ဟုတ်တာပေါ့ရှင် - ရှင်ရပ်နေတဲ့ ဘုန်းတော်ကြီးကို တွေ့လား"

တာလွန်နယ်စားက -

စင်းလိုစင်းအား တစ်ချက်ကြည့်လိုက်လေသည်။

"တွေ့သားပဲ"

"သူ့ရဲ့ ဘွဲ့အမည်က စင်းလိုစင်းလို့ခေါ်တယ် - မြွေကို စေခိုင်းနိုင်တဲ့ ပညာရှင်တစ်ယောက်ပါပဲ"

သူမသည် ပြုံး၍စကားကို ဆက်လိုက်ပြန်လေသည်။

"သူက ကျွန်မရဲ့အစ်ကိုနဲ့ယှဉ်ပြိုင်ပြီး ရှုံးသွားလို့ ကျွန်မတို့ အတွက် မြွေကိုမောင်းပေးနေတယ်လေ"

တာလွန်နယ်စားက ပြုံးလိုက်သည်။

"သြော် - ဒီလိုကိုး၊ စင်းလိုစင်းဟာ တိဘက်နယ်မှာဆိုရင် အလွန်အဆင့်မြင့်တဲ့ သိုင်းသမားပဲ - ဘာဖြစ်လို့ ရှုံးရတာလဲဗျ"

စင်းလိုစင်း ဒေါသထွက်သွားသည်။

သူသည် မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ - ကျုပ်ကရှုံးတယ်လို့ ဒါယကာကြီးက ထင်နေလို့ လား"

တာလွန်နယ်စားက ပြုံးလိုက်သည်။

"ဒီမိန်းကလေးပြောနေတာ ဘုန်းတော်ကြီးက မကြားဘူးလား"



အာကျိုက ပြုံးလိုက်သည်။

"ဟုတ်တာပေါ့ရှင့်၊ ရှုံးတာမှ သိုင်းကွက်တစ်ကွက်တည်းနဲ့ ရှုံးသွားတာရှင့်"

ယုသန်းကြီးသည် ထိုစကားများကို ကြားလိုက်ရသောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"ညီမ ဘာမှ မပြောပါနဲ့ကွယ်"

အာကျိုက ပြုံးလိုက်သည်။

"အို - အမှန်အတိုင်းပြောတာ ဘာဖြစ်သလဲ"

စင်းလိုစင်းသည် ဆက်လက်၍ သည်းမခံနိုင်တော့ပါ။

"ဒီမှာ ဒါယိကာမလေး - မင်း စိတ်ကူးယဉ်မနေစမ်းပါနဲ့တော့၊ ကျုပ်ရှုံးတာ မဟုတ်ဘူး - မင်းလူက သိုင်းကွက် တစ်ကွက်တည်းနဲ့ ကျွမ်းပြန်သွားတာကွဲ့ သိလား"

အာကျို မျက်မှောင်ကုပ်သွားသည်။

"ဘယ်လို - ကျွန်မရဲ့အစ်ကိုက ရှုံးသွားတယ် ဟုတ်လား၊ ဘုန်းတော်ကြီးက မလိမ်ရဘူးလေ"

စင်းလိုစင်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ် လိမ်ပြောနေတာ မဟုတ်ဘူး - မင်းလူက သူနိုင်ပါတယ်လို့ ပြောပါရစေဆိုပြီး တောင်းပန်လို့ ကျုပ်ကခွင့်ပြုလိုက်တာ"

ယုသန်းကြီးသည် စင်းလိုစင်းက အမှန်အတိုင်း ထုတ်ဖော်ပြောဆိုနေသည်ကို ကြားလိုက်ရသောအခါ -

ကျောက်တုံးပေါ်သို့ စိတ်ပျက်စွာဖြင့် ထိုင်ချလိုက်လေသည်။

အာကျိုက နှုတ်ခမ်းကိုစူထားလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မမယုံဘူး"

စင်းလိုစင်းကပြုံးလျက် -

"မယုံရင် ကျုပ် သူ့ကိုဖမ်းပြမယ်"

အာကျိုက ဒေါသထွက်သွားသည်။

"အစ်ကိုကြည့်စမ်း၊ ဘုန်းတော်ကြီးက လိမ်ပြောနေတယ်၊ သူ့ကို အစွမ်းပြလိုက်ပါဦး"

ယုသန်းကြီးသည် မိမိအလိမ်ပေါ်သွားတော့မည်ဖြစ်၍ စိတ်ပျက်စွာ ခေါင်းငုံ့နေ၏။

စင်းလိုစင်းသည် -

ယုသန်းကြီးရှေ့သို့ တစ်လှမ်းချင်း လျှောက်လာသည်။

တာလွှန်နယ်စားသည် -

စင်းလိုစင်းက တိုက်ခိုက်ရန် ဟန်ပြင်နေသည်ကို တွေ့လိုက်ရသောအခါ ဟန့်တားလိုက်လေသည်။

"နေပါဦး၊ ဒီပုဂ္ဂိုလ်ဟာ သိုင်းပညာအဆင့် အတော်မြင့်တယ်ဆိုတာ ဘုန်းတော်ကြီးက အကဲမခတ်မိဘူးလား"

စင်းလိုစင်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ဒါတော့ ကျုပ်လဲသိပါတယ်၊ ဒါပေမယ့် သူက ကျုပ်ကို မနိုင်ဘူးဆိုတာ ဒါယကာကြီးတွေ့ရမှာပေါ့"

တာလွှန်နယ်စားက စိတ်ထဲ၌ ယုံကြည်ခြင်းမရှိသော်လည်း ပါးစပ်ပိတ်ထားလိုက်လေသည်။

❖ ❖ ❖



စင်းလိုစင်းသည် ခေါင်းငုံ့နေသော ယုသန်းကြီးအား စိုက်ကြည့်လိုက်သည်။

"ကဲ - ဒါယကာကြီး ထလိုက်စမ်း"

ယုသန်းကြီးသည် ကြောက်ရွံ့လွန်း၍ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏၊ အာကျိုက မဲ့ပြုံး ပြုံးလိုက်သည်။

"အစ်ကိုက ထစရာမလိုပါဘူး၊ သူထိုင်နေပေမယ့် ရှင့်ကို အနိုင်တိုက်ခိုက်နိုင်တယ်ရှင့်"

စင်းလိုစင်းက မဲ့ပြုံး ပြုံးလိုက်ပြီး -

ယုသန်းကြီး၏ ပခုံးအား ဆုပ်ကိုင်ထားလိုက်လေသည်။

ယုသန်းကြီးသည် အတွင်းအားအလွန်အဆင့်မြင့်နေသဖြင့် မည်သို့မှ မခံစားရပါ

စင်းလိုစင်းက သူ့အားအပေါ်သို့ မြှောက်ထားလိုက်လေသည်။

ယုသန်းကြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"တပည့်တော်ကို လွှတ်လိုက်ပါ"

စင်းလိုစင်းက အေးစက်စွာပြုံးလိုက်သည်။

"ကဲ - ပြောစမ်း၊ မင်းက ငါ့ကိုနိုင်တာလား၊ ငါက မင်းကို နိုင်တာလား"

ယုသန်းကြီးသည် အာကျိုဘက်သို့ လှည့်လိုက်သည်။

အာကျိုမျက်နှာပေါ်တွင် ဂရုတစိုက် နားစွင့်နေသည်ကို တွေ့လိုက်ရသဖြင့် သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး -

"ဘုန်းတော်ကြီးက တပည့်တော်ကို ရှုံးတာပေါ့"

စင်းလိုစင်းက ဒေါသချောင်းချောင်းထွက်လာသည်။

ယုသန်းကြီး၏ လည်ကုတ်ကိုဆွဲကာ အပေါ်သို့ မြှောက်လိုက်

လေသည်။

"တဲ - အခု ဘယ့်နှယ်လဲ"

အာကျိ၏မျက်နှာသည် သံသယဖြစ်နေသော အရိပ်အရောင်များ သန်းလာသည်။

"အစ်ကို ပြောစမ်းကပါ၊ ဘယ်လိုဖြစ်နေတယ်ဆိုတာ"

ယုသန်းကြီးသည် စိတ်မကောင်းဖြစ်သွားသည်။

မည်သို့မှဆက်၍ လိမ်မရတော့မှန်း နားလည်လိုက်လေသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး -

"ညီမရေ - အစ်ကို အမှန်အတိုင်း ပြောပြပါတော့မယ်၊ အမှန်မှာ-"

အာကျိမျက်နှာသည် ကွက်ခနဲ ပျက်သွားလေသည်။

"မှန်မှန်ပြောစမ်း၊ အစ်ကို ဘာဖြစ်နေတာလဲ"

သူမ၏အသံသည် တုန်တုန်ယင်ယင် ဖြစ်လာသည်။

ယုသန်းကြီးသည် -

အာကျိ၏ စိုးရိမ်ထိတ်လန့်နေပုံကို တွေ့လိုက်ရသဖြင့် အမှန်အတိုင်း ဖွင့်ဟမပြောရက်တော့ပါ။

"အမှန်ပါ၊ အစ်ကိုက သူ့ကိုသက်သက် လျှော့ပေးထားလို့ပါ"

တာလွန်နယ်စားကလည်း -

ယုသန်းကြီးက သက်သက်လျှော့ပေးထားသည်ကို ယုံကြည်သည်။

"ဩော် - ဒီပုဂ္ဂိုလ်ကလည်း ဘာဖြစ်လို့ လျှော့ပေးနေရတာလဲ"

ယုသန်းကြီးက ဟန်ဆောင်ပြုံးပြလိုက်သည်။

"ဒါကတော့ ခင်ဗျားကို ပညာစမ်းချင်လို့ပါ"

တာလွန်နယ်စားက မျက်မှောင်ကုပ်သွားသည်။



"ကျုပ်ကို ပညာစမ်းချင်တယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ်အခု သူ့ကိုနိုင်ဖို့ ဘယ်လိုသိုင်းကွက်သုံးရမလဲဆိုတာ ခင်ဗျားပြောနိုင်ပါ့မလား"

တာလွန်နယ်စားက ပြုံးလိုက်သည်။

"လွယ်ပါတယ်၊ ခင်ဗျားက သူ့ရဲ့ရှောင်ဟိုင်းသွေးကြော နေရာကို တိုက်ခိုက်လိုက်ရင် သူက ခင်ဗျားခန္ဓာကိုယ်ကို လွှတ်လိုက်ရမှာပဲ"

ယုသန်းကြီး မျက်မှောင်ကုပ်သွားသည်။

"ရှောင်ဟိုင်းသွေးကြောနေရာဆိုတာ ဘယ်မှာလဲ"

တာလွန်နယ်စားသည် ယုသန်းကြီးက မိမိအားပညာစမ်းသည်ဟု ထင်မှတ်ကာ ပြုံးလိုက်လေသည်။

"ဒါကတော့ဗျာ၊ သိုင်းပညာတတ်တဲ့လူတိုင်းဟာ ရှောင်ဟိုင်းသွေးကြောနေရာဆိုတာ သိကြပါတယ်၊ ခင်ဗျားက ကျုပ်ကို ပညာစမ်းတယ်ဆိုတော့ ပြောရမှာပေါ့လေ၊"

ယုသန်းကြီးသည် ရှောင်ဟိုင်းသွေးကြောနေရာဆိုသည်မှာ မည်သည့်နေရာ၌ ရှိသည်ကို လုံးဝမသိပါ။

ထို့ကြောင့် -

ဆက်၍ မေးလိုက်လေသည်။

"ကျုပ်မေးတာ ပြောစမ်းပါ"

တာလွန်နယ်စားက ပြုံးလိုက်သည်။

"ရှောင်ဟိုင်းသွေးကြောနေရာဆိုတာ လင်းတောက်သွေးကြောနေရာထက် ၈.၅ လက်မမှာရှိတယ်၊ နောက်ပြီး ချင်းလင်းသွေးကြောနေရာရဲ့အောက် ၆.၁ မှာ ရှိပါတယ်"

ယုသန်းကြီးသည် မျက်လုံးပြူးကျယ်သွားသည်။

သူသည် ချင်းလင်းနဲ့ လင်းတောက်သွေးကြောနေရာကို လုံးဝ မသိပါ။

ထို့ကြောင့် ဆက်၍ မေးလိုက်ပြန်သည်။

"အဲဒီသွေးကြောနေရာ နှစ်ခုကော ဘယ်နေရာမှာ ရှိပါသလဲ"

စင်းလိုစင်းက မနေနိုင်တော့ပါ။

"ဒီမှာ ဒါယကာကြီး နယ်စားမင်းက ဘယ်လိုသဘောနဲ့ ဒီလို ပြောပြရတာလဲ"

တာလွန်နယ်စားက ပြုံးလိုက်သည်။

"ဒီပုဂ္ဂိုလ်က ကျုပ်ရဲ့ သိုင်းပညာကို စစ်ဆေးနေတော့ ကျုပ်က ပြောပြရတာပေါ့"

စင်းလိုစင်းက ဒေါသထွက်သွားသည်။

"သူက သိုင်းပညာ မတတ်လို့ပေါ့။ ရှောင်ဟိုင်းသွေးကြောနေရာ ဆိုတာ ဝဲဘက်လက်မောင်းပေါ်မှာ ရှိတယ်ဆိုတာ သိုင်းပညာတတ်တဲ့ လူတိုင်းကသိရမှာပေါ့"

စင်းလိုစင်းစကားကြောင့် ယုသန်းကြီးက သတိရလာလေသည်။

သူသည် စင်းလိုစင်း၏ ဝဲဘက်လက်မောင်းသို့ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

စင်းလိုစင်းသည် ယုသန်းကြီးက တိုက်ခိုက်လာသည်ကို တွေ့လိုက်ရသောအခါ ယုသန်းကြီး၏ လည်ကုတ်ကိုဆွဲပြီး အဝေးသို့ လွှင့်ပစ်လိုက်လေသည်။

ယုသန်းကြီး၏ ရိုက်ချက်သည် စင်းလိုစင်းအား မရိုက်မိဘဲ အဝေးသို့လွင့်သွားကာ မြေပေါ်သို့ ကျသွားလေသည်။

သို့သော် -



သူသည် လုံးဝထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ ချက်ချင်းပင် မတ်တတ်ရပ်လိုက်လေသည်။

စင်းလိုစင်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ကဲ - ဒါယကာကြီး နယ်စား၊ ဘယ့်နှယ်ရှိစ"

တာလွန်နယ်စားသည် ဉာဏ်ပညာ အလွန်ထူးချွန်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

ယုသန်းကြီးမှာ အတွင်းအား ထူးထူးခြားခြား အဆင့်မြင့်သော်လည်း သိုင်းပညာရပ်ကို လုံးဝနားမလည်ကြောင်း အကဲခတ်မိလိုက်လေသည်။

ထို့ကြောင့် -

သူသည် စင်းလိုစင်းအား ခေါင်းခါပြလိုက်သည်။

"ဘုန်းတော်ကြီးက သူ့ကိုအဝေးရောက်အောင် ပစ်လိုက်တာကို သူရှုံးတယ်လို့ တပည့်တော်မထင်ဘူး"

စင်းလိုစင်းက ဒေါသကြီးစွာဖြင့် -

"ဒါဖြင့် သူက ဘယ်လိုသဘောနဲ့ မတုံ့ပြန်တာလဲ"

တာလွန်နယ်စားက ပြုံးလိုက်သည်။

"တပည့်တော်အမြင်နဲ့ ပြောရရင် သူက သက်သက်ရှုံးချင်ဟန်ဆောင်တယ်လို့ ထင်ပါတယ်"

ယုသန်းကြီးသည် စိတ်ပျက်နေရာမှ -

တာလွန်နယ်စား၏ စကားကို ကြားလိုက်ရသသောအခါ သူသည် အသံကျယ်လောင်စွာဖြင့် -

"ဟုတ်ပါတယ်၊ ဘုန်းတော်ကြီးက ရှုံးသွားရင် ကြည့်မကောင်းလို့ တပည့်တော်က သက်သက်လျှော့ပေးတာပါ"

စင်းလိုစင်းက ဒေါသထွက်လွန်း၍ ရယ်မောလိုက်သည်။

"ဩော် - ဒီလိုကိုး၊ ဒါဖြင့် မင်းရဲ့သိုင်းစာအုပ်က ဘာဖြစ်လို့ ကျွပ်လက်ထဲ ရောက်နေရတာလဲ"

အာကျိုက မျက်မှောင်ကုပ်သွားသည်။

"အစ်ကို၊ ရှင့်စာအုပ် ပြန်မရသေးဘူးလား"

ယုသန်းကြီးက -

"ပြန်ယူလာပါပြီ၊ သူ့စကားနားမထောင်နဲ့"

စင်းလိုစင်းသည် သည်းမခံနိုင်တော့ပါ။ အိတ်ထဲမှ ပဒေသာကျမ်းစာအုပ်ကို ထုတ်ယူပြီး ဝှေ့ယမ်းပြလိုက်၏။

"ဟောဒီမှာကြည့်၊ ဒီစာအုပ်က ကျုက်လက်ထဲမှာဘဲ ရှိနေတယ်ကွဲ့"

တာလွန်နယ်စားသည် ထိုသိုင်းပဒေသာ ကျမ်းစာအုပ်ကို တွေ့မြင်လိုက်ရသောအခါ တစ်ကိုယ်လုံး ငြိန့်လှုပ်သွားလေသည်။

စင်းလိုစင်းမှာမူ တာလွန်နယ်စား ဣန္ဒြေပျက်သွားသည်ကို သတိမပြုမိပါ။

ယုသန်းကြီးသည် စင်းလိုစင်းက သိုင်းပဒေသာကျမ်း ထုတ်ပြနေသည်ကို တွေ့လိုက်ရသော်လည်း အာကျိုမှာ မမြင်နိုင်သဖြင့် သူသည် ဆက်၍ မေးရလေသည်။

"ဟား - ဟား - ဟား ဘုန်းတော်ကြီးလက်ထဲက တပည့်တော် စာအုပ်မှမဟုတ်ဘဲ၊ သေချာကြည့်စမ်းပါဦး"

စင်းလိုစင်းသည် ပို၍ ဒေါသထွက်လာသည်။

"မင်းသေချာကြည့်စမ်း၊ ကိုယ့်ပစ္စည်းကိုယ်တောင် မမှတ်မိ တော့ဘူးလား"



တာလွန်နယ်စားက ကြားဖြတ်လိုက်သည်။

"နေပါဦး၊ ဒီစာအုပ်က ဘာစာအုပ်များလည်း၊ တပည့်တော်ကို ခဏပြစမ်းပါဦး"

သူသည် ယင်းသို့ပြောပြီး စင်းလိုစင်းလက်ထဲမှ စာအုပ်ငယ်အား လျှပ်တစ်ပြက် လုယူလိုက်လေသည်။ စင်းလိုစင်းက ထိတ်လန့်သွားသည်။

"ဒါဘာလုပ်တာလဲ ဒါယကာကြီး"

တာလွန်နယ်စားက ပြုံးလိုက်သည်။

"ဒီသိုင်းစာအုပ်ဟာ ရှောင်လင်ကျောင်းရဲ့ သိုင်းစာအုပ်ပဲ၊ ဒါကြောင့် တပည့်တော် ခဏဖတ်ဖို့ယူထားလိုက်မယ်"

အာကျို မျက်မှောင်ကုပ်သွားသည်။

"အစ်ကို ဘယ်လိုဖြစ်နေကြတာလဲ၊ ရှင့်စာအုပ် အခု ဘယ်သူ့လက်ထဲ ရောက်သွားသလဲ"

ယုသန်းကြီးက ပြန်မပြောမီ -

တာလွန်နယ်စား၏လက်ချောင်းများသည် - -

ယုသန်းကြီး၏လက်ကို ဖမ်းဆုပ်ထားလိုက်လေသည်။

အမှန်မှာ -

တာလွန်နယ်စားသည် ယုသန်းကြီး၏အတွင်းအားကို စမ်းသပ်လို၍ ဖြစ်သည်။

သူသည် -

ယုသန်းကြီး၏ လက်ဝါးအား ဆုပ်ကိုင်လိုက်သည်နှင့် ယုသန်းကြီး၏လက်ဝါးမှ အေးစိမ့်သောအငွေ့အသက်တစ်ခုက မိမိ၏ လက်ဝါးထဲသို့ တိုးဝင်လာသည်ကို ခံစားလိုက်ရလေသည်။

သူသည် ထိတ်လန့်တုန်လှုပ်ကာ ကပျာကယာ လက်လွှတ်လိုက်လေသည်။

သူ၏တစ်ကိုယ်လုံးမှာလည်း -

ရုတ်တရက် -

အေးစိမ့်သွားသည်ဟု ခံစားလိုက်ရလေသည်။

သူသည် ထိတ်လန့်တုန်လှုပ်ကာ အတွင်းအားကို အသုံးပြုပြီး တစ်ကိုယ်လုံးအေးစိမ့်နေသော ဒဏ်များကို ခုခံလိုက်ရတော့သည်။

သူသည် ယင်းသို့ ခံစားလိုက်ရသောအခါ တစ်ချိန်တုန်းက တာလီပြည်မှာ တန့်ဥနှင့်ယှဉ်ပြိုင်တုန်းက တစ်ကြိမ်ခံစားခဲ့ဖူးသည်ကို သတိရလာလေသည်။

သူသည် အတန်ကြာ ငေးငိုင်ပြီးမှ ရယ်မောလိုက်သည်။

"စိတ်ချပါ မိန်းကလေး - ဘာမှမဖြစ်ပါဘူးကွယ်၊ ကျုပ်က ခင်ဗျားတို့ကို မြင်မြင်ချင်းခင်မင်တဲ့စိတ်များ ပေါ်ပေါက်လာပါတယ်"

အာကျိသည် ထိုစကားကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားသည်။

"အောင်မယ်၊ ရှင်က ကျွန်မအစ်ကိုကို မနိုင်လို့ ဒီစကားပြောတာ မဟုတ်လား"

တာလွန်နယ်စားက ရယ်မောလိုက်သည်။

"ဟား - ဟား - ဟား ခင်ဗျားက ကြယ်တံခွန်ဂိုဏ်းချုပ်ဆိုရင် ကျုပ်နာမည်ကိုတော့ ကြားဖူးတယ် မဟုတ်လား"

အာကျိသည် မျက်မှောင်ကုပ်၍ စဉ်းစားလိုက်သည်။

"ရှင့်နာမည်က ဘယ်သူလဲ"

တာလွန်နယ်စားက ပြုံးလိုက်သည်။



"ကျုပ်ရဲ့နာမည်က ချူမိုးသီးလို့ခေါ်ပါတယ်၊ ကျုပ်ရဲ့ရာထူးကတော့ တာလွန်နယ်စားပါ"

အာကျိ တစ်ကိုယ်လုံး တုန်ခါသွားသည်။

အတန်ကြာမှ -

"ရှင်က တာလွန်နယ်စား ချူမိုးသီးကိုး"

"ဟုတ်ပါတယ်ခင်ဗျာ"

အာကျိက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင့်နာမည်ကိုတော့ ကြယ်တံခွန်အဘိုးအိုက မကြာခဏပြောဖူးလို့ ကြားခဲ့ပါတယ်"

သူမသည် ယုသန်းကြီးဘက်သို့ လှည့်လိုက်သည်။

"အစ်ကို - ဒီပုဂ္ဂိုလ်ဟာ သိုင်းပညာအလွန်ထူးချွန်တဲ့ တာလွန်နယ်စားဘဲ၊ သိုင်းလောကမှာ ရဲရဲတောက်ကျော်ကြားတဲ့ သိုင်းပညာရှင်တစ်ယောက်ပါ"

ယုသန်းကြီးက ပြုံးလိုက်သည်။

"ဟုတ်လား"

သူသည် တာလွန်နယ်စားအား ဦးညွှတ်လိုက်သည်။

"အခုလိုသိရတာ ဝမ်းသာပါတယ်ခင်ဗျာ"

တာလွန်နယ်စားသည် အာကျိအား ညွှန်ပြလိုက်ပြီး လက်ကာပြလိုက်သည်။

"အခုလို ဂိုဏ်းချုပ်ကြီးနဲ့တွေ့ရတာ ကျုပ်အတော် ဝမ်းသာပါတယ်၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးနဲ့ မိတ်ဆွေအဖြစ် အသိအမှတ်ပြုချင်ပါတယ်"

ယုသန်းကြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဝမ်းသာလိုက်တာဗျာ၊ ကျုပ်ဖြင့် ဘယ်လိုဝမ်းသာရမှန်း တောင်မသိဘူး"

တာလွန်နယ်စားသည် -

စင်းလိုစင်းဘက်သို့ လှည့်လိုက်သည်။

"ကဲ - ဘုန်းတော်ကြီး၊ ဘုန်းတော်ကြီးကြွလိုရာ ကြွနိုင်ပါတယ်ဗျာ"

စင်းလိုစင်းသည် မိမိက တာလွန်နယ်စားကို မနိုင်မှန်းသိရသဖြင့် ဒေါသကိုချုပ်တည်းကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

❖ ❖ ❖

ယုသန်းကြီးသည် -

တာလွန်နယ်စားက မိမိအပေါ် အစစအရာရာ ကာကွယ်ပေးနေသည်ကို တွေ့လိုက်ရသဖြင့် တာလွန်နယ်စားအပေါ် ကျေးဇူးတင်၍မဆုံး ဖြစ်နေလေ၏။

တာလွန်နယ်စားသည် သူ့အား အသံတိုးတိုးဖြင့် -

"ဒီနေ့ည သန်းခေါင်ယံအချိန်မှာ ကျုပ်လာခဲ့မယ်၊ မင်းစောင့်နေမလား"

ယုသန်းကြီးက ခေါင်းညိတ်ပြလိုက်သည်။

တာလွန်နယ်စားက ပြုံးလိုက်ပြီး -

"ကဲ - ကျုပ်လဲသွားစရာရှိလို့ သွားလိုက်ပါဦးမယ် - ကျုပ်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ပါ - တာလွန်နယ်စား"

အာကျိနှင့် ယုသန်းကြီးတို့သည် ပြိုင်တူနှုတ်ဆက်လိုက်ကြလေသည်။



ညဉ့်နက်လာပြီ ဖြစ်သည်။

အာကျိသည် သစ်ပင်တစ်ပင်အောက်၌ အိပ်မောကျနေ၏။

ယုသန်းကြီးမှာမူ အိပ်မရဘဲ လမ်းလျှောက်နေ၏။

ယင်းသို့ အချိန်အတန်ကြာအောင် စောင့်ဆိုင်းနေရာ -

မကြာပါချေ။

တာလွန်နယ်စား ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ယုသန်းကြီးသည် ဒူးထောက်၍ ဦးညွှတ်လိုက်သည်။

"ကျေးဇူးကြီးလှပါတယ် နယ်စားကြီး၊ နယ်စားကြီးက အကာအကွယ်ပေးတဲ့အတွက် ကျွန်တော်မျိုး အရှက်ကွဲအကျိုးနဲ့ မဖြစ်ရတာပါ"

တာလွန်နယ်စားက သူ့အား ဖေးမလိုက်သည်။

"အို - ဝမ်စင်းထင်ကလည်း အခုကျုပ်တို့ မိတ်ဆွေဖြစ်နေပြီပဲ ကျေးဇူးတင်တဲ့စကား မပြောရဘူးလေ"

သူသည် အိပ်ပျော်နေသော အာကျိအား တစ်ချက်ကြည့်လိုက်ပြီး -

"တော်ကြာ မိန်းကလေးနိုးသွားလိမ့်မယ်၊ တို့ခပ်ဝေးဝေးမှာ စကားသွားပြောကြရအောင်"

သူသည် -

ယုသန်းကြီး၏လက်ကိုဆွဲကာ ထိုနေရာမှ ထွက်ခွာသွားလေသည်။

❖ ❖ ❖

တာလွန်နယ်စားသည် ယုသန်းကြီးနှင့်အတူ လျှောက်သွားရာ မိုင်တစ်ဝက်ခန့်မျှ လျှောက်သွားရသည့် အချိန်အတောအတွင်း တာလွန်နယ်စားသည် သိုင်းပညာရပ် (၇)မျိုးဖြင့် ယုသန်းကြီး၏ ပညာရပ်များကို စမ်းသပ်ခဲ့လေသည်။

သို့သော် -

ယုသန်းကြီး၏ပညာရပ်မှာ မည်ကဲ့သို့သော ပညာရပ်မျိုး ဖြစ်သည်ကို သူမသိခဲ့ရချေ။

သူသိရှိခဲ့ရသည်မှာ ယုသန်းကြီး၏ ခန္ဓာကိုယ်တွင်း၌ အလွန် အေးစိမ့်ပြီး အဆိပ်ပြင်းသော စွမ်းအားတစ်ခုရှိနေသည်ကို သိလိုက် ရခြင်းဖြစ်သည်။

ယခု သူသည် ယုသန်းကြီးကို မိမိအတွက် အသုံးချရန် စည်းရုံးနေခြင်းဖြစ်သည်။

ယုသန်းကြီးမှာမူ ထိုအကြောင်းကို လုံးဝမသိရှိပါ။

သူတို့သည် တောင်ကုန်းတစ်ခုသို့ ရောက်ရှိလာသောအခါ ရပ်တန့်လိုက်လေသည်။

ယုသန်းကြီးသည် -

တာလွန်နယ်စားမှာ သိုင်းပညာ အလွန်ထူးချွန်သည်ကို သိရ သဖြင့် သူသည် တပည့်ခံရန် စိတ်ကူးမိလေသည်။

ထို့ကြောင့် -

သူသည် ဒူးထောက်လိုက်ပြီး -

"နယ်စားကြီး ခင်ဗျာ - ကျွန်တော့်ကို ကူညီပြီးနောက် ကျွန် တော့်ကို တပည့်တစ်ယောက်အနေနဲ့ အသိအမှတ်ပြုပါလို့ တောင်း ပန်ချင်ပါတယ်"



တာလွန်နယ်စားက သူ့အားမေးမလိုက်သည်။

"မင်းက ငါ့ဆီမှာတပည့်ခံမယ် ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ကျုပ်ဆီမှာတပည့်ခံရင် ကောင်းမှုကုသိုလ်များ လုပ်ရလိမ့်မယ်"

"ဟုတ်ကဲ့ - ကျွန်တော်လုပ်ပါမယ်"

တာလွန်နယ်စားက အနည်းငယ်စဉ်းစားလိုက်ပြီး -

"မင်း - အခု လူတစ်ယောက်ကိုသွားပြီး သုတ်သင်ရှင်းလင်းမှ ကျုပ်ကမင်းကို တပည့်အဖြစ်လက်ခံမယ်"

ယုသန်းကြီးက မျက်မှောင်ကုပ်သွား၏။

"ဒီလူက ဘယ်သူပါလိမ့်"

"သူ့နာမည်က တန့်ဥပါ၊ မင်းကြားဖူးတယ်မဟုတ်လား"

ယုသန်းကြီး မျက်မှောင်ကုပ်သွား၏။

"ကျွန်တော် မကြားဖူးပါဘူး"

"ဒီလိုဆိုလဲ ပြောပြရတာပေါ့"

တာလွန်နယ်စားသည် ယုသန်းကြီးအား တစ်ချက်ကြည့်လိုက် ပြီး -

"ဒီလူဟာ အပြင်ပန်းကကြည့်ရင် သဒ္ဓေသားတစ်ယောက်နဲ့ တူတယ်၊ သူ့ရုပ်သွင်ကလည်း လူဆိုးတစ်ယောက်နဲ့ မတူပါဘူး၊ ဒါပေမယ့် - သူဟာ အလွန်ဆိုးဝါးတဲ့လူတစ်ယောက်ပါပဲ၊ လူမိုက် ကြီး (၄)ယောက်ထဲက တောင်ပင်လယ်မိကျောင်းဟာ သူ့တပည့်ပဲ"

ယုသန်းကြီးက ထိတ်လန့်သွားသည်။

"ဒါဆို သူက လူမိုက်ကြီးများဘက်ကလူ ဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ မင်းကသာ ဒီလူမိုက်ကြီးကို ချေမှုန်းပစ်

လိုက်ရင် ကုသိုလ်ကောင်းမှုတစ်ခုကို ပြုလိုက်သလိုပေါ့"

ယုသန်းကြီး ထိတ်လန့်သွားသည်။

"ဒီလိုဆို တန့်ဥဆိုတဲ့ လူဆိုးကြီးက သိုင်းပညာတော်တော်ထူးချွန်မှာပဲနော်"

"ဟုတ်ပါတယ်"

"ဒီလိုဆို ကျွန်တော်က သူ့ကိုဘယ်နိုင်ပါ့မလဲ နယ်စားကြီးရယ်"

တာလွှန်နယ်စားက ပြုံးလိုက်သည်။

"ကျုပ်ရဲ့သိုင်းပညာကို မင်းမယုံဘူးလား"

"ယုံပါတယ် ခင်ဗျာ"

"ဒီလိုဆို မင်းကိုငါက သူ့ကိုနိုင်တဲ့ပညာတစ်ခု ပေးလိုက်မယ်"

"ဟုတ်ကဲ့ခင်ဗျာ"

တာလွှန်နယ်စားသည် သူ၏လက်ဝါးဖြင့် ယုသန်းကြီး၏ ပခုံးအား အသာအယာပုတ်လိုက်သည်။

"ကဲ - ကျုပ်က ကျုပ်ရဲ့သိုင်းပညာကို မင်းကိုယ်ခန္ဓာထဲကို သွင်းပေးလိုက်ပြီ၊ မင်းက တန့်ဥနဲ့တွေ့တဲ့အခါမှာ သူနဲ့လက်ဝါးချင်းထိမိလိုက်ရင် မင်းသူ့ကိုနိုင်မှာ သေချာပါတယ်"

ယုသန်းကြီးသည် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ ဒါပေမယ့် - တန့်ဥ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်မသိဘူး"

တာလွှန်နယ်စားက -

"ဒါလွယ်ပါတယ်၊ မင်းမနက်ဖန်စောစောထပြီး အရှေ့ဘက်ကို လျှောက်သွားရင် မက်မန်းတောတစ်ခုကို တွေ့ရပါလိမ့်မယ်၊



တန့်ဥဟာ အဲဒီမက်မန်းတောထဲမှာ ထိုင်နေတာကို တွေ့ရလိမ့်မယ်"

ယုသန်းကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ - မနက်ဖြန် ကျွန်တော်တန့်ဥဆီရောက်အောင် သွားပါ့မယ်"

တာလွှန်နယ်စားသည် မိမိ၏အကြံအောင်မြင်သွားသဖြင့် ကျေနပ်စွာ ပြုံးလိုက်သည်။

"ကဲ ဒါဖြင့် ကျုပ်သွားတော့မယ်"

သူသည် စကားဆက်လိုက်သည်။

"ဪ ဒါနဲ့ မင်းကိုတစ်ခုသတိပေးရဦးမယ်"

"ဘာများလဲခင်ဗျာ"

"မင်းက တန့်ဥနဲ့မတွေ့မချင်း ဘယ်သူနဲ့မှ လက်ဝါးချင်းမရိုက်မိဖို့ သတိထားရမယ်"

ယုသန်းကြီးသည် သူ၏လက်ဝါးနှစ်ဖက်အား ဖြန့်၍ တွေးငေးကြည့်နေ၏။

တာလွှန်နယ်စားမှာမူ ထိုနေရာမှ တိတ်တဆိတ်ထွက်ခွာသွားသည်။

❖ ❖ ❖

ယုသန်းကြီးသည် အတန်ကြာငေးနေမိ၏။

ထို့နောက် အာကျိုထံသို့ လျှောက်သွားလေသည်။

လရောင်အောက်တွင် အိပ်ပျော်နေသော အာကျိုမျက်နှာမှာ အလွန်လှပပြီး ကလေးဆန်နေ၏။

သူမ၏နှုတ်ခမ်းသည် ပြုံးရောင်သန်းလာသည်။

ယုသန်းကြီးသည် -

အာကျို့အနီး၌ အသာအယာ ထိုင်ချလိုက်သည်။

အာကျို့မျက်နှာကိုလည်း ငေးကြည့်နေမိလေသည်။

အေးစိမ့်သောလေသည် တစ်ချက်တိုက်ခတ်လာသည်။

အာကျို၏ဆံပင်များသည် မျက်နှာပေါ်သို့ ပြေကျနေ၏။

ယုသန်းကြီးက ပြေကျနေသော ဆံကေသာများကို အသာအယာ ဖယ်ရှားပေးလိုက်သည်။

အာကျိုသည် တစ်ချက်တုန်ခါသွားပြီး ကိုယ်ခန္ဓာကိုအနည်းငယ် လှုပ်လိုက်သည်။

သူ၏နှုတ်မှာလည်း တတွတ်တွတ် ပြောဆိုနေ၏။

"အစ်ကိုကြီး ရှင့်ရဲ့သိုင်းပညာက မုယုံတို့ ရှောင်ဖုန်းတို့ထက်တောင် သာနေသလားမှမသိဘဲ"

အာကျိုသည် အိပ်မက်၍ ယောင်ယမ်းပြောနေသော စကားဖြစ်သည်။

ယုသန်းကြီးမှာမူ ထိုစကားကြားလိုက်ရ၍ ပီတိဖြစ်သွားသည်။

အာကျိုကမိမိအား ကြည်ညိုလေးစားနေသည်ကို သိလိုက်ရသည်။ သူသည် မျက်နှာပေါ်မှ အနာရွတ်များကို အသာအယာ ပွတ်ကြည့်သည်။

"အင်း - ငါသာ ဒီလိုရုပ်မဆိုးရင် ဘယ်လောက်ကောင်းလိုက်မလဲ"

ဟု ရေရွတ်လိုက်သည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး -

အာကျို၏အနီး၌ အိပ်ချလိုက်လေသည်။



အရှက်ဦးရောင်ခြည်သည် -

အရှေ့ဘက်မှ စတင်ပေါ်လာပြီဖြစ်သည်။

နှင်းဥကလေးများသည် သစ်ရွက်ပေါ်မှတစ်ဆင့် -

အာကျို့မျက်နှာပေါ်သို့ ကျလာသည်။

အေးစိမ့်သော နှင်းဥကလေးနှင့် ထိတွေ့လိုက်တော့မှ -

အာကျိုက အိပ်ရာမှနိုးလာသည်။

သူမသည် လူးလိမ့်၍ ထထိုင်လိုက်သည်။

ယုသန်းကြီးမှာမူ တစ်ညလုံးမျက်လုံးကြောင်နေ၏။

အာကျို့နိုးလာသည်ကို တွေ့လိုက်ရသောအခါ -

ထထိုင်လိုက်လေသည်။

"နိုးပြီလား ညီမ"

အာကျိုက ပြုံးပြလိုက်သည်။

ယုသန်းကြီး၏လက်မောင်းအား ဆုပ်ကိုင်ထားလိုက်ပြီး -

"အစ်ကို"

"ဘာလဲ ညီမ"

"မနေ့ညမှာ ကျွန်မအိပ်မက်တစ်ခုမက်တယ်"

"ညီမကဘာတွေများ မက်နေလို့လဲ"

"ကျွန်မအိပ်မက်က သိပ်ဆန်းတာပဲရှင့်"

"ပြောပြစမ်းပါဦး"

"ကျွန်မအိပ်မက်ထဲမှာ သိုင်းလောကတစ်ခုလုံးက သိုင်းသမား

အားလုံး ဒီကိုရောက်ရှိလာတယ်လို့ အိပ်မက်မက်တယ်"

"ဟုတ်လား သူတို့ဘာလာလုပ်ကြတာလဲ"

"သိုင်းပညာ ယှဉ်ကြတာလေ"

"နောက်ဆုံး ဘယ်သူနိုင်သွားသလဲဟင်"

"အလွန်ရုပ်ချောတဲ့ လူငယ်တစ်ယောက်က နိုင်သွားတာပေါ့ရှင်"

"ဟုတ်လား သူကဘယ်သူတဲ့တုန်း"

အာကျိုက ပြုံးလိုက်သည်။

"ဘယ်သူရမှာတုန်း၊ အစ်ကိုပဲပေါ့"

ယုသန်းကြီးသည် ထိုစကားကို ကြားလိုက်ရသောအခါ ဝမ်းသာပီတိဖြစ်သွားလေသည်။

အတန်ကြာမှ သူက အာကျိုပခုန်းအား အသာအယာ ဆုပ်ကိုင်လိုက်သည်။

"ညီမ ဒီနေ့အစ်ကိုဟာ လူမိုက်ကြီးတစ်ယောက်နဲ့ သွားပြီး တွေ့ရလိမ့်မယ်"

အာကျို ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"လူမိုက်ကြီး - ဟုတ်လား၊ ဘယ်သူများပါလိမ့်"

ယုသန်းကြီးသည် တန့်ဥဟု ပြောမည်အပြုတွင် -

အာကျို အမျိုးအနွယ်မှာလည်း 'တန့်' ဖြစ်နေသဖြင့် -

သူသည် မပြောဝံ့ဘဲ စကားလွှဲလိုက်လေသည်။

"သူကဘယ်သူလဲဆိုတာ အစ်ကိုမသိဘူး၊ ဒါပေမယ့် ဒီလူက သိုင်းပညာ တော်တော်အဆင့်မြင့်တယ်လို့ကြားတယ်"

အာကျိုက ပြုံးလိုက်သည်။



"သိုင်းလောကတစ်ခွင် လျှမ်းလျှမ်းတောက်နေတဲ့ ကြယ်တံခွန် အဘိုးအိုကိုတောင် အစ်ကိုကမမှုဘဲ တစ်ခြားလူကို မှုစရာမရှိတော့ ပါဘူးလေ"

ယုသန်းကြီးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး -

"ကဲညီမ တို့သွားကြမယ်"

ထို့နောက် သူတို့သည် လက်ချင်းယှက်ခါ ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

❖ ❖ ❖

ဤနေရာသည် -

မက်မန်းတောတစ်ခုဖြစ်သည်။

မက်မန်းပင်များသည် တစ်ပင်နှင့်တစ်ပင်ဆက်နေ၍ နေတိုးမဝင်ဖြစ်နေ၏။

ယုသန်းကြီးသည် -

ထိုမက်မန်းတောကို တစ်ချက်ကြည့်လိုက်ပြီး -

အာကျို၏ပခုံးကို အသာအယာဆုပ်ကိုင်လိုက်သည်။

"ညီမ လူမိုက်ကြီးက ဒီမက်မန်းတောထဲမှာရှိတယ်လို့ ပြောတယ်၊ ညီမဒီမှာစောင့်နေနော်"

အာကျိုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ အစ်ကို၊ စိတ်ချသာသွားပါ၊ ကျွန်မဒီမှာ စောင့်နေပါ့မယ်"

ယုသန်းကြီးသည်အာကျိုအား ကြီးမားသောကျောက်တုံး တစ်တုံးပေါ်၌ ထိုင်စေပြီးလျှင် မက်မန်းတောထဲသို့ လျှောက်ဝင်

သွားလေတော့သည်။

❖ ❖ ❖

ယုသန်းကြီးသည် မက်မန်းတောထဲ၌ -
အတန်ကြာ ရှာဖွေကြည့်သော်လည်း -
တစ်စုံတစ်ယောက်မှ မတွေ့ရပါချေ။
သူသည် ပြန်လည်ထွက်မည်အပြုတွင် -
ရုတ်တရက် -
သက်ပြင်းချသံတစ်ချက် ကြားလိုက်ရသဖြင့် -
အသံလာရာသို့ လှည့်ကြည့်မိလိုက်သည်။
လူတစ်ယောက်သည် -
လက်နှစ်ဖက်နောက်ပစ်၍ လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ယုသန်းကြီးသည် မက်မန်းပင်တစ်ပင် နောက်ကွယ်သို့ သွားရောက်ပုန်းကွယ်လိုက်ပြီး အခြေအနေအကဲခတ်ကြည့်နေ၏။

ထိုလူသည် -

တစ်စုံတစ်ခု ခံစားနေရသည်အလား သက်ပြင်းများ အဆက်မပြတ်ချနေသည်ကို တွေ့ရလေသည်။

ထိုလူ၏ရုပ်သွင်အား သေချာစွာ ကြည့်လိုက်သောအခါ -
စာပေသမားတစ်ယောက်နှင့် တူလှသည်။

သူ၏မျက်နှာမှာလည်း မကြည်မသာ ဖြစ်နေသည်ကို တွေ့ရလေသည်။



ထိုလူသည် လူဆိုးလူမိုက်တစ်ယောက် မဟုတ်နိုင်ဟု ယုသန်းကြီးက ယုံကြည်သည်။

ထို့ကြောင့် သူသည်ထွက်မလာဘဲ ပုန်းအောင်း၍ အခြေအနေကို အကဲခတ်ကြည့်နေ၏။

ထိုစာပေသမားသည် -

သက်ပြင်းရှည်တစ်ချက်ချကာ -

"ဝမ်းယို့ယန်ရယ် - မင်းကိုလူတစ်ယောက်က သတိရနေတယ်ဆိုတာ မင်းသိသလားဟင်"

ယုသန်းကြီးသည် -

ထိုညည်းညူသံကို ကြားလိုက်ရသဖြင့် ဤစာပေသမားမှာ ချစ်သူနှင့်ကွေကွင်းသော အချစ်ကြီးသူတစ်ယောက် ဖြစ်သည်ကို သိလိုက်ရလေသည်။

ထို့ကြောင့် သူသည် ပုန်းကွယ်ရာမှ ထွက်လိုက်သည်။

ထိုစာပေသမားကား တန့်ဥပင် ဖြစ်ပါသည်။

သူသည် ခြေသံကြားရ၍ နောက်သို့လှည့်ကြည့်လိုက်ရာ အလွန်ရုပ်ဆိုးသော လူတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ယုသန်းကြီးက တန့်ဥအား မြင်တွေ့လိုက်သည်နှင့် ကရုဏာစိတ်များ ပေါ်ပေါက်လာသည်။

"မိတ်ဆွေ - ခင်ဗျား ဒီကနေ အမြန်ဆုံးထွက်သွားရင်ကောင်းမယ်"

တန့်ဥ မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲဗျ"

"ဒီတောထဲမှာ အလွန်ကြီးကျယ်တဲ့ တိုက်ပွဲတစ်ခုဖြစ်မှာမို့လို့ပါ"

"ဟုတ်လား၊ ဒီလိုဆို ကျုပ်နဲ့ဘယ်လိုသက်ဆိုင်နေလို့လဲ"

"ဒီလိုပါ၊ တော်ကြာ တိုက်ပွဲဖြစ်ရင် ခင်ဗျားကြားက ခံရမှာစိုးလို့ပါ"

တန့်ဥက မျက်မှောင်ကုပ်သွားသည်။

"ဟာဗျာ ဒီနေရာက တော်တော့ကို အေးချမ်းတဲ့နေရာတစ်ခုပါပဲ၊ ဘာဖြစ်လို့ တစ်ခြားနေရာမှာ သွားပြီးမတိုက်ကြတာလဲ"

"ဒါကတော့ သူတို့က ဒီမှာချိန်းထားလို့ပါ"

"ဒီလိုဆို မိတ်ဆွေက မကြောက်ဘူးလား၊ ဘာဖြစ်လို့ ဒီနေရာက ထွက်မသွားတာလဲ"

ယုသန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်က ထွက်သွားလို့မဖြစ်လို့ပါ"

"ဘာဖြစ်လို့လဲ"

"ဒီတောအုပ်ထဲမှာ တိုက်ခိုက်ရမယ့်လူက ကျုပ်ဖြစ်နေလို့ပါ"

တန့်ဥသည် ယုသန်းကြီးမှာ ရုပ်ဆိုနေသော်လည်း စိတ်နေစိတ်ထား အလွန်ကောင်းသည်ကို တွေ့လိုက်ရသဖြင့် -

"အို - ခင်ဗျားကလဲဗျာ၊ ဒီတောအုပ်ထဲက ထွက်သွားရင် ဒီတိုက်ပွဲ ဘယ်လိုလုပ် ဖြစ်နိုင်တော့မှာလဲဗျ"

ယုသန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူးဗျ၊ ကျုပ်အခု ရင်ဆိုင်ရမယ့်လူက အလွန်ဆိုးတဲ့လူမိုက်ကြီးတစ်ယောက်ပါ"

တန့်ဥက မျက်မှောင်ကုပ်သွားသည်။



"ဟုတ်လား - သူကဘယ်သူတဲ့တုန်း"

ယုသန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"သူ့နာမည် ကျုပ်ပြောလို့မဖြစ်ဘူးဗျ"

တန့်ဥသည် စိတ်ဝင်စားလာသည်။

"ဒီလိုဆို ဒီလူမိုက်ကြီးက သိုင်းပညာတော်တော် အဆင့်မြင့်လိမ့်မယ်ထင်တယ်"

"ဟုတ်ပါတယ်"

"ဒီလိုဆို ခင်ဗျားက သူ့ကိုနိုင်ပါ့မလား"

ယုသန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါတော့ ကျုပ်လည်းမပြောတတ်ဘူး"

တန့်ဥက အံ့သြသွားသည်။

"ဘယ်လို ခင်ဗျားကမသိဘူး ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်ဆရာက ကျုပ်ကို သိုင်းပညာတစ်ကွက်ပေးလိုက်တယ် လူမိုက်ကြီးနဲ့တွေ့ရင် သူ့ရဲ့လက်ဝါးကို ထိအောင်ဆုပ်ထားရင် နိုင်လိမ့်မယ်လို့ ပြောပါတယ်"

တန့်ဥသည် ပို၍အံ့သြသွားလေသည်။

"ဟာ - ဒီလိုဆို ခင်ဗျားရဲ့လက်ဝါးထဲမှာ ဘယ်လိုထူးဆန်းတဲ့ပညာရပ်များ ရှိနေလို့လဲ"

ယုသန်းကြီးက လက်ဝါးနှစ်ဖက်ကို ဖြန့်ပြလိုက်သည်။

"ဘာမှ ထူးထူးခြားခြားတော့ မတွေ့ရပါဘူး ခင်ဗျာ"

"ဒါဖြင့် ခင်ဗျားကို ပညာသင်ပေးတယ်ဆိုတာကော ခင်ဗျားစိတ်ထဲမှာ ယုံကြည်ရဲ့လား"

ယုသန်းကြီးက စကားမပြောဘဲခေါင်းခါယမ်းပြသည်။

ထို့နောက် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး -

"ကဲ မိတ်ဆွေ ဒီနေရာကနေ အမြန်ဆုံးထွက်သွားရင် ကောင်းပါတယ်ဗျာ"

တန့်ဥက ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်တစ်ခြားပညာ မတတ်ပေမယ့် ထွက်ပြေးတဲ့ပညာကတော့ အတော့်ကို ထူးချွန်ပါတယ်"

အမှန်မှာ တန့်ဥက ယုသန်းကြီးမှာ ရိုးသားမှုရှိသော လူတစ်ယောက်ဖြစ်သည်ဟု သိရသဖြင့် -

ရန်သူနှင့် ရင်ဆိုင်တိုက်ခတ်သောအခါ အရေးနိမ့်သွားသည်ကိုတွေ့လျှင် သူ့အား လွတ်မြောက်ထွက်ပြေးနိုင်အောင် ဝင်ကူပေးရန်ဖြစ်သည်။

ယုသန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခက်တာပဲဗျာ၊ တော်ကြာလူဆိုးက ခင်ဗျားကို ရန်မူမှာ ကြောက်ရတယ်ဗျာ"

တန့်ဥက ရယ်မောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျုပ်က လူမိုက်ကြီးနဲ့မှ ရန်စမရှိဘဲ"

ယုသန်းကြီးသည် မည်သို့မှ ပြောဆိုမရသဖြင့် စကားမပြောတော့ဘဲ အတွင်းဘက်သို့ လျှောက်သွားပြန်လေသည်။

သူသည် မက်မန်းတောထဲ၌ ကွေ့ပတ်၍ ရှာဖွေသော်လည်း-

လူရိပ်တစ်စုံတစ်ခုမှ မတွေ့ရပါချေ။

တာလွှန်နယ်စားကမှားယွင်း၍ ပြောလိုက်ခြင်းဖြစ်ရမည်ဟုလည်း တွေးမိသည်။

ထို့ကြောင့် သူသည် နောက်သို့ ပြန်လှည့်လိုက်ရာ တန့်ဥမှာ



မိမိနောက်မှလိုက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ရုတ်တရက် တာလွှန်နယ်စား မှာကြားသွားသော စကားတစ်ခွန်းကို သတိရလာလေသည်။

သူပြောပြသောလူမိုက်ကြီးမှာ သဒ္ဒေးသားအသွင်ရှိသည်ဟုဖြစ်သည်။

ယခု -

သူတွေ့ဆုံခဲ့ရသော လူငယ်မှာလည်း -

တာလွှန်နယ်စားပြောသည့်အတိုင်း ဖြစ်နေ၏။

သူသည် တန့်ဥအမည်ကို မေးမြန်းမည်ပြုစဉ် -

ရုတ်တရက် -

မိန်းကလေးတစ်ယောက်၏ ရယ်ဒီမောသံအား ကြားလိုက်ရလေသည်။ ယုသန်းကြီး ရင်ထိတ်သွားသည်။

အာကျိုအား တစ်ယောက်တည်းအပြင်ဘက်၌ ထားခဲ့မိသည်ကို စိုးရိမ်လာလေသည်။

သူသည် အာကျိုထံသို့ ပြေးလွှားသွားမည်ပြုစဉ် -

တန့်ဥသည် သူ့အနီး၌ ဖြတ်ကျော်ကာ လျှင်မြန်စွာ ပြေးလွှားသွားသည်ကို တွေ့လိုက်ရလေသည်။

❖ ❖ ❖

ယုသန်းကြီးသည် မင်တက်မိသွားလေသည်။

ယခု သူသည် အားနွဲ့သောစာပေသမား၏ ကိုယ်ဖော့ပညာမှာ အလွန်အဆင့်မြင့်သည်ကို တွေ့လိုက်ရသဖြင့် -

"ဟိုက် ဒီစာပေသမားက တာလွန်နယ်စားပြောတဲ့ လူမိုက် တန့်ဥ ဖြစ်ရမယ်"

ဟုလည်း တွေးမိလာလေသည်။

ထိုစဉ် တန့်ဥ၏ ကိုယ်ခန္ဓာသည် သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

သူသည် စိတ်ပူပင်လာသည်။

တန့်ဥနောက်သို့ ကပျာကယာ ပြေးလိုက်သွားသည်။

တောအုပ်အပြင်ဘက်၌ စကားပြောသံများ ကြားလိုက်ရသည်။

သူသည်ပို၍ စိုးရိမ်ပူပန်လာသည်၊ အပြင်ဘက်သို့ ကပျာကယာ ပြေးထွက်သွားသည်။

အပြင်ဘက်သို့ ရောက်ရှိသွားသောအခါ -

တန့်ဥသည် လက်နှစ်ဖက်ကိုနောက်ပစ်၍ အဝေးသို့ ငေးကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယုသန်းကြီးသည် -

အာကျိုထိုင်နေသော နေရာသို့လှမ်းကြည့်လိုက်ရာ -

အာကျိုတစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် စိုးရိမ်ပူပန်လာသည်။

"အာကျို - အာကျို"



အသံကျယ်လောင်စွာဖြင့် အော်ခေါ်လိုက်လေသည်။

သို့သော် မည်သည့်အသံမှ ပြန်မကြားရပါချေ။

သူသည် တန့်ဥရှေ့သို့ လျှောက်သွားပြီး -

"ဒီမှာ မိတ်ဆွေ ခင်ဗျားအာကျိုကို တွေ့မိသလားဗျာ"

တန့်ဥသည် မလှုပ်မယှက်ဘဲ ရှေ့သို့သာငေး၍ ကြည့်နေ၏။

ယုသန်းကြီးက -

တန့်ဥကြည့်သောနေရာသို့လိုက်၍ လှမ်းကြည့်လိုက်သည်။

လူရိပ်တစ်စုံတစ်ခုမှ မတွေ့ရပါချေ။

ယုသန်းကြီးက စိတ်မရှည်နိုင်ဘဲ -

"မိတ်ဆွေ ခင်ဗျားအာကျိုကို တွေ့မိသလားလို့ မေးနေတယ်ဗျ"

ယခုမှ တန့်ဥက သူ့ဘက်သို့ လှည့်လိုက်သည်။

"အာကျို ဟုတ်လား"

"ဟုတ်တယ်လေ ခရမ်းရောင်ဝတ်ထားတဲ့ မိန်းကလေး တစ်ယောက်ပါ။ သူမျက်လုံးကလည်း ဘာမှမမြင်ရဘူးဗျ၊ ခင်ဗျား တွေ့မိတယ်မဟုတ်လား"

တန့်ဥသည် အဝေးသို့ငေးကြည့်နေပြန်သည်။

"သူသွားပြီဗျ"

ယုသန်းကြီး ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဗျာ သူသွားပြီ ဟုတ်လား၊ သူဘယ်ကိုသွားတာလဲဟင်"

တန့်ဥက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း သူသွားပြီ၊ ကျုပ်ကိုရှိတယ်လို့များတောင် တစ်ချက်မှ လှည့်မကြည့်ဘူးဗျာ"

ယုသန်းကြီး မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ အာကျိဘယ်မှာလဲ ပြောစမ်းပါ"

သူသည် ပြောရင်း -

တန့်ဥ၏ပခုံးကို လှုပ်ယမ်းလိုက်သည်။

ယခုမှ တန့်ဥက ေးငိုင်နေရာမှ သတိရလာလေသည်။

သူသည် မျက်မှောင်ကုပ်လိုက်ပြီး -

"မိတ်ဆွေ ဒါဘာလုပ်တာလဲဗျ"

ယုသန်းကြီးသည် စိုးရိမ်ပူပန်နေသောအသံဖြင့် --

"ကျုပ်က အာကျိကိုတွေ့ချင်တယ် အာကျိဘယ်မှာလဲ"

တန့်ဥ၏မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားသည်။

"ဩော် - ခင်ဗျားက သူ့ကိုလိုက်ရှာနေတာကိုး၊ ကျုပ်ဘယ်သိမလဲ"

ယုသန်းကြီး ဒေါသထွက်သွားသည်။

"ဗျာ ခင်ဗျား ခုနကတွေ့တယ်လို့ ပြောပြီးမှ ဘာဖြစ်လို့ ဘူးကွယ်ချင်ရတာလဲ"

တန့်ဥသည် ယုသန်းကြီးက ဝမ်းယို့ယန်ကိုပြောနေသည်ဟု ထင်မှတ်ကာ သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

"ဟုတ်တယ် ကျုပ်သူ့ကိုတွေ့ပါတယ် ဒါပေမယ့် သူက ကျုပ်ကို မမြင်ဘူးဗျာ"

ယုသန်းကြီးက မှုံ့ပြုံး ပြုံးလိုက်သည်။

"သူက ခင်ဗျားကို ဘယ်မြင်ပါ့မလဲ"

တန့်ဥက သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။



"အင်း - ဟုတ်ပါတယ်ဗျာ - သူမရဲ့စိတ်ထဲမှာ လူတစ်ယောက်ပဲရှိတယ် ဘယ်သူ့ကိုမှ သူမကအမှုမထားပါဘူးဗျာ"

ယုသန်းကြီးသည် ပီတိဖြစ်သွားသည် ကိုယ့်ကိုကိုယ်လည်း ဂုဏ်ယူဝင့်ကြွားလာသည်။

"ဟုတ်တာပေါ့၊ လောကပေါ်မှာ သူမကတစ်ယောက်တည်းကိုပဲ အထင်ကြီးတယ် ကြည်ညိုတယ် ချစ် -"

သူသည် မိမိအပေါ် ချစ်နေသည်ဟု ပြောရန်မှာ မပြောသင့်သေးသည်ဟု တွေးမိကာ တစ်ပိုင်းတစ်စ ရပ်တန့်လိုက်လေသည်။

အမှန်မှာ -

တန့်ဥက ဝမ်းယို့ယန်အကြောင်းကို ပြောနေခြင်းဖြစ်သည်။

ယုသန်းကြီးမှာမူ အာကျိအကြောင်း ပြောနေသည်ဟု ထင်မှတ်နေခြင်း ဖြစ်လေသည်။

ယုသန်းကြီးက စကားဆက်လိုက်သည်။

"ထားပါတော့လေ အခု သူဘယ်ရောက်သွားသလဲ"

တန့်ဥက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မသိဘူးဗျာ"

သူသည် စိတ်ထိခိုက်လာကာ -

"ဩော် - တန့်ဥရယ် - မင်းကသူ့ကို ဒီလောက်ပဲ စွဲလန်းနေသလားကွယ်"

ဟု ညည်းညူလိုက်မိလေသည်။

တန့်ဥအမည် ကြားလိုက်ရသည်နှင့် ယုသန်းကြီး ထိတ်လန့်တုန်လှုပ်သွားသည်။

သူသည် နောက်သို့ခြေသုံးလှမ်းခန့် ဆုတ်လိုက်ပြီး -

"ဗျာ - တန့်ဥဆိုတာ ဘယ်သူလဲ"

တန့်ဥက ခေါင်းမော့လိုက်သည်။

"တန့်ဥဆိုတာ ကျုပ်ပေါ့"

ယုသန်းကြီး၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

"ဟင် - ခင်ဗျားက တန့်ဥဟုတ်လား"

သူသည် တန့်ဥအား စေ့စေ့ကြည့်လိုက်ပြီး -

"ခင်ဗျားက တန့်ဥကိုး၊ ပြောစမ်း အာကျိုကို ဘယ်ခေါ်သွားသလဲ"

တန့်ဥက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ အာကျိုဆိုတာ ဘယ်သူလဲ"

ယုသန်းကြီးသည် -

တန့်ဥက အာကျိုကို ခေါ်ယူသွားသည်ဟု ထင်မှတ်ကာ ဒေါသချောင်းချောင်း ထွက်လာပေသည်။

"ခင်ဗျား ဟန်ဆောင်မနေပါနဲ့၊ အာကျိုဘယ်မှာထားခဲ့တယ်ဆိုတာ ပြောစမ်း"

တန့်ဥက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား အထင်လွဲနေပြီ၊ အာကျို ဘယ်သူဆိုတာ ကျုပ်သိတောင် မသိဘူး"

ယုသန်းကြီးသည် -

တန့်ဥက ငြင်းပယ်သည်ကို တွေ့လိုက်ရသဖြင့် ပို၍ဒေါသထွက်လာပြီးလျှင် လက်နှစ်ဖက်ကိုမြှောက်ကာ -

တန့်ဥထံသို့ ခုန်ဝင်လိုက်လေသည်။

တန့်ဥက 'ရေလှိုင်းမာန်နှင့် ခြေသိုင်းဟန်' သိုင်းကွက်ဖြင့်



ရှောင်တိမ်းလိုက်ရလေသည်။

ယုသန်းကြီးသည် တန့်ဥအား မမိလိုက်သဖြင့် ပို၍ဒေါသထွက်လာသည်။

"ယား -"

ဟု ညာသံပေးပြီးလျှင် တန့်ဥထံသို့ ထပ်မံခုန်အုပ်လိုက်လေသည်။

တန့်ဥက ရှောင်တိမ်းရင်း -

"မိတ်ဆွေ၊ ဒီလို မလုပ်နဲ့လေ"

ယုသန်းကြီးက ဒေါသချောင်းချောင်းထွက်လျက် -

"ကျုပ် အာကျိုကို ပြန်ပေး"

တန့်ဥက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်တကယ်မသိလို့ ပြောနေတာပါ"

"ဘာ အခုမှ ဘူးကွယ်နေတာလဲ၊ ခုနက သူ့ကိုတွေ့တယ်လို့ ခင်ဗျားပဲပြောတယ် မဟုတ်လား"

ယင်းသို့ အပြန်အလှန် ပြောဆိုနေစဉ်တွင် -

ယုသန်းကြီးသည် -

တန့်ဥထံသို့ ၃ - ၄ ကြိမ်မျှ ခုန်အုပ်ခဲ့ရာ တန့်ဥက အသာအယာ ရှောင်တိမ်းနိုင်ခဲ့လေသည်။

❖ ❖ ❖

ယုသန်းကြီးသည် -

တန့်ဥအား ခုန်အုပ်နိုင်ရန် ဆက်၍ကြိုးစားသည်။

တန့်ဥမှာမူ 'ရေလှိုင်းမာန်နှင့် ခြေသိုင်းဟန်' သိုင်းကွက်များဖြင့် ရှောင်တိမ်းနေရလေသည်။

ဤသို့ဖြင့် -

သူတို့သည် တစ်ယောက်က အမိအရ ခုန်အုပ်နေ၏။

တစ်ယောက်က ရှောင်တိမ်းနေရသည်။

အချိန်အတန်ကြာသွားသောအခါ -

ယုသန်းကြီးတစ်ကိုယ်လုံး ချွေးများစိုရွှဲလာလေသည်။

သူသည် စိတ်ပျက်ခြင်းမရှိဘဲ ဆက်၍သာ ခုန်အုပ်နေ၏။ နဖူးပေါ်မှ ချွေးများသည် မျက်လုံးပေါ်သို့ စီးကျလာပြီးလျှင် မြင်ကွင်းများမှာ ဝိုးတဝါးဖြစ်လာလေသည်။

တန့်ဥ၏ ရေလှိုင်းမာန်နှင့် ခြေသိုင်းဟန် သိုင်းကွက်သည် အလွန်ထူးခြားသော ပညာရပ်ဖြစ်သည်။

သူ့အားအသေအချာကြည့်ပြီး တိုက်ခိုက်လျှင် မိနိုင်မည် မဟုတ်ပါ။

ဤသဘောတရားကို မည်သူမှ မသိချေ။

တန့်ဥကိုယ်တိုင်ပင် မသိပါချေ။

ယခု -

ယုသန်းကြီးက ချွေးများ စီးဆင်းကျလာပြီး မြင်ကွင်းတစ်ခုလုံး မပီမပြင်ဖြစ်လာသဖြင့် -

သူသည် မျက်လုံးမှိတ်လိုက်ပြီး တန့်ဥအား ခုန်အုပ်လိုက်လေသည်။

ဤတစ်ကြိမ် -

သူသည် တန့်ဥ၏အင်္ကျီစကို ဆွဲမိထားသည်။

တန့်ဥက ထိတ်လန့်တုန်လှုပ်ပြီး ရုန်းကန်လိုက်ရာ အင်္ကျီသည် စုတ်ပြဲသွားလေသည်။



တစ်ချိန်တည်းမှာပင် -

ယုသန်းကြီး၏ လက်နှစ်ဖက်သည် တန့်ဥ၏ ခန္ဓာကိုယ်ပေါ်သို့ ခုန်အုပ်လိုက်လေသည်။

တန့်ဥသည် စဉ်းစားခြင်းမပြုဘဲ သူ၏လက်နှစ်ဖက်ဖြင့် အလိုအလျောက် တွန်းထုတ်လိုက်လေသည်။

"ဝုန်း"

လက်ဝါးလေးခုသည် ထိကပ်သွားပြီးလျှင် ခွဲမရတော့ဘဲ ပူးကပ်သွားလေသည်။

ယုသန်းကြီးသည် -

တာလွန်နယ်စား၏ စကားကို သတိရလာကာ အင်အားညှစ်ထုတ်၍ တန့်ဥအား တွန်းထုတ်လိုက်လေသည်။

တန့်ဥကလည်း ခွန်အားညှစ်ထုတ်၍ ပြန်လည်ခုခံနေ၏။

သူတို့နှစ်ယောက်သည် လက်ဝါချင်း ထိကပ်နေပြီးလျှင် ခန္ဓာကိုယ်များ မလှုပ်မယှက်ဖြင့် ရပ်တန့်သွားကြလေသည်။

ထိုစဉ်မှာပင် -

လူတစ်ယောက်သည် ပုန်းကွယ်ရာမှထွက်လာပြီး သူတို့အနီးသို့ တိတ်တဆိတ် လျှောက်သွားလေသည်။

❖ ❖ ❖

အအေးဓာတ်နှင့် အပူဓာတ်

မက်မန်းပင်နောက်တွင် ပုန်းကွယ်နေသူမှာ တာလွန်နယ်စားပင် ဖြစ်သည်။

သူသည် တန့်ဥနှင့် ယုသန်းကြီးထံသို့ တိတ်တဆိတ် လျှောက်လာသည်။

အနီးသို့ရောက်လာသည်နှင့် -

သူ၏မျက်လုံးအစုံသည် ပြူးကျယ်လျက်၊ ခြေလှမ်းတွဲ့ခနဲ ရပ်တန့်သွားလေသည်။

အကြောင်းမှာ -

တန့်ဥ၏ မျက်နှာတစ်ခုလုံး နီရဲနေ၏။

သူ၏ခန္ဓာကိုယ်ပေါ်မှာ အငွေ့များ တထောင်းထောင်း ထွက်နေ၏။

ယုသန်းကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း -

ပါးလွှာသောရေခဲများ ခဲနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

တာလွှန်နယ်စားသည် ဥာဏ်ပညာ ဗဟုသုတ အလွန်ကြွယ်ဝသော ပညာရှင်တစ်ယောက် ဖြစ်သည်။

တန့်ဥနှင့် ယုသန်းကြီးတို့၏ ဖြစ်ရပ်အား ကြည့်လိုက်သည်နှင့်-

တစ်ယောက်က အအေးဓာတ်လွန်ကဲပြီး၊ တစ်ယောက်မှာ အပူဓာတ်လွန်ကဲနေသောကြောင့် ဖြစ်သည်ကို ခန့်မှန်းမိလေသည်။

သူသည် ယင်းသို့ ထူးခြားသည့် သိုင်းပညာရပ်များအား ငေး၍ ကြည့်မိလေတော့သည်။

❖ ❖ ❖



တန့်ဥသည် ယုသန်းကြီးနှင့် လက်ဝါးချင်းထိတွေ့ကာ အတွင်းအားများ ယှဉ်ပြိုင်နေရသည် ဖြစ်သော်လည်း -

သူသည် ယုသန်းကြီးအား ထိခိုက်နစ်နာစေလိုသည့်စိတ် လုံးဝမရှိပါ။

ယုသန်းကြီးသည် တန့်ဥအား တိုက်ခိုက်ရန်ဖြစ်သော်လည်း မည်သို့တိုက်ခိုက်ရမည်ကို နားမလည်ပါ။

သို့သော် -

သူကို့သည် အတွင်းအားအလွန်ထူးခြားပြီး အားမာန်အပြည့်ရှိသောလူများ ဖြစ်ရကား -

လက်ဝါးချင်း ထိလိုက်မိသည်နှင့် -

မိမိတို့ ကိုယ်ခန္ဓာတွင်းမှာ ကိန်းအောင်းနေသော အတွင်းအားသည် အလိုအလျောက် တစ်ဖက်လူအား တိုက်ခိုက်လိုက်လေသည်။

ထို့ကြောင့် -

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် သဲသဲမဲမဲ တိုက်ခိုက်နေသည်ကို မတွေ့ရသော်လည်း -

အမှန်မှာ သူတို့သည် အလွန်အဆင့်မြင့်သော အတွင်းအားချင်း ယှဉ်ပြိုင်နေကြခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် -

သူတို့၏ ယှဉ်ပြိုင်မှုသည် -

သိုင်းလောကတစ်ခုလုံး စံတင်လောက်သည့် သိုင်းပညာယှဉ်ပြိုင်မှု၏ အထွတ်အထိပ် ဖြစ်နေ၏။

❖ ❖ ❖

တာလွှန်နယ်စားသည် -

သူတို့နှစ်ယောက်၏ ထူးခြားပြီး အံ့ဩဖွယ်ရာ ယှဉ်ပြိုင်မှုအား ငေး၍ ကြည့်နေ၏။

တစ်ခဏမျှကြာသောအခါ -

တန့်ဥ၏ တစ်ကိုယ်လုံးသည် အခိုးအငွေ့များ လွှမ်းခြုံလာလေသည်။

ယုသန်းကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ရေခဲများဖြင့် ခဲနေ၏။

တာလွန်နယ်စားသည် -

ကြောင်အမ်းအမ်းဖြစ်နေရာမှ ပြန်လည်သတိရလာလေသည်။

မိမိ၏အကြံ အောင်သည်ကိုလည်း ပီတိဖြစ်သွားသည်။

သူသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ထို့နောက် လက်ဝါးပေါ်သို့ အတွင်းအားကို စုစည်းလိုက်ပြီး တန့်ဥအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

❖ ❖ ❖

"မလုပ်ပါနဲ့ နယ်စားကြီး"

ရုတ်တရက် -

အသံတစ်သံသည် တာလွန်နယ်စား၏ နောက်ကွယ်မှ ထွက်ပေါ်လာသည်။

တာလွန်နယ်စားက နောက်သို့ လှည့်ကြည့်လိုက်ရာ -

မုယုံဟုနှင့် ဝမ်းယို့ယန်တို့ ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။



တာလွန်နယ်စားက မဲ့ပြုံး ပြုံးလိုက်သည်။

"ခင်ဗျားတို့ ဘာဖြစ်လို့ တားရတာလဲ"

မုယုံဟုသည် ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်နေသည်။

အမှန်မှာ -

မုယုံဟု၏သိုင်းပညာနှင့် ပတ်သက်သော ဗဟုသုတများသည် တာလွန်နယ်စားထက် မညံ့ပါ။

သူသည် ယုသန်းကြီးနှင့် တန့်ဥတို့၏ ထူးခြားသော သိုင်းပညာရပ်များ ယှဉ်ပြိုင်နေသည်ကို တွေ့မြင်လိုက်ရသောအခါ ထိုလူနှစ်ယောက်၏ သိုင်းပညာရပ်များမှာ လောကပေါ်တွင် ပြိုင်စံရှားသည်ဟု ယုံကြည်သည်။

ထို့ကြောင့် -

တာလွန်နယ်စားက အလစ်ဝင်ရောက် တိုက်ခိုက်မည်ကို တွေ့ရသဖြင့် ယခုကဲ့သို့ ဟန့်တားလိုက်ခြင်းဖြစ်သည်။

အတန်ကြာမှ -

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ တန့်ဥကို အလစ်ဝင်ပြီး တိုက်ခိုက်ချင်ရတာလဲဗျ"

တာလွန်နယ်စားက မဲ့ပြုံးပြုံးလိုက်သည်။

"အကြောင်းရှိလို့ပေါ့"

"အမိန့်ရှိပါ"

"ဒီလိုပါ သခင်လေးရဲ့ဖခင်နဲ့ ကျုပ်ဟာ မိတ်ဆွေတွေ ဖြစ်ခဲ့ဖူးပါတယ်"

"ဟုတ်ကဲ့ ဆက်ပြောပါဦး"

"မင်းဖခင် အသက်ထင်ရှားရှိနေစဉ်က ကျုပ်နဲ့သိုင်းပညာရပ်များ ဆွေးနွေးခဲ့ဖူးပါတယ်"

"ဟုတ်ကဲ့"

"သိုင်းပညာများ အကြောင်းပြောရင်း မင်းဖခင်က 'အရိပ်မဲ့ဓား' ကို မမြင်ဖူးလို့ ပြောပါတယ်"

"ဟုတ်ကဲ့ ဆက်ပြောပါ"

"ဒါနဲ့ ကျုပ်က ဒီအရိပ်မဲ့ဓားကျမ်းကို ယူပေးမယ်လို့ ကတိပေးခဲ့ပါတယ်"

"ဟုတ်လား၊ ဒါဖြင့် နယ်စားကြီးက ဒီအရိပ်မဲ့ဓားကျမ်းကို ရခဲ့ရဲ့လား"

"မရခဲ့ပါဘူး၊ ဒါပေမယ့် -"

တာလွန်နယ်စားသည် တန့်ဥအား ညွှန်ပြလိုက်လေ၏။

"သူဟာ အရိပ်မဲ့ဓားကျမ်းတစ်ခုလုံးကို မှတ်မိထားပါတယ်"

မုယုံဟုက မျက်မှောင်ကုပ်သွားသည်။

"ကျုပ် နားမလည်ပါဘူးဗျာ"

တာလွန်နယ်စားက ပြုံးလိုက်သည်။

"တန့်ဥဟာ အရိပ်မဲ့ဓားကျမ်းတစ်ခုလုံးကို မှတ်မိထားလို့ အခုလို ကျုပ်က သူ့ကို အမိအရ လာဖမ်းမလို့ပါ"

မုယုံဟုက နားမလည်နိုင်သော မျက်လုံးအစုံဖြင့်ကြည့်ရင်း-

"သူ့ကိုဖမ်းမလို့ ဟုတ်လား - ဘာလုပ်မလို့လဲ"

တာလွန်နယ်စားက ပြုံးလျက် -

"မင်းဖခင်က သေသွားတော့ ကျုပ်က ကတိပေးထားခဲ့တဲ့



အတိုင်း တန့်ဥကိုဖမ်းပြီး မင်းဖခင်ရဲ့ ဂူရှေ့မှာ မီးသဂြိုဟ်မလို့ပါ"

ဝမ်းယို့ယန်က မနေနိုင်တော့ဘဲ ကြားဖြတ်လိုက်လေသည်။

"အို - နယ်စားကြီးကလည်း၊ ကိုယ့်ကတိတည်ဖို့ လူတစ်ယောက်ရဲ့အသက်ကို စတေးတာတော့ သဘာဝမကျဘူးလို့ ထင်ပါတယ်"

တာလွန်နယ်စားက မဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ်ကတော့ ကတိကို အသက်ထက် တန်ဖိုးထားတယ်ဗျ"

သူသည် ပြောဆိုရင်း တန့်ဥ၏ ပခုံးကို ဖမ်းဆုပ်ရန် ဟန်ပြင်လိုက်လေသည်။

"မလုပ်ပါနဲ့"

မုယုံဟုသည် ယင်းသို့ပြောရင်း တာလွန်နယ်စားထံသို့ ပြေးလွှားလာသည်။

တာလွန်နယ်စားမှာမူ တန့်ဥ၏ပခုံးသို့ ဖမ်းဆုပ်လိုက်လေသည်။

"အမယ်လေး"

ဝမ်းယို့ယန်က မကြည့်ရက်၍ တစ်ဖက်သို့ မျက်နှာကို လွှဲထားလိုက်လေသည်။

ထိုစဉ် -

"အား -"

စူးရှသောအသံတစ်သံ ထွက်ပေါ်လာလေသည်။

တာလွန်နယ်စား၏ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်စဉ်၍သွားလေတော့သည်။

မုယုံဟု၏ပြေးလွှားလာသော ခြေလှမ်းများသည် ရပ်တန့်သွားလေသည်။

"ဘယ်လိုဖြစ်သွားတာလဲ နယ်စားကြီး"

ဟုလည်း **မေးလိုက်လေသည်။**

**တာလွှန်နယ်စားမှာမူ** စကားပြန်မပြောနိုင်ဘဲ မျက်နှာတစ်ခုလုံး **သွေးရောင်ပင် မရှိတော့ဘဲ** ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။

အမှန်မှာ -

သူသည် တန့်ဥ၏ပခုံးအား ဖမ်းဆုပ်လိုက်သည်နှင့် အလွန်ပူလောင်နေသော မီးခဲတစ်ခဲအား ဆုပ်ကိုင်မိလိုက်ရသည့်ပမာ ပူလောင်သွားသဖြင့် -

ထိတ်လန့်ကာ ကပျာကယာ နောက်သို့ ကျွမ်းပစ်၍ ရှောင်တိမ်းလိုက်ခြင်းပင် ဖြစ်လေသည်။

❖ ❖ ❖

တန့်ဥသည် -

ယုသန်းကြီးနှင့် လက်ဝါးချင်း ထိကပ်ပြီး မလှုပ်မယှက် ဖြစ်နေစဉ် တာလွှန်နယ်စားက သူ၏ပခုံးအား လာရောက် ဆုပ်ကိုင်မိလိုက်သည်နှင့် -

တာလွှန်နယ်စား၏ ခန္ဓာကိုယ်ထဲမှ အတွင်းအားများကို စုပ်ယူနိုင်ခဲ့သဖြင့် -

သူ၏ အတွင်းအားသည် ရုတ်တရက် အနည်းငယ်မျှ တိုးလာပြီး ရှေ့သို့ခြေလှမ်း တိုးနိုင်ခဲ့လေသည်။



ယုသန်းကြီးမှာမူ နောက်သို့ခြေတစ်လှမ်း ဆုတ်သွားရလေသည်။

ယင်းသို့ ဆုတ်လိုက်ရသည်နှင့် သူ၏ခန္ဓာကိုယ်ပေါ်မှ ခဲနေသော ရေခဲပြင်များသည် အစိပ်စိပ်အမွှာမွှာကွဲကွာ မြေပေါ်သို့ တဝွမ်းဝွမ်း ကျသွားလေသည်။

တခဏမျှအကြာ၌ -

သူ၏ ခန္ဓာကိုယ်ပေါ်မှ ထွက်ပေါ်လာသော **အအေးငွေ့များ** သည် ထပ်မံ၍ ခဲသွားပြန်လေသည်။

တာလွှန်နယ်စားမှာမူ မြေပေါ်၌ ထိတ်လန့်တုန်လှုပ်စွာ ထိုင်လျက် အံ့သြစွာဖြင့် ငေး၍ကြည့်မိလေသည်။

ဝမ်းယို့ယန်က မျက်မှောင်ကုပ်သွားလေသည်။

"အစ်ကို - သူတို့နှစ်ယောက်ကို ခွဲလိုက်နိုင်ပါ့မလား"

မုယုံဟုက သက်ပြင်းရှည်တစ်ချက်ကို ချလိုက်လေသည်။

"အင်း - အခုမှပဲ၊ သိုင်းပညာရပ်များဟာ ဘယ်အထိ ထူးခြားသလဲဆိုတာ ကျုပ်နားလည်လိုက်ပါပြီ - သူတို့နှစ်ယောက်ကို လောကပေါ်မှာ ဘယ်သူကမှ ခွဲလို့ မရတော့ဘူးဆိုတာ အစ်ကို ပြောရဲပါတယ်"

ဝမ်းယို့ယန်က စိုးရိမ်သွားသည်။

"ဟင် - ဒါဖြင့်၊ ဘယ့်နှယ် လုပ်ကြမလဲဟင်"

"ဒါကတော့ သူတို့ အားကုန်သွားရင်တော့ ကွဲသွားပါလိမ့်မယ်"

အမှန်မှာ တန့်ဥနှင့် ယုသန်းကြီးတို့သည် ဤအတိုင်း ဆက်လက်ပြီး ယှဉ်ပြိုင်သွားပါက သူတို့နှစ်ယောက်စလုံး အတွင်းအားများကုန်ခမ်းပြီး သေဆုံးသွားကြမည် ဖြစ်သည်ကို မုယုံဟုက

သိရှိနားလည်ထားလိုက်လေသည်။

ထို့ကြောင့် သူသည် တန့်ဥတို့အားကြည့်၍ စိတ်မကောင်းဖြစ်မိနေလေတော့သည်။

သူသည် ယုသန်းကြီးနှင့် တန့်ဥတို့အား အတန်ကြာမျှ ငေး၍ကြည့်မိ နေရာက -

ရုတ်တရက် ဝမ်းယို့ယန်ဘက်သို့ လှည့်လိုက်လေသည်။

"ညီမလေး"

"ရှင် - အစ်ကို"

"အစ်ကိုရဲ့ သိုင်းပညာဟာ သူတို့အဆင့်ထိ လေ့ကျင့်လို့ရနိုင်ဦးမယ်တဲ့လား"

ဝမ်းယို့ယန်က ပါးစပ်ပိတ်ထားလိုက်သည်။

မုယုံဟုက မဲ့ပြုံး ပြုံးလိုက်သည်။

"ကြည့်စမ်း ညီမ၊ သူတို့နှစ်ယောက်ရဲ့ သိုင်းပညာ ယှဉ်ပြိုင်မှုဟာ သိုင်းလောကသမိုင်းတစ်လျှောက်မှာ မှတ်တမ်းတင်ရမယ့် ယှဉ်ပြိုင်ပွဲတစ်ခုပဲ မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

"ဒါဖြင့် အစ်ကိုက အခုလိုဘေးကနေ ရပ်ကြည့်နေရင် အစ်ကိုဟာ ဘယ်လိုလူစား ဖြစ်သွားမလဲဆိုတာကို ညီမစဉ်းစားမိတယ် မဟုတ်လား"

ဝမ်းယို့ယန်က စကားမပြောတော့ဘဲ မျက်လွှာချထားလိုက်လေသည်။

မုယုံဟုက အသံကျယ်လောင်စွာဖြင့် -

"ဘာပဲဖြစ်ဖြစ် - ကျုပ်အသက်သေချင်ရင် သေသွားပါစေ၊ သူတို့နှစ်ယောက်ကိုတော့ ခွဲပစ်ရလိမ့်မယ်"

ဝမ်းယို့ယန် ထိတ်လန့်တုန်လှုပ်သွားလေသည်။

"မလုပ်ပါနဲ့အစ်ကို"

မုယုံဟုသည် လက်ဝါးနှစ်ဖက်အား ပူးကပ်ထားလိုက်ပြီး ရှိခိုးဦးချသည့် ပုံသဏ္ဌာန်ဖြင့် -

တန့်ဥနှင့် ယုသန်းကြီးတို့၏ နှစ်ယောက်ကြားသို့ တစ်လှမ်းချင်း လှမ်းသွားလေသည်။

ဝမ်းယို့ယန်သည် -

မုယုံဟုက ယခုကဲ့သို့ ဝင်ရောက်ခွဲပေးလိုက်လျှင် -

ယုသန်းကြီးနှင့် တန့်ဥတို့မှာ အပူဓာတ်နှင့် အအေးဓာတ်များကြောင့် သေဆုံးနိုင်သည်ဟု သိရှိထားသဖြင့် -

လက်ဝါးဖြင့် မျက်နှာကိုအုပ်ကာ ငိုကြွေးလိုက်လေသည်။

ထိုစဉ်မှာပင် -

အနေ့ဘက်မှ -

အနက်ရောင်ကို ဝတ်ဆင်ထားသော လူတစ်ယောက်သည် လျှင်မြန်စွာ ပြေးလွှားလာနေသည်ကို လျှပ်တစ်ပြက် တွေ့မြင်လိုက်ရလေသည်။

ထိုလူ၏မျက်နှာတစ်ခုလုံးမှာ မျက်လုံးနှစ်လုံးကို ဖော်ထားသည်မှအပ တစ်ကိုယ်လုံးအနက်ရောင်ဖြင့် လွှမ်းခြုံထားလေသည်။

တစ်ဆက်တည်းမှာပင် -

အနောက်ဘက်မှ အဖြူရောင်သင်္ကန်းကို ဝတ်ဆင်ထားသော ဘုန်းတော်ကြီး တစ်ပါးသည် -

လျှင်မြန်စွာပြေးလွှား၍ လာနေသည်ကို ထပ်မံတွေ့မြင်လိုက်

ရလေသည်။

သူတို့နှစ်ယောက်သည် -

တန့်ဥနှင့် ယုသန်းကြီးတို့ထံသို့ ရောက်ရှိလာပြီးသည်နှင့် -

သူတို့၏ လက်ဝါးများသည် ရှေ့သို့ ပြိုင်တူတွန်းထုတ်၍ -

တန့်ဥနှင့် ယုသန်းကြီးကြားသို့ ပြေးဝင်သွားလေ၏။

ပြင်းထန်သော လေအဟုန်တစ်ခုသည် -

ရုတ်တရက် -

ဝှေ့ယမ်းလိုက်ပြီးလျှင် -

တန့်ဥနှင့် ယုသန်းကြီးတို့အား တွန်းခွဲလိုက်လေသည်။

မုယုံဟုမှာမူ -

မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် -

သူ၏ခန္ဓာကိုယ်သည် လေအားကြောင့် ဘေးသို့ ယိမ်းယိုင်သွားလေသည်။

ယုသန်းကြီးနှင့် တန့်ဥတို့မှာ လက်ဝါးချင်း ခွဲခွာပြီးသည့်နောက် -

ထိုလူနှစ်ယောက်သည် တစ်ယောက်မှာ အရှေ့သို့ -

တစ်ယောက်က အနောက်သို့ ဆက်လက်၍ ပြေးလွှားကာ ကွယ်ပျောက် သွားလေတော့သည်။

❖ ❖ ❖

တန့်ဥနှင့် ယုသန်းကြီးတို့သည် -

နောက်သို့ ခြေလှမ်းသုံးလှမ်းခန့်စီ ဆုတ်သွားကြလေသည်။



ယုသန်းကြီး၏ ကိုယ်ခန္ဓာပေါ်မှ ခဲနေသော ရေခဲပြင်များသည် -

အစိပ်စိပ်အမွှာမွှာ ကွဲသွားလေသည်။

တန့်ဥ၏ ကိုယ်ပေါ်မှ အဆိပ်ငွေ့များမှာလည်း အနီးအငွေ့အသွင်သို့ ပြောင်းလဲကာ ပျောက်ကွယ်သွားလေ၏။

ယုသန်းကြီးသည် -

နောက်သို့ ဆုတ်သွားသောအခါ -

အနောက်ဘက်သို့ ပြေးလွှားသွားနေသော အနက်ရောင်ဝတ်ဆင်ထားသော လူ၏နောက်ကျောကို လျှပ်တစ်ပြက် တွေ့မြင်လိုက်ရလေသည်။

သူသည် -

ရုတ်တရက် မင်တက်မိသွားလေသည်။

ဤအနက်ရောင် ဝတ်ဆင်ထားသောလူသည် -

တစ်ချိန်တုန်းက ပညာရှိကျေးရွာမှ ရွှောင်ဖုန်းအား ကြိုးတစ်ချောင်းဖြင့် ကယ်တင်သွားသော လူဖြစ်သည်ကို မှတ်မိလိုက်လေသည်။

တာလွန်နယ်စားနှင့် မုယုံဟုတို့ရပ်နေသော နေရာသည် အဖြူရောင်သက်န်းကို ဝတ်ဆင်ထားသော ဘုန်းတော်ကြီး၏ နောက်ကျောအား တွေ့မြင်လိုက်ရလေသည်။

တာလွန်နယ်စားသည် -

ထိုအဖြူရောင်သက်န်းကို ဝတ်ဆင်ထားသော ဘုန်းတော်ကြီး၏ နောက်ကျောအား တွေ့မြင်လိုက်ရသည်နှင့် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

မုယုံဟုဘက်သို့ လှည့်လိုက်ပြီး -

"ခုန ဘုန်းတော်ကြီးက ဘယ်သူလဲဆိုတာ မင်းသိသလားကွ"

မုယုံဟုက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူးဗျ"

တာလွန်နယ်စား မျက်မှောင်ကုပ်သွားသည်။

"ကျုပ်က အကြည့်မှားလို့နဲ့ တူပါတယ် - ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်လို့တောင် ထင်မိသေးတယ်"

သူသည် ယင်းသို့ ပြောဆိုပြီးသည်နှင့် -

ခေါင်းငုံ့ကာ စဉ်းစား၍ နေလေသည်။

❖ ❖ ❖

ယုသန်းကြီးသည် -

တန့်ဥနှင့် လက်ဝါးချင်းကွဲခွာသွားပြီးသည့်နောက် -

ဝန်းကျင်သို့တစ်ချက် လှည့်ကြည့်လိုက်လေသည်။

မုယုံဟုနှင့် ဝမ်းယို့ယန်တို့ကိုသာ မြင်တွေ့ရပြီး -

အာကျိုကို မတွေ့ရသေးသဖြင့် -

သူသည် စိတ်ထဲ၌ မကျေမချမ်း ဖြစ်လာလေသည်။

တန့်ဥအား ထပ်မံပြီး တိုက်ခိုက်ရန်အတွက် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် -

အာကျို၏အသံ ထွက်ပေါ်လာလေသည်။

"အစ်ကိုရေ - ကျွန်မဒီမှာလေ"



ယုသန်းကြီးသည် -

တန့်ဥအားတိုက်ခိုက်ရန် ဟန်ပြင်နေရာမှ အာကျိုအသံကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားကာ အရှိန်ကိုမထိန်းနိုင်ဘဲ မြေပေါ်သို့ မှောက်လျက်လဲကျသွားလေ၏။

ထိုစဉ်မှာပင် -

အာကျိုတစ်ယောက် ဖြည်းညှင်းစွာ လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

❖ ❖ ❖

ယုသန်းကြီးသည် -

ဝမ်းသာအားရစွာဖြင့် မြေပေါ်မှခုန်ထလိုက်သည်။

သူသည် အာကျိုထံသို့ ပြေးလွှားသွားရင်း -

"အာကျို - မင်းဘယ်သွားနေတာလဲကွ၊ ကျုပ်ဖြင့် ပူလိုက်ရတာ မပြောနဲ့တော့"

အာကျိုက ခေါင်းကလေးမော့လိုက်သည်။

"ရှင်ကလည်း ဘာဖြစ်လို့ ပူနေရတာလဲ၊ ကျွန်မပြန်လာပြီ မဟုတ်လား"

ယုသန်းကြီးက ခေါင်းညိတ်လိုက်ပြီး အာကျိုအား ငေး၍ ကြည့်နေ၏။

အမှန်မှာ -

ဝမ်းယို့ယန်သည် အာကျိုထက် အဆပေါင်းများစွာလှသည်၊ ချောသည်၊ ယဉ်သည်။

သို့သော် ယုသန်းကြီးမှာမူ အာကျိုမှလွဲ၍ မည်သည့်မိန်းကလေးကမျှ အာကျိုထက်လှသည်ဟု မထင်မှတ်ပါ။

ယခု သူသည် အာကျိုအား ပြန်လည်တွေ့ဆုံလိုက်ရသဖြင့် ဝမ်းသာပီတိဖြစ်ကာ အာကျို၏မျက်နှာကို ငေး၍ကြည့်နေလေသည်။

အာကျိုက ပြုံးလိုက်သည်။

"အစ်ကိုက သူများနဲ့ သိုင်းပညာယှဉ်ပြိုင်သေးသလား"

သို့သော် -

ယုသန်းကြီးမှာ အာကျိုကိုသာ အငမ်းမရဖြစ်နေသဖြင့် အာကျိုမေးနေသည်ကိုပင် မကြားလိုက်ရပါ။

အာကျိုက သုံးလေးခွန်းထပ်၍ မေးလိုက်သော်လည်း ယုသန်းကြီးမှာမူ သူ၏မေးခွန်းကိုသာ မေးနေ၏။

"ညီမက ဘာဖြစ်လို့မပြောမဆိုဘဲ ထွက်သွားရတာလဲဟင်"

အာကျိုက တခစ်ခစ် ရယ်မောလိုက်သည်။

"ရှင့်အကြောင်းကို လိုက်စုံစမ်းနေတာလေ"

ယုသန်းကြီးမှာ ထိတ်လန့်သွားသည်။

"ဗျာ - ညီမက ဘာပြောတယ်"

"ဒီလိုပါ အစ်ကို - ကျွန်မက အပြင်ဘက်မှာ စောင့်နေတုန်း မုယုံဟုနဲ့ ဝမ်းယို့ယန်တို့ ရောက်လာတာကို တွေ့ရတော့ ရှင့်အကြောင်းကို သူတို့ဆီမှာ စုံစမ်းတာပေါ့"

ယုသန်းကြီးသည် ထိုစကားကို ကြားလိုက်ရသောအခါ အကြီးအကျယ် တုန်လှုပ်သွားလေသည်။

မိမိအကြောင်းများကို အာကျိုက သိရှိသွားပြီဟု ထင်မှတ်ကာ



တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ခါသွားလေသည်။

"ဒုက္ခပါပဲ၊ အာကျိုကတော့ ငါ့အကြောင်းတွေကို အကုန်သိပြီး ငါ့ကို စွန့်ခွာသွားတော့မှာပဲ"

ဟု တွေးမိလေသည်။

ထိုစဉ် -

သူ၏ပခုံးပေါ်သို့ လက်တစ်ဖက်ကလာရောက်၍ အသာအယာ ဆုပ်ကိုင်ထားလိုက်သည်။

သူသည် နောက်သို့ လှည့်ကြည့်လိုက်ရာ -

မုယုံဟုက သူ့အားပြုံး၍ ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ပို၍ထိတ်လန့်သွားသည်။ နောက်သို့လည်း တဖြည်းဖြည်း ဆုတ်သွားလေသည်။

မုယုံဟုက ပြုံးလိုက်သည်။

"အာကျို မင်းလာတာနောက်ကျသွားတယ်ကွဲ့"

အာကျိုက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ သခင်လေး"

"ခုနက မင်းအတွက်နဲ့ သူက သူများနဲ့ သိုင်းပညာချင်း အစွမ်းကုန် ယှဉ်ပြိုင်နေတာကို မင်းကမမြင်လိုက်ရတာ နာတယ်ဗျာ"

အာကျိုက ဝမ်းသာပီတိ ဖြစ်သွားသည်။

"ဟုတ်လား သခင်လေး၊ သူ့သိုင်းပညာက ဘယ့်နှယ်နေလဲ"

"မပြောပါနဲ့တော့ - အာကျိုလူရဲ့သိုင်းပညာဟာ သိုင်းလောကမှာ ပြိုင်စံရှားတယ်ကွဲ့"

အာကျိုသည် ထိုစကားကိုကြားလိုက်ရသောအခါ ပို၍

ဝမ်းသာပီတိ ဖြစ်သွားလေသည်။

မုယုံဟုသည် အာကျီအား ပြုံးပြလိုက်ပြီး -

"ကဲ - ကျုပ်မှာလည်း ကိစ္စလေးနည်းနည်းရှိသေးလို့ သွားခွင့်ပြုပါဦးဗျာ"

သူသည် ပြောပြီးသည်နှင့် ဝမ်းယို့ယန်နှင့်အတူ ထိုနေရာမှ ထွက်ခွာသွားလေသည်။

❖ ❖ ❖

ယုသန်းကြီးသည် အတန်ကြာအောင် ငေးငိုင်နေရာမှ အာကျီအား -

"ဒါနဲ့ ညီမက အစ်ကို့အကြောင်းကို စုံစမ်းတော့ သူက ဘာပြောလိုက်သလဲ"

အာကျီက ရယ်မောလိုက်သည်။

"ပထမတော့ သူက အူကြောင်ကြောင်ဖြစ်နေတယ်၊ နောက်မှ ဝမ်းယို့ယန်က သူ့ကိုသတိပေးလိုက်မှ သူကရှင့်ကို မှတ်မိတာ"

"ဟုတ်လား - သူကဘာပြောလိုက်သလဲဟင်"

"သူကပြောပါတယ်၊ အစ်ကိုနဲ့သူနဲ့ ရုပ်ချင်းသိပ်ဆင်တာပဲလို့ ပြောတယ်၊ တစ်ချို့ကတောင် သူနဲ့အစ်ကိုဟာ ညီအစ်ကိုလားလို့ မေးယူရတယ်တဲ့"

ယုသန်းကြီးသည် ထိုစကားကို ကြားလိုက်ရသောအခါ မုယုံဟုနှင့် ဝမ်းယို့ယန်တို့က အာကျီမှာ မျက်မမြင်ဖြစ်နေသည်ကို တွေ့ရ၍ စိတ်ချမ်းသာမှုရစေရန် လိမ်ညာပြောလိုက်ခြင်း ဖြစ်သည်ဟု နား



လည်လိုက်လေသည်။

သူ့သည် မုယုံဟုနဲ့ ဝမ်းယို့ယန်တို့အပေါ် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိနေ၏။

သူသည် -

ယခုမှ စိတ်သက်သာရာရသွားသည်။

တန့်ဥဘက်သို့ လှည့်ကြည့်လိုက်ရာ -

တန့်ဥကို မတွေ့ရတော့ဘဲ တာလွန်နယ်စားတစ်ယောက် အဝေးသို့ ထွက်ခွာသွားနေသည်ကို တွေ့လိုက်ရလေသည်။

❖ ❖ ❖

ဝန်းကျင်တစ်ခုလုံးတွင် မည်သူတစ်ဦးတစ်ယောက်မှ မရှိတော့ပါ။ အာကျီသည် ယုသန်းကြီး၏လက်ကို အသာအယာ ဆုပ်ကိုင်လိုက်ပြီး -

"အစ်ကို"

"ဘာလဲ ညီမ"

"အစ်ကိုဟာ အစစအရာရာကောင်းပါတယ်၊ ဒါပေမယ့် -"

"ဒါပေမယ့် - ဘာဖြစ်သလဲ ညီမ"

"အစ်ကိုဟာ သိုင်းပညာထူးထူးချွန်ချွန်ရှိရက်နဲ့ ဘာဖြစ်လို့ ဖုံးကွယ်ထားရတာလဲ"

ယုသန်းကြီးသည် ရင်ထဲ၌ တဒိတ်ဒိတ်ခုန်နေ၏။

"ဟုတ်ပါတယ် ညီမ၊ ညီမရှေ့မှာ အစ်ကိုက ဘယ်တော့မှ ကိုယ့်ကိုယ်ကို သိပ်တော်တယ်လို့ မပြောဝံ့လို့ပါ"

"ဘာဖြစ်လို့လဲ"

"အစ်ကိုက ညီမကို ချစ် -"

သူသည်ဆက်၍ မပြောဝံ့ဘဲ တစ်ပိုင်းတစ်စ ရပ်တန့်သွားလေသည်။

အာကျိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မသိပါတယ် အစ်ကို"

သူမသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး -

"ခက်တာဘဲ အစ်ကိုရယ်၊ ကျွန်မ ဒီဘဝမှာ အစ်ကိုရဲ့မျက်နှာကို မြင်တွေ့နိုင်မှာ မဟုတ်တော့ပါဘူးကွယ်"

သူမ၏မျက်နှာသည် ဝမ်းသာပီတိ ဖြစ်လာပြန်သည်။

"မုယုံဟု ပြောသွားတဲ့စကားအရ အစ်ကိုဟာ သူနဲ့ရုပ်ချင်းတူတယ်ဆိုတော့ မုယုံဟုလို့ ချောမှာပဲနော်"

ယုသန်းကြီးသည် မည်သို့ပြန်ပြောရမှန်းမသိသောကြောင့် ဝမ်းနည်းမိလေ၏။ အာကျိုက စကားဆက်လိုက်ပြန်သည်။

"အစ်ကို"

"ဘာလဲ ညီမ"

"အစ်ကိုဟာ ရုပ်လဲချောတယ်၊ ပညာလဲတော်တယ်၊ လောကပေါ်မှာ ကျွန်မထက်ချောတဲ့ မိန်းကလေးအများကြီးရှိပါတယ်၊ ဘာဖြစ်လို့ အစ်ကိုက ကျွန်မအပေါ် ဒီလောက်ကောင်းရတာလဲဟင်"

ယုသန်းကြီးသည် စိတ်မကောင်းဖြစ်ကာ မျက်ရည်များပင် ကျလာလေသည်။

"ညီမရယ် - ဒီလိုမပြောပါနဲ့ကွယ်၊ ညီမအတွက်ဆိုရင် အစ်ကို



အသက်သေချင် သေသွားပါစေ၊ ညီမကို တစ်သက်လုံး ကာကွယ်စောင့်ရှောက်သွားပါ့မယ်"

အာကျိုက ဝမ်းသာသွားသည်။

"တကယ်ပြောတာလား အစ်ကို"

"တကယ်ပြောတာပေါ့"

အာကျိုသည် အနည်းငယ် စဉ်းစားလိုက်ပြီး -

"အစ်ကို - ရှင်က ကျွန်မအပေါ် တကယ်ပဲမေတ္တာရှိနေသလားဟင်"

"တကယ်ပါညီမ"

"ဒါဖြင့် ကျွန်မတစ်ခုတောင်းခံချင်တယ်"

"ပြောပါညီမ"

"အစ်ကိုက ညီမကို သိုင်းပညာသင်ပေးမလားဟင်"

ထိုစကားကို ကြားလိုက်ရသောအခါ -

ယုသန်းကြီးသည် ထိတ်လန့်သွားကာ မည်သို့ပြန်ဖြေရမှန်းမသိ ဖြစ်သွားလေသည်။

အာကျိုသည် ယုသန်းကြီးက စကားပြန်မပြောသည်ကို တွေ့လိုက်ရသောအခါ ယုသန်းကြီးမှာ မိမိအားသင်ကြားပေးမည်မဟုတ်ဟု ထင်မှတ်ကာ သူမ၏စိတ်ထဲမှာ ဝမ်းနည်းလာပြီးလျှင် မျက်ရည်များ စီးဆင်းကျလာလေသည်။

ယုသန်းကြီးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ဟင် - ညီမ၊ ဘာဖြစ်လို့ ငိုနေရတာလဲဟင်"

အာကျိုက ငိုလျက် -

"ရှင် သွားလိုရာသွားပါတော့၊ ကျွန်မကို ထားပစ်ခဲ့ပါရှင်"

ယုသန်းကြီး ထိတ်လန့်သွားသည်။

"ဘာဖြစ်လို့လဲ ညီမ"

"ဘာဖြစ်ဖြစ် ရှင်နဲ့ကျွန်မ ဒီနေ့ကစပြီးလမ်းခွဲကြမယ်"

"ဗျို ညီမက ဘယ်လိုဖြစ်သွားရပြန်တာလဲ"

အာကျိုသည် -

ယုသန်းကြီးက ထိတ်ထိတ်ပျာပျာဖြစ်နေသည်ကို သိလိုက်ရသဖြင့် စိတ်ထဲ၌ ကျေနပ်ဝမ်းသာနေ၏။

"အင်း - ဒီလူဟာ ငါ့အပေါ်မှာ တော်တော်သံယောဇဉ်ကြီးပုံရတယ်၊ သူ့ကိုငါချော့ပြောရင်တော့ ရမှာပဲ" ဟု တွေးမိလေသည်။

သူသည် မျက်ရည်များကို သုတ်လိုက်ပြီး -

"ဒီလိုပါရှင် - အစ်ကိုက နောက်ဆို ကျွန်မနဲ့ လမ်းခွဲရတော့မှာပဲ၊ ဒါကြောင့် - အခုထဲက တစ်ယောက်နဲ့တစ်ယောက် ခွဲလိုက်ရတာကမှ စိတ်သက်သာရာရမယ် ထင်လို့ပါ"

ယုသန်းကြီးသည် -

အာကျိုက မိမိအပေါ် သံယောဇဉ်ရှိနေသည်ကို သိရသဖြင့် ဝမ်းသာသွားလေသည်။

"ဗျို - ညီမကလဲ အစ်ကိုက ညီမကို ဘာဖြစ်လို့ ခွဲသွားရမှာလဲ အစ်ကိုပြောခဲ့ပြီမဟုတ်လား၊ ဒီတစ်သက်မှာ ညီမနဲ့ ဘယ်တော့မှ မခွဲဘူးလို့"

"ကျွန်မ မယုံဘူး"

"ခက်တာပဲညီမရယ်၊ ညီမယုံအောင် အစ်ကိုဘယ်လို လုပ်ရပါ့မလဲ"

"အစ်ကိုက ကျွန်မအပေါ်မှာ တစ်ကယ်မေတ္တာရှိတယ်ဆိုယင်



အစ်ကိုရဲ့ သိုင်းပညာရပ်ကို ကျွန်မအား တစ်ချို့တစ်ဝက် သင်ပေးပါလား"

ယုသန်းကြီးသည် မည်သို့ပြန်ပြောရမှန်းမသိ ပါးစပ်ပိတ်ထားလိုက်လေသည်။

အာကျိုက နှုတ်ခမ်းစူသွားသည်။

"ဘယ်လိုလဲအစ်ကို ကျွန်မတောင်းဆိုတာကို အစ်ကိုက လက်မခံနိုင်ဘူး မဟုတ်လား"

"မဟုတ်ရပါဘူးညီမ၊ ဒါပေမယ့် -"

အာကျိုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကဲပါ အစ်ကိုရယ်၊ ကျွန်မကိုသင်မပေးချင်ရင်နေပါ၊ အခုအချိန်ကစပြီး လမ်းခွဲလိုက်တာပဲ ကောင်းပါတယ်"

ယုသန်းကြီးက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"အစ်ကို - သင်ပေးပါ့မယ်ကွယ်"

အာကျိုက ဝမ်းသာသွားသည်။

"အစ်ကို တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပါ"

"ဒါဖြင့် ဘယ်အချိန်ကစပြီး သင်ပေးမှာလဲဟင်"

ယုသန်းကြီးသည် အတန်ကြာစဉ်းစားလိုက်ပြီး -

ရုတ်တရက် -

အကြံတစ်ခုရလာလေသည်။

"ဒီလိုရှိပါတယ် ညီမ၊ အစ်ကိုသိုင်းပညာ သင်မပေးခင် ညီမ တတ်ထားတဲ့သိုင်းပညာ အစ်ကို့ကို အရင်ဆုံးလေ့ကျင့်ပြမှ အစ်ကိုက ဘယ်လိုသင်ရမယ်ဆိုတာသိမှာပေါ့"

အာကျိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်သားပဲ၊ ဒီလိုဆို ဆိတ်ငြိမ်တဲ့နေရာတစ်ခုရှာပြီး လေ့ကျင့်ရအောင်"

"ဟုတ်တယ် ညီမ"

အာကျိုသည် -

ယုသန်းကြီး၏ထူးခြားသော သိုင်းပညာရပ်များကို သင်ကြားနိုင်မည်ဖြစ်၍ ဝမ်းသာပီတိ ဖြစ်သွားလေသည်။

❖ ❖ ❖

ဤနေရာသည် -

လူသူအသွားအလာနည်းသော တောင်ကုန်းတစ်ခုဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးမှာလည်း သာယာလှသည်။

ယုသန်းကြီးသည် ဝန်းကျင်သို့ တစ်ချက်ကြည့်လိုက်ပြီး -

"ကဲ - ညီမ ဒီနေရာတော်တော့ကို တိတ်ဆိတ်ပြီးသာယာတယ်၊ ဒီမှာပဲ အနားယူလိုက်ကြရအောင်"

အာကျိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အစ်ကို၊ ဒီနေရာမှာနေပြီး ကျွန်မရဲ့ သိုင်းပညာကို တစ်ကွက်ပြီးတစ်ကွက် လေ့ကျင့်ပြမယ်လေ၊ နောက်ပြီး အစ်ကိုရဲ့ သိုင်းပညာသင်ပေးရမယ်နော်"

"စိတ်ချပါညီမရယ် အရေးအကြီးဆုံးက ညီမရဲ့သိုင်းပညာကို အစ်ကိုက သေသေချာချာလေ့လာမှလဲ ဘယ်လိုသင်ပေးရမယ်ဆိုတာ သိမှာကွဲ့"



အာကျိုသည်ပြုံးလိုက်ပြီး မြက်ခင်းပေါ်သို့ ထိုင်ချလိုက်လေသည်။

ထို့နောက် -

ကြယ်တံခွန်ဂိုဏ်း၏ သိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် လေ့ကျင့်ပြလေသည်။

ယုသန်းကြီးသည် -

အာကျိုက လေ့ကျင့်နေသော သိုင်းကွက်များကို တစ်ကွက်ပြီး တစ်ကွက် လိုက်၍ လေ့ကျင့်နေ၏။

သူတို့၏အခြေအနေမှာ -

အာကျိုက -

ယုသန်းကြီးအား သိုင်းအကွက်များ သင်ပေးသည်နှင့် တူလှပေသည်။

အာကျိုသည် သိုင်းအကွက် ၁၀ ကွက်မျှ လေ့ကျင့်လာသော အခါ ယုသန်းကြီးမှာ လိုက်၍မမီတော့ပါ။

"ခဏနေပါဦး ညီမ"

အာကျို မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

"အစ်ကိုက လိုက်မမီလို့ပါ"

အာကျို မျက်မှောင်ကုပ်သွားသည်။

"ရှင်"

ယုသန်းကြီးသည် မိမိစကားမှားသွားသည်ကို သတိရလိုက်လေသည်။

"ဟဲ - ဟဲ - ဟဲ - ဒီလိုပါညီမ၊ ညီမရဲ့သိုင်းကွက်ကို ဘယ်နေ

ရာမှာ ဟာကွက်ရှိလဲဆိုတာ သေချာလေ့လာနေရလို့ လိုက်လို့မမီဘူး ပြောတာပါ"

အာကျိုက ရယ်မောလိုက်သည်။

"ဪ - ဒီလိုလား၊ ဒါဖြင့် ကျွန်မဖြည်းဖြည်းလေ့ကျင့်ပြပါ့မယ်"

အာကျိုသည် ယင်းသို့ပြောပြီး သိုင်းကွက်များအား ဖြည်းညှင်းစွာ လှုပ်ရှားပြလိုက်လေသည်။

❖ ❖ ❖

ယခု ယုသန်းကြီးသည် အာကျို၏သိုင်းကွက်များကို ကောင်းစွာ လေ့ကျင့်နိုင်ခဲ့လေသည်။

သူသည် -

အာကျိုက ပြသသော သိုင်းကွက်အတိုင်း -

သူ၏ဝဲဘက်လက်သည် စက်ဝိုင်းပုံသဏ္ဌာန်ဖြင့် ဝှေ့ယမ်းလိုက်ပြီးလျှင် သူ၏ယာဘက်သည် စက်ဝိုင်းအတွင်းမှ တွန်းထုတ်လိုက်သည်။

"ဝုန်း"

သူတွန်းထုတ်လိုက်သော လက်ဝါးသည် အမှတ်မထင် သစ်ပင်ငယ်တစ်ပင်အား ရိုက်မိသွားသဖြင့် -

ထိုသစ်ပင်ငယ်သည် ထက်ပိုင်းကျိုးသွားလေသည်။

အာကျိုက အသံကြားလိုက်သဖြင့် -

"အစ်ကိုဘာဖြစ်သွားတာလဲဟင်"



ယုသန်းကြီးသည် ထက်ပိုင်းကျိုးသွားသော သစ်ပင်ငယ်အား ကြောင်အမ်းအမ်းဖြင့် ကြည့်နေရင်း -

အာကျိုမေးသံကြားတော့မှ -

"ဘာမှမဟုတ်ပါဘူး ညီမရဲ့သိုင်းကွက်ကို အစ်ကိုက လေ့ကျင့်ရင်း သစ်ပင်ငယ်တစ်ပင် ကျိုးသွားတာပါ"

အာကျိုက ရယ်မောလိုက်သည်။

"အင်း - သိုင်းကွက်ရိုးရိုးတစ်ခုဟာ အစ်ကို့လက်ထဲရောက်သွားရင် တော်တော့ကို အစွမ်းထက်သွားတာပဲနော်"

ယုသန်းကြီးသည် သိုင်းပညာနှင့်ပတ်သက်ပြီး မည်သို့မှ နားမလည်သဖြင့် စကားမှားသွားမည်ကို စိုးရိမ်သောကြောင့် -စကားဆက်မပြောတော့ဘဲ သိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် လေ့ကျင့်နေလေသည်။

ယခု ယုသန်းကြီးသည် အာကျိုထံမှ သိုင်းကွက် ၁၀-ကွက်မျှ လေ့ကျင့်တတ်မြောက်နေပြီ ဖြစ်သည်။

ယင်းသိုင်း ၁၀-ကွက်ကျော်လျှင် သူလိုက်၍မမီတော့ချေ။

အာကျိုက ပြုံးလိုက်သည်။

"ဘယ်နှယ့်လဲအစ်ကို ကျွန်မရဲ့ သိုင်းကွက်ဟာ တော်တော့ကို နုသလားဟင်"

"ဒီလိုလဲမဟုတ်ပါဘူး ညီမ၊ ဒီသိုင်းပညာထဲမှာ အလွန်ထက်မြက်တဲ့ သိုင်းကွက်လဲ တော်တော်များတာကို တွေ့ရပါတယ်"

"ဒါဖြင့် အစ်ကိုကပြောလေ၊ ကျွန်မအစ်ကိုရဲ့သိုင်းပညာကို ဘယ်လိုသင်ရမှာလဲ"

ယုသန်းကြီးသည် အနည်းငယ်စဉ်းစားလိုက်ပြီး -

"ဒီလိုလုပ် ညီမတတ်တဲ့ သိုင်းပညာကိုပဲ အခြေခံပြီး အစ်ကိုက သင်ပေးမယ်လေ"

အာကျိုက ဝမ်းသာသွားသည်။

"ဟာ ကျွန်မဝမ်းသာလိုက်တာရှင်"

ယုသန်းသည် ခေါင်းညိတ်ပြီး အမှတ်မထင် သူ့ရှေ့မှ ကျောက်တုံးတစ်တုံးအား ခြေထောက်ဖြင့် ကန်လိုက်ရာ ထိုကျောက်တုံးသည် တောင်ကုန်းအောက်သို့ လိမ့်ဆင်းသွားလေ တော့သည်။

❖ ❖ ❖

"ဟိတ် ဘယ်ကောင်လဲကွ၊ ငါတို့ကို ကျောက်တုံးနဲ့ ပစ်တာ"

ထိုအသံနှင့်အတူ လူနှစ်ယောက်သည် တောင်ကုန်းပေါ်သို့ ပြေးတက်လာလေသည်။

ယုသန်းကြီးသည် -

ထိုလူနှစ်ယောက်၏ကျောပေါ်၌ ဂုန်လျှော်အိတ်များ ပိုးထားသည်ကို တွေ့လိုက်ရသဖြင့် -

ထိုလူနှစ်ယောက်မှာ ကယ်ပါဂိုဏ်းသားများဖြစ်ကြသည်ကို သိလိုက်ရလေသည်။

သူသည် လက်နှစ်ဖက်ကိုဆုပ်၍ ဦးညွှတ်လိုက်သည်။

"ကျွန်တော်မတော်လို့ပါဗျ၊ တောင်းပန်ပါတယ်"

ထိုလူနှစ်ယောက်မှာလည်း -

ယုသန်းကြီးက တောင်းပန်လာသည်ကို တွေ့ရှိရသဖြင့် -

ဒေါသကိုထိန်းချုပ်လိုက်ပြီး ပြန်လည် ဦးညွှတ်လိုက်သည်။



"ရပါတယ်ဗျ၊ မတော်လို့ဖြစ်တာဘဲ ကျုပ်တို့ဗွေမယူပါဘူး"

သူတို့သည် ယင်းသို့ပြောပြီး ထိုနေရာမှ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားကြလေသည်။

"ရပ်လိုက်"

အာကျိုက ဟန့်တားလိုက်လေသည်။

ထိုလူနှစ်ယောက်သည် ခြေလှမ်းရပ်တန့်ပြီး လှည့်ကြည့်လိုက်သည်။

"ဘာကိစ္စများရှိသေးလို့လဲ"

အာကျိုက ပြုံးလိုက်သည်။

"ရှင်တို့က ဘယ်သူတွေလဲ"

"ကျုပ်တို့က ကယ်ပါဂိုဏ်းကပါ"

အာကျိုက ရယ်မောလိုက်သည်။

"ဟာ အတော်ပဲ၊ ရှင်တို့ဆီကို ကျွန်မတို့လာကြမလို့"

ထိုလူနှစ်ယောက်အနက် အရပ်ပိန်ပိန်ရှည်ရှည်ရှိသောလူက မျက်မှောင်ကုပ်သွားသည်။

"ဘာကိစ္စများရှိနေလို့လဲ"

အာကျိုက ပြုံးလျက် -

"ရှင်တို့ကယ်ပါဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာလိုချင်လို့ပေါ့"

ကယ်ပါဂိုဏ်းသားနှစ်ယောက်တို့သည် ထိုစကားကြားလိုက်ရသောအခါ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"ခင်ဗျားက ဘယ်သူလဲ၊ ကျုပ်တို့ဂိုဏ်းကို ဘာဖြစ်လို့ စော်ကားရတာလဲ"

အာကျိုက ပြုံးလိုက်သည်။

"ကျွန်မနာမည်က အာကျိုပါ၊ ကြယ်တံခွန်ဂိုဏ်းရဲ့ဂိုဏ်းချုပ် အသစ်ဆိုပါတော့"

"ကြယ်တံခွန်ဂိုဏ်းချုပ်ဟာ ကြယ်တံခွန်အဘိုးအိုဆိုတာ အားလုံးသိကြပါတယ်၊ မင်းဘာဖြစ်လို့ မဟုတ်တာ လျှောက်ပြောနေရတာလဲ"

အာကျိုက ပြုံးလိုက်သည်။

"ရှင်တို့မယုံရင် ယောဒိက စိတ်ချမ်းသာဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကို မေးကြည့်ပေါ့"

အာကျိုသည် ပြောရင်း -

ယုသန်းကြီးအား ညွှန်ပြလိုက်သည်။

ကျန်ကယ်ပါဂိုဏ်းသားတစ်ယောက်က -

ယုသန်းကြီးအား တစ်ချက်ကြည့်လိုက်ပြီး -

"ဒီလူက ဒီလောက်ရုပ်ဆိုးတာ ဘယ်ကဂိုဏ်းချုပ်ဖြစ်ရမှာ"

ယုသန်းကြီးသည် မိမိအား ရုပ်ဆိုးသည်ဟုပြောသည်ကို ကြားလိုက်ရသဖြင့် အာကျိုပြသပေးသော သိုင်းကွက်တစ်ကွက်ဖြင့် ထိုလူအား တိုက်ခိုက်လိုက်လေသည်။

အရပ်ပိန်ပိန်ရှည်ရှည်ရှိသောလူက -

ယုသန်းကြီးတိုက်ခိုက်လာသည်ကို တွေ့လိုက်ရသဖြင့် ကပျာကယာ ခုခံလိုက်လေသည်။

"ဝုန်း"

သူ၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်ကျသွားကာ သေဆုံးသွားလေသည်။

ယုသန်းကြီးသည် မိမိအားရုပ်ဆိုးသည်ဟုပြော၍ မခံမရပ်နိုင်



ဖြစ်ကာ ဟန့်တားလိုက်ခြင်းသာ ဖြစ်သည်။

ယခု -

မိမိကြောင့် ထိုလူက သေဆုံးသွားသည်ကို တွေ့လိုက်ရသော အခါ ထိတ်လန့်တုန်လှုပ်သွားလေသည်။

ကျန်ရှိသောဂိုဏ်းသားတစ်ယောက်က မိမိ၏အဖော် သေဆုံးသွားသည်ကို တွေ့လိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားသည်။

ဒေါသလည်း ချောင်းချောင်းထွက်သွားသည်။

သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး -

ယုသန်းကြီးအား တိုက်ခိုက်လိုက်လေသည်။

ယုသန်းကြီး နောက်သို့ ဆုတ်လိုက်သည်။

"ဟောလူ မလုပ်နဲ့၊ မင်းလူကို ငါသတ်တာမဟုတ်ဘူး"

ထိုကယ်ပါဂိုဏ်းသားသည် -

ယုသန်းကြီးက ကြောင်လိမ်ညာပြောနေသည်ကို ကြားလိုက်ရသဖြင့် ပို၍ ဒေါသထွက်သွားသည်။

သူသည် ရှေ့သို့တိုးကာ လက်သီးတစ်လုံးဖြင့် -

ယုသန်းကြီး၏ရင်ဝသို့ ထိုးသွင်းလိုက်ရာ -

ယုသန်းကြီးသည် အလိုက်သင့် အာကျိုထံမှ သင်ကြားထားသောသိုင်းကွက်ဖြင့် ခုခံလိုက်သည်။

"ဝုန်း"

မမျှော်လင့်ဘဲ သူ၏လက်သီးသည် ထိုဂိုဏ်းသား၏ရင်ဝသို့ ထိမှန်သွားကာ ထိုဂိုဏ်းသား၏ ခန္ဓာကိုယ်သည် အဝေးသို့ လွင့်သွားပြီး မြေပေါ်သို့ ခွေလဲကျသွားလေသည်။

ယုသန်းကြီးသည် -

မိမိကြောင့် လူနှစ်ယောက်သေဆုံးသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် -

ထိတ်လန့်တုန်လှုပ်သွားသည်။

အာကျိုလက်ကိုဆွဲကာ -

"ညီမရေ ဒီနေရာမှာတော့ နေလို့မဖြစ်တော့ဘူး သွားမယ်"

ပြောရင်း ထိုနေရာမှ ပြေးလွှားသွားလေတော့သည်။

ထိုအချိန်မှာပင် လူတစ်ယောက်အော်သံ ကြားလိုက်ရသည်။

"မိတ်ဆွေကြီး နေ - နေပါဦး"

ယုသန်းကြီးသည် လှည့်ပင်မကြည့်ဝံ့တော့ဘဲ -

အာကျိုလက်ကိုဆွဲကာ တစ်ဟုန်ထိုး ပြေးလွှားသွားလေတော့သည်။

စာစဉ် (၀၀) ပြီး၏။

စာစဉ် (၁၀) ဆက်လက်ဖတ်ရှုပါရန်။